The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
VOL .12, NO .30 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | August 6 , 2012

# ပြည်သူများကိုယ်တိုင် ပါဝင်ဆွေးနွေးပြီး ပြည်သူ့ဆန္ဒလက်တွေ့ဘဝနှင့် ကိုက်ညီသည့် ပြည်သူ့ ဗဟိုပြုမူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရများက ဒေသအနံ့ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပလျက်ရှိ

နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ သိသိသာသာတိုးတက်စေရန် ရည်သန်လျက် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးပမ်းလျက်ရှိသည်။

တစ်ဖက်ကလည်း ကောင်းမွန်သောအုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသော အစိုးရ ဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ စီမံအုပ်ချုပ်လုပ်ကိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲလျက်ရှိသည်။

လိုအပ်သော ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်သင့်သည့် ဥပဒေများအား ပြင်ဆင်ရေးဆွဲခြင်း၊ ဌာနဆိုင်ရာ အသီးသီး၏ လုပ်ထုံးလုပ်နည်းများကို အဆင်ပြေချောမွေ့အောင် ပြင်ဆင်ဆောင်ရွက်လျက် ရှိသည်။

အချုပ်ပို A သို့

# လျှပ်စစ်ဓာတ်အား မည်မျှသုံးစွဲနိုင်သလဲ

ဥမ္မာလှိုင်

မြန်မာနိုင်ငံ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် စက်တပ်ဆင်အင်အား ၅ မဂ္ဂါဝပ်အထက် အကြီးစား ရေအားလျှပ်စစ်စက်ရုံများ၏ထုတ်လုပ်မှုကို ဆောင်ရွက်ပြီး၊ အမှတ် (၂) လျှပ်စစ်စွမ်း အားဝန်ကြီးဌာနသည် စက်တပ်ဆင် အင်အား ၅ မဂ္ဂါဝပ်နှင့် ၅ မဂ္ဂါဝပ်အောက် အသေးစား ရေအား လျှပ်စစ်ထုတ်လုပ်မှု၊ ရေနွေးငွေ့၊ သဘာဝဓာတ်ငွေ့၊ ဒီဇယ် လောင်စာသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများနှင့် ဓာတ်အား ဖြန့်ဖြူးမှု လုပ်ငန်းများကို ဆောင်ရွက်ပါသည်။ လက်ရှိအခြေအနေ၌ ရေအားတွင် အကြီးစား စက်ရုံ ၁၉ ရုံ၊ အသေးစားစက်ရုံ ၃၂ ရုံ၊ ကျောက်မီးသွေးသုံး ရေနွေးငွေ့အားနှင့် သဘာဝဓာတ်ငွေ့အားစက်ရုံ ၁၁ ရုံတို့မှ လျှပ်စစ်ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးပေးလျက် ရှိပါသည်။

အချုပ်ပို B သို့

# မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ

## ဖွံ့ဖြိုးတိုးတက်မှုမှ တစ်ဆင့် စက်မှုကဏ္ဍ တစ်ခုလုံးဖွံ့ဖြိုးတိုးတက်ရေး

အေးသက်မွန်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်၍ ခေတ်မီသော စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းရာတွင် လယ်ယာကို အခြေခံသော ခေတ်မီ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်လုပ်သည့်လုပ်ငန်းများ တိုးတက်လာစေရေးသာမက အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အလေးပေး ဆောင်ရွက်ရင်း အကြီးစား စက်မှုလုပ်ငန်းများ ဆက်လက် ထူထောင်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မြန်မာ နိုင်ငံအပါအဝင် အာဆီယံနိုင်ငံများအကြား သဘောတူညီမှု ထားရှိသည့် လွတ်လပ်စွာ ကုန်သွယ်ခွင့်ကို အပြည့်အဝ မျှော်မှန်းနိုင်ရန် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်ပြီး အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက် ထူထောင်ခြင်းဖြင့် ပြည်ပသွင်းကုန်၊ အစားထိုး ထုတ်ကုန်နှင့် ပြည်ပပို့ ထုတ်ကုန်များ တိုးမြှင့်ဆောင်ရွက်ပြီး အပြန်အလှန် ကုန်သွယ်မှုများ ပြုလုပ်ရမည်ဖြစ်သည်။

အချုပ်ပို A သို့

# မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးသို့ စီးပွား/ကူးသန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား





မြန်မာနိုင်ငံသားများဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးကို ပြီးခဲ့သည့်ဇူလိုင်လ ၂၇ရက်နေ့က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်၍ အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးမှ မြန်မာနိုင်ငံသားများဘဏ်ကို ၁၉၅၀ပြည့်နှစ် အထူးကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ၁၉၉၁ ခုနှစ်တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် ယခုနှစ်တွင် အစုရှယ်ယာများကို မြှင့်တင်ရောင်းချထားသဖြင့် အမြတ်ဝေစုများ ကျဆင်းလာနိုင်ကြောင်း၊ သို့သော် ယင်းကဲ့သို့ အမြတ်ဝေစုများ ကျဆင်းမသွားစေရေးအတွက် ဝင်ငွေတိုးတက်ရရှိနိုင်မည့် နည်းလမ်းများကို ဘက်ပေါင်းစုံမှ ရှာဖွေဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အသင်းမှ ဒါရိုက်တာများအနေဖြင့် ချေးငွေလုပ်ငန်းများအား သွားရောက်စစ်ဆေးသည့်အခါတွင် ချေးငွေဆုံးရှုံးမှုမရှိစေရေး၊ ချေးငွေဖြင့်လုပ်သော လုပ်ငန်းတိုးတက်စေရေး၊ ချေးငွေအသုံးပြုသော Customer သည် ၎င်း၏လုပ်ငန်းအတွက် ဘဏ်ကို အားကိုးအားထားပြုလာရေးစသည့် အဓိကအချက်သုံးချက်အပေါ်တွင် မူတည်၍ စစ်ဆေးပေးစေလိုကြောင်း၊ ဒါရိုက်တာများအနေဖြင့် အမြတ်ဝေစုကို ကျဆင်းမသွားရန် မတည်ငွေရင်းအား တစ်ဖက်တစ်လမ်းမှ တိုးပွားစေရန်နှင့် အခြားတစ်ဖက်မှလည်း ဝင်ငွေများတိုးပွားစေမည့် နည်းလမ်းများကို ကြိုးစားရှာဖွေ ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် မြန်မာနိုင်ငံသားများဘဏ်သည် လက်ရှိအနေအထားအရ ကူးသန်းရောင်းဝယ်ရေးဘဏ် (Commercial Bank) ဖြစ်သည့်အတွက် အများပြည်သူများ၏အပ်ငွေလက်ခံခြင်းနှင့် လက်ခံရရှိသည့်ငွေများကို စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ရာတွင် ငွေကြေးလိုအပ်နေသူများအား ချေးငွေများ ထုတ်ချေးနိုင်ရေးဟူသည့် အဓိကလုပ်ငန်းနှစ်ရပ်ကို လုပ်ဆောင်လျက်ရှိကြောင်း၊ ယင်းကဲ့သို့လုပ်ဆောင်ရာတွင် ဗဟိုဘဏ်မှလက်ရှိပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေနှင့်လမ်းညွှန်ချက်များကို ဒါရိုက်တာအဖွဲ့ဝင်များက အသေးစိတ် သိရှိလိုက်နာရန်လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်ပြည်ထောင်စုဝန်ကြီးက ဘဏ်လုပ်ငန်းများအတွက် ဝင်ငွေရရှိစေနိုင်သည့်နည်းလမ်းတစ်ခုမှာ ငွေလွှဲလုပ်ငန်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ငွေလွှဲလုပ်ငန်းများ လုပ်ကိုင်နိုင်မည့်ဘဏ်ခွဲများကို တိုးချဲ့ဖွင့်လှစ်ရန် လိုအပ်ပါကြောင်း၊ ထိုကဲ့သို့ ဘဏ်ခွဲများတိုးချဲ့ဖွင့်လှစ်ရာတွင် အရေးကြီးသည်မှာ Human Resources များ တိုးတက်ရေးပင်ဖြစ်ကြောင်း၊ ဘဏ်လုပ်ငန်းများသည် အမြတ်အစွန်းများ များစွာရရှိနိုင်သည့် လုပ်ငန်းဖြစ်သလို ဆုံးရှုံးနိုင်ခြေရှိသည့် လုပ်ငန်းလည်းဖြစ်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ် တိုးတက်ရေးလည်း လိုအပ်လျက်ရှိရာ ဝန်ထမ်းများ၏ Capacity Building တိုးတက်ရေးအတွက် စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ ငွေကြေးများ ကိုင်တွယ်ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေးများပါ ကိုင်တွယ်ဆောင်ရွက်နေရသည့်အတွက် ဝန်ထမ်းများအား အမှားအယွင်းများမရှိစေရေးအတွက် သေချာစွာ သင်ကြားပြသပေးရန် လိုအပ်ပါကြောင်း၊ အထူးမှာကြားလိုသည်မှာ ဘဏ်လုပ်ငန်းသည် လူအများ၏ ယုံကြည်မှုရရှိမှသာ အောင်မြင်မှုရရှိနိုင်မည် ဖြစ်သည့်အတွက် လုပ်ငန်းကို စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဖြင့်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**မယ်သီတာ**

# အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁) သင်တန်းဆင်းပွဲကျင်းပ



အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံ သင်တန်းအမှတ်စဉ် (၁) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၈ နာရီက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲ၌ ကျင်းပပြုလုပ်ရာ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးမှ အမှာစကားပြောကြားရာတွင် အစိုးရသစ် တာဝန်ယူခဲ့တာ တစ်နှစ်နဲ့ လေးလကြာခဲ့ပြီဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများ အဆက်မပြတ် ဆောင်ရွက်ခဲ့တာ အားလုံးအသိဖြစ်ပါကြောင်း၊ အခုဆိုရင် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေး ဒုတိယအဆင့်ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ တိုင်းပြည်စီးပွားရေးတိုးတက်စေဖို့ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့ ဖြေလျှော့မှုများ (liberalization)၊ ကုန်သွယ်မှု လျင်မြန်ချောမွေ့စေရေး (Trade Facilitation)၊ ကုန်သွယ်မှုမြှင့်တင်ရေး လုပ်ဆောင်မှုများ (Trade Promotion Measures) အဆက်မပြတ် ဆောင်ရွက်နေပါကြောင်း ပြောကြားပါတယ်။

***ဇာ - ၁၈ သို့***

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်းအဖွဲ့**
မောင်တိုင်ပင်၊ အောင်စိုး(MPM)

**စာတည်းမှူးချုပ်**
သန်းအောင်ကျော်

**တွဲဖက်စာတည်းမှူးချုပ်**
ဝင်းမြင့်

**အုပ်ချုပ်ရေးမှူး**
တင်အေး

**စာတည်းအဖွဲ့**
မောင်ပုဆိုးကြမ်း၊
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊
ချိုသက်မူ၊ ခင်သီတာအေး

**ဘာသာပြန်စာတည်း**
ဉာဏ်တင်

**လက်ထောက်စာတည်း**
ခင်မောင်မောင်အုန်း၊ ခိုင်ဇာဝင်း၊
နီလာသိန်း၊ ချောစုမာ၊ ခင်ခင်သော်

**သတင်းထောက်များ**
ဇူးဇူး(မန္တလေး)၊ ထွန်းလှိုင်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
မောင်မောင်အေး(ပခုက္ကူ)၊ ဇော်နိုင်(တောင်ကြီး)၊
စိုးဦး(ကျုံပျော်)၊ အေးအေးခိုင်(ဟသ်ာတ)၊ TT (ပဲခူး)၊
ဝင်းဝင်းခိုင်(ပြည်)၊ မိမိအေး(ပြည်)၊ ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်) လှဦး(ပြည်)၊
စိုးငြိမ်း(လက်ပံတန်း)၊မင်းအောင်(လှိုင်ကော်)၊ စိုးမြင့်(မော်လမြိုင်)၊

**Proof & Layout Design ကြီးကြပ်**
သီသီချို၊ ဇင်မာ

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(မြဲ-၃၈၁၉)

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
စိုးသန်း၊ မြင့်ဆွေ၊ တင်တင်အေး၊
ခင်မြတ်မွန်၊ တင်တင်ထွန်း
အမှတ်၃၈၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း - ၂၅၂၀၁၇၊ ၃၇၁၀၂၃

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ ခင်စုစုလှိုင်၊ စိမ့်မွန်၊ အိအိဇော်မင်း
ဖြူအိ၊ သီရိဝင်း၊ သိန်းငွေးစိုး၊ မြတ်ဆုလှိုင်၊ ဖြူဖြူအိ

**Layout Design & Graphic Design**
CJ Design Group

ကောမတ်စ်ဂျာနယ် ပုံနှိပ်တိုက်

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၈-၂၀၁၂ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၅၇၅ | ၅၇၅ | □ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၅၆၅ | ၅၆၅ | □ | ၄၀၅ | ၄၁၀ | △ | ၄၂၀ | ၄၂၀ | □ | ၄၇၀ | ၄၆၅ | ▽ |
| ဆန်ဖြူ ၁၀% | ၅၆၀ | ၅၆၀ | □ | ၄၀၀ | ၄၀၅ | △ | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၅၅ | ၅၅၅ | □ | ၃၉၀ | ၃၉၅ | △ | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၅၄၅ | ၅၄၅ | □ | ၃၇၅ | ၃၈၀ | △ | ၃၉၀ | ၃၈၀ | ▽ | ၄၁၀ | ၄၀၀ | ▽ |
| ပေါင်းဆန် | ၅၈၀ | ၅၈၀ | □ | - | - | - | ၄၀၀ | ၄၁၀ | △ | ၄၈၀ | ၄၇၅ | ▽ |

*Source: riceonline.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁-၈-၂၀၁၂ ဒေါ်လာ/တန်

| | တောင်အမေရိက | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၅၉၀ | ၅၉၀ | □ | ၅၈၅ | ၅၈၅ | □ | ၅၈၅ | ၅၈၅ | □ |
| ဆန်ဖြူ ၁၀% | ၅၈၀ | ၅၈၀ | □ | ၅၇၅ | ၅၇၅ | □ | ၅၇၅ | ၅၇၅ | □ |
| ဆန်ဖြူ ၁၅% | ၅၆၅ | ၅၆၅ | □ | - | - | - | - | - | - |

*Source: riceonline.com, reuters*

## နယ်စပ်စခန်းများရှိ ဆန်ဈေးနှုန်းများ

(၃-၈-၂၀၁၂) ကျပ်/အိတ်

| စဉ် | စခန်းအမည် | အမျိုးအမည် | ယခုဈေး | ယခင်ဈေး | ပြောင်းလဲမှု | % |
|---|---|---|---|---|---|---|
| ၁ | မူဆယ် | ပေါ်ဆန်း | ၃၉၆၀၀ | ၃၉၆၀၀ | □ | - |
| ၂ | ချင်းရွှေဟော် | ပေါ်ဆန်း | ၄၈၀၀၀ | ၄၈၀၀၀ | □ | - |
| ၃ | မြဝတီ | ဧည့်မထ | ၁၉၂၀၀ | ၁၉၂၀၀ | □ | - |
| ၄ | တာချီလိတ် | ဧည့်မထ | ၂၄၀၀၀ | ၂၄၀၀၀ | □ | - |
| ၅ | မြိတ် | ပေါ်ဆန်း | ၃၃၆၀၀ | ၃၃၆၀၀ | □ | - |
| ၆ | ကော့သောင်း | ပေါ်ဆန်း | ၃၈၄၀၀ | ၃၈၄၀၀ | □ | - |
| ၇ | စစ်တွေ | ပေါ်ဆန်း | ၂၆၄၀၀ | ၂၆၄၀၀ | □ | - |
| ၈ | မောင်တော | ဧည့်မထ | - | ၁၈၀၀၀ | □ | - |
| ၉ | တမူး | ရောမင်း | ၁၆၈၀၀ | ၁၆၈၀၀ | □ | - |

## ပြည်တွင်း ဆန်ပိုဒေသမြို့ကြီးများ၏ (၃-၈-၂၀၁၂)ရက်နေ့ ဆန်စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| ပြည် | ၃၆၈၀ | △ | ၁၃၃၀၀ | □ | - | - | ၂၄၀၀၀ | □ |
| ပုသိမ် | ၃၆၈၀ | □ | ၁၅၀၀၀ | □ | ၅၇၈၀ | ▽ | ၂၇၀၀၀ | □ |
| ပဲခူး | ၃၆၀၀ | △ | ၁၃၅၀၀ | □ | ၅၆၀၀ | □ | ၂၄၀၀၀ | □ |
| ရွှေဘို | ၄၂၀၀ | △ | ၁၆၅၀၀ | △ | ၈၄၀၀ | □ | ၃၀၀၀၀ | □ |
| စစ်တွေ | ၃၅၀၀ | △ | ၁၄၀၀၀ | □ | ၄၆၅၀ | □ | ၂၁၀၀၀ | □ |

## ပြည်တွင်းဆန်လိုဒေသမြို့ကြီးများ၏ (၃-၈-၂၀၁၂)ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| နေပြည်တော် | ၃၈၀၀ | △ | ၁၅၅၀၀ | △ | - | - | ၃၄၀၀၀ | △ |
| ရန်ကုန် | ၃၇၀၀ | □ | ၁၄၃၀၀ | □ | - | - | ၂၃၅၀၀ | □ |
| မန္တလေး | ၄၀၀၀ | △ | ၁၅၅၀၀ | □ | - | - | ၂၆၅၀၀ | □ |
| မကွေး | ၅၀၀၀ | △ | ၁၇၀၀၀ | □ | - | - | ၃၀၀၀၀ | □ |
| မော်လမြိုင် | ၄၀၀၀ | □ | ၁၅၀၀၀ | □ | ၆၀၀၀ | □ | ၂၃၀၀၀ | □ |
| လှိုင်ကော် | ၄၉၈၀ | □ | ၁၉၀၀၀ | △ | - | - | ၃၀၀၀၀ | □ |
| မြိတ် | ၄၂၀၀ | □ | ၁၅၀၀၀ | □ | - | - | ၂၆၀၀၀ | □ |
| ဘားအံ | ၃၇၀၀ | □ | ၁၅၀၀၀ | △ | - | - | ၂၂၀၀၀ | □ |
| တောင်ကြီး | - | - | ၁၆၀၀၀ | □ | - | - | ၃၃၀၀၀ | □ |

## အိန္ဒိယအစိုးရအနေနဲ့ ပြည်ပသို့ ဘာစမာတီမဟုတ်တဲ့ ဆန်တင်ပို့မှုကို ပြန်လည်ပိတ်ပင်သွားနိုင်တဲ့ ယူဆချက်ကြောင့် ဆန်ဈေးအနည်းငယ် ဦးမော့လာ

အိန္ဒိယမှာ မုတ်သုန်မိုးရရှိမှုနောက်ကျနေရာ လက်ရှိစပါးစိုက်ပျိုးပြီးစီးမှု ဧရိယာက ယခင်နှစ်နဲ့ ယှဉ်ရင် ၉ ရာခိုင်နှုန်း လျော့နည်းလျက်ရှိတယ်လို့ သိရတယ်။ ဒါပေမဲ့အိန္ဒိယမှာ ဆန်တန်ချိန်များစွာ သိုလှောင်ထားရှိပြီး ပြည်တွင်းစားသုံးမှုအတွက် စိုးရိမ်စရာမလိုတဲ့အပြင် ပြည်ပကိုဆန်တင်ပို့မှုကိုလည်းပိတ်ပင်သွားမှာမဟုတ်ကြောင်း သက်ဆိုင်ရာအရာထမ်းတွေက ပြောကြားထားတယ်။ ဒါပေမဲ့ဈေးကွက်လေ့လာသူတွေက အစိုးရအနေနဲ့ ပြည်ပကို ဘာစမာတီမဟုတ်တဲ့ ဆန်တင်ပို့မှုကို ပြန်လည်ပိတ်ပင်သွားနိုင်တယ်လို့ ယူဆလာကြပြီး အိန္ဒိယဆန်ဈေးအနည်းငယ် ဦးမော့လာတယ်။ ဇူလိုင် ၂၄ ရက်က တစ်တန်ကို ၃၈၀ ဒေါ်လာသာရှိနေတဲ့အိန္ဒိယဆန်ဖြူ ၂၅ မှတ်ဆန်က ဇူလိုင် ၂၅ ရက်မှာတစ်တန်ကို ၃၉၀ဒေါ်လာအထိ ၁၀ ဒေါ်လာ ဈေးမြင့်လာတာကို သုံးသပ်တွေ့ရှိရတယ်။ ဆန်ဈေးမြင့်လာသော်လည်း ထိုင်းဆန်ဈေးထက် များစွာ လျော့နည်းနေခြင်း၊ ရူပီးငွေတန်ဖိုးကျဆင်းနေခြင်းတို့ကြောင့် ပြည်ပကို ဆန်တင်ပို့မှုတိုးတက်လိမ့်ဦးမယ်လို့ သုံးသပ်ကြတယ်။

နိုင်ငံတကာကောက်ပဲသီးနှံကောင်စီ (IGC) မှ နောက်ဆုံးထုတ်ဝေတဲ့ အစီရင်ခံစာမှာ ၂၀၁၂ ခုနှစ်အတွက် အိန္ဒိယရဲ့ ဆန်တင်ပို့မှုက တန်ချိန် ၇ သန်းအထိ ရောက်ရှိနိုင်မယ်လို့ ဖော်ပြထားတယ်။ အမေရိကန် လယ်ယာ စိုက်ပျိုးရေးဌာန (USDA) ကတော့ အိန္ဒိယရဲ့ ဆန်တင်ပို့မှုကို တန်ချိန် ၈ သန်းအထိ ရောက်ရှိနိုင်တယ်လို့ ခန့်မှန်းထားပါတယ်။

Source:Brecorder.com, riceonline.com,ဝဝ

## ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေသည် အိန္ဒိယနှင့် အမေရိကန်နိုင်ငံတို့ရဲ့ ရာသီဥတုပေါ် မူတည်နေ

ဇူလိုင်လနှောင်းပိုင်း ကမ္ဘာ့ဆန်ဈေးကွက်မှာ ထိုင်းဆန်အမျိုးအစားအချို့ရဲ့ ဈေးနှုန်းတွေကတစ်တန်ကို အမေရိကန် ၅ ဒေါ်လာစီ ဈေးမြင့်လာတယ်။ ဈေးကွက်ဝင်ရောက် စွက်ဖက်မှု အစီအစဉ်ကို ထပ်မံ ဆောင်ရွက်သွားဖို့ ထိုင်းစီးပွားကူးသန်းဝန်ကြီးဌာနက ထိုင်းအမျိုးသား ဆန်မူဝါဒ ကော်မတီကို တင်ပြထားခြင်းနဲ့ အီရတ်မှ ထိုင်းဆန်ကို ဝယ်လိုအားရှိနေခြင်းတို့ကြောင့် ဈေးမြင့်လာခြင်းဖြစ်တယ်။ ဒါပေမဲ့ ဆန်ဖြူ ၁၅ ရာခိုင်နှုန်းမှာ ဈေးနှုန်းတည်ငြိမ်နေပြီး ပြည်ပမှ ဝယ်လိုအားနည်းလှတဲ့ ဆန်ဖြူ ၂၅ ရာခိုင်နှုန်းမှာ ယခင်က ထက် ၅ ဒေါ်လာ ဈေးကျလာတယ်။

အိန္ဒိယဆန်ဖြူ ၂၅ ရာခိုင်နှုန်း ဈေးနှုန်းမှာတော့ ယခင်သီတင်းပတ်ကထက် ဈေးမြင့်လာတယ်။ မုတ်သုန်မိုး ရရှိမှုနည်းပါးနေခြင်းက အိန္ဒိယပြည်တွင်း မုတ်သုန်ရာသီစိုက်ပျိုးတဲ့ သီးနှံတွေအတွက် စိုးရိမ်ဖွယ် ဖြစ်စေရာ ဆန်ဈေးတွေ မြင့်မားလာခြင်းဖြစ်တယ်။ ထိုင်းနဲ့ အိန္ဒိယဆန်ဈေးများ မြင့်မားလာခြင်း၊ ဗီယက်နမ်အစိုးရကလည်း ဈေးကွက်ဝင်ရောက်စွက်ဖက်နေခြင်းတို့ကြောင့် ဗီယက်နမ်ဆန်ဖြူဈေးနှုန်းတွေခိုင်မာနေတဲ့အပြင် ဆန်ဖြူ ၂၅ ရာခိုင်နှုန်းမှာတော့ ယခင်သီတင်းပတ်ကထက် ၅ ဒေါ်လာ ဈေးမြင့်လာတယ်။

အမေရိကန်နိုင်ငံ ချီကာဂိုကုန်သွယ်ရေးဈေးကွက်မှာလည်း ဆန်ကြမ်းကြို့တင်အရောင်းဈေးနှုန်းတွေက အနည်းငယ်မြင့်မားလာရာ ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက စက်တင်ဘာလအရောက်ပို့ဆန်ကြမ်းတစ်တန်ကို ၂ ဒေါ်လာဈေးမြင့်ကာ ၃၄၁ ဒေါ်လာဝန်းကျင်မှာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရတယ်။ အမေရိကန်အနောက်အလယ်ပိုင်းဒေသမှာ ပူပြင်းခြောက်သွေ့တဲ့ရာသီဥတုဒဏ်ကြောင့် ပဲပုပ်စေ့စိုက်ပျိုးထွက်ရှိမှု ကျဆင်းမယ်မျှော်မှန်းပြီး ပဲပုပ်နဲ့ ပြောင်းသီးနှံဈေးနှုန်းတွေ မြင့်မားလာခြင်းက ဆန်ဈေးနှုန်းကိုပါ မြင့်မားစေတယ်လို့သိရတယ်။ ရာသီဥတု အခြေအနေက သီးနှံထွက်နှုန်းနဲ့ ဈေးကွက်ကိုလွှမ်းမိုးနေရာ နောက်ပိုင်းကာလ ကမ္ဘာ့ဆန်ဈေးကွက်အခြေအနေက စပါးစိုက်ပျိုးထုတ်လုပ်မှုမြင့်မားတဲ့ နိုင်ငံတွေဖြစ်တဲ့ အိန္ဒိယနဲ့ အမေရိကန်နိုင်ငံတို့ရဲ့ ရာသီဥတုအခြေအနေအပေါ် မူတည်ပြီး အပြောင်းအလဲရှိနိုင်တယ်လို့ သုတေသီတွေက သုံးသပ်ကြတယ်။

Source:oryza.com,ပပ

## အီရတ်က ထိုင်းနှင့် ဥရုဂွေးနိုင်ငံများမှ ဆန်တန်ချိန် ၁၁၀၀၀၀ ကို ဝယ်ယူခဲ့

အီရတ်နိုင်ငံက ထိုင်းနဲ့ ဥရုဂွေးနိုင်ငံတွေမှ ဆန်တန်ချိန် စုစုပေါင်း ၁၁၀၀၀၀ ကို ဝယ်ယူခဲ့တယ်လို့ အီရတ်နိုင်ငံကောက်ပဲသီးနှံအသင်းက ပြောကြားတယ်။ ဒီလိုဝယ်ယူရာမှာ CIF စနစ်နဲ့ ဝယ်ယူမှာဖြစ်ပြီး ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၈၀၀၀၀ နဲ့ဥရုဂွေးမှဆန်တန်ချိန် ၃၀၀၀၀ ဝယ်ယူမှာဖြစ်တယ်။ ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၈၀၀၀၀ ဝယ်ယူရာမှာ သင်္ဘောတစ်ခါတင်ရင် တန်ချိန် ၄ သောင်းစီနဲ့ နှစ်သုတ်ခွဲဝယ်ယူတင်သွင်းသွားမှာဖြစ်ကြောင်း၊ ဈေးနှုန်းမှာ တစ်တန်ကို ၆၂၃ ဒသမ ၈၉ ဒေါ်လာနဲ့ ၆၂၉ ဒေါ်လာစီ အသီးသီးဖြစ်ကြောင်းသိရတယ်။ ဇူလိုင်လအစောပိုင်းကလည်းအီရတ်က ထိုင်းဆန်တန်ချိန် ၈၂၀၀၀ ကို ဝယ်ယူတင်သွင်းခဲ့သေးတယ်လို့ သိရတယ်။ ဥရုဂွေးမှ ဆန်ကိုတော့ တစ်တန်ကို ၆၇၁ ဒေါ်လာ ပေးပြီး ဝယ်ယူထားကြောင်း သိရတယ်။

Source:oryza.com၊ဝဝ

## ဗီယက်နမ် မဲခေါင်မြစ်ဝှမ်းဒေသဖွံ့ ဖြိုးတိုးတက်ရေး တစ်စိတ်တစ်ဒေသအဖြစ် ၂၀၁၅ ခုနှစ်အထိ နှစ်စဉ်အနည်းဆုံး ဆန်တန်ချိန် ၆ သန်းမှ ၇ သန်း တင်ပို့သွားရန် ဗီယက်နမ်ဝန်ကြီးချုပ်ညွှန်ကြား

ကမ္ဘာ့ဒုတိယမြောက်ဆန်တင်ပို့မှု အများဆုံးနိုင်ငံဖြစ်တဲ့ ဗီယက်နမ်နိုင်ငံရဲ့ ၂၀၁၁ ခုနှစ်အတွင်း ဆန်တင်ပို့မှုမှာ တန်ချိန် ၇ ဒသမ ၂ သန်းအထိ ရောက်ရှိစံချိန်တင်ခဲ့ပြီး ၂၀၁၂ ခုနှစ်မှာလည်း တန်ချိန် ၇ သန်းမှ ၇ ဒသမ ၃ သန်း အကြားတင်ပို့နိုင်ဖွယ်ရှိတယ်လို့ အစိုးရကခန့်မှန်းထားတယ်။ ၂၀၁၅ ခုနှစ်အထိ ကာလအတွင်း တစ်နှစ်ကို အနည်းဆုံးဆန်တန်ချိန် ၆ သန်းမှ ၇ သန်းအထိ တင်ပို့သွားဖို့ရည်မှန်းထားကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသ ဖွံ့ဖြိုး တိုးတက်ရေး စီမံကိန်းတစ်စိတ်တစ်ဒေသအဖြစ် ယခုလိုမျိုးဆန်တင်ပို့ဖို့ ရည်မှန်းချက်ကို ချမှတ်လိုက်ခြင်းဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် Nguyen Tan Dung က ဇူလိုင် ၁၉ ရက်မှာ လက်မှတ်ရေးထိုး ထုတ်ပြန်တဲ့ ညွှန်ကြားချက်တစ်စောင်မှာ ဖော်ပြပါရှိလာတယ်လို့ သိရတယ်။

၎င်းညွှန်ကြားချက်က မဲခေါင်မြစ်ဝှမ်းဒေသတစ်ခုတည်းအတွက်သာ ရည်ရွယ်ပြီး တစ်နိုင်ငံလုံးအတွက်တော့ မရည်ရွယ်ကြောင်းသိရတယ်။ ဗီယက်နမ်မဲခေါင်မြစ်ဝှမ်း ဒေသက နိုင်ငံစုစုပေါင်း ဆန်တင်ပို့မှုရဲ့ ၉၀ ရာခိုင်နှုန်း ကို ထုတ်လုပ်ပေးနိုင်ကြောင်း ၊ စပါးစိုက်ပျိုးဖို့ ၂၀၂၀ ခုနှစ်အထိ ကာလအတွင်း ဟက်တာပေါင်း ၁ ဒသမ ၈ သန်းမှ ၁ ဒသမ ၈၅ သန်းဝန်းကျင်(ဧကပေါင်း ၄ ဒသမ ၄၅ သန်းမှ၄ ဒသမ ၅၇ သန်း) ထားရှိရမယ်လို့ သတ် မှတ်ထားကြောင်း ၊ ၎င်းဒေသမှာ မြို့ပြတည်ဆောက်မှုချဲ့ထွင်ခြင်းတွေ အရှိန်အဟုန်မြင့်လာပေမဲ့လည်း စပါး စိုက်ပျိုးမြေများစွာ ချန်လှပ်ထားခြင်းမှာ မဲခေါင်မြစ်ဝှမ်းဒေသမှ ဆန်တင်ပို့မှုတိုးတက်ရေးနဲ့ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကြောင်း သိရတယ်။

Source:Brecorder.com,ပပ

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၃-၈-၂၀၁၂ ကျပ်/ပိဿာ

| စဉ် | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၂၇/၇ | ၃/၈ | ပြောင်းလဲမှု | ၂၇/၇ | ၃/၈ | ပြောင်းလဲမှု | ၂၇/၇ | ၃/၈ | ပြောင်းလဲမှု | ၂၇/၇ | ၃/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၉၉၁ | ၁၀၂၉ | ▲ | ၈၈၃ | ၉၁၇ | ▲ | ၈၇၅ | - | - | ၁၁၀၅ | ၉၅၀ | ▼ |
| ၂ | ပဲစင်းငုံ | ၁၀၅၃ | ၁၁၃၈ | ▲ | ၁၀၁၇ | ၁၀၈၃ | ▲ | ၁၀၁၅ | ၁၀၂၅ | ▲ | ၁၀၂၀ | ၁၀၈၅ | ▲ |
| ၃ | ပဲတီစိမ်း | ၁၀၈၈ | ၁၂၃၀ | ▲ | ၁၀၃၁ | ၁၀၃၁ | ■ | ၁၀၂၆ | ၁၀၇၉ | ▲ | ၁၀၂၆ | ၁၀၈၈ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၁၅၅၀ | ၁၄၉၀ | ▼ | ၁၁၇၃ | ၁၁၇၃ | ■ | - | - | - | ၁၁၈၈ | ၁၁၆၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၈၅၀ | ၈၆၅ | ▲ | ၈၃၃ | ၈၃၃ | ■ | - | - | - | ၅၈၀ | ၇၉၀ | ▲ |
| ၆ | ထောပတ်ပဲ | ၇၈၀ | ၇၈၀ | ■ | ၈၇၁ | ၈၃၆ | ▼ | - | - | - | ၅၈၀ | ၆၅၈ | ▲ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၃-၈-၂၀၁၂ ဒေါ်လာ/တန်

| စဉ် | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွန်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၂၆/၇ | ၃/၈ | ပြောင်းလဲမှု | ၂၆/၇ | ၃/၈ | ပြောင်းလဲမှု | ၂၆/၇ | ၃/၈ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၇၁၀ | ၇၃၀ | ▲ | ၇၄၂ | ၇၃၀ | ▼ | - | - | - |
| ၂ | ပဲစင်းငုံ | ၇၆၀ | ၈၀၀ | ▲ | ၇၈၇ | ၇၈၉ | ▲ | ၈၄၀ | ၇၉၈ | ▼ |
| ၃ | ပဲတီရွှေဝါ | ၈၅၀ | ၈၅၀ | ■ | ၁၀၄၆ | ၁၀၄၅ | ▼ | - | - | - |
| ၄ | ကုလားပဲဖြူလုံးကြီး | ၈၀၀ | ၈၀၀ | ■ | ၉၄၇ | ၉၁၉ | ▼ | ၈၆၇ | ၈၈၈ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
အိန္ဒိယဒေလီဈေးကွက် ပဲတီရွှေဝါဈေးမှာ ချန်နိုင်းဈေးကွက်ပေါက်ဈေးဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှုနဲ့ FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၇-၇-၁၂ထိ) | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၃-၈-၁၂ထိ) | ပြောင်းလဲမှု | FOB ရန်ကုန်စာချုပ် ချုပ်ဆိုမှု ယခင်တစ်ပတ် (၂၀/၇-၂၆/၇) | FOB ရန်ကုန်စာချုပ် ချုပ်ဆိုမှု ယခုတစ်ပတ် (၂၇/၇-၁/၈) | ပြောင်းလဲမှု |
|---|---|---|---|---|---|---|
| မတ်ပဲ | ၁၃၁၅၄ | ၁၃၈၃၇ | ▲ | ၁၂၁၁၆ | ၇၅၆၈ | ▼ |
| ပဲတီစိမ်း | ၂၃၀၀ | ၂၆၆၄ | ▲ | ၈၃၇၄ | ၆၈၃ | ▼ |
| ပဲစင်းငုံ | ၄၄၇၀ | ၁၂၂၁၇ | ▲ | ၁၁၂၇၉ | ၆၂၀၅ | ▼ |
| ကုလားပဲ | ၆၇၇ | ၁၀၇၄ | ▲ | ၈၁၇ | ၈၇ | ▼ |
| ပဲလွန်းဖြူ | ၁၂၂ | ၅၃၉ | ▲ | ၂၆၅ | ၂၆၁ | ▼ |
| မြေထောက်ပဲ | ၁၄၀ | ၁၉၂ | ▲ | ၈၈ | ၆ | ▼ |

# ဩဂုတ်လဆန်း ပြည်ဈေးကွက်မှာ ပဲတီစိမ်းအရောင်းအဝယ်သွက်သလို ပဲကြီးဈေးနှုန်းများ မြင့်လာခဲ့

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရဲ့ ပဲဈေးကွက်အတွင်း ပဲသီးနှံမျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခုဩဂုတ် လဆန်းမှာ အရောင်းအဝယ်သွက်နေတဲ့ ပဲများကတော့ ပဲတီစိမ်းနဲ့ မတ်ပဲသီးနှံတို့ပဲဖြစ်ပါတယ်။ကုလားပဲ၊ ပဲစင်းငုံ၊ ပဲကြီး၊ ပဲပုပ် သီးနှံအမျိုးအစားများကတော့ လက်ကျန်လည်းအသင့်အတင့်ရှိပြီး၊ ဝင်ရောက်မှုမှာလဲ အဝင်နည်းနေခဲ့ ကြပါတယ်။ ဒေသတွင်းလက်လီသမားများနဲ့ လုပ်ငန်းရှင်များ အဝယ်ရှိပေမယ့် ရန်ကုန်ဝယ်လက်နဲ့ အခြားတိုင်း များကို တစ်ခါတစ်ရံ တင်ပို့နိုင်ခဲ့ကြပါတယ်။ ပဲဈေးနှုန်းများမှာ ယခုတစ်ပတ်အတွင်း မတ်ပဲတစ်တင်း ၁၇၈၀၀ ကျပ်မှ ၁၈၄၀၀ ကျပ်ထိ ဈေးလှုပ် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ယခင်အပတ်က တစ်တင်း ၂၀၀၀၀ ကျပ်ထိ ဈေးမြင့်သွားခဲ့ သော်လည်း ယခုတစ်ပတ်မှာ ဈေးပြန်ကျသွားခဲ့ပေမယ့် လှော်ငလက်သမားများမှ ထုတ်ရောင်းချမှုများရှိလာပြီး၊ ရန်ကုန်ဝယ်လက်နေ့စဉ် အဝယ်ရှိလို့ တစ်ရက် အိတ် ၅၀၀ ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ဇူလိုင် လကုန်တွင်း ပဲဈေးနှုန်း များမြင့်လာမှုကြောင့် ဇူလိုင်လ အတွင်း ရောင်းချမှုများခဲ့တဲ့အတွက် အိတ် ၃၀၀၀၀ ခန့် တင်ပို့နိုင်ခဲ့ပါတယ်။

ပဲတီစိမ်းသီးနှံကတော့ ယခုတစ်ပတ်အတွင်း ဒေသတွင်း ထွက်ရှိမှု များလာသလို မကွေးတိုင်းဒေသကြီးမှလည်း ကုန်းလမ်းရော၊ ရေလမ်းကပါ အဝင်ရှိခဲ့တာကြောင့် တစ်နေ့အိတ် ၅၀၀ ကျော်အထိ ဝင်ရောက်ခဲ့တယ်လို့ ပွဲရုံများမှ သိရပါတယ်။ ရန်ကုန်ဝယ်လက်၊ မန္တလေးဝယ်လက် အဝယ်ရှိပြီး ပဲအရည်အသွေးအလိုက် ဈေးပေးဝယ်ယူမှုများရှိတဲ့ အတွက် ပဲတီစိမ်း(ထိပ်စ)တစ်တင်း ၁၈၅၀၀ ကျပ်၊ (ရိုးရိုးစ)တစ်တင်း ၁၈၂၀၀ ကျပ်နဲ့ အဝင်ရှိသလောက် အရောင်းအဝယ်သွက်နေခဲ့ပါတယ်။

ပဲစင်းငုံဈေးနှုန်းကတော့ ယခင်တစ်ပတ်က တစ်တင်း ၁၇၈၀၀ ကျပ်မှ ၂၀၀၀၀ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တင်း ၂၀၃၀၀ ကျပ်နဲ့ ဈေးအပြောင်းအလဲ သိပ်မရှိတာကို တွေ့ရပါတယ်။ ပဲအဝင်နည်း သွားပြီး၊ လက်ကျန်များသာ တစ်ခါတစ်ရံ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံ သီးနှံကို ရန်ကုန်ဝယ်လက် အဝယ်ရှိတဲ့ရက်မှာ အိတ် ၄၀၀ ကျော် ၅၀၀ ခန့်အထိ ရောင်းချနိုင်ခဲ့ကြောင်း သိရပါတယ်။

ပဲကြီးဈေးနှုန်းကတော့ ပဲဈေးကွက်အတွင်း ဈေးအမြင့်နဲ့ လှော်လက်သမားများကြိုက်ဈေးရနေပြီလို့ သိရပါတယ်။ ပဲတစ်တင်းကို ၂၀၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ပြီး၊ ယခုတစ်ပတ်အတွင်း ပဲကြီး(ရွှေကျွန်း) တစ်တင်း ၂၇၀၀၀ ကျပ်၊ ပဲကြီး(ကမ်းနား) တစ်တင်း ၂၅၀၀၀ ကျပ်နဲ့ ဒေသတွင်း ပဲလှော်ဖို လုပ်ငန်းများ အဝယ်ရှိသလို ရန်ကုန်ဝယ်လက်အဝယ် လိုက်ခဲ့ပါက တစ်ရက်အိတ် ၃၀၀ ကျော်ထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲကြီးသီးနှံကိုတော့ ဒေသတွင်း ရွှေတောင်၊ ကျိုးသဲ၊ ပန်းတောင်းမြို့နယ်များအပြင် မကွေးတိုင်း ဒေသကြီးဖက်ကလည်း နေ့စဉ် ဈေးကွက်အတွင်းကို အဝင် ရှိနေခဲ့ပါတယ်။

ကုလားပဲဈေးနှုန်းမှာ ယခင်တစ်ပတ်က တစ်တင်း ၂၄၅၀၀ ကျပ်ထိ ဈေးမြင့်ခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ တစ်တင်း ၂၃၅၀၀ ကျပ်နဲ့သာ ဈေးလျှော့အဝယ်ရှိခဲ့တာကို တွေ့ရပါတယ်။ ပဲအဝင်လည်း အနည်းငယ်သာရှိတာကြောင့် လက်ကျန်ပဲများကို ဒေသတွင်း ခွဲစက်သမားများမှလည်း နေ့စဉ်အဝယ်မရှိသလို ရခိုင်ပြည်နယ်ဘက်မှလည်း တစ်ခါတစ်ရံ အဝယ်ရှိတဲ့အတွက် ယခုဩဂုတ်လအတွင်း ကုလားပဲ သီးနှံမှာ ဈေးလည်းအေး၊ အရောင်းအဝယ် ဖြစ်မှုလည်း နှေးနေခဲ့တယ်လို့ သိရပါတယ်။ **ခင်ဆွေဝင်း**

# အိန္ဒိယနိုင်ငံပွဲတော်ရာသီ စတင်သည့်အပြင် စိုက်ဧကကျဆင်းခြင်းကြောင့် ပြည်တွင်းပဲဈေးကွက်ပုံမှန်ရှိရာမှ ပြန်ခိုင်မာ

အိန္ဒိယနိုင်ငံမှာ မိုးပဲစိုက်ဧရိယာကျဆင်းတဲ့ သတင်းတွေအပြင်ပွဲတော်ရာသီအစမှာဝယ်လိုအားတိုးလာတာရယ်၊ လက်လီ သမားတွေဆီက ဝယ်လိုအားများလာတာကြောင့် ပြည်တွင်း ပဲဈေးကွက်ပုံမှန်ရှိရာမှ ခိုင်မာလာကြောင်း သတင်းရရှိပါတယ်။ မုတ်သုံမိုးရရှိမှု နည်းတာကြောင့် ဇွန်လအတွင်း မိုးသီးနှံစိုက်ပျိုးမှုနှောင့်နှေးခဲ့ရာကအခုအချိန်အထိအကျိုးသက်ရောက်နေတုန်းဖြစ်ပါတယ်။ ရာသီနှောင်းပိုင်းမှာ အယ်လ်နီညိုသာဖြစ်ခဲ့ရင် သီးနှံအခြေအနေ ထပ်ဆိုးဦးမှာ ဖြစ်ပါတယ်။ လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ထုတ်ပြန်ချက်အရ ဇူလိုင် ၂၇ ရက်နေ့အထိ ပဲစိုက်ဧရိယာဟာ ယခင်နှစ်ထက် ၁၃ ဒသမ ၈၄ ဟက်တာသိန်းအထိ ကျဆင်းသွားပြီး ယခင်နှစ်က ၇၆ ဒသမ ၆၃ ဟက်တာသိန်းအထိ စိုက်ပျိုးခဲ့တယ်လို့ သတင်းရရှိပါတယ်။

### မတ်ပဲဈေးအတက်အကျကစားပြီးပြန်ခိုင်

ဇူလိုင်လ ဒုတိယအပတ်လောက်အထိ မွန်ဘိုင်းဈေးကွက်မှာ မတ်ပဲဈေး ၆၂၃-၆၄၆ ဒေါ်လာသာရှိရာက မုတ်သုန်မိုးပုံမှန်ထက်လျော့နည်းတဲ့ သတင်းတွေကြောင့် ဇူလိုင်တတိယပတ်မှာ ဒေါ်လာ ၇၀၀ ကျော်ကို ခုန်တက်ခဲ့ပြီး ၂၃ ရက်နေ့မှာ ၇၉၄ ဒေါ်လာအထိဈေးတက်လာခဲ့ပါတယ်။ ၂၄ ရက် နောက်ပိုင်းမှာတော့ အရောင်းအဝယ်ပါးပြီး ၇၄၉ ဒေါ်လာကို ဈေးပြန်ကျဆင်းသွားခဲ့ရာက ဇူလိုင်လကုန်မှာ ၇၂၁ ဒေါ်လာနဲ့ ဈေးပိတ်ခဲ့ပါတယ်။ ဩဂုတ် ၁ ရက်မှာတော့ ၇၂၉ ဒေါ်လာဈေးနဲ့ အနည်းငယ်ပြန်ခိုင်မာလာပါတယ်။ ဇူလိုင် ၁၉ ရက်မှ ၃၁ ရက်အကြားမှာ နေရှူးဆိပ်ကမ်းသို့ မြန်မာမတ်ပဲကွန်တိန်နာ ၁၈၀ လုံး၊ ဇူလိုင် ၂၇ ရက်အထိ ချန်နိုင်းဆိပ်ကမ်းကို မတ်ပဲကွန်တိန်နာ ၃၆၅ လုံးဝင်ရောက်ခဲ့ကြောင်း သတင်းရရှိပါတယ်။ ရာဂျက်စသန်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်အထိ မိုးမတ်ပဲ ၁ ဒသမ ၅၄ ဟက်တာ သိန်းသာစိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူစိုက်ဧကဟက်တာ ၁ ဒသမ ၅၄၅ သိန်းထက် လျော့နည်းခဲ့ပါတယ်။

### ပဲတီစိမ်းစိုက်ဧက သိသိသာသာလျော့ကျ

ပဲတီစိမ်းရွှေဝါကလည်း ဇူလိုင် ၁၉ ရက်အထိ ၉၉၃ ဒေါ်လာသာအမြင့်ဆုံးဖြစ်ခဲ့ရာက ၂၁ ရက်မှာ ၁၀၈၈ ဒေါ်လာအထိ ဈေးမြင့်တက်လာခဲ့ပါတယ်။ ၂၃၊ ၂၄ ရက်နေ့တွေမှာတော့ အရောင်းအဝယ်ပါးပြီး ၁၀၅၃ ဒေါ်လာကို ပြန်လည်ကျဆင်းခဲ့ရာက နောက်ရက်တွေမှာ အနည်းငယ်ဆက်လက်ကျဆင်းပြီး ဇူလိုင် လကုန်မှာ ၁၀၄၆ ဒေါ်လာနဲ့ ဈေးပိတ်ခဲ့ပါတယ်။ ဩဂုတ် ၁ ရက်မှာ ၁၀၄၅ ဒေါ်လာ ရှိနေပါတယ်။ ရာဂျက်စသန်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်အထိ မိုးပဲတီစိမ်း ၃ ဒသမ ၅၆၉ ဟက်တာသိန်းသာစိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ် ကာလတူစိုက်ဧက ဟက်တာ ၇ ဒသမ ၆၀ သိန်းထက် ရာခိုင်နှုန်းအားဖြင့် ၅၃ ဒသမ ၀၈ ရာခိုင်နှုန်းအထိ ကျဆင်းပြီး သိသိသာသာ စိုက်ဧက လျော့နည်းခဲ့ပါတယ်။

### ပဲစင်းငုံ PEC က တင်ဒါထပ်ခေါ်ရောင်း

နိုင်ငံပိုင် အေဂျင်စီတစ်ခုဖြစ်တဲ့ PEC က နှစ်ဟောင်း မြန်မာပဲစင်းငုံလီမွန် တန် ၃၀၀၊ တန်ဇန်းနီးယား ပဲစင်းငုံအဟောင်း ၁၁၇ တန်ကို တင်ဒါခေါ်ယူရောင်းချခဲ့ပြီး ဩဂုတ် ၁၀ ရက်မှာ တင်ဒါဖွင့်မှာဖြစ်ပါတယ်။ ဇူလိုင် ဒုတိယအပတ်လောက်အထိ မွန်ဘိုင်းဈေးကွက်မှာ ပဲစင်းငုံဈေးဟာ ၆၉၄-၇၂၇ ဒေါ်လာသာ ရှိပါတယ်။ တတိယပတ်မှာ ၇၅၁ ဒေါ်လာကို တက်လာရာက ၂၃ ရက်မှာ ၈၁၂ ဒေါ်လာအထိပဲဈေးတွေ မြင့်တက်လာခဲ့ ပါတယ်။ ဒါပေမဲ့ ဇူလိုင် ၂၃ ရက်က JNPT ဆိပ်ကမ်းကို မြန်မာပဲစင်းငုံကွန်တိန်နာ ၉၄ လုံး၊ တန်ဇန်းနီးယား ပဲစင်းငုံကွန်တိန်နာ အလုံး ၄၀ ဝင်လာပြီး PEC ကလည်း တင်ဒါခေါ်ရောင်းခဲ့တဲ့အတွက် ၂၄ ရက်နေ့မှာ အိန္ဒိယပဲစင်းငုံဈေး ၇၈၁ ဒေါ်လာကို ကျဆင်းသွားတာတွေ့ရပါတယ်။ ဇူလိုင်နောက်ဆုံးပတ် အတွင်းမှာ ၇၆၇ ဒေါ်လာအထိ ကျဆင်းသွားခဲ့ပြီးဩဂုတ် ၁ ရက်မှာတော့ ၇၈၉ ဒေါ်လာကို ပြန်ခိုင်လာပါတယ်။ ဒါပေမဲ့ ရာဂျက်စသန်ပြည်နယ်မှာ ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက်အထိ မိုးပဲစင်းငုံ ၁၉၂၀၀ ဟက်တာသာ စိုက်ပျိုးနိုင်ခဲ့ပြီး ယခင်နှစ်ကာလတူစိုက်ဧက ဟက်တာ ၁၉၉၀၀ ထက်လျော့နည်းခဲ့ပါတယ်။

### ဩဂုတ်လ ကုလားပဲကြီးပွိုင့်ဈေးပြန်တက်

ဇူလိုင် ၂၄ ရက်မှာ ကုလားပဲတစ်တန်ကို မွန်ဘိုင်းဈေးကွက်မှာ ၉၂၄ ဒေါ်လာရှိခဲ့ရာက ၂၉၊ ၃၀ ရက်များမှာ ပြည်တွင်း အဝယ်ပါးပြီး ၈၉၃ ဒေါ်လာအထိ ဈေးကျဆင်းသွားခဲ့ပါတယ်။ ဩဂုတ် ၁ ရက်မှာတော့ NCDEX ကုန်စည်ဒိုင်ကို ဝယ်သူတွေ အဝင်များနေလို့ ဈေးပြန်ခိုင်မာပြီး ၉၁၉ ဒေါ်လာဈေးရှိနေပါတယ်။ အိန္ဒိယ NCDEXကုန်စည်ဒိုင်မှာ ကုလားပဲကြိုပွိုင့်ဈေးတွေက အရောင်းအဝယ်အသွက်ဆုံး ဩဂုတ်လအတွက် ရူပီး ၄၀ ဈေးပြန်တက်ပြီး ရူပီး ၄၇၃၂၀ (၈၅၃ ဒေါ်လာခန့်) ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေပါတယ်။

**ကြယ်ပြာပန်း**၊Source: Agriwatch.com

# ယခုတစ်ပတ် ပဲမျိုးစုံရောင်းအားလျော့ပေမဲ့ အမြင့်ဈေးနဲ့ ယခင်အပတ်ထက် တင်ပို့မှု ပိုနေ

ယခုတစ်ပတ် ပဲမျိုးစုံတင်ပို့မှုထဲက တန်ချိန် အများဆုံး တင်ပို့တဲ့ မတ်ပဲက တန် ၁၃၈၀၀ ကျော်နဲ့ ယခင်အပတ်တင်ပို့မှု တန်ချိန် ၁၃၁၀၀ ကျော်ထက် ပိုမိုတင်ပို့နိုင်ပေမဲ့ ယခုတစ်ပတ် မတ်ပဲရောင်းဝယ်မှုကတော့ တန်ချိန် ၇၅၀၀ ကျော်သာရှိလို့ ယခင်အပတ်ထက် ၆၂ ရာခိုင်နှုန်းသာ အရောင်းအဝယ် ဖြစ်ခဲ့ပါတယ်။ ရန်ကုန် FOB ဈေးက ယခင်အပတ်ထက်မြင့်လာပေမဲ့ ပြည်ပဈေးက လျော့နေပါတယ်။ ယခုတစ်ပတ်အတွင်းမတ်ပဲကိုတရုတ်၊ကျူးဘား၊အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ တူနီးရှား၊ ဗီယက်နမ်၊ ဆွစ်ဇာလန်၊ ဆီွဒင်နဲ့ ဩစတြေးလျနိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ မတ်ပဲကိုလက်ရှိဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ တန်ချိန် ၂၆၄၈၀၀ ကျော် တင်ပို့ခဲ့လို့ ယခင်နှစ်ကာလတူက တင်ပို့မှုတန်ချိန် ၂၅၃၂၀၀ ကျော်ထက် ပိုမိုတင်ပို့တာ တွေ့ရပါတယ်။

ပဲတီစိမ်းကို ယခုတစ်ပတ်တန်ချိန် ၂၆၀၀ ကျော်တင်ပို့ခဲ့လို့ ယခင်အပတ်တင်ပို့မှု တန်ချိန် ၂၃၀၀ ထက်ပိုမိုတင်ပို့ခဲ့ပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တန်ချိန် ၆၈၀ ကျော်သာရှိလို့ ယခင်အပတ်ထက် ၈ ရာခိုင်နှုန်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ဒါပေမဲ့ ရန်ကုန် FOB ဈေးက ယခင်အပတ်အတိုင်း ဈေးငြိမ်နေပြီး ပြည်ပပဲဈေးက အနည်းငယ်အေးနေပါတယ်။ ယခုတစ်ပတ်ပဲတီစိမ်းကို တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ပိုလန်၊ ဘင်္ဂလားဒေ့ရှ်နဲ့ ဂျာမဏီနိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ ပဲတီစိမ်းကို လက်ရှိဘဏ္ဍာနှစ် ဇူလိုင်လကုန်အထိ တန်ချိန် ၁၄၂၈၀၀ ကျော်တင်ပို့ခဲ့လို့ ယခင်နှစ် ကာလတူတန်ချိန် ၁၃၁၀၀၀ ကျော်ထက်ပိုတင်ထားပါတယ်။

ယခုတစ်ပတ်ပဲစင်းငုံတင်ပို့မှုက အခြားပဲတွေထက် တင်ပို့နှုန်း အမြင့်ဆုံးဖြစ်ခဲ့ပါတယ်။ ပဲစင်းငုံ ရောင်းဝယ်မှုကတော့ အခြားပဲတွေလိုပဲ လျော့နေပါတယ်။ ပဲစင်းငုံကို တစ်ပတ်အတွင်း တန် ၁၂၂၀၀ ကျော်နဲ့ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ထိုင်း၊ ယူအေအီးနဲ့ ဆွစ်ဇာလန်နိုင်ငံများကို တင်ပို့ခဲ့ပါတယ်။ အိန္ဒိယပဲစင်းငုံ အဝယ်လိုက်ပြီး ဈေးဆက်မာနေလို့ ရန်ကုန် FOB ဈေးလည်းမြင့်နေပါတယ်။ လက်ရှိဘဏ္ဍာနှစ် ဇူလိုင်လကုန်ထိ တန်ချိန် ၁၃၆၆၀၀ ကျော်တင်ပို့ခဲ့ပြီး ယခင်နှစ်ကာလတူတင်ပို့မှု တန်ချိန် ၆၆၉၀၀ ထက် နှစ်ဆကျော် တင်ပို့ထားပြီးဖြစ်ပါတယ်။

ယခုတစ်ပတ် ကုလားပဲ တင်ပို့မှုက အခြား ပဲတွေလိုပဲ တင်ပို့မှုမြင့်နေပါတယ်။ ရောင်းဝယ်မှုက ယခင်အပတ်ထက် လျော့ပြီး ၁၀ ရာခိုင်နှုန်းသာရှိပါတယ်။ ပြည်ပကုလားပဲ ဈေးအေးနေပြီး ကုလားပဲ FOB ဈေးလည်း ငြိမ်နေတာကြောင့် ရောင်းဝယ်မှုလည်း အေးနေတယ်ဆိုရမှာပါ။ ကုလားပဲကို တစ်ပတ်အတွင်း တန် ၁၀၀၀ ကျော်နဲ့ တရုတ်၊ အိန္ဒိယ၊ စင်ကာပူ၊ ဆွစ်ဇာလန်နဲ့ ယူအေအီးနိုင်ငံများကို တင်ပို့ခဲ့ပါတယ်။

MIRT - MAPT

## အိန္ဒိယနိုင်ငံတွင် သုံးနှစ်အတွင်း ပထမဆုံးအကြိမ် မုတ်သုံ ပုံမှန်ထက်နည်း၍ သီးနှံများထိခိုက်၊ ပဲဈေးများ အတက်အကျ ကစား

အိန္ဒိယနိုင်ငံဟာ ၂၀၁၁-၁၂ ဘဏ္ဍာနှစ်မှာ ပဲမျိုးစုံနဲ့ စားသုံးဆီတန်ဖိုး ရူပီးကုဋေ ၅၅၀၀၀ ဖိုး တင်သွင်းခဲ့ပြီး၊ ယခုနှစ်မှာ ရူးပီး ကုဋေ ၆၀၀၀၀ အထိ တင်သွင်းရဖွယ်ရှိတယ်လို့ သိရပါတယ်။ ၂၀၁၁-၁၂ မှာ အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံတန်ချိန် ၃ သန်းခန့်အထိ တင်သွင်းခဲ့ရပြီး၊ ဒီနှစ်မှာတော့ တန်ချိန် ၄ သန်းကနေ ၄ ဒသမ ၅ သန်းအထိ တင်သွင်းရဖို့ရှိတယ်လို့ ခန့်မှန်းထားကြပါတယ်။ အိန္ဒိယ ပြည်တွင်းပဲစားသုံးမှုက တန်ချိန်သန်း ၂၀ ခန့်ရှိပြီး၊ မနှစ်က တန်ချိန် ၁၇ သန်းထုတ် လုပ်နိုင်ခဲ့ပါတယ်။ ဒီနှစ်မှာတော့ အဲဒီထက် ထုတ်လုပ်မှုကျဆင်းနိုင်ပြီး ပိုသွင်းဖို့လိုအပ်မယ်လို့ Indiabulls Ltd မှ လက်ထောက်ဒုတိယဥက္ကဋ္ဌ Badruddin က ဆိုပါတယ်။ အနောက်တောင်မုတ်သုံမိုးက ဒီနှစ်မှာ တစ်နိုင်ငံလုံးရဲ့ ၆၀ ရာခိုင်နှုန်းနီးပါး ပုံမှန်ထက်လျော့နည်းခဲ့လို အဓိကမိုးသီးနှံများ စိုက်ပျိုးမှုကျဆင်းခဲ့ပါတယ်။ ကြီးကြီးမားမား ထိခိုက်တာကတော့ နှံစားသီးနှံတွေနဲ့ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ(အဓိကမြေပဲ)တို့ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနကရတဲ့ နောက်ဆုံးစာရင်းအရ ပြီးခဲ့တဲ့ အပတ်အထိ ပဲစိုက်ဧရိယာဟာ ကာလတူကပုံမှန်စိုက်ဧရိယာထက် ၂၁ ရာခိုင်နှုန်း လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ ပဲတွေမှာ အဓိက ပြဿနာက မိုးရာသီ ထုတ်လုပ်မှုမှာ လျော့မယ်လို့ ခန့်မှန်းရရှိလို့တင် မဟုတ်ဘဲ ပြီးခဲ့တဲ့နှစ်ထုတ်လုပ်မှု အခြေအနေအရ လက်ထဲမှာလည်း ပဲလက်ကျန်မရှိတော့ပဲ အဓိကက ကုလားပဲလို့ သိရပါတယ်။ ၂၀၁၁-၁၂ မှာ အိန္ဒိယနိုင်ငံဟာ ပဲမျိုးစုံတန်ချိန် ၁၇ ဒသမ ၂၁ သန်းထုတ်လုပ်ခဲ့ပြီး ယခင်နှစ်ထက် ၅ ဒသမ ၆ ရာခိုင်နှုန်းလျော့နည်းခဲ့တယ်လို့ သိရပါတယ်။

**နှင်းကရီ**၊Source: busniness-standard.com

## နယ်စပ်မှ ပဲလွန်းဖြူ အပို့ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၃၄ သန်းတန်ဖိုးရှိ ပဲလွန်းဖြူ တန် ၅၀ ကျော်ကို ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာအပို့ရှိခဲ့ပါတယ်။ ယခင်အပတ်က တော့ ပဲလွန်းဖြူ အပို့မရှိခဲ့ပါဘူး။ ဇူလိုင်လမှာ နယ်စပ်မှပဲလွန်းဖြူ ၁၁၂ တန်ခန့်နဲ့ ဧပြီလမှ ဇူလိုင်လကုန်အထိ ပဲလွန်းဖြူ ၄၄၆၀ တန်တင်ပို့ထားပြီးဖြစ်ပါတယ်။ ယခုအပတ် မူဆယ်မြေပြင်ပေါက်ဈေးက ယခင်အပတ်ကထက် တစ်တန်ကို ၆၀၇၃ ကျပ်လျော့ကျခဲ့ပြီး ၆၁၇၆၆၈ ကျပ်ဈေးပေါက်နေပါတယ်။ တစ်ဖက်ရွှေလီပေါက်ဈေးကတော့ ၇၄၁ ဒေါ်လာဖြစ်ပြီး ယခင်အပတ်အတိုင်းပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။

MIRT(DOBT)

## မူဆယ်နယ်စပ်ကဖြတ်ပြီး တရုတ်ကိုသွားတဲ့ အခြားပဲမျိုးစုံ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် မှ တစ်ဖက်ရွှေလီသို့ ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ ကန်ဒေါ်လာသုည ဒသမ ၀၄၉ သန်းတန်ဖိုးရှိ စွန်တာနီ/ပြာ ၇၅ တန်ကျော်၊ ကန်ဒေါ်လာ သုည ဒသမ ၀၀၈ သန်းတန်ဖိုးရှိ ထောပတ်ပဲ တန် ၁၅၀၊ ကန် ဒေါ်လာ သုညဒသမ ၀၁၂ သန်းတန်ဖိုးရှိ နိုင်လွန်ပဲ တန် ၂၀၊ ကန်ဒေါ်လာ သုည ဒသမ ၀၄၃ သန်းတန်ဖိုးရှိ ပဲနီကြား ၅၅ တန်ကျော်နဲ့ ကန်ဒေါ်လာသုညဒသမ ၀၁၇ သန်းတန်ဖိုးရှိ ပဲပုပ်စေ့ ၂၅ တန်ကျော် အပို့ရှိခဲ့ပါတယ်။ ဇူလိုင်လအတွင်းမှာ စွန်တာနီ/ပြာ ၂၄၂ တန်ခန့်၊ ထောပတ်ပဲ ၂၈၉ တန်ခန့်၊ ပဲနီကြား ၂၇၆ တန်ခန့်နဲ့ ပဲပုပ်စေ့ ၃၈၉ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။

MIRT(DOBT)



## ဟသ်ာတကုန်စည်ဒိုင်ရဲ့ ဇူလိုင်လမတ်ပဲဈေးကွက်

ဟသ်ာတကုန်စည်ဒိုင်ဈေးကွက်ရဲ့ မတ်ပဲဈေးမှာ ယခုတစ်ပတ်မှာ ဈေးပြန်အေးသွားပါတယ်။ ယခင်နှစ် ဇူလိုင်လရဲ့ မတ်ပဲအမြင့်ဆုံးဈေးမှာ ပိဿာ ၂၀ တစ်တင်းကို ၁၇၃၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ပြုလုပ်ခဲ့ပြီး၊ ယခုနှစ် ဇူလိုက်လရဲ့ မတ်ပဲအမြင့်ဆုံးဈေးမှာ ပိဿာ ၂၀ တစ်တင်းကို ၂၀၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တာကြောင့် ယခင်နှစ်ထက်တစ်တင်းကို ၃၂၀၀ ကျပ် ပိုမြင့်လာခဲ့တာကို တွေ့ရပါတယ်။ ဟသ်ာတကုန်စည်ဒိုင် ဈေးကွက်သို့ မြို့နယ်ကျေးရွာများမှ ပဲဝင်ရောက်မှုလည်း နည်းလာပါတယ်။ မတ်ပဲအရောင်းအဝယ်ဖြစ်မှုအနေနဲ့ ပဲဈေးမြင့်လာတဲ့ ဇူလိုင်လတတိယပတ်မှာ တစ်နေ့ အိတ် ၂၀၀၀ ကျော်ခန့်ရှိပြီး၊ ယခုတစ်ပတ်မှာ ပျမ်းမျှအိတ် ၁၈၀၀ ခန့် အရောင်းအဝယ်ပြုလုပ်နိုင်ကြောင်း သိရပါတယ်။ မတ်ပဲစီးထွက်မှုအနေနဲ့ ယခင်နှစ် ဇူလိုင်လတစ်လလုံးမှာ အိတ် ၁၃၀၀၀၀ ခန့် ရန်ကုန်ဈေးကွက်သို့တင်ပို့နိုင်ခဲ့ပြီး၊ ယခုနှစ် ဇူလိုင်လတစ်လလုံးမှာ အိတ် ၈၅၀၀၀ ခန့်တင်ပို့နိုင်ခဲ့ပါတယ်။ ယခုနှစ်မှာ မတ်ပဲဈေးဟာ ယခင်နှစ်ထက် ပိုမြင့်သော်လည်း မတ်ပဲစီးထွက်မှုအနေနဲ့ လျော့နည်းရခြင်းမှာ ယခုနှစ်မတ်ပဲ တစ်ဧကအထွက်နှုန်း နည်းသွားတာကြောင့် တင်ပို့မှုလည်းယခင်နှစ်ထက် အနည်းငယ် လျော့နည်းခြင်း ဖြစ်ကြောင်း သိရပါတယ်။

***အေးအေးခိုင်***

# မုံရွာကုန်စည်ဒိုင် ဇူလိုင်လကုန်ပတ် ပဲဈေးကွက်

ယခုတစ်ပတ် မုံရွာကုန်စည်ဒိုင် ကုလားပဲဈေးကွက်မှာ ရန်ကုန်ဝယ်လက်ပါးသွားပြီး၊ ဒေသတွင်းစက်သမားနဲ့ လက်လီအဝယ်သာ ရှိခဲ့ကာ ဈေးအနည်းငယ်အေးသွားခဲ့တာ တွေ့ရပါတယ်။ ယခုတစ်ပတ် ကုလားပဲမျိုးစုံပေါက်ဈေးအနေနဲ့ ယခင်အပတ်ကထက် တစ်တင်း ၂၀၀၀ ကျပ်နီးပါး ဈေးကျသွားခဲ့ကာ ထိုင်ဝမ်တစ်တင်း ၂၁၈၀၀ ကျပ်၊ V2 တစ်တင်း ၂၂၅၀၀ ကျပ်နဲ့ 929 တစ်တင်း ၂၂၀၀၀ ကျပ်နဲ့ အသီးသီး အနိမ့်ဆုံးဖြစ်ပေါ်ခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် တစ်ပတ်အတွင်း ကုလားပဲမျိုးစုံတင်း ၈၀၀၀ မှ ၁၀၀၀၀ ကြားသာ ဖြစ်ခဲ့ပြီး ရန်ကုန်လက်ကတော့ ဈေးအဖွင့်နိမ့်တဲ့ရက်မျိုးမှပဲ အဝယ် အနည်းငယ်ရှိခဲ့တယ်လို့ ကုန်သည်တစ်ဦးက ပြောပါတယ်။ ယခုရက်ပတ်အတွင်း မုံရွာကနေရန်ကုန်ကို ရေယာဉ်နဲ့ 929 အိတ် ၂၀၀၀ ခန့်တင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ပဲစင်းငုံနီကလည်း တစ်ပတ်အတွင်း အရောင်းအဝယ်သွက်ခဲ့ပြီး ဈေးကတော့ ယခင်အပတ်ကထက် တစ်တင်း ၁၈၀၀ ကျပ်ထိ ကျဆင်းခဲ့တာ တွေ့ရပါတယ်။

ဝယ်လက်အနေနဲ့ ရန်ကုန်အိတ်စပိုတာအတွက် အဝယ်တော်တွေ လှုပ်ရှားခဲ့ကြပြီး ရောင်းလက်အနေနဲ့ ယခင်တစ်တင်း ၁၄၀၀၀ ကျပ်ဝန်းကျင်က ဝယ်ထားသူတွေအမြတ်ရလို့ ထုတ်ရောင်းကြတာ ဖြစ်တယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က သိရပါတယ်။ တချို့ကုန်သည်တွေကတော့ ယခင်ကဝယ်ဈေးမြင့်ခဲ့ကာ ဆေးအုပ်ခ၊ ဂိုဒေါင်ခနဲ့ အလေအလွင့် စရိတ်တွေမြင့်ခဲ့လို့ တက်ဈေးမျှော်ရင်း ဆက်လက်သိုလှောင်ဆဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအပတ်ထဲမှာ တစ်တင်း ၂၀၃၀၀ ကျပ်၊ အမြင့်ဆုံးပေါက်ခဲ့ပြီး အနိမ့်ဆုံး တစ်တင်း ၁၉၇၀၀ ကျပ်အထိ ဈေးအေးခဲ့ပါတယ်။ အရောင်းအဝယ်အားဖြင့် ယခုတစ်ပတ်အတွင်း တင်း ၃၀၀၀၀ မှ ၄၀၀၀၀ ကြားဖြစ်ခဲ့ပြီး မုံရွာကနေ ရန်ကုန်ကို ရေကြောင်းလမ်းကနေ တင်း ၄၀၀၀၀ ကျော် တင်ပို့နိုင်ခဲ့တယ်လို့ ရေယာဉ်ကိုယ်စားလှယ်တစ်ဦးက ပြောပါတယ်။

ယခုတစ်ပတ် စိမ်းကြီးဈေးကွက်ကတော့ အရောင်းအေးအဝယ်ပါးခဲ့ပြီး နယ်ကပစ္စည်းဝင်ရောက်မှု မရှိသလောက်နည်းခဲ့တယ်လို့ဆိုပါတယ်။ ကုန်သည်လက်ဝယ်မှာလဲ ပစ္စည်းလက်ကျန်နည်းလို့ မန်းလက်အဝယ်ရှိတဲ့နေ့မှာ တစ်တင်း ၂၀၅၀၀ ကျပ်ထိဈေးရခဲ့ပြီး၊ အရောင်းအဝယ်အားဖြင့် တစ်ပတ်အတွင်း တင်း ၁၅၀၀ ခန့်သာ ရှိခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ကြားသိရပါတယ်။

မုံရွာပဲကြီးဈေးကွက်အနေနဲ့ လက်လီအဝယ်အရောင်းသာ ရှိခဲ့ပြီး၊ ယခုအပတ်ထဲမှာ တစ်တင်း ၅၀၀ ကျပ်ကျသွားကာ ၂၅၀၀၀ ကျပ်ဈေးပေါက်ခဲ့ပေမဲ့ အရောင်းအဝယ် ပမာဏအနေနဲ့ တက်မလာဘဲ တစ်ပတ်အတွင်း တင်း ၂၀၀၀ ခန့်သာရှိခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ကြားသိရပါတယ်။

***ထွန်းလှိုင်***

## ချင်း



### ချင်းပြန်လည် တင်ပို့

ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်နေ့တာ ကာလအတွင်း ချင်း ၈၁ ဒသမ ၂၆ တန်ကို တင်ပို့နိုင်ခဲ့ပါတယ်။ မေလနဲ့ ဇွန်လအတွင်း အပို့ပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှပြန်လည်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ တင်ပို့ခဲ့တဲ့ နိုင်ငံတွေက ကူဝိတ်နိုင်ငံကို ၅၆ ဒသမ ၂၅ တန်နဲ့ မလေးရှားနိုင်ငံကို ၂၅ ဒသမ ၀၁ တန်ဖြစ်ပါတယ်။ FOB ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၅၉၀ ဝန်းကျင် ရရှိခဲ့လို့ စုစုပေါင်းပို့ကုန်ဝင်ငွေကန်ဒေါ်လာ လေးသောင်းရှစ်ထောင်ကျော် ရရှိခဲ့ပါတယ်။ MIRT(DOT)

### ချင်း(ဥမ)များသာ အရောင်းအဝယ်သွက်နေတဲ့ ပြည်ဈေးကွက်

ယခုတစ်ပတ် ပြည်ဈေးကွက်အတွင်းမှာ ချင်းအတက်များ ပစ္စည်းလက်ကျန်ပြတ်လျက်ရှိပြီး၊ ချင်း(ဥမ)များသာ အဝယ်ဖြစ်လျက်ရှိနေပါတယ်။ စီးဝင်မှုအနေနဲ့ အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်း(ဥမ)များ ပိဿာ ၃၀ ဝင်အိတ် ၁၅၀ ခန့် အဝင်ရှိပြီး၊ အခြားတိုင်းဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့ကို ပိဿာချိန် ၁၅၀၀ ခန့်ကို ဈေးကွက်မှ တစ်ဆင့်တင်ပို့ခဲ့ကြောင်း သိရပါတယ်။ ဈေးကွက်အတွင်းရှိ ပွဲရုံများမှာ တစ်ရက်ကို ပိဿာချိန် ၈၀၀ ခန့်နဲ့ အရောင်းအဝယ် သွက်လျက် ဈေးနှုန်းမှာ တစ်ပိဿာကို ချင်းဥမ(ရှယ်) ၅၀၀ ကျပ်၊ (ဂွန်) ၃၅၀-၄၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိကြောင်း သိရပါတယ်။ **ဝင်းဝင်းခိုင်**

### အောင်ပန်းချင်းဈေးကွက် ချင်း(ဥမ)များ အဝင်ပုံမှန်ရှိ

အရင်တစ်ပတ်ကလို အောင်ပန်းဈေးကွက်မှာ ချင်း(ဥမ)က ပုံမှန်သာအဝင်ရှိနေပါတယ်။ ပြည်တွင်းသုံး အတွက်သာ ဝယ်နေတာကြောင့် အရောင်းကလည်း ပုံမှန်ရှိနေပါတယ်။ ဥမဈေးက ဒီတစ်ပတ်မှာ ၁၄၀ ကျပ် - ၁၅၀ ကျပ်ဈေးသာရှိပါတယ်။ တစ်ပိဿာ ၂၀၀ ကျပ်ဈေးဖြစ်လာရင်တော့ ဒီထက်ပိုပြီး အဝင်များလာနိုင်တယ်လို့ လည်းဆိုပါတယ်။ ချင်းတက်ကတော့ ခြံရှင်တွေဆီမှာသာ အနည်းငယ်ကျန်နေသေးပါတယ်။ ခြံရှင်တွေကတော့ ဈေးမကြိုက်လို့ ထုတ်မရောင်းသေးပါဘူး။ ချင်းတက်ဈေးကတော့တစ်ပိဿာ ၃၀၀ ကျပ် - ၄၀၀ ကျပ်ဈေးရှိပါတယ်။ ချင်းခြောက်ကတော့ လက်ကျန်အတော်များများ ကျန်နေသေးတယ်လို့လည်း သိရပါတယ်။ ရန်ကုန်၊ မန္တလေး ဝယ်လက်တွေဝယ်ယူလာတာကြောင့် ဈေးတက်လာပြီး တစ်ပိဿာ ၁၄၀၀ ကျပ် - ၁၅၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံး ချင်း(ဥမ)ညှံ့စကတော့ တစ်ပိဿာ ၈၀ ကျပ်မှ ၁၀၀ ကျပ်ဈေးနဲ့ ဈေးငြိမ်နေပါတယ်။ မြေနီချင်းကတော့ တစ်ပိဿာ ၁၅၀ ကျပ်ဈေးရှိပါတယ်။ အဝင်က သိပ်မရှိသေးပါဘူး။ မိုးနည်းနည်းပါးသွားရင်တော့ ဒီထက်အဝင် လိုင်လာမှာ ဖြစ်ပါတယ်။ ချင်းခြောက်ကတော့ လက်ကျန်နည်းပေမယ့် မန္တလေးဝယ်လက်တွေ ဝယ်နေတာကြောင့် အရောင်းသွက်နေပါတယ်။ ဟိုပုံးချင်းခြောက်က တစ်ပိဿာ ၁၄၀၀ ကျပ်ရှိတယ်လို့ သိရပါတယ်။ **ဓနခိုင်**

## မန်ကျည်းသီး

### မန်ကျည်း ၁၇၀ တန် တင်ပို့နိုင်

ဒီသီတင်းပတ်ဖြစ်တဲ့ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်နေ့တာ ကာလအတွင်း မန်ကျည်းတန် ၁၇၀ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံက စင်ကာပူနိုင်ငံကို ၁၂၂ တန်နဲ့ မလေးရှားနိုင်ငံကို ၄၈ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ် တန် နှစ်ဆယ်ကျော်သာ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် တစ်ရာငါးဆယ်နီးပါး ပိုမိုတင်ပို့နိုင်တာတွေ့ရပါတယ်။ ယခုလိုတင်ပို့နိုင်ခဲ့တာကြောင့် စုစုပေါင်းပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ လေးသောင်းခုနစ်ထောင်ကျော် ရရှိခဲ့ပါတယ်။ **MIRT (DOT)**

### နယ်စပ်မှ ဇူလိုင်လအတွင်း မန်ကျည်းမှည့် တန် ၃၀၀ နီးပါးတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်မှ ကန်ဒေါ်လာ သုည ဒသမ ၀၆၄ သန်းတန်ဖိုးရှိ မန်ကျည်းမှည့်အစေ့ပါ တန် ၈၀ ခန့်နဲ့ မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ စစ်တွေမှ ကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်းတန်ဖိုးရှိ မန်ကျည်းမှည့် အစေ့ပါ ၁၄ တန်ကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ စစ်တွေ နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်း တန်ဖိုးရှိ မန်ကျည်းစေ့ ၄၁ တန်လည်း အပို့ရှိခဲ့ပါတယ်။ ဇူလိုင်လမှာ မန်ကျည်းမှည့် ၂၈၃ တန်နယ်စပ်မှ တင်ပို့နိုင်ခဲ့ပါတယ်။

MIRT(DOBT)

## နနွင်း

### နနွင်းတန် ၃၀ တင်ပို့

ပြီးခဲ့တဲ့ပတ်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ နနွင်း ၃၀ ဒသမ ၁ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့နိုင်ငံက စင်ကာပူနိုင်ငံပဲဖြစ်ပါတယ်။ ယခင်သီတင်း ပတ်တင်ပို့ခဲ့တဲ့ နနွင်းတန်ချိန်က ၁၉ တန်သာရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၁၀ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာလည်း FOB ဈေးက တစ်တန်ကို ကန်ဒေါ်လာ ၇၀၀ ဝန်းကျင်အထိရရှိခဲ့လို့ စုစုပေါင်းပို့ကုန်ဝင်ငွေကန်ဒေါ်လာ နှစ်သောင်းတစ်ထောင်ကျော် ရရှိခဲ့ပါတယ်။ **MIRT (DOT)**

### နယ်စပ်မှ နနွင်းတက် တန် ၃၀၀ ကျော် အပို့ရှိ

နနွင်းတက် (ရှမ်းစ) များကို မူဆယ်နယ်စပ်နဲ့ မြဝတီဒေသထွက် နနွင်းတက်များ မြဝတီနယ်စပ်တို့မှ တစ်ဖက်အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့လျက်ရှိပါတယ်။ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာတော့ ကန်ဒေါ်လာ သုည ဒသမ ၄၆၂ သန်းတန်ဖိုးရှိ နနွင်းတက် ၂၉၈ တန်ကျော်ကို မူဆယ်နယ်စပ်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၃၃ သန်းတန်ဖိုးရှိ နနွင်းတက် ၁၉ တန်ကျော်ကို မြဝတီနယ်စပ်တို့မှ တစ်ဖက်နိုင်ငံများသို့ အပို့ရှိခဲ့ပါတယ်။ ဇူလိုင်လမှာ နယ်စပ်မှနနွင်းတက် တန် ၁၅၇၀ ကျော်တစ်ဖက်နိုင်ငံများသို့ တင်ပို့ထားပြီးဖြစ်ပါတယ်။

MIRT(DOBT)

### ရှမ်းနနွင်း အဝယ်လိုက်လို့ ဈေးတက်ရိပ်ပြ

ရှမ်းနနွင်းကလည်း အဝယ်လိုက်နေပါတယ်။ ဒီတစ်ပတ်မှာလည်း ဈေးကတက်ရိပ်ပြနေပါတယ်။ အဝင် ကတော့ ထုံးစံအတိုင်းများများစားစားမဝင်လာဘဲ လက်လီလောက်သာ အဝင်ရှိနေတယ်လို့လည်း သိရပါတယ်။ လှောင်လက်တွေဆီကသာ လက်လီလိုက်ပြီး ဝယ်နေရတယ်လို့လည်း သိရပါတယ်။ ခြံသမားတွေကတော့ ဈေး မကြိုက်သေးတာကြောင့် အနည်းအကျဉ်းလောက်သာ အရောင်းအဝယ်ပြုလုပ်နေကြတာလို့လည်း သိရပါတယ်။ ဆင်တောင်နနွင်းကိုတော့ တစ်ပိဿာ ၁၂၀၀ ကျပ်နှုန်းမရောင်းချင်တော့ပဲ၊ ဒီထက်ပိုပြီး ဈေးခေါ်ဦးမယ်လို့လည်း ဆိုကြပါတယ်။ အောင်ပန်းဈေးကွက်မှာ ပင်လောင်းနနွင်းက တစ်ပိဿာ ၅၅၀ ကျပ်၊ ဟိုပုံးနနွင်းက ၉၅၀ ကျပ်၊ တောင်ပို့လနနွင်း(ရိုးရိုး)က တစ်ပိဿာ ၁၀၀၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးဈေးကွက်မှာလည်း နနွင်းအဝင်နည်းတယ်လို့ သိရပါတယ်။ နှစ်ပတ်ကြာ မိုးဆက်တိုက်ရွာနေတာကြောင့် ရွာလမ်းတွေ ပျက်ကုန်လို့ အဝင်နည်းနေတာဖြစ်တယ်လို့ ဒေသခံတွေထံက သိရပါတယ်။ မန္တလေး ဝယ်လက်တွေ ဝယ်ယူနေတာကြောင့် တစ်ပတ်အတွင်း ပိဿာချိန် ၂ သောင်းခန့် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ဟိုပုံးနနွင်းက တစ်ပိဿာ ၉၀၀ ကျပ်ဈေးပေါက်ပါတယ်။

**ဓနခိုင်**

### ဝယ်လိုအားမြင့်တက်မှုကြောင့် နနွင်းဈေး နှစ်ရာခိုင်နှုန်းမြင့်တက်



နနွင်းစိုက်ဧရိယာကျဆင်းမှုနဲ့ နနွင်းစိုက်နယ်မြေတွေမှာ မိုးပါးတဲ့အတွက် ဈေးကစားလိုသူတိုင်း အလှောင်များတဲ့အတွက် နနွင်းကြိုပွိုင့်ဈေးက ဩဂုတ် ၃ ရက်တွင် တစ်ကွမ်တယ်ကို ၁၁၂ ရူပီး မြင့်တက်ပြီး ၅၆၄၈ ရူပီးနှုန်းရှိခဲ့ပါတယ်။

ဇူလိုင်လမှာအဝင်များကြောင်း ထွက်ပေါ်လာပြီးနောက် ပိုင်း အမြတ်နဲ့ ပြန်ထုတ်တာများလာတဲ့အတွက် နနွင်းကြိုပွိုင့်ဈေးများကျဆင်းလာခဲ့ပါတယ်။ဒါပေမဲ့အဓိကစိုက်ပျိုးရာဒေသတွေမှာ မိုးပါးတဲ့အတွက် စိုက်ဧရိယာကျဆင်းကြောင်း သတင်းတွေ ထွက်ပေါ်လာပြီးနောက် ဈေးများ နောက်ဆုံးဈေးတွင် တင်းခံ နေတာကို တွေ့ရပါတယ်။


စိုက်ပျိုးထုတ်လုပ်ရာနယ်မြေများမှ အဝင်နည်းလာခြင်းနဲ့ အဓိကစိုက်ပျိုးနယ်မြေတွေမှာ မိုးပါးနေခြင်းတို့ကြောင့် ဈေးနှုန်းတွေ တက်ရိပ်ပြလာပါတယ်။ အမျိုးသားကုန်စည်နှင့် ဆင့်ပွား စာချုပ်စာတမ်းများ ရောင်းဝယ်ရေးဒိုင်တွင် ဩဂုတ်လအတွက် နနွင်းကြိုပွိုင့်ဈေးက ၁၁၂ ရူပီး ( ၂ ဒသမ ၀၂ ရာခိုင်နှုန်း) မြင့်တက်ပြီး တစ်ကွမ်တယ်ကို ၅၆၄၈ ရူပီးနှုန်းရှိခဲ့ပါတယ်။

UNT,Source: pti.com


## ပရဆေး

### နယ်စပ်မှ ပရဆေး တင်ပို့မှုအားကောင်းနေ

မြန်မာ-တရုတ်နယ်စပ် ချင်းရွှေဟော်နယ်စပ်စခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ ဒရင်ကောက်မြစ် ၅ တန်၊ အုံတုံခေါက် ၅ တန်၊ မူဆယ်နယ်စပ်မှ ကန်ဒေါ်လာ ၂ ဒသမ ၄၉၆ သန်းတန်ဖိုးရှိ ပရဆေး ၃၁၃၁ တန်ကျော် အပို့ရှိခဲ့ရာ နယ်စပ်မှပရဆေး ၃၁၄၁ တန်ကျော်ကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက် ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ မူဆယ်နယ်စပ်မှယခင်အပတ်ကအပို့မရှိခဲ့တဲ့ မုတ်ခါး၊ ခပေါင်းစေ့၊ မန်ကျည်းမှည့်အစေ့ပါတို့ ယခုအပတ်မှာတင်ပို့မှုရှိခဲ့ပါတယ်။ ကွမ်းစားဂမုန်း၊ ချဉ်ပေါင်ဖာလာ (အခွံပါ)၊ စမုံနက်၊ တောဂျူးမြစ်၊ နနွင်းတက် (ရှမ်းစ)၊ မိကျောင်းကွမ်းဖတ်စေ့၊ တောင်လုံးကျော်နဲ့ နေလဲစေ့တို့ ယခင်အပတ်က ထက် အပို့ပိုခဲ့ပြီး ဒရင်ကောက်မြစ်၊ ကွမ်းသီးခွံ၊ ကြက်ဆူစေ့၊ ကြောင်ပန်းစေ့၊ ချဉ်ပေါင်ဖာလာ (အခွံမပါ)၊ ချင်းခြောက်၊ စကားပန်းပွင့်ခြောက်၊ ဆီးဆံနဲ့ ကြောင်လျှာစေ့တို့ အပို့ လျော့ခဲ့ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ရှိ တမူးမှ ကန်ဒေါ်လာ သုည ဒသမ ၀၀၂ သန်းတန်ဖိုးရှိ တောင်လုံးကျော် ၁ ဒသမ ၂၇၅ တန် အသွင်းရှိခဲ့ပါတယ်။ ဇူလိုင်လအတွင်းနယ်စပ်မှ ပရဆေး ၇၉၂၄ တန်ကျော် တင်ပို့ထားပြီး ဖြစ်တယ်လို့ သိရပါတယ်။ MIRT(DOBT)



# လူမှုကူညီရေးနှင့် အကျင့်ပျက်မှု





ဦးဟန်ထွန်း(အခွန်)

အိန္ဒိယနိုင်ငံ၏ လူမှုအကူအညီပေးရေး အစီအစဉ်များတွင် အကျင့်ပျက်မှုများ ကျယ်ပြန့်စွာ စွဲကပ်လျက်ရှိသည်။ ယခင်ဝန်ကြီးချုပ် ရာဂျစ်ဂန္ဓီက ထိုအစီအစဉ်များတွင် သုံးစွဲသည့်ကုန်ကျစရိတ်၏ ၁၅ ရာခိုင်နှုန်းခန့်သာ အထောက်အပံ့ ရထိုက်သူများထံ ရောက်သွားခဲ့သည်ဟု ပြောဖူးသည်။ အစိုးရက လွှဲပြောင်းပေးသော ငွေကြေး၏ ၂၇ ရာခိုင်နှုန်းခန့်သာ ဆင်းရဲသားများထံ အမှန်တကယ်ရောက်ရှိသည်ဟုလည်း အိန္ဒိယနိုင်ငံ စီမံကိန်းကော်မရှင်က ၂၀၀၅ ခုနှစ်တွင် ခန့်မှန်းခဲ့သည်။ ယင်းမသမာမှုများသည် နိုင်ငံ၏ဘဏ္ဍာရေးအပေါ် ဖိစီးမှုပိုမိုကြီးလေးစေသည့်ပြင် ထိုမသမာမှုများကြောင့် လူမှုအကူအညီပေးရေး အစီအစဉ်များကို ဆုတ်ယုတ်ကျဆင်းစေသည်။

အိန္ဒိယနိုင်ငံ၏ အကြီးမားဆုံး လူမှုရေးလုပ်ငန်း အစီအစဉ်တစ်ခုဖြစ်သည့် မဟတ္တမဂန္ဓီ ကျေးလက်အလုပ်အကိုင်အာမခံအက်ဥပဒေ(Mahatma Gandhi National Rural Employment Guarantee Act, MNREGA) အရ ကျေးလက်အိမ်ထောင်စုများအတွက် ရက်ပေါင်း ၁၀၀ တိုင် လုပ်ခရရှိသည့် အလုပ်အကိုင်ရရှိရေးကို အာမခံရန်ဖြစ်သည်။ အရွယ်ရောက်ပြီး အလုပ်လုပ်ချင်သူတိုင်း အရည်အချင်း ကန့်သတ်ချက်မှုမရှိစေဘဲ အလုပ်အကိုင်ရရှိစေရန်ဖြစ်သည်။ထိုအစီအစဉ်မှာ အလွန်ကြီးမားပြီး ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဗဟိုအစိုးရက ရန်ပုံငွေ ရူပီး ၄၀၁ ဘီလီယံ (ဒေါ်လာ ၉ ဘီလီယံနီးပါး) ခွဲဝေချထားခဲ့သည်။ အစိုးရ အသုံးစရိတ်စုစုပေါင်း၏ ၄ ရာခိုင်နှုန်းနီးပါးအထိရှိသည်။ ထိုမျှကြီးမားသော အစီအစဉ်တွင် အကျင့်ပျက်ခြစားမှုများ မည်သို့ဖြစ်ပွားခဲ့သည်ကို သုတေသီများက လေ့လာဆန်းစစ်ခဲ့ကြသည်။

> အထက်မှအောက်သို့ ကြီးကြပ်ခြင်းနှင့် အောက်ခြေမှ အထက်အဆင့်ဆင့်အား စောင့်ကြည့်စစ်ဆေးခြင်း နည်းလမ်းနှစ်မျိုးစလုံးသည် အခြားအခြေအနေများတွင် အကျင့်ပျက်မှု တိုက်ဖျက်ရေးအတွက် ထိရောက်သောနည်းလမ်းများ ဖြစ်နိုင်ပါသည်. . .

ဥပဒေပြဋ္ဌာန်းချက်အရ အစိုးရ၏ လုပ်ခသတ်မှတ်ချက်သည့် တစ်နေ့လျှင် ရူပီး ၁၀၀ ဆိုပါက ၅ ရက်အတွက် လုပ်ခရှင်းသည့်အခါ တစ်နေ့လုပ်ခ ရူပီး ၉၀ နှုန်းဖြင့် ရူပီး ၄၅၀ သာ ထုတ်ပေးသည်။ ရူပီး ၅၀ ကိုငွေထုတ်ပေးသည့် အရာရှိက ဖြတ်ယူထားသည်။ ထိုသို့ အကျင့်ပျက်ခြင်းသည် လုပ်ခလျှော့ပေးနည်း (Underpayment) ဖြစ်သည်။ နောက်တစ်နည်းမှာ အလုပ်လုပ်သည့်ရက်ကို ၅ ရက်အစား ၁၀ ရက်ဟု အစိုးရသို့ အစီရင်ခံပြီး၊ အပို ၅ ရက်အတွက် လုပ်ခရူပီး ၅၀၀ ကိုခိုးယူခြင်းဖြစ်သည်။ ယင်းသို့အကျင့်ပျက်ခြင်းကို ရက်ပိုပြ အစီရင်ခံခြင်း (Over reporting) ဟုခေါ်သည်။ လုပ်ခလျှော့ပေးခြင်းအတွက် အလုပ်သမားကို တိုက်ရိုက်နစ်နာစေသဖြင့် ယင်းသို့ အကျင့်ပျက်မှုကို သက်ဆိုင်ရာအလုပ်သမားတို့က စောင့်ကြည့်တိုင်ကြားရမည်ဖြစ်သည်။ ရက်ပိုပြအစီရင်ခံနည်းဖြင့် အကျင့်ပျက်ခြင်းသည် အလုပ်သမားကို တိုက်ရိုက်မထိခိုက်သဖြင့် အလုပ်သမားတို့က ဂရုပြုကြမည် မဟုတ်ပေ။ သို့သော်လည်း အခွန်ထမ်းပြည်သူတို့ကို ထိခိုက်နစ်နာစေပြီး၊ အစီအစဉ်အတွက်ရရှိသည့် ဘဏ္ဍာငွေတွင် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ယင်းသို့အကျင့်ပျက်မှုကို အစီအစဉ်ကြီးကြပ်သူအရာရှိများက စောင့်ကြည့်စစ်ဆေးရန် တာဝန်ယူကြရမည်ဖြစ်သည်။

အထက်မှ အောက်သို့ ကြီးကြပ်ခြင်းနှင့် အောက်ခြေမှ အထက်အဆင့်ဆင့်အား စောင့်ကြည့်စစ်ဆေးခြင်း နည်းလမ်း နှစ်မျိုးစလုံးသည် အခြားအခြေအနေများတွင် အကျင့်ပျက်မှု တိုက်ဖျက်ရေးအတွက် ထိရောက်သောနည်းလမ်းများ ဖြစ်နိုင်ပါသည်။ ၂၀၀၇ခုနှစ်က လေ့လာချက်အရ အထက်မှအောက်သို့ အဆင့်ဆင့် စစ်ဆေးကြီးကြပ်ခြင်းကြောင့် အင်ဒိုနီးရှားနိုင်ငံ လမ်းဖောက်လုပ်ရေးလုပ်ငန်းတွင် ခိုးယူခံရမှု ၃၀ ရာခိုင်နှုန်း လျော့နည်းစေခဲ့ကြောင်း တွေ့ရသည်။ ရပ်ရွာအခြေပြု အောက်ခြေမှအထက်သို့ စောင့်ကြည့်စစ်ဆေးမှုကြောင့် အစိုးရ ကျန်းမာရေးဝန်ထမ်းများ တာဝန်ထမ်းဆောင်ရန်ပျက်ကွက်မှုများ လျော့နည်းသွားစေခဲ့ကြောင်း ၂၀၀၉ ခုနှစ်က လေ့လာချက်တွင် တွေ့ခဲ့ရသည်။ သို့သော်လည်း အိန္ဒိယနိုင်ငံတွင် တာဝန်ထမ်းဆောင်ရန်ပျက်ကွက်သော သူနာပြုဆရာမများအား ၂၀၀၈ ခုနှစ်က စောင့်ကြည့်လေ့လာခဲ့ရာတွင် ပျက်ကွက်သည့် သူနာပြုဆရာမများအား အုပ်ချုပ်ရေးပိုင်းက အရေးယူရန် တွန့်ဆုတ်နေခြင်းကြောင့် မအောင်မြင်ခဲ့ပေ။

မဟတ္တမဂန္ဓီ ကျေးလက်အလုပ်အကိုင်အာမခံအစီအစဉ်တွင် ပါဝင်ခဲ့ကြသည့် ဩရိဿပြည်နယ်မှ ခရိုင်သုံးခုနှင့် အန္ဒြာပရာဒက်ရှ်ပြည်နယ်မှ ခရိုင်တစ်ခုတို့တွင် အိမ်ထောင်စု ၃၀၀၀ ခန့်ကို လေ့လာခဲ့ရာ စစ်တမ်းကောက်ယူလေ့လာခဲ့သည့် ၂၀၀၇-၂၀၀၈ ခုနှစ်များတွင် တင်ပြအစီရင်ခံသည့် အသုံးစရိတ်၏ ၇၅ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရက်ပိုပြအစီရင်ခံ အကျင့်ပျက်မှုကြောင့် ဆုံးရှုံးခဲ့ရကြောင်း တွေ့ရသည်။ လုပ်ခလျှော့ပေးနည်းဖြင့် အကျင့်ပျက်မှုများမှာ အစပိုင်းတွင် မတွေ့ရသလောက်ဖြစ်ခဲ့သော်လည်း ၂၀၀၇ ခုနှစ် မေလတွင် ဥပဒေအရ သတ်မှတ်လုပ်ခကို တိုးမြှင့်ပေးလိုက်သည့်အခါ အကျင့်ပျက်မှုများ တိုးပွားလာခဲ့သည်။ ထိုသို့တိုးမြှင့်ပေးလိုက်သည့် လုပ်ခထဲမှ တစ်ပြားတစ်ချပ်မျှ အလုပ်သမားတို့ထံ ရောက်မသွားတော့ပေ။

အကျင့်ပျက်မှု တိုက်ဖျက်ရေးအတွက် ဇီဝတိုင်းတာစစ်ဆေးနည်းဖြင့် အကျိုးခံစားခွင့်ရှိသူသို့ တိုက်ရိုက် ငွေထုတ်ပေးသည့်စနစ် (Biometrically-authenticated system) ကို စမ်းသပ်လျက်ရှိသည်။ ထိုသို့ နည်းပညာအသုံးပြုနိုင်ခြင်းကြောင့် လုပ်ခလျှော့ပေးခြင်းကိုသာမက ရက်ပိုပြအစီရင်ခံခြင်းနည်းတို့ဖြင့် အကျင့်ပျက်မှုများကို လျှော့ချနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ သို့တိုင်အောင် အလုပ်သမားများနှင့် နားလည်မှုယူပြီး အကျင့်ပျက်ခြင်း သို့မဟုတ် အခြားနည်းဖြင့် အကျင့်ပျက်ခြင်းတို့အတွက် လုံးဝဥဿုံစိတ်ချရပြီဟုတော့ မဆိုနိုင်သေးပေ။

***Ref; The Economist.***

## ၂၀၁၂ ခုနှစ် ဒုတိယနှစ်ဝက်တွင် တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြန်လည်ကောင်းမွန်လာမည်



၂၀၁၂ ခုနှစ် ပထမ ခြောက်လအတွင်း တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှေးကွေးခဲ့ရာ အစိုးရအနေနဲ့ ငွေကြေးမူဝါဒတွေ ဖြေလျှော့ပေးခြင်းနဲ့ ဘဏ္ဍာရေးဆိုင်ရာ အထောက်အပံ့တွေပေးခြင်းတို့ကို ဆောင်ရွက်ခဲ့တယ်။ ဒါကြောင့် ၂၀၁၂ ခုနှစ် ဒုတိယနှစ်ဝက်မှာ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပြန်လည်ကောင်းမွန်လာမယ်လို့ သုတေသီတွေက ခန့်မှန်းကြတယ်။

အီးယူဒေသ ကြွေးမြီအကျပ်အတည်းကလည်း ထပ်မံပြန့်ပွားဖွယ်မရှိတော့တဲ့အပြင် အမေရိကန်ရဲ့ စီးပွားရေးအခြေအနေအားကောင်းလာတဲ့ အခြေအနေတွေကလည်း ကမ္ဘာ့စီးပွားရေး တည်ငြိမ်တိုးတက်မှုအတွက် အလားအလာကောင်းတွေပဲဖြစ်တယ်။ အမေရိကန်နဲ့ အီးယူက တရုတ်နိုင်ငံရဲ့ အဓိကပို့ကုန် ဈေးကွက်ကြီးတွေဖြစ်တာကြောင့် ၎င်းနှစ်နိုင်ငံရဲ့ စီးပွားရေးတိုးတက်မှုသာ တရုတ်ရဲ့ ပို့ကုန်တိုးတက်မှာဖြစ်တာကြောင့် ၂၀၁၂ ခုနှစ်အတွင်း တရုတ်နိုင်ငံရဲ့ နှစ်အလိုက် ပို့ကုန်တင်ပို့မှုကို ၁၄ ရာခိုင်နှုန်းမှာ ထိန်းသိမ်းထားနိုင်ဖို့ မျှော်လင့်ဖွယ်ရှိလာတယ်လို့ တရုတ်နိုင်ငံတော်ကောင်စီရဲ့ သုတေသနဖွံ့ဖြိုးတိုးတက်ရေးစင်တာမှ သုတေသီ Zhang Liqun က ဆင်ဟွာသတင်းဌာနကို ပြောကြားခဲ့တယ်။

***Source:xinhua***

***ပပ***

## ဓာတ်ဆီ/ ဒီဇယ်ဆီ



### ဓာတ်ဆီဒီဇယ် တန်ချိန် လေးသောင်းခြောက်ထောင်ကျော်ဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်တာ ကာလအတွင်း ဓာတ်ဆီ၊ ဒီဇယ်တန်ချိန် ၄၆၉၆၃ ဒသမ ၇၈ တန်ကို ကုမ္ပဏီရှစ်ခုမှ ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းက တင်သွင်းခွင့်လိုင်စင်လျှောက်ထားလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဓာတ်ဆီက တန်ချိန် ၈၃၀ ဒသမ ၉၇ တန်သာ လိုင်စင်လျှောက်ထားတယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ကုမ္ပဏီနှစ်ခုမှ တင်သွင်းခွင့်လိုင်စင်လျှောက်ထားလာတဲ့ တန်ချိန်မှာ လေးသောင်းရှစ်ထောင်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်လိုင်စင်လျှောက်ထားခွင့် တန်ချိန်မှာ တစ်ထောင့်လေးရာကျော် လျော့နည်းပြီး လျှောက်ထားလာတာ တွေ့ရပါတယ်။

**ရန်ကုန်ဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးက ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာတော့ ၃၀ ရက်နဲ့ ၃၁ ရက်တွေမှာ ဓာတ်ဆီ ၃၅၅၀ ကျပ်၊ ဒီဇယ် ၃၆၅၀ ကျပ်၊ အောက်တိန်း ၃၈၀၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၃၈၅၀ ကျပ်ဈေးရှိရာမှ ဩဂုတ်လ ၁ ရက်မှစပြီး ဓာတ်ဆီ၊ ဒီဇယ်နဲ့ အဆင့်မြင့်ဒီဇယ်တွေက ဈေးမတက်ပေမဲ့ အောက်တိန်းက ၅၀ ကျပ်ဈေးမြင့်လာပါတယ်။ ပြင်ပဓာတ်ဆီဒီဇယ်ဆိုင်မှာတော့ ဇူလိုင် ၃၀ ရက်နဲ့ ၃၁ ရက်မှာ ဓာတ်ဆီဈေးက ကျပ် ၅၀၀၀ နီးပါးဖြစ်ခဲ့ပေမဲ့ ဩဂုတ် ၁ ရက်မှာတော့ ကျပ် ၄၂၀၀ ကို ပြန်လည်ကျသွားခဲ့ပါတယ်။ ဩဂုတ် ၁ ရက်၊ ၂ ရက်၊ ၃ ရက်တွေမှာ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဈေးက ဓာတ်ဆီ ၃၅၅၀ ကျပ်၊ ဒီဇယ် ၃၆၅၀ ကျပ်၊ အောက်တိန်း ၃၈၅၀ ကျပ်နဲ့ အဆင့်မြင့်ဒီဇယ် ၃၈၅၀ ကျပ်ဖြစ်ပြီး ပြင်ပဆိုင်ရဲ့ ဓာတ်ဆီဈေးက ၄၀၀၀-၄၂၀၀ ကျပ်၊ ဒီဇယ်က ၃၂၀၀-၃၃၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်က အရောင်းအဝယ်ပုံမှန်ရှိနေတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးက ၃၇၀၀ ကျပ်ဖြစ်ပြီး ဒီဇယ်က ၄၀၀၀ ကျပ်ဈေးနဲ့ဘဲ အရောင်းရှိခဲ့ပါတယ်။ ဓာတ်ဆီဈေးက ၄၂၀၀-၄၅၀၀ ကျပ်ရှိပြီး ဒီဇယ်ဈေးက ၃၅၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

**မုံရွာဈေးကွက်**မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးက ပုံမှန်အရောင်းအဝယ်ရှိတယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးက ဓာတ်ဆီ ၃၇၀၀ ကျပ်ဖြစ်ပြီး ဒီဇယ် ၃၅၀၀ ကျပ်ဖြစ်ပါတယ်။ ပြင်ပဆိုင်များရဲ့ ရောင်းဈေးက ဓာတ်ဆီက ၄၀၀၀ ကျပ်ဖြစ်ပြီး ဒီဇယ်က ၃၅၀၀ ကျပ်ဖြစ်ပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်ဆီနဲ့ ဒီဇယ်က အရောင်းအဝယ်ပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဓာတ်ဆီဈေးက ယခင်တစ်ပတ်ဈေးအတိုင်း မပြောင်းလဲဘဲ ၃၇၀၀ ကျပ်နဲ့ ရောင်းချနေတယ်လို့ သိရပါတယ်။ ဒီဇယ်ဈေးက ယခင်တစ်ပတ် ၃၈၅၀ ကျပ်နဲ့ ရောင်းချနေရာမှ ဒီတစ်ပတ်မှာတော့ ၄၄၀၀ ကျပ်ဈေးထိ မြင့်လာခဲ့တယ်လို့ သိရပါတယ်။ ပြင်ပဆိုင်ရဲ့ ရောင်းချနေတဲ့ ဓာတ်ဆီဈေးက ယခင်တစ်ပတ် ၄၅၀၀ ကျပ်နဲ့ ရောင်းနေရာမှ ဒီတစ်ပတ်မှာတော့ ၄၀၀၀ ကျပ်ကိုဈေးကျလာပြီး ဒီဇယ်က ယခင်တစ်ပတ်ဈေးအတိုင်း ၄၃၀၀ ကျပ်နဲ့ ရောင်းချနေတယ်လို့ သိရပါတယ်။

***MIRT-DOT***

### ဓာတ်ဆီ အသွင်းပို ဒီဇယ် အသွင်းလျော့

ဇူလိုင်လနောက်ဆုံးပတ်ဖြစ်တဲ့ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မြဝတီနဲ့ တာချီလိတ်နယ်စပ်စခန်းများမှ ဒီဇယ်ဆီအသွင်းရှိခဲ့ပြီး ဓာတ်ဆီကိုတော့ မြဝတီနယ်စပ်တစ်ခုတည်းကပဲ အသွင်းရှိခဲ့ပါတယ်။ ယခုအပတ်မှာ ကန်ဒေါ်လာ သုည ဒသမ ၁၅၇ သန်း တန်ဖိုးရှိ ဒီဇယ်ဆီ ၆၂၀၅၀ ဂါလန်ကို တာချီလိတ်မှ ၄၈၉၂၅ ဂါလန်နဲ့ မြဝတီမှ ၁၃၁၂၅ ဂါလန် တင်သွင်းခဲ့တာဖြစ်ပါတယ်။ ယခင်အပတ်ကထက် ၇၉၆၅၄ ဂါလန်ကျော် အသွင်းလျော့ခဲ့ပါတယ်။ ကန်ဒေါ်လာ သုည ဒသမ ၁၄၉ သန်းတန်ဖိုးရှိ ဓာတ်ဆီ ၁၅၄၀၀ ဂါလန်ကို မြဝတီနယ်စပ်နဲ့ ကော့သောင်းနယ်စပ်မှ ၃၇၆၂၂ ဂါလန် အသွင်းရှိခဲ့ရာ ယခင်အပတ်က တာချီလိတ်ကသာတင်သွင်းခဲ့တဲ့ ပမာဏ ထက် ၂၅၆၆၄ ဂါလန် အသွင်းပိုခဲ့တယ်လို့ သိရပါတယ်။ ဇူလိုင်လအတွင်း နယ်စပ်မှ ဓာတ်ဆီ ၅၆၂၄၆ ဂါလန်နဲ့ ဒီဇယ်ဆီ ၄၂၇၈၇၀ ဂါလန် တင်သွင်းထားပြီး ဖြစ်ပါတယ်။

***MIRT(DOBT)***

## ငွေလဲနှုန်းဆက်လက်တည်ငြိမ်လျက်ရှိ ငွေလဲစင်တာများနှင့် ပြင်ပငွေလဲဈေးကွက် ကွာဟမှု နည်းပါးလာ

ယခုတစ်ပတ်အတွင်းတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ဆက်လက်တည်ငြိမ်လျက်ရှိကြောင်း သိရသည်။ ငွေလဲနှုန်းငြိမ်သက်နေရခြင်းမှာ ဝယ်လိုအားနှင့်ရောင်းလိုအား မျှခြေတွင်ရှိနေခြင်းကြောင့်ဖြစ်သည်ဟု ငွေလဲစင်တာတစ်ခုမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုတစ်ပတ်ငွေလဲနှုန်းသည်ယခင် တစ်ပတ်ကနှင့်နှိုင်းယှဉ်လျှင် ကွာဟမှုသိပ်မရှိခဲ့ပေ။ ဇူလိုင် ၂၇ ရက်က ရောင်းဈေး ၈၇၅ ကျပ်၊ ဝယ်ဈေး ၈၆၇ ကျပ်ရှိခဲ့သည့် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းသည် ဩဂုတ် ၃ ရက်အထိ ပြောင်းလဲမှုမရှိဘဲ ဆက်လက် ငြိမ်သက်နေသည်ကို တွေ့ရှိရသည်။ ထို့ပြင်ပြင်ပငွေလဲဈေးကွက်တွင်လည်း ဩဂုတ် ၃ ရက်တွင် ရောင်းဈေး ၈၇၀ ကျပ် ဝယ်ဈေး ၈၆၅ ကျပ် ရှိခဲ့သဖြင့် ငွေလဲနှုန်းများကွာဟမှုမရှိခဲ့သည်ကိုတွေ့ရသည်။ ယင်းကဲ့သို့ဖြစ်ရခြင်းမှာ ငွေလဲလှယ်သူများသည် ယခင်ကကဲ့သို့ ပြင်ပ ဈေးကွက်ကို အားကိုးအားထားပြုမှု နည်းပါးသွားသည့်အတွက်ကြောင့်ဖြစ်ရကြောင်း ပြင်ပငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

“ဟိုအရင်ရက်တွေတုန်းက ငွေလဲနှုန်းတွေတက်လာတော့ ဒီနေရာမှာငွေလဲတဲ့သူတွေ တော်တော်များတယ်။ ကျွန်တော်တို့က ငွေလဲစင်တာထက် နည်းနည်းပိုပေးတော့ ကျွန်တော်တို့ဆီမှာပဲ လာလဲကြတယ်။ စင်တာမှာကသွားရင် မသေချာတော့ ဒီကိုပဲလာကြတာ။ ဒါပေမယ့် အခုနှစ်ပတ်လောက်ရှိ ပြီ။ ကျွန်တော်တို့ဆီမှာ အရောင်းအဝယ်ပါးသွားတယ်။ စင်တာဈေးနဲ့ကျွန်တော်တို့အပြင်ဈေးနဲ့က သိပ်မကွာတော့ စင်တာမှာပဲ သွားလဲကြတော့တာ”ဟု ပြင်ပငွေလဲဈေးကွက်အတွင်းမှ ပုဂ္ဂိုလ်တစ်ဦးက ဆိုသည်။

***မယ်သီတာ***

## ငွေလဲနှုန်း တည်ငြိမ်နေသော်လည်း ကမ္ဘာ့ရွှေဈေးကျဆင်းမှုတို့ကြောင့် မြန်မာ့ရွှေဈေး အနည်းငယ်ပြန်ကျလာ



ယခုတစ်ပတ်အတွင်းတွင် အမေရိကန်ဒေါ်လာလဲလှယ်နှုန်းတည်ငြိမ်နေသော်လည်း ကမ္ဘာ့ရွှေဈေးနှုန်းသည် အကျဘက်သို့ ဦးတည်ခဲ့သဖြင့် မြန်မာ့ရွှေဈေးနှုန်းလည်း အနည်းငယ်ပြန်ကျလာခဲ့သည်။

ဇူလိုင် ၂၈ ရက်က ကမ္ဘာ့ရွှေဈေးသည်တစ်အောင်စလျှင် ၁၆၂၄ဒေါ်လာရှိခဲ့ရာမှ ဩဂုတ် ၁ ရက်တွင် ၁၆၁၄ ဒေါ်လာအထိ ကျဆင်းလာခဲ့သည်။ မြန်မာ့ရွှေဈေးနှုန်းသည် လည်းဇူလိုင်လ ၂၈ရက်ကအခေါက် ရွှေတစ်ကျပ်သားလျှင် ၇၃၇၃၀၀ ကျပ်ဖြစ်ခဲ့ရာမှ ဩဂုတ် ၁ ရက်တွင် ၇၃၆၀၀၀ကျပ်သို့ အနည်းငယ်ကျဆင်းလာခဲ့သည်။ ဩဂုတ် ၃ ရက်တွင် ကမ္ဘာ့ရွှေဈေးသည် ၁၅၉၀ ဒေါ်လာသို့ ကျဆင်းခဲ့ရာမြန်မာ့ရွှေဈေးသည်လည်း ကျပ် ၇၃၃၀၀၀ သို့ ကျဆင်းလာခဲ့သည်။

“ဒီတစ်ပတ်မှာ မြန်မာ့ရွှေဈေးက နည်းနည်းကျလာတယ်လို့ ပြောရမယ်။ ငွေလဲနှုန်းက ငြိမ်နေတဲ့အချိန်မှာ ကမ္ဘာ့ရွှေဈေးက ကျလာတဲ့အတွက် မြန်မာ့ရွှေဈေးလည်း လိုက်ပြီးကျလာရတာပဲ။ ကမ္ဘာ့ရွှေဈေးက မငြိမ်ဘူးဖြစ်နေတာ။ တော်တော်ကြာပြီ။တက်လိုက်ကျလိုက်ပဲ။ တက်လာပြီးရင် ရက်သိပ်မကြာဘူး ပြန်ကျသွားပြန်ရော။ ဟိုအရင်ရက်တွေတုန်းက ဒီမှာ ငွေလဲနှုန်းကလည်း မြင့်တက်လာ။ ကမ္ဘာ့ရွှေဈေးကလည်း လိုက်တက်နဲ့။ အဲဒါနဲ့ပဲ မြန်မာ့ရွှေဈေးက လိုက်ပြီးတက်လာရတာပဲ။ အခုလို ငွေလဲနှုန်းငြိမ်နေတဲ့အချိန်မှာ ကမ္ဘာ့ရွှေဈေးသာအတက်အကျအနည်းငယ်သာ ရှိခဲ့မယ်ဆိုရင် မြန်မာ့ရွှေဈေးကလည်း ငြိမ်နေမှာသေချာတယ်။ ဒါဆိုရင် ရွှေအရောင်းအဝယ်လုပ်တဲ့သူတွေအတွက်လည်း ပိုပြီးအဆင်ပြေသွားမှာပါ” ဟု ရွှေကုန်သည်တစ်ဦးက မှတ်ချက်ပြုခဲ့သည်။

***မယ်သီတာ***

## ရွှေအမြောက်အမြား စီးဝင် စီးထွက်မှုကို တားမြစ်တော့မယ့် ဗီယက်နမ်

ခရီးသွားများ ရွှေအမြောက်အမြား တိုင်းပြည်တွင်းသို့ သယ်ဆောင်လာမှုနဲ့ တိုင်းပြည်မှယူငင်မှုများကို တားမြစ်သွားရန်အတွက် ဗီယက်နမ်အစိုးရစဉ်းစားနေတယ်လို့ သတင်းရရှိပါတယ်။

အနည်းအကျဉ်း သယ်ယူမှုကိုတော့ အကောက်ခွန်ဌာနရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်မယ်လို့ ဗဟိုဘဏ်မှ ကြေညာချက်မူကြမ်းမှာ ဖော်ပြထားပါတယ်။ ရွှေချောင်းများနဲ့ ရွှေထည်များကို တားမြစ်သွားမှာဖြစ်ကြောင်း သတင်းဝက်ဘ်ဆိုဒ် (Vn Express) မှာ ဖော်ပြထားတာ ဖြစ်ပါတယ်။ လောလောဆယ်မှာ ခရီးသွားများအနေနဲ့ အဖိုးတန်သတ္တုများနဲ့ ၎င်းတို့ပိုင်ဆိုင်သောရွှေထည်များကို အကောက်ခွန်သို့ ကြေညာပြီး သယ်ယူခွင့်ပြုထားတာ ဖြစ်ပါတယ်။ ခရီးသွားများအနေနဲ့ ဂရမ် ၃၀၀ ထက်မကျော်တဲ့ လက်ဝတ်ရတနာများကို လွတ်လပ်စွာ သယ်ယူခွင့်ပြုထားပြီး ၃၀၀ ဂရမ်ထက် ကျော်လွန်ပါက အကောက်ခွန်ဌာနသို့ အသိပေးရမှာဖြစ်သလို အခွန်လည်းပေးဆောင်ရမှာ ဖြစ်ပါတယ်။ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းသွားကြမဲ့ ဗီယက်နမ်များအနေနဲ့ ၎င်းတို့ပိုင်ဆိုင်သော ရွှေထည်များကို အခြားနိုင်ငံတစ်ခုသို့ ယူဆောင်သွားလိုပါက သက်ဆိုင်ရာပြည်နယ်အာဏာပိုင်ရဲ့ ထောက်ခံချက်လိုအပ်တယ်လို့သိရပါတယ်။ ဒီဗဟိုဘဏ်ရဲ့ ကြေညာချက် ဘယ်တော့စတင်သက်ရောက်မယ်လို့တော့ Vn Express သတင်းမှာ ဖော်ပြထားခြင်း မရှိပါဘူး။

***Source: Vn Express, Reuters, CMK***

### ၂၈-၇-၂၀၁၂ မှ ၃-၈-၂၀၁၂ ထိ နယ်စပ်စခန်းများမှ ဈေးကွက်အတွင်းရှိ ဓာတ်ဆီ၊ ဒီဇယ်ဆီ ပျမ်းမျှ ပေါက်ဈေးနှုန်းများ

| စဉ် | နယ်စပ်စခန်း | ရေတွက်ပုံ | ဓာတ်ဆီဈေးနှုန်း | ဒီဇယ်ဈေးနှုန်း |
|---|---|---|---|---|
| | တရုတ် | | (ကျပ်) | (ကျပ်) |
| ၁။ | မူဆယ် | ဂါလန် | ၃၈၅၀ | ၄၀၅၀ |
| ၂။ | လွယ်ဂျယ် | ဂါလန် | ၄၂၀၀ | ၄၁၅၀ |
| ၃။ | ချင်းရွှေဟော် | ဂါလန် | ၄၀၀၀ | ၄၀၀၀ |
| | ထိုင်း | | (ကျပ်) | (ကျပ်) |
| ၁။ | ကော့သောင်း | ဂါလန် | ၃၉၀၀ | ၃၅၀၀ |
| ၂။ | မြဝတီ | ဂါလန် | ၃၀၅၀ | ၃၀၅၀ |
| ၃။ | တာချီလိတ် | ဂါလန် | ၃၈၀၈ | ၃၈၆၅ |
| | အိန္ဒိယ | | (ကျပ်) | (ကျပ်) |
| ၁။ | တမူး | ဂါလန် | ၄၀၅၀ | ၄၃၅၀ |
| | ဘင်္ဂလားဒေ့ရှ် | | (ကျပ်) | (ကျပ်) |
| ၁။ | စစ်တွေ | ဂါလန် | ၄၄၀၀ | ၃၅၀၀ |
| ၂။ | မောင်တော | ဂါလန် | - | - |



Source :Bloomberg.com(30-7-2012)

## ဓာတ်မြေဩဇာ



### တရုတ်၊ ထိုင်း၊ ဗီယက်နမ်နဲ့ မလေးရှားနိုင်ငံမှ မြေဩဇာဝင်

သီတင်းတစ်ပတ်ဖြစ်တဲ့ ဇူလိုင် ၂၂ ရက်မှ ၂၈ရက်တာကာလအတွင်း မြေဩဇာ တန်ချိန် ၆၃၄ တန် ၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ တစ်သိန်း ရှစ်သောင်းကျော်ဖိုးကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တင်သွင်းခဲ့တဲ့မြေဩဇာများမှာ တရုတ်နိုင်ငံမှ မြေဩဇာ ၁၂၅ တန်၊ ထိုင်းနိုင်ငံမှ ကွန်ပေါင်းမြေဩဇာ ၂၁၅ တန်၊ ဗီယက်နမ်နိုင်ငံမှ ဩဂဲနစ်မြေဩဇာ ၁၂၆ တန်၊ မလေးရှားနိုင်ငံမှ မြေဩဇာ ၁၆၈ တန် အသီးသီး မှာယူတင်သွင်းခဲ့ပါတယ်။

***MIRT (DOT)***

### နယ်စပ်မှ ယခုအပတ် ဓာတ်မြေဩဇာအသွင်းပို

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၁၃၄ သန်းတန်ဖိုးရှိ ဓာတ်မြေဩဇာ ၁၀၂၉၇ တန်ကျော် တင်သွင်းခဲ့ပါတယ်။ နယ်စပ်အလိုက် တင်သွင်းနိုင်မှုတွေကတော့ မူဆယ်မှ တန် ၉၉၀၀ ကျော်၊ ရိဒ်မှ ၂၄၁ တန်ကျော်၊ မြိတ်မှ တန် ၁၃၀ နဲ့ တာချီလိတ်မှ ၂၃ တန် အသီးသီးဖြစ်ပါတယ်။ မူဆယ်နယ်စပ်မှ ယခုအပတ် အများဆုံးတင်သွင်းတဲ့ ဓာတ်မြေဩဇာ တွေကတော့ ယူရီးယားနိုက်တြစ်ဖော့စဖိတ်၊ ကွန်ပေါင်းစေ့ (၁၀း၁၀း၅)၊ ၁၅ ပတ်လည်၊ စင်ဂဲလ်စူပါဖော့စဖိတ်နဲ့ တီစူပါဖော့စဖိတ်တို့ဖြစ်ပါတယ်။ ဇူလိုင်လ တစ်လလုံးမှာ နယ်စပ်မှ ဓာတ်မြေဩဇာ ၄၅၆၀၀ တန်ကျော် တင်သွင်းထားပြီးဖြစ်ပါတယ်။

***MIRT(DOBT)***

### ပုံမှန်ဈေးနဲ့ပဲရှိနေတဲ့ ဓာတ်မြေဩဇာ

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းပါးတယ်လို့ အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ ဒီတစ်ပတ်မှာတော့ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်)နဲ့ တီစူပါ ၄၆% (သံကွင်း-တရုတ်)မြေဩဇာက တစ်အိတ်ကို ငါးရာဝန်းကျင်ဈေးမြင့်လာပြီး ကျန်မြေဩဇာများက ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးတွေက ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) တရုတ်က တစ်အိတ်ကို ၂၂၅၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ ပတ် (ထိုင်း) က ၃၄၀၀၀ ကျပ် ၊ ကွန်ပေါင်း ၁၅ ပတ်လည် (ပန်းရောင်) က ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ-ထိုင်း)က ၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၃၅၀၀ ကျပ်နဲ့ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) က ၁၁၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**အတွင်း ဒီတစ်ပတ်မှာတော့ ဈေးကွက်ထဲမှာ ယူရီးယား (နေရွက်လှေ)တရုတ်က ၆၀၀ ကျပ်၊ ရွှေတောင်က ၁၀၀ ကျပ်၊ ပိုတက်(ထိုင်း)က ၃၀၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ က ၁၀၀ ကျပ်ဈေးကျလာတယ်လို့ သိရပါတယ်။ ကွန်ပေါင်း ၁၅ ပတ်လည်နဲ့ ကွန်ပေါင်း ၁၅း၇း၁၈ က ဈေးမပြောင်းဘဲ ယခင်တစ်ပတ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးက ယူရီးယား(နေရွက်လှေ-တရုတ်) ၂၀၂၀၀ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၂၀၂၀၀ကျပ်၊ တီစူပါ(သံကွင်း-တရုတ်) ၂၁၃၀၀ ကျပ်၊ ပိုတက် (ထိုင်း) ၃၅၀၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ) ၂၂၈၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၁၅း၁၅ (နေရွက်လှေ) က ၃၈၆၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၇း၇ က ၃၅၅၀၀ ကျပ်၊ ကွန်ပေါင်း (အမ်-တရုတ်)က ၂၈၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅း၇း၁၅ က ၃၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဓာတ်မြေဩဇာက ဒီတစ်ပတ်တော့ ကုမ္ပဏီဈေးချလို့ မြေဩဇာဈေးအနည်းငယ်ကျလာတယ်လို့ဆိုပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား (ရွှေတောင်) က ၃၀၀ ကျပ်၊ ယူရီးယား(ပန်းဖူး)၁၀၀ ကျပ်နဲ့ တီစူပါ ၄၆% က ၃၂၀၀ ကျပ်ဈေးကျလာပြီး၊ ကျန်မြေဩဇာက ဈေးမပြောင်းဘဲ ယခင်တစ်ပတ်ဈေးအတိုင်းရှိနေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးက ယူရီးယား (ရွှေတောင်-တရုတ်) ၁၈၉၀၀ ကျပ်၊ ယူရီးယား-ပန်းဖူး (တရုတ်) ၂၀၅၀၀ ကျပ်၊ တီစူပါ (GTSP ၄၆%-တရုတ်) ၂၀၁၀၀ ကျပ်၊ တီစူပါ (GSSP ၁၆%-တရုတ်) ၈၁၀၀ ကျပ်၊ တီစူပါ (GTSP ၁၂%-တရုတ်) က ၇၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ (တရုတ်) ၃၆၇၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ က ၁၃၂၀၀ ကျပ်ဈေးနဲ့ ဒီတစ်ပတ်အတွင်း ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်မှာ** ဓာတ်မြေဩဇာ အရောင်းအဝယ်ပုံမှန်ရှိပြီး ဈေးကွက်မှာလဲ အရင်တစ်ပတ်အတိုင်း ပြောင်းလဲမှုမရှိဘူးလို့ သိရပါတယ်။ ဒီတစ်ပတ် မြေဩဇာဈေးတွေက မြားကမ္ဘာ-တရုတ် ၁၂း၁၃ က(အပြာ) ၁၄၈၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ က ၁၄၆၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ က ၁၅၅၀၀ ကျပ်၊ အာမို ၁၅း၁၅း၁၅ က ၃၆၅၀၀ ကျပ်၊ အာမို ၁၆း၁၆း၈ က ၃၄၀၀၀ ကျပ်၊ ယူရီးယား ပုလဲ(ပန်းဖူး-တရုတ်)က ၂၂၂၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ (မြားနီ-တရုတ်) ၂၃၀၀၀ ကျပ်၊ တောင်သူမက ၁၄၅၀၀ ကျပ်၊ ပိုတက်က ၂၂၀၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ က ၁၇၅၀၀ ကျပ်ဈေးတို့နဲ့ ပုံမှန်အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

**ပဲခူးဈေးကွက်**မှာ အရောင်းအေးပေမယ့် မြေဩဇာဈေးကွက်ရဲ့ဈေးနှုန်းတွေက အတက်အကျမရှိဘဲ ငြိမ်နေတယ်လို့သိရပါတယ်။ ဒီတစ်ပတ်အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးတွေက ယူရီးယား-ပုလဲ(ပန်းဖူး) ၂၂၀၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၂၀၀၀ကျပ်နဲ့ ယူရီးယား (ကမ္ဘာလုံး-တရုတ်) ၂၁၅၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

***MIRT (DOT)***

## ဘိလပ်မြေ

### တရုတ်နဲ့ ထိုင်းမှ ဘိလပ်မြေများဝင်

ပြည်တွင်းကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်တာကာလအတွင်း ဘိလပ်မြေ ၁၁၀၂၆ ဒသမ ၉၀ တန်၊ တန်ဖိုးအား ဖြင့် ကန်ဒေါ်လာ ရှစ်သိန်းကိုးသောင်းကျော်ဖိုးကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တင်သွင်းခဲ့တဲ့ဘိလပ်မြေများက တရုတ်နိုင်ငံမှ ဘိလပ်မြေ ၂၇ တန်နဲ့ ထိုင်းနိုင်ငံ ဘိလပ်မြေ ၁၀၉၉၉ ဒသမ ၉၀ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေတင်သွင်းမှုက တန်ချိန် သုံးသောင်းရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်သောင်းနီးပါးလျော့နည်းပြီး တင်သွင်းခဲ့တာတွေ့ရပါတယ်။ ကာလတူကာလဖြစ်တဲ့ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတတိယရဲ့ ဘိလပ်မြေတင်သွင်းမှုက တန်ချိန်လေးသောင်းကျော်ရှိခဲ့တာကြောင့် ဒီနှစ်ဇူလိုင်လတတိယပတ်မှာတော့ ဘိလပ်မြေအဝင်နည်းခဲ့တယ်လို့ ဆိုရပါမယ်။

***MIRT (DOT)***

### နယ်စပ်မှ ဘိလပ်မြေ အသွင်းလျော့

နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၁၇၄ သန်းတန်ဖိုးရှိ ဘိလပ်မြေ ၂၁၅၉ တန်ဝန်းကျင် အသွင်းရှိခဲ့ပါတယ်။ နယ်စပ်အလိုက် တင်သွင်းနိုင်မှုတွေကတော့ ကော့သောင်းမှ တန် ၁၀၀၀၊ တာချီလိတ်မှ ၄၆၉ တန်၊ မြိတ်မှ ၃၃၅ တန်၊ မူဆယ်မှ ၁၆၉ တန်ကျော်နဲ့ လွယ်ဂျယ်မှ ၁၅၉ တန်ခန့် အသီးသီးဖြစ်ပါတယ်။ ယခင်အပတ်နဲ့ နှိုင်းယှဉ်လျှင် တန်ချိန် ၁၄၄၀ ကျော် အသွင်းလျော့ခဲ့ပါတယ်။ ဇူလိုင်လတစ်လလုံးမှာ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ဘိလပ်မြေ ၁၀၂၆၅ တန် တင်သွင်းထားပြီးဖြစ်ပါတယ်။

***MIRT(DOBT)***

### ဈေးကွက်ငြိမ်နေတဲ့ ဘိလပ်မြေ

**မော်လမြိုင်**ဈေးကွက်မှာ ဘိလပ်မြေက အရောင်းပါးပေမယ့် ဈေးက အတက်အကျမရှိဘဲ ငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ဈေးကွက်ထဲကို စိန်ဘိလပ်မြေ ပြန်လည်ဝင်ရောက်လာပါတယ်။ စိန်ဘိလပ်မြေက လူသုံးများလာတာကြောင့် ဆင်တံဆိပ်နဲ့ဈေးက အမီလိုက်လာပါတယ်။ ဒီတစ်ပတ်အရောင်းအဝယ်ဖြစ်နေတဲ့ဈေးက မြင်းခေါင်း ဘိလပ်မြေ ၃၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၄၉၀၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၆၀၀ ကျပ်၊ စိန် (ထိုင်း) ၄၉၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်**အတွင်း ဘိလပ်မြေက အရောင်းပါးတယ်လို့ အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးကဆိုပါတယ်။ မိုးကလည်းကောင်းလာတာကြောင့် ဒီတစ်ပတ်ဈေးကွက်ထဲအရောင်းနည်းနည်းပါးလာတယ်လို့ ဆိုပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးတွေက ဆင်တံဆိပ်ဘိလပ်မြေ ၅၀၀၀ ကျပ်၊ စိန်တံဆိပ်ဘိလပ်မြေ ၅၀၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ကျောက်ဆူး ၄၅၀၀ ကျပ်နဲ့ မောင်းတိန်းဘိလပ်မြေ ၄၅၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်**မှာ ဘိလပ်မြေက ပုံမှန်အရောင်းအဝယ်ဖြစ်တယ် လို့ ဘိလပ်မြေအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ဆိုပါတယ်။ အရောင်းပုံမှန်ရှိ ပေမယ့် ဈေးကငြိမ်နေတယ်လို့ ပြောပါတယ်။ အရောင်းအဝယ်ဖြစ်နေတဲ့ဈေး က ယခင်တစ်ပတ်ဈေးအတိုင်း အေသုံးလုံးဘိလပ်မြေ ၅၄၀၀ ကျပ်၊ မြန်မာ ဆင်(ဘိလပ်မြေ) ၅၃၀၀ ကျပ်၊ ဆင် (ထိုင်း) ၆၀၀၀ ကျပ်၊ စိန်(ထိုင်း) ၆၀၀၀ ကျပ်၊ ဆင်မင်းဘိလပ်မြေ ၅၂၀၀ ကျပ်၊ ကျားခေါင်း ၅၂၀၀ ကျပ်၊ မြင်းခေါင်း ၅၁၀၀ ကျပ်ဈေးတို့နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။

**မကွေးဈေးကွက်**မှာ ဘိလပ်မြေက အရောင်းအေးနေပေမယ့် အရင်တစ်ပတ်အတိုင်း ဈေးကတော့ ပြောင်းလဲမှုမရှိဘူးလို့ ဘိလပ်မြေအရောင်းဆိုင်မှ ဝန်ထမ်းတစ်ဦးက ဆိုပါတယ်။ ဈေးကွက်မှာ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးတွေက ဆင်(ထိုင်း) တံဆိပ်ဘိလပ်မြေတစ်အိတ်ကို ၆၀၀၀ ကျပ်နဲ့ မြင်းခေါင်း ဘိလပ်မြေတစ်အိတ်ကို ၄၀၀၀ ကျပ်ဈေးတို့ပဲ ဖြစ်ပါတယ်။

**ပဲခူးဈေးကွက်**မှာ ဘိလပ်မြေက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ အရောင်းပုံမှန်ရှိနေပေမယ့် စိန်(ထိုင်း) ဘိလပ်မြေက ယခင်ရောင်းနေ တဲ့ဈေးထက် ၁၀၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးက ဆင်(ထိုင်း) ၅၃၀၀ကျပ်၊ စိန်(ထိုင်း) ၅၂၀၀ကျပ်နဲ့ ကြံ့(မြိုင်ကလေး) ၄၅၀၀ ကျပ်ဖြစ်တယ်လို့ သိရပါတယ်။

***MIRT (DOT)***

## နို့ဆီ၊ နို့စိမ်း

### DAWN နဲ့ OK နို့ဆီများဝင်

ဒီသီတင်းပတ်ဖြစ်တဲ့ ဇူလိုင် ၂၂ ရက်မှ ၂၈ ရက်တာ ကာလအတွင်း နို့ဆီ ၇၅၅ ဒသမ ၃၇၆ တန်၊ တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ရှစ်သိန်းကျော်ဖိုးကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မှာယူတင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ စင်ကာပူနိုင်ငံမှ ဒွန်းနို့ဆီ ၃၄၂ ဒသမ ၅၇၆ တန်နဲ့ အိုကေတံဆိပ်နို့ဆီ ၄၁၂ ဒသမ ၈၀ တန်ကို မှာယူတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်က နို့ဆီ ၇၃ တန်သာ တင်သွင်းခဲ့တာကြောင့် ဒီတစ်ပတ်မှာ အင်တိုက်အားတိုက်နဲ့ တင်သွင်းခဲ့တာတွေ့ရပါတယ်။ နို့စိမ်းက ဒီတစ်ပတ်မှာ တင်သွင်းခြင်းမရှိခဲ့ပါဘူး။

နို့မှုန့်က မလေးရှားနိုင်ငံမှ ၁၉ ဒသမ ၈၀ တန်၊ အီရန်နိုင်ငံမှ တန် ၅၀၊ ပြင်သစ်နိုင်ငံမှ ၂၅ တန်၊ စုစုပေါင်း ၉၄ ဒသမ ၈၀ တန်ကို မှာယူတင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်အဝင်ပျောက်ခဲ့တဲ့ နို့မှုန့်က ဒီတစ်ပတ်မှာ ပြန်လည်ဝင်ရောက်လာ ခြင်းဖြစ်ပါတယ်။

***MIRT (DOT)***

### နို့ဆီနို့စိမ်းအသွင်းလျော့၊ နို့မှုန့် အသွင်းပို

ဇူလိုင်လနောက်ဆုံးပတ်မှာ နယ်စပ်စခန်းများမှ နို့ဆီနဲ့ နို့စိမ်းတင်သွင်းမှုဟာ ယခင်အပတ်ထက်လျော့နည်းခဲ့ပြီး နို့မှုန့် တင်သွင်းမှုကတော့ ပိုမိုခဲ့ပါတယ်။ မူဆယ်နယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၁၆၁ သန်းတန်ဖိုးရှိ နို့မှုန့် ၅၆ တန်ကျော်တင်သွင်းခဲ့ရာ ယခင်အပတ်ကထက် ၄၃ တန်ခန့် အသွင်းပိုခဲ့ပါတယ်။ ကော့သောင်းနယ်စပ်မှ ကန်ဒေါ်လာ သုည ဒသမ ၁၂၇ သန်းတန်ဖိုးရှိ နို့စိမ်း ၁၂၆ တန်ကျော် အသွင်းရှိခဲ့ရာ ယခင်အပတ် တင်သွင်းမှုထက် ၂၉ တန်ခန့် လျော့နည်းခဲ့ပါတယ်။ နို့ဆီ တင်သွင်းမှုကတော့ (ကန်ဒေါ်လာ သုည ဒသမ ၀၁၉ သန်း တန်ဖိုးရှိ ၁၈ တန်ကျော်သာ) အသွင်းရှိခဲ့ရာ ယခင်အပတ်နဲ့နှိုင်းယှဉ်လျှင် တန် ၅၄၀ကျော် လျော့နည်းခဲ့ပါတယ်။ ဇူလိုင်လ တစ်လလုံး နယ်စပ်မှ နို့ဆီ တန် ၇၈၀ ကျော်၊ နို့စိမ်း ၄၉၆ တန်ကျော်နဲ့ နို့မှုန့် ၈၂ တန် တင်သွင်းထားပြီးဖြစ်ပါတယ်။

***MIRT(DOBT)***

## အချိုမှုန့်

### အချိုမှုန့် အသွင်းပိုမို

ဖြေလျော့ တင်သွင်းခွင့်ပြုထားတဲ့ စားသောက်ကုန် ငါးမျိုးအနက် အများဆုံးတင်သွင်းနေတဲ့ စားသောက်ကုန်ကတော့ အချိုမှုန့်ဖြစ်ပြီး တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်နဲ့ ချင်းရွှေဟော် နယ်စပ်ကုန်သွယ်ရေးစခန်းများက တင်သွင်းနေတာ ဖြစ်ပါတယ်။ ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိ ကာလအတွင်းမှာ မူဆယ်မှ ၆၅၇ တန်ကျော်နဲ့ ချင်းရွှေဟော်မှ ၁၀ တန် တန်ဖိုးအားဖြင့် ကန်ဒေါ်လာ သုည ဒသမ ၆၆၄ သန်းဖိုး တင်သွင်းခဲ့တာ ဖြစ်ပါတယ်။ ယခင်အပတ်နဲ့ နှိုင်းယှဉ်လျှင် ၂၁၆ တန် အသွင်းပိုခဲ့ပါတယ်။ ဇူလိုင်လ တစ်လလုံးမှာ အချိုမှုန့် တန် ၂၀၈၀ ကျော်ကို တရုတ်နယ်စပ်စခန်းများမှ တင်သွင်းခဲ့ပြီး ဖြစ်ပါတယ်။ ဧပြီလမှ ဇူလိုင်လကုန်ထိ အချိုမှုန့်တင်သွင်းထားမှုကတော့ ၄၁၄၈ တန်ကျော်ရှိပြီး ဇူလိုင်လတင်သွင်းမှုက ပမာဏအများဆုံးဖြစ်ပါတယ်။

***MIRT(DOBT)***

# နှမ်း/ မြေပဲ

## ယခုတစ်ပတ် နှမ်းတင်ပို့မှု လျော့

ယခုတစ်ပတ် ဇူလိုင် ၂၃ ရက်မှ ၂၇ ရက်အတွင်း ယခင်တစ်ပတ်ထက် တန် ၁၀၀ လျော့ပြီး တန်ချိန် ၄၈၀ ခန့် တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်တင်ပို့တဲ့နိုင်ငံတွေကတော့ တောင်ကိုရီးယား၊ ကူဝိတ်၊ စင်ကာပူ၊ တရုတ်၊ ယူအေအီးတို့ဖြစ်ပါတယ်။ လက်ရှိ ဘဏ္ဍာနှစ် ဇူလိုင်လကုန်ထိ နှမ်းတင်ပို့မှု စုစုပေါင်း တန်ချိန် ၁၈၂၀၀ ကျော်ရှိပြီး ယခင်နှစ် ကာလတူက တန်ချိန် ၉၂၀၀ ကျော်ရှိကြောင်း သိရပါတယ်။

မြေပဲတင်ပို့မှုမှာ လက်ရှိဘဏ္ဍာနှစ်အတွင်း မြေပဲအခွံပါ တန်ချိန် ၁၆၃ တန် မြေပဲဆန် တန်ချိန် ၃၂၂၀၀ ခန့် စုစုပေါင်း တန်ချိန် ၃၂၃၀၀ ကျော်တင်ပို့ခြင်းမှ ကန်ဒေါ်လာ ၄၆ သန်းကျော်ရရှိပြီးကြောင်း သိရပါတယ်။ MIRT- MAPT

## နှမ်းနက် အပို့ ပိုသော်လည်း နှမ်းဖြူအပို့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၁ ဒသမ ၇၀၀ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ ၁၂၂၇ တန်ကျော်ကို ဇူလိုင် ၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ ယခင်အပတ်ကထက် ၇၃ တန်ကျော် အပို့ပိုခဲ့ပါတယ်။ နှမ်းအရောင်အလိုက် တင်ပို့နိုင်မှုတွေကတော့ နှမ်းနက် ၇၁၈ တန်ကျော်၊ နှမ်းဖြူ ၅၀၅ တန်ခန့်နဲ့ နှမ်းညို ၄ တန်ကျော်အသီးသီးဖြစ်ပါတယ်။ ယခင်အပတ်ကထက် နှမ်းနက် ၂၇၇ တန်အပို့ပိုခဲ့ပြီး နှမ်းဖြူ ၁၆၈ တန်နဲ့ နှမ်းညို ၃၆ တန်ခန့်အပို့လျော့ခဲ့ပါတယ်။ ဇူလိုင်မှာ နှမ်းရောင်စုံ ၄၃၄၃ တန်ကျော် တစ်ဖက်အိမ်နီးချင်းတရုတ်နိုင်ငံသို့ တင်ပို့ထားပြီး ဖြစ်ပါတယ်။ နှမ်းဖြူနဲ့ နှမ်းနက်ဈေးများဟာ တူညီလျက်ရှိပြီး ယခင်အပတ်ဈေးနဲ့နှိုင်းယှဉ်လျှင် တစ်ဖက်နိုင်ငံဈေးပြောင်းလဲမှုမရှိသော်လည်း မိမိဘက်ဈေးမှာ ၁၀၉၅၀ ကျပ်လျော့နည်းဈေးပေါက်လျက်ရှိပါတယ်။ မိမိဘက်မှာ နှမ်းဖြူနဲ့ နှမ်းနက် မြေပြင်ပေါက်ဈေးများမှာ ၁၁၄၉၇၉ ကျပ်နဲ့ ရွှေလီမှာ ၁၃၃၇ ဒေါ်လာဈေးဖြစ်ပါတယ်။ MIRT(DOBT)

## ဇူလိုင်လ မုံရွာ ဆီထွက်သီးနှံဈေးကွက်

မုံရွာကုန်စည်ဒိုင် ဇူလိုင်လ ဆီထွက်သီးနှံဈေးကွက်ဟာ လကုန်ပတ်မှာ တက်ဈေးအသီးသီးနဲ့ ဈေးပိတ်ခဲ့တာ တွေ့ရပါတယ်။ နှမ်းနဲ့မြေပဲအဟောင်းလက်ကျန်နည်းပြီး ရာသီဥတုကြောင့် အသစ်လည်း လှိုင်လှိုင်မပေါ်တာကြောင့် ဝယ်လိုသလောက်ရောင်းအားမနိုင်တဲ့အတွက် အခုလိုတက်ဈေးဖြစ်ပေါ်တာလို့ ပွဲရုံ ရပ်ကွက်ကဆိုပါတယ်။ မြေပဲ အစိုက်များတဲ့ ဘုတလင်မြို့နယ် မောင်းထောင်ရွာတစ်ဝိုက်မှာ စိုက်ခဲ့ကြတဲ့ မိုးမြေပဲတွေ မိုးမရလို့ ပေါ်ချိန်နောက်ကျ မယ်လို့သိရပါတယ်။ ဝယ်လက်တွေကတော့ ဒေသတွင်း ဆီစက်သမားနဲ့ အကြော်အလှော် လုပ်ငန်းရှင်တွေဖြစ်ကြ ပါတယ်။ ဇူလိုင်လထဲမှာဖြစ်ပေါ်ခဲ့တဲ့ ဆီထွက်သီးနှံပေါက်ဈေးတွေကို လေ့လာတဲ့အခါမြေပဲဆံ (နီ) တစ်ပိဿာ ၂၂၂၅ ကျပ်မှ ၂၄၀၀ ကျပ်၊ မြေပဲဆံ (ဖြူ) တစ်ပိဿာ ၁၉၅၀ ကျပ်မှ ၂၅၀၀ ကျပ်၊ မြေပဲ (လုံးဆံ) တစ်တင်း ၃၄၅၀၀ ကျပ်မှ ၄၀၀၀၀ ကျပ်အသီးသီးဖြစ်ပေါ်ခဲ့ပြီး၊ စားသုံးဆီဈေးအနေနဲ့ မြေပဲဆီ တစ်ပိဿာ ၃၈၅၀ ကျပ်မှ ၄၀၅၀ ကျပ်၊ နှမ်းဆီတစ်ပိဿာ ၃၀၀၀ ကျပ်မှ ၃၁၅၀ ကျပ်နဲ့ စားအုန်းဆီတစ်ပိဿာ ၁၉၆၀ ကျပ်မှ ၁၉၀၀ ကျပ် အသီးသီးဖြစ်ပေါ်ခဲ့ပါတယ်။ ဝါဝင်ကာလအကြို ဒေသတွင်း အလှူအတန်းပွဲတွေများလို့ ဆီထွက်သီးနှံနဲ့ စားဆီတွေအဝယ်သွက်ခဲ့တဲ့အတွက်ဇူလိုင်လကုန်ပတ်မှ အခုလို တက်ဈေးအသီးသီးဖြစ်ပေါ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ကြားသိရပါတယ်။

**ထွန်းလှိုင်**

## မြေပဲသစ်မထွက်မီ ရှမ်းမြေပဲဈေး တဖြည်းဖြည်းတက်

တောင်ကြီးဈေးကွက်မှာတော့ မြေပဲဈေးမှာ တစ်ပတ်ထက်တစ်ပတ် ဈေးတက်လာပါတယ်။ မြေပဲမှာ လက်ကျန် နည်းနေသော်လည်း ရှမ်းပဲဖြစ်တဲ့ မိုင်းရှူး၊ ကျေးသီးဘက်မှထွက်တဲ့ မြေပဲများမှာတော့ နည်းနည်းချင်းအဝင်ရှိနေပါသေးတယ်။ စက်တင်ဘာလမှာ မြေပဲအသစ်များ စထွက်တော့မှာ ဖြစ်ပါတယ်။ ယခင်အပတ်မြေပဲ တစ်ပိဿာ ၁၇၅၀ ကျပ်မှ ယခုတစ်ပတ် မြေပဲ ဈေးမှာတစ်ပိဿာ ၁၈၀၀ ကျပ်ကိုဈေးတက်လာပါတယ်။ မြေပဲဈေးတက်တဲ့ အတွက် ပဲဆီဈေးလည်းတက်လာပါတယ်။ ပဲဆီတစ်ပိဿာ ၃၇၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ် ဖြစ်နေတယ်လို့ သိရပါတယ်။

SYH

## ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ ( ၃ - ၈ -၂၀၁၂)နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx Earning)/ 612 | ၁၄၅၀.၀၀ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (CIF x 0.25% x Earning)/612 | ၃.၆၃ |
| Bill စရိတ် | (CIF x 0.50% x Earning )/612 | ၇.၂၅ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၈.၅၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| အကောက်ခွန် | (CIF x 818 x 5%) 612 | ၆၈.၁၇ |
| ကုန်သွယ်လုပ်ငန်းခွန် | (CIF x 818 x 5%) 612 | ၆၈.၁၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အမြတ်ခွန် | (CIF x 35/-) 612 | ၅၈.၃၃ |
| ဆိပ်ကမ်းကပ်ခ | (3x Earning ) 612 | ၄.၂၆ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၆၇၄.၁၁ |

**မှတ်ချက်**။

၁။ အထက်ပါတွက်ချက်မှုမှာ (၃-၈-၂၀၁၂)နေ့ (CIF ဈေး Cloud Point 8 ˚C Max ၁၀၂၀ ဒေါ်လာ၊ Earning ဈေး ၈၇၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ (၃-၈-၂၀၁၂)နေ့ ဝယ်ယူပြီးနောက် (၁၀) ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ အကောက်ခွန်စရိတ်မှာ ယခင် ၁ ရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ကောက်ခံပါသည်။

၅။ ငွေလဲနှုန်း တစ်ဒေါ်လာကို ယခင် ၄၅၀ ကျပ်နှင့် တွက်ချက်ပြီး ယခု ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ ဗဟိုဘဏ်မှ နှုန်းရှင်သတ်မှတ်သည့်အတွက် ခန့်မှန်း ၈၁၈ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၆။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင်သုည ရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၇။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်း မရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

# ပဲပုပ်

## လက်လီသမားများနဲ့သာ ပဲပုပ် အရောင်းအဝယ်ဖြစ်

ယခုတစ်ပတ် ပြည်ဈေးကွက်မှာ ပဲပြားလုပ်ငန်းရှင်များမှ နေ့စဉ် အဝယ်ရှိနေပေမယ့် ပဲပုပ်ဈေးမှာ ယခုဩဂုတ်လ ပထမပတ်အထိ ပိဿာ ၂၀ တစ်တင်းကို ၁၆၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေဆဲဖြစ်ပါတယ်။ ဒါ့အပြင် လက်လီသမားများလည်း အဝယ်ရှိတာကြောင့် စုစုပေါင်း ၁၅ အိတ် ဝန်းကျင်ခန့် နေ့စဉ် အရောင်းအဝယ်ဖြစ်နေပါတယ်။

**ဆုမွန်ဆွေ**

## ပြည်တွင်းဆီဈေးနှုန်းများ (၃-၈-၂၀၁၂)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၀၀၀ | ၄၀၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |
| ရန်ကုန် | ၄၆၀၀ | ၄၇၀၀ | △ | ၃၆၀၀ | ၃၆၀၀ | □ | ၁၇၁၅ | ၁၇၀၀ | ▽ |
| မန္တလေး | ၃၈၀၀ | ၃၉၀၀ | △ | ၃၀၀၀ | ၃၀၀၀ | □ | ၁၈၆၀ | ၁၈၆၀ | □ |
| ပဲခူး | ၃၆၀၀ | ၃၆၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၈၀၀ | ၁၇၈၀ | ▽ |
| မကွေး | ၄၀၀၀ | ၄၄၀၀ | △ | ၂၉၅၀ | ၃၁၀၀ | △ | ၁၉၀၀ | ၂၀၀၀ | △ |
| မုံရွာ | ၄၀၀၀ | ၄၀၅၀ | △ | ၃၁၅၀ | ၃၁၅၀ | □ | ၁၉၀၀ | ၁၉၃၀ | △ |
| တောင်ကြီး | ၃၇၀၀ | ၃၇၀၀ | □ | ၂၅၀၀ | ၂၅၀၀ | □ | ၂၀၀၀ | ၁၉၀၀ | ▽ |
| စစ်တွေ | ၃၄၀၀ | ၃၄၀၀ | □ | ၃၂၀၀ | ၃၂၀၀ | □ | ၂၀၀၀ | ၂၀၀၀ | □ |

*Source: mirt-mapt*

# အင်ဒိုနီးရှားမှ စားအုန်းဆီတင်ပို့မှု မြင့်တက်

အင်ဒိုနီးရှားနိုင်ငံမှ စားအုန်းဆီပို့ကုန်များက ဇွန်လက တန် ၁ ဒသမ ၁၄ သန်း ရှိခဲ့ရာမှ ဇူလိုင်လမှာ တန် ၁ ဒသမ ၄ သန်းရှိခဲ့ကြောင်း ဘလွန်းဘတ်နယူးစ်က စိုက်ပျိုးရေးအမှုဆောင် ငါးဦးကိုကောက်ယူထားတဲ့ စစ်တမ်းအရ သိရပါတယ်။ စားအုန်းဆီအထွက်က ၅ ရာခိုင်နှုန်း ကျဆင်းပြီး တန် ၂ သန်းရှိလိမ့်မယ်လို့ အမှုဆောင် ၃ ဦး ကခန့်မှန်းပါတယ်။ ဒါပေမဲ့ အမှုဆောင်အရာရှိတွေက လက်ကျန်နဲ့ ပတ်သက်လို့ ပြောကြားခြင်းမရှိပါဘူး။

ကမ္ဘာမှာ စားအုန်းဆီဒုတိယအများဆုံးထုတ်တဲ့ မလေးရှားမှာ အခြေခံဈေးနှုန်းက ဇွန်လမှာ ရှစ်လအတွင်း အနိမ့်ဆုံး အခြေအနေ ရောက်ရှိခဲ့ရာမှ ၄ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။ ဒါပေမဲ့ အမေရိကန်ပြည်ထောင်စုမှာ ပူပြင်းခြောက်သွေ့မှုဖြစ်တဲ့အတွက် ချီကာကိုပဲပုပ်ဈေးက စံချိန်တင်မြင့်တက်ခဲ့ပါတယ်။ အင်ဒိုနီးရှားက စားအုန်းဆီတင်ပို့ခွန်ကို ဇွန်လက ၁၉ ဒသမ ၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၁၅ ရာခိုင်နှုန်းသို့ လျှော့ချ ပေးခဲ့ပါတယ်။

အစ်ပွဲတော်အတွက် ဝယ်လိုအားမြင့်တက်လာတာကလည်း ပင်လယ် ရပ်ခြားရောင်းချမှုကို မြင့်တက်စေခဲ့ပါတယ်။

ကွာလာလမ်ပူရှိ Malaysia Derivative Exchange မှာ မနက် ၁၁ နာရီ ၁၈ မိနစ်က ဈေးအရ အရောင်းအသွက်ဆုံး ကြိုပွိုင့်ဈေးမှာ တစ်တန်ကို ရင်းဂစ် ၂၉၇၀ နှုန်း (၉၄၅ ဒေါ်လာ)နှုန်း ဖြစ်ပါတယ်။ စားအုန်းဆီကို ပခုံးချင်းယှဉ်မဲ့ ပဲပုပ်ဈေးနှုန်းက ဇူလိုင် ၂၃ ရက်က ချီကာကို ကုန်သွယ်မှုဘုတ်အဖွဲ့မှာ တစ်ဘူရှယ်ကို ၁၆ ဒသမ ၉၁၅ ဒေါ်လာနှုန်း ရှိခဲ့ပါတယ်။

UNT,Source: bloonberg.com



## စားအုန်းဆီဈေးနှုန်းများ (၃၀-၇-၂၀၁၂ မှ ၃-၈-၂၀၁၂ နေ့ထိ)

| စဉ် | နေ့စွဲ | ရေတွက်ပုံ - ဒေါ်လာ CIF (ရန်ကုန်) |
|---|---|---|
| (၁) | ၃၀-၇-၂၀၁၂ | ၁၀၃၅ |
| (၂) | ၃၁-၇-၂၀၁၂ | ၁၀၃၅ |
| (၃) | ၁-၈-၂၀၁၂ | ၁၀၄၀ |
| (၄) | ၃-၈-၂၀၁၂ | ၁၀၂၀ |

*Source: ဆီကုန်သည်များအသင်း*

## မလေးရှားစားအုန်းဆီအပတ်စဉ်ပျမ်းမျှ(FOB)ဈေးနှုန်း

၃-၈-၂၀၁၂ US$/Ton

| | ဇူလိုင်လစတုတ္ထပတ် | ဇူလိုင်လပဉ္စမပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၉၆၉.၅၀ | ၉၄၁.၀၀ | ▽ |
| RBD P.Olein | ၉၉၃.၀၀ | ၉၆၂.၀၀ | ▽ |
| RBD P.Strarin | ၉၀၂.၀၀ | ၈၇၅.၀၀ | ▽ |

*Source: econ.mpob*




ကျော်မြင့်

# ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး မည်သို့ ပြောင်းလဲလာသနည်း

မြန်မာနိုင်ငံသည် ပဲမျိုးစုံကို တန်ချိန် ၁ သန်းကျော် တင်ပို့ရောင်းချလျက်ရှိပြီး ၂၀၁၁-၁၂ ခုနှစ်တွင် စုစုပေါင်းတန်ချိန် ၁ ဒသမ ၄၅၇ သန်းတင်ပို့ခဲ့သည်။ မတ်ပဲတင်ပို့ရောင်းချမှုမှာ တန်ချိန် သုည ဒသမ ၅၉၉ သန်းရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၄၁ ရာခိုင်နှုန်းရှိသည်။ မတ်ပဲတင်ပို့ရောင်းချမှုမှာ ပမာဏအားဖြင့် ၂၀၀၉-၂၀၁၀ ခုနှစ်တွင် အမြင့်ဆုံးအားဖြင့် တန်ချိန် ၆ သိန်းကျော်၊ အနိမ့်ဆုံးအားဖြင့် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် တန်ချိန် ၅ သိန်းခန့်ရှိသည်။

**မြန်မာနိုင်ငံ၏ ပဲမျိုးစုံစုစုပေါင်းတင်ပို့မှုနှင့် မတ်ပဲတင်ပို့ရောင်းချမှု (၂၀၀၇-၂၀၀၈ မှ ၂၀၁၁-၂၀၁၂ ခုနှစ်ထိ)**





*ဇာစ်မြစ်- ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန*

ကုန်သည်များသည် ရောင်းခြင်း၊ ဝယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ကြသဖြင့် ရောင်းဝယ်မှု စီးပွားရေးပညာရှင်များက ရောင်းဝယ်ခြင်းလုပ်ငန်းကို အာဘီထရိတ် (Arbitrage)ဟု ခေါ်ဝေါ်ကြသည်။ ကုန်သည်များသည် စိုက်ပျိုးရေးထွက်ကုန်များကို အရောင်းအဝယ်ပြုလုပ်ရာတွင် အဓိက နည်းလမ်းနှစ်ခုဖြင့် ဆောင်ရွက်ကြပါသည်။

- ဈေးကျနေချိန် သို့မဟုတ် ဈေးနိမ့်ချိန် ဝယ်ယူသိုလှောင်ပြီး ဈေးမြင့်လာချိန်တွင် ပြန်လည်ရောင်းချခြင်းသည် အချိန်ကာလတစ်ခုပေါ် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပြီး ယင်းကို တမ်ပိုရယ်လ် အာဘီထရိတ် (Temporal arbitrage) ဟု ခေါ်ဝေါ်ကြသည်။
- ဈေးမြင့်သောဒေသ (သီးနှံလိုအပ်နေသောဒေသ သို့မဟုတ် မဖူလုံသောဒေသ) သို့ ဈေးနိမ့်သောဒေသ (သီးနှံဖူလုံသောဒေသ) မှ တင်ပို့ရောင်းချခြင်းဖြင့် နေရာ(Place)ပေါ် အကျိုးအမြတ်ရရှိအောင်ဆောင်ရွက်ခြင်းဖြစ်ပြီ ယင်းကို စပေရှယ်အာဘီထရိတ် (Spatial arbitrage) ဟု ခေါ်ဝေါ်ကြသည်။
- အာဘီထရိတ် (Arbitrage) သည် ရောင်းခြင်းဝယ်ခြင်းဟု အဓိပ္ပာယ်ဖြစ်ပါသည်။ Temporal သည် အချိန်(Time)ဟုအဓိပ္ပာယ်ရရှိပြီး၊ Spatial သည် နေရာ(Place)ဟု အဓိပ္ပာယ်ရရှိပါသည်။ တစ်နည်းအားဖြင့် အချိန်ကာလတစ်ခုပေါ် အကျိုးအမြတ်ရရှိအောင်ဆောင်ရွက်ခြင်း၊ နေရာပေါ် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်ခြင်းဖြစ်ပါသည်။
- ရောင်းဝယ်ခြင်းသည် စိုက်ပျိုးရေးထွက်ကုန်၏ အရည်အသွေး၊ ရောင်းလိုအား ဝယ်လိုအား အနည်းအများ၊ ဈေးနှုန်း အတက်အကျများပေါ်အခြေခံ၍ ဆုံးဖြတ်လုပ်ကိုင်ကြသည်။
- ယင်းအချက်ကို သိသာပေါ်လွင်စေရန် အောက်တွင် ထုတ်နုတ်ဖော်ပြထားပါသည်။

**ကုန်သည်များ၏ဆောင်ရွက်ချက်များ**





ကုန်သည်များသည် ရောင်းခြင်းဝယ်ခြင်းကိုဆောင်ရွက်ပါက ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးသည် ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ မည်သို့ပုံစံမျိုးပြောင်းလဲလာသည်ကို သိရှိရန်လိုအပ်လာပါသည်။ တစ်နည်းအားဖြင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေး မည်သို့ပြောင်းလဲလာသနည်းဆိုသည့် အချက်ဖြစ်ပါသည်။


ရန်ကုန် ကုန်စည်ဒိုင်တွင် ပစ္စည်းလက်ငင်း၊ ငွေလက်ငင်းစနစ်ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်သော မတ်ပဲ (RC)ဈေးကို ရက်သတ္တတစ်ပတ်အတွက် ပျမ်းမျှပြုလုပ်ထားပါသည်။ ယင်းနည်းလမ်းဖြင့် ရရှိသောဈေးများကို အပတ်စဉ်ပျမ်းမျှဈေးဟု ခေါ်ဝေါ်ပါသည်။ ၂၀၀၈ ခုနှစ်မှ ၂၀၁၂ ခုနှစ်ထိ ငါးနှစ်တာကာလအတွင်း ရန်ကုန် ကုန်စည်ဒိုင်တွင် ပစ္စည်းလက်ငင်း၊ ငွေလက်ငင်းစနစ်ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်သော မတ်ပဲဈေးများကို အပတ်စဉ်ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်၍ ရရှိသောဈေးများကို နှစ်အလိုက်ပုံများဖြင့် ဖော်ပြထားပါသည်။ ဖော်ပြရာတွင် မြန်မာကျပ်ငွေ (Local currency) အခြေခံဖြင့် တစ်ပိဿာ ဈေးများအဖြစ် ဖော်ပြထားပါသည်။ USD per tonne ဖြင့် ဖော်ပြပါက ငွေလဲလှယ်မှုနှုန်း အပြောင်းအလဲများကို ဖော်ပြရမည် ဖြစ်ပါသည်။

ကုန်စည်ဒိုင်တွင် ပစ္စည်းလက်ငင်း၊ ငွေလက်ငင်းစနစ်ဖြင့် နေ့စဉ်အရောင်းအဝယ်ဖြစ်သော မတ်ပဲဈေးများကို အပတ်စဉ်ပျမ်းမျှဈေးအဖြစ် ပြောင်းလဲတွက်ချက်၍ ရရှိသောဈေးများကို နှစ်အလိုက်ပုံများဖြင့် ဖော်ပြထားပါသည်။ မြန်မာ့မတ်ပဲ အဓိကတင်ပို့သည့် အိန္ဒိယမွန်ဘိုင်းတွင် မြန်မာ့မတ်ပဲဈေး မည်သို့ပြောင်းလဲလာသည်ကို ပြည်တွင်းမတ်ပဲဈေး ပြောင်းလဲမှုနှင့်နှိုင်းယှဉ်၍ အောက်တွင်ဖော်ပြထားပါသည်။

**ရန်ကုန် ကုန်စည်ဒိုင် မတ်ပဲအပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၀၈) ခုနှစ်**





**ရန်ကုန် ကုန်စည်ဒိုင် မတ်ပဲအပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၀၉) ခုနှစ်**





**ဇာစ်မြစ်- www.etrademyanmar.com.mm**

**မွန်ဘိုင်း မြန်မာ့မတ်ပဲ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၀၈) ခုနှစ်**





**မွန်ဘိုင်း မြန်မာ့မတ်ပဲ အပတ်စဉ်ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၀၉) ခုနှစ်**





- ရန်ကုန် ၂၀၀၈ ခုနှစ် မတ်ပဲဈေးပြောင်းလဲမှု (price movement) ကိုလေ့လာပါက မတ်ပဲအသစ်ပေါ်ချိန်တွင် ဈေးကျပြီးနောက်ပိုင်းကာလတွင် ဈေးမြင့်လာသဖြင့် ဈေးကျချိန်ဝယ်ယူသိုလှောင်ပြီး ဈေးမြင့်လာသည့်နောက်ပိုင်းကာလတွင် ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ် ရရှိနိုင်သည့် မတ်ပဲဈေးပြောင်းလဲမှု (price movement) မျိုးဖြစ်ပါသည်။ အောက်တိုဘာလမှစ၍ ဈေးကျလာသဖြင့် ဈေးအမြင့်ဆုံးအချိန်တွင် ရောင်းချပါက အကျိုးအမြတ်များနိုင်ပါသည်။ ၂၀၀၈ ခုနှစ်သည် ပဲလောကတွင် ပါဝင်သူများ အရှုပ်အရှင်းပြဿနာဖြစ်သောနှစ်ဖြစ်သည်။
- ရန်ကုန် ၂၀၀၉ ခုနှစ် မတ်ပဲဈေးပြောင်းလဲမှု (price movement)သည် ဈေးကျချိန်ဝယ်ယူသိုလှောင်ပြီး ဈေးမြင့်လာသည့်နောက်ပိုင်းကာလတွင် ပြန်လည်ရောင်းချခြင်းဖြင့် အကျိုးအမြတ်ရရှိနိုင်သည့် ပုံစံမျိုးဖြစ်ပါသည်။ နောက်ပိုင်းကာလသည် အစပိုင်းကာလထက် ဈေးပို၍ မြင့်လာသောကြောင့်ဖြစ်သည်။


**ရန်ကုန် ကုန်စည်ဒိုင် မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၀) ခုနှစ်**




**ရန်ကုန် ကုန်စည်ဒိုင် မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၁) ခုနှစ်**





**ရန်ကုန် ကုန်စည်ဒိုင် မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၁) ခုနှစ်**




**ဇာစ်မြစ်- www.etrademyanmar.com.mm**


**မွန်ဘိုင်း မြန်မာ့မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၀) ခုနှစ်**




**မွန်ဘိုင်း မြန်မာ့မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၁) ခုနှစ်**




**မွန်ဘိုင်း မြန်မာ့မတ်ပဲအပတ်စဉ် ပျမ်းမျှဈေး ပြောင်းလဲမှု (၂၀၁၂) ခုနှစ်**




စာမျက်နှာ ၃၅ သို့

# AYE'S FAMILY CO., LTD.
## AUTO TRADE CENTRE
### EXPORT-IMPORT TRADING & A.F.L BUSINESS COMPLEX

ယာဉ်နှင့်စက်ကိရိယာမျိုးစုံ (ပြည်တွင်းပြည်ပ ရောင်းချ/ဝယ်ယူရေးလုပ်ငန်းတွင် နှစ်ပေါင်း၄၃နှစ်ကျော်)စဉ်ဆက်မပြတ်အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်လာခဲ့သည်ဖြစ်၍ မော်တော်ယာဉ်တင်သွင်းဝယ်ယူလိုသူများအတွက် ဂျပန်နိုင်ငံလုပ်၊ ဥရောပနိုင်ငံလုပ်၊ အမေရိကန်နိုင်ငံလုပ် မော်တော်ယာဉ်များ တင်သွင်းခွင့်အတွက် ပါမစ်ရရှိသည်မှ မော်တော်ကားတင်သွင်းရောက်ရှိသည်အထိ ရိုးသားကြိုးစားစွာဖြင့် ကူညီဆောင်ရွက်ပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။




AFL SHOW ROOM တွင် လာရောက်အားပေးသော မိတ်ဆွေများအား ဂျပန်နိုင်ငံမှ Consignment (အပ်ကုန်) စနစ်ဖြင့် တင်သွင်းလာသည့် မော်တော်ယာဉ်မျိုးစုံတို့ကို ရောင်းချပေးနေပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

၂၀၀၇ ခုနှစ်အထက် မော်တော်ယာဉ်မျိုးစုံကို ဂျပန်နိုင်ငံမှ တိုက်ရိုက် လေလံဆွဲ ဝယ်ယူနိုင်ပါသည်။

* တက်စနစ်အရ သိန်း ( ၆၀ ) ရှိရုံဖြင့် ကျပ်သိန်း ( ၂၀၀) တန် ဝန်းကျင်ကားကို စီးနိုင်ပြီ။ *

* တက်စနစ်အရ သိန်း (၃၀၀) ရှိရုံဖြင့် ကျပ်သိန်း (၁၀၀၀) တန် ဝန်းကျင်ကားကို စီးနိုင်ပြီ။ *



2009 Mazda Demio | 2009 Suzuki Swift | 2009 Honda Civic | 2009 Misubishi Colt | 2009 Toyota Probox | 2002 Toyota Rav-4



2010 Honda Insight | 2010 Misubishi Colt Plus | 2010 Toyota Belta | 2010 Honda Fit | 2002 Toyota Kluger | 2002 Toyota Ipsum



2002 Toyota Mark II | 1999 Caldina Van | 1999 Honda CR-V | 1999 Pajero io | 2003 Toyota Wish | 2002 Mark II Blit

ရန်ကုန်အရောင်းဌာန(ရုံးချုပ်) -အမှတ်(၉၂-A,C,D)၊ ကုက္ကိုင်း၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
TEL: 555-020/555-441 FAX: 95-01-555020 Email: ayefamilyltd@gmail.com
မန္တလေးအရောင်းဌာနခွဲ -အမှတ်(၂၄၃)၊ ၂၆-B လမ်း၊ ၈၂ × ၈၃ ကြား၊ မန္တလေးမြို့။ TEL: 02-34762/ 09-514-6580

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုဆိုင်ရာ သင်တန်းကျောင်း (Trade Training Institute) မှာ ဖွင့်လှစ်သင်ကြားခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုအခြေခံသင်တန်း အမှတ်စဉ်(၁)ကို တက်ရောက်ခဲ့တဲ့ သင်တန်းသားအချို့ရဲ့ သဘောထားအမြင်တွေကို ဖော်ပြလိုက်ပါတယ်



ကိုသတိုးကျော်
ဒု-လက်ထောက်မန်နေဂျာ
ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး

ပြည်ပကပစ္စည်းတွေ ဝယ်ယူတင်သွင်းရာမှာ import လုပ်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ဘဏ်အပိုင်း၊ ထောက်ပံ့ပို့ဆောင်ရေး(logistics) ပိုင်းနှင့် LC/TT ဖွင့်တဲ့၊ လွှဲတဲ့ကိစ္စတွေကို ကိုယ်တိုင်ကိုယ်ကျ သိရှိနားလည်လိုတဲ့အတွက် ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ။ ဒီသင်တန်းမှာ သင်ကြားခဲ့တဲ့ ဘာသာရပ်တွေထဲကပို့ကုန်သွင်းကုန်နဲ့ဆိုင်တဲ့ ဘဏ်လုပ်ငန်း၊ကုန်ပစ္စည်းတွေ လက်တွေ့သယ်ယူပို့ဆောင်တဲ့ လောဂျစ်စ်တစ်ပိုင်း၊ စားသုံးသူ အကာအကွယ်ပေးရေး ဘာသာရပ်၊ စားသောက်ကုန်အရည်အသွေး စံချိန်စံညွှန်း (Food Standard)နဲ့ နိုင်ငံတကာကုန်သွယ်မှုမှာ ငွေပေးငွေယူလုပ်တဲ့ စနစ်တွေကို အထူးစိတ်ဝင်စားခဲ့ပါတယ်။ ဒီသင်တန်းကို တက်ရောက်ခြင်းအားဖြင့် နိုင်ငံတော်ရဲ့ ရှေ့ဆက်လက်သွားမယ့် ကုန်သွယ်ရေး၊ စီးပွားရေးမူဝါဒတွေကို သိရှိခွင့်ရသလို၊ သင်တန်းမှာ တက်ရောက်လာတဲ့ စီးပွားရေးကဏ္ဍ နယ်ပယ်စုံက ပုဂ္ဂိုလ်တွေနဲ့ အသိအမြင်ခြင်း ဖလှယ်နိုင်တဲ့ အခွင့်အရေးတွေလည်း ရပါတယ်။ နောင်သင်တန်းတွေမှာ အသေးစား၊ အလတ်စားလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဘယ်လိုလုပ်ဆောင်ရမယ်၊ ကုန်ကြမ်းတွေကို export လုပ်နေရာကနေ ကုန်ချော ထုတ်လုပ်တင်ပို့နိုင်မယ့် နည်းပညာတွေနဲ့ သဘောတရားတွေကိုသင်ကြားပေးစေလိုပါတယ်။ ဒါ့အပြင် ကိုယ့်ရဲ့ပို့ကုန်တွေကို ဈေးကွက်ထိုးဖောက်မယ့် နည်းပညာတွေကိုလည်း သင်ကြားပေးစေလိုပါတယ်။ သင်တန်းသားအားလုံး စည်းလုံးညီညွတ်စွာနဲ့ အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြလို့ နောင်လာမယ့် သင်တန်းတွေအတွက် နမူနာကောင်းဖြစ်အောင် ဆောင်ရွက်ခဲ့ပါတယ်။ စေတနာထားသင်ကြားပေးတဲ့ ဆရာ၊ ဆရာမများနဲ့တကွ သင်တန်းနဲ့ပတ်သက်တဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။



မစုဥမ္မာအေး
လက်ထောက်အထွေထွေမန်နေဂျာ
**CB Bank**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းတွေဟာ လိုအပ်ပါတယ်။ သတင်းစာမှာ ဒီသင်တန်းအကြောင်း ဖတ်ရတော့ စိတ်ဝင်စားပြီး တက်ရောက်ခဲ့တာပါ။ ကျွန်မက ဘဏ်လုပ်ငန်းမှာလုပ်တာဆိုတော့ နိုင်ငံတကာကုန်သွယ်မှုမှာ ဘဏ်လုပ်ငန်းတွေရဲ့အခန်းကဏ္ဍကို သိရှိလိုတာကြောင့် တက်ရောက်ခဲ့တာပါ။

ဒီသင်တန်းမှာ HS Code, Logistics Management, Marketing, Market Research နဲ့ Consumer Protection ဘာသာရပ်တွေကို အထူးစိတ်ဝင်စားခဲ့သလို၊ LC/TTလွှဲပြောင်းပေးပို့တဲ့စနစ်တွေကိုလည်း စိတ်ဝင်စားခဲ့ပါတယ်။ဒီထက်ပိုပြီး အဆင့်မြင့် သင်တန်းတွေ Advanced Course ဖွင့်စေချင်ပါတယ်။ စီးပွားရေးလုပ်ငန်း နယ်ပယ်တွေမှာ လက်တွေ့လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်တွေ တက်ရောက်နိုင်ဖို့ စနေ၊ တနင်္ဂနွေနေ့တွေမှာ သင်တန်းစီစဉ်ပေးစေလိုပါတယ်။ Macroနဲ့ Micro စီးပွားရေး သဘောသဘာဝတွေနဲ့ စီမံခန့်ခွဲမှုတွေကိုလည်း သင်ကြားပေးစေလိုပါတယ်။ လုပ်ငန်းတစ်ခုလုံးကို အောင်မြင်အောင်ဘယ်လိုအစအဆုံး စီမံခန့်ခွဲသင့်တယ်ဆိုတဲ့ Business Management ဘာသာရပ်ကိုလည်း အချိန်များများပေးပြီး သင်ကြားပေးစေလိုပါတယ်။

မတူညီတဲ့ လုပ်ငန်းနယ်ပယ်အသီးသီးကပုဂ္ဂိုလ်တွေ ဒီသင်တန်းမှာ လာရောက် တွေ့ဆုံကြတာကြောင့် တစ်ဦးနဲ့တစ်ဦး အမြင်ချင်းဖလှယ်ခွင့်ရပါတယ်။ အတွေ့အကြုံများသူတွေ၊ အထိုက်အလျောက်ရှိသူတွေနဲ့ လုံးဝမရှိသေးသူတွေ အကြား ညီညီညွတ်ညွတ်နဲ့ အဖွဲ့အစည်း စိတ်ဓာတ်ဖြင့် ဆောင်ရွက်ခဲ့ပါတယ်။ ဒါကြောင့် အောင်မြင်တဲ့သင်တန်း တစ်ခုဖြစ်ခဲ့တာပါ။ ပို့ချတဲ့ သင်ခန်းစာတွေအားလုံး အကျိုးကျေးဇူးရှိပါတယ်။



မဘေဘီစိန်
**Asia Top** ကျောက်ပန်းချီလုပ်ငန်း

ကိုယ်တိုင် ကျောက်ပန်းချီကားတွေ ထုတ်လုပ်ပြီး၊ ဈေးကွက်ကိုဖြန့်ချိပါတယ်။ ဒီသင်တန်းဖွင့်မယ်လို့ ဂျာနယ်မှာ ဖတ်ရတဲ့အတွက် တက်ရောက်ခဲ့တာပါ။ Trade နဲ့ပတ်သက်လို့ ဒီသင်တန်းက အများကြီးသိခဲ့ရပါတယ်။ HS Code အကြောင်းဆိုရင် အရင်တုန်းက သေသေချာချာ မသိခဲ့ပါဘူး။ စံချိန်စံညွှန်း၊ SPS စတဲ့ ဘာသာရပ်တွေကို အလွန်နှစ်သက်ပါတယ်။ ဘွဲ့ရတဲ့အချိန်ကစပြီး ဒီသင်တန်းဟာ ပထမဆုံးတက်တဲ့ သင်တန်းဖြစ်ပါတယ်။ လုပ်ငန်းနယ်ပယ်စုံက အသက်အရွယ်မျိုးစုံပါဝင်တက်ရောက်ကြပါတယ်။ ကျွန်မကတော့ အသက်ကြီးပိုင်းမှာပါတာပေါ့။ ဒီသင်တန်းကိုတက်တဲ့အတွက် နိုင်ငံတကာကုန်သွယ်မှုနဲ့ ပတ်သက်တာတွေကို ခေတ်နဲ့အညီ သိရပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး ပျက်ရက်လုံးဝမရှိဘဲ တက်ရောက်ခဲ့တာပါ။ AFTA, AEC တို့ဆိုတဲ့ကိစ္စတွေကို အရင်တုန်းက သေသေချာချာ မသိခဲ့ပါဘူး။ MRTV-4 မှာ AEC အကြောင်း ဆွေးနွေးတာတွေ့တော့ ကျွန်မအတွက် အထူးအဆန်းမဟုတ်တော့ပါဘူး။ သင်တန်းမှာ ဒီဘာသာရပ်ကို သင်ကြားပြီးဖြစ်လို့ပါ။ သင်တန်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ပေးသူအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။



ကိုနိုင်ဦး
နိုင်ဦး-သာစည်ရောင်းဝယ်ရေးနှင့်
ဆီစက်၊ အောင်လံမြို့

ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်သူ တစ်ဦးဖြစ်သလို ကိုယ်ထုတ်လုပ်တဲ့ ပစ္စည်းတွေကို ပြည်ပကိုတင်ပို့ရောင်းချတဲ့အထိ လုပ်ငန်းအဆင့်ဆင့်ကို တတ်သိ နားလည်လိုတာကြောင့် ဒီသင်တန်းကိုတက်ခဲ့တာပါ။ ဒီသင်တန်းမှာ ကုမ္ပဏီတစ်ခု ထူထောင်တာကနေစပြီး၊ ပြည်ပကို ကုန်ပစ္စည်းတွေ တင်ပို့တာ၊ တင်သွင်းတဲ့ လုပ်ငန်းအဆင့်ဆင့်ကို လေ့လာသိရှိခွင့်ရတဲ့အတွက် ကျွန်တော့်ရည်ရွယ်ချက်ပန်းတိုင်နီးကပ်လာပြီလို့ ခံစားရပါတယ်။ ပို့ကုန်သွင်းကုန်လုပ်ထုံးလုပ်နည်း၊ ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း၊ နိုင်ငံတကာ ကုန်ရောင်းကုန်ဝယ်စာချုပ်ချုပ်ဆိုခြင်း စတဲ့ ဘာသာရပ်တွေကို ကျွန်တော်အဓိကစိတ်ဝင်စားခဲ့ပါတယ်။ ကျန်တဲ့ဘာသာရပ်တိုင်းကလည်း ကျွန်တော်တို့ စီးပွားရေးလုပ်ငန်းရှင်တွေအတွက် သိသင့်သိထိုက်တဲ့ဘာသာရပ်တွေဖြစ်ပါတယ်။ ဒီသင်တန်းမှာ သင်တန်းတက်ရောက်ခဲ့သူတွေက လုပ်ငန်းနယ်ပယ်အသီးသီးနဲ့ ဌာနဆိုင်ရာအသီးသီးက လူတွေပါတာကြောင့် အတွေ့အကြုံချင်းဖလှယ်နိုင်တဲ့အပြင် ကျွန်တော့်အတွက် မိတ်ဆွေတွေလည်း တိုးပွားခဲ့ပါတယ်။ လက်ရှိသင်တဲ့ ဘာသာရပ်တွေကိုလည်း ဒီထက်အချိန်ပေးပြီး ကျယ်ကျယ်ပြန့်ပြန့် သင်ယူလိုပါတယ်။



ကိုညီညီဇော်
ဒါရိုက်တာ
**Victory Co.,Ltd**
**Tour Guide(Japanese)**

နိုင်ငံတကာ ကုန်သွယ်မှုနဲ့ပတ်သက်လို့ ဒီသင်တန်းကနေ တစ်ထိုင်တည်းသိရှိနိုင်အောင် တက်ရောက်တာပါ။ ကိုယ်က Tour Guide လည်းလုပ်တော့ မြန်မာပြည်ကိုလာတဲ့ စီးပွားရေးလုပ်ငန်းရှင်တွေက ကိုယ့်နိုင်ငံရဲ့ ကုန်သွယ်မှုနဲ့ သက်ဆိုင်တဲ့ အကြောင်းအရာတွေကို မေးလာရင် မှန်မှန်ကန်ကန် ပြောနိုင်ဖို့ဖြစ်ပါတယ်။ အထူးသဖြင့် နိုင်ငံတကာ ကုန်သွယ်မှုကို ကျွန်တော် စိတ်ဝင်စားပါတယ်။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)က ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ စာချုပ်တွေကို စိတ်ဝင်စားပါတယ်။ နောင်သင်တန်းတွေမှာ ကိုယ့်နိုင်ငံရဲ့ target market နဲ့ ကုန်သွယ်ဖက်နိုင်ငံတွေရဲ့ အကြောင်းအရာတွေကို ပြည့်ပြည့်စုံစုံ သင်ကြားပေးစေလိုပါတယ်။ ဒီသင်တန်းမှာ သင်တန်းသားအချင်းချင်း ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်လုပ်ဆောင်ကြတဲ့အတွက် Social Activity ကောင်းတွေရရှိပါတယ်။ သင်တန်းမှာရတဲ့ အတွေ့အကြုံတွေကြောင့် အနာဂတ်မှာ ဘယ်လိုပြင်ဆင်ရမလဲဆိုတာကို သိလာပါတယ်။



မဇင်မာဌေး
အီလက်ထရွန်းနစ်ပစ္စည်း
ရောင်းဝယ်ရေး

International Trade နဲ့ပတ်သက်လို့ အပြည့်အဝ နားလည်လိုတဲ့အတွက် ဒီသင်တန်းကို တက်ရောက်ခဲ့တာပါ။ အခုလက်ရှိ border trade လုပ်နေပေမယ့် oversea trade ကိုလည်း သိရှိလိုပါတယ်။ ဒီမှာသင်တဲ့ subject အားလုံးက စိတ်ဝင်စားစရာတွေချည်းပါပဲ။ ဌာနတွေက လာရောက်သင်ကြားတဲ့ဆရာတွေက ပြည်တွင်းပြည်ပ ကုန်သွယ်မှုနယ်ပယ်မှာ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေတွေကို သုံးသပ်ချက်တွေနဲ့ ဆွေးနွေးပြောကြားသွားတာတွေကို အထူးစိတ်ဝင်စားပါတယ်။ ဒါ့အပြင် HS Code ဘာသာရပ်၊ Asean Free Trade ဘာသာရပ်တွေကိုလည်း စိတ်ဝင်စားပါတယ်။

သင်တန်းမှာ တစ်ဦးနဲ့တစ်ဦးကြား အပြန်အလှန်ချိတ်ဆက်မှု (networking) ရရှိခဲ့တာကြောင့် အကျိုးရှိပါတယ်။ လက်ရှိသင်ကြားနေတဲ့ဘာသာရပ်တွေနဲ့ပတ်သက်ပြီးတော့ အချို့တူတာတွေကို ချုံ့ပြီး၊ တချို့ဘာသာရပ်တွေကို ကျယ်ကျယ်ပြန့်ပြန့် သင်ကြားပေးစေလိုပါတယ်။ ခြုံငုံသုံးသပ်ရရင် အဖိုးတန်တဲ့ သင်တန်းဖြစ်ပါတယ်။ အဆင့်မြင့်သင်တန်းတွေဆက်ဖွင့်ပြီး လက်တွေ့အသုံးချနိုင်တဲ့ သင်တန်းတွေလည်း ဖွင့်စေချင်ပါတယ်။

# စားသုံးဆီလား အမှိုက်ဆီလား

**UZW-PTAC**

*(ယခင်တစ်ပတ်မှ အဆက်)*



## Gutter oil ခေါ် မြောင်းဆီမှာ ဘာတွေပါသလဲ

Gutter oil ခေါ် မြောင်းဆီမှာ မီးဖိုချောင်စွန့်ပစ်ပစ္စည်းတွေ၊ အညစ်အကြေးစွန့် မြောင်းထဲကဆီတွေ၊ တစ်ခါမက၊ ဘယ်နှစ်ခါပြန်ကြော်ထားမှန်းမသိတဲ့ဆီတွေကို သာမန်နည်းပညာလောက်သာဖြစ်တဲ့ စုဆောင်း၊ အထပ်ထပ်စစ်၊ အပူပေး၊ အရောင်ချွတ်၊ အနံ့ချွတ်စတဲ့ သာမန်သန့်ရှင်းရေးစံချိန်စံညွှန်းလောက်သာ အမြင်တင့်တယ်အောင်ပြုလုပ်ပြီး ရောင်းချကြတာဖြစ်တယ်။ များသောအားဖြင့် ရောင်းချဖို့ ပစ်မှတ်ထားတာက ဝင်ငွေနည်းပါးတဲ့ စားသောက်ဆိုင်လေးတွေ၊ လမ်းဘေးအစားအစာဆိုင်လေးတွေနဲ့ ဆင်းရဲသား ပြည်သူလူထုကြီးပဲဖြစ်တယ်။ ညစ်ပတ်နေတဲ့ စွန့်ပစ်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားတဲ့ ဒီဆီဆိုးတွေဟာ အဆိပ်အတောက်ဖြစ်မယ်ဆိုတာ သံသယ ဖြစ်စရာတောင်လိုမယ် မထင်ဘူး။ အမှိုက်တွေ အညစ်အကြေးတွေစုစည်းထားလို့ ဘက်တီးရီးယားတွေ၊ ရောဂါဖြစ်စေတဲ့ မှိုတွေ၊ အခြားအဆိပ်အတောက်တွေ အများအပြားလည်း ပါရှိနေတာဖြစ်ပါတယ်။ နောက်ပြီး အဖန်တလဲလဲအပူပေးထားတဲ့ ဆီတွေလည်းဖြစ်လို့ အဆီခဲတွေ၊ ထရမ်ဖက်တီးအက်စစ်တွေ အလွန်ကြွယ်ဝနေတဲ့ ဆီတွေလည်းဖြစ်တယ်။ ဒီဆီဆိုးတွေထဲမှာပါတဲ့ ဟင်းသီးဟင်းရွက်ဆီနဲ့ တိရစ္ဆာန်ဆီတွေဟာ အလျင်အမြန်ပဲ အချဉ်ပေါက်မယ်။ ဓာတ်တိုးမှုဖြစ်စဉ်တွေလည်း မြန်ဆန်တယ်၊ ပုပ်သိုးတာလည်း မြန်တယ်။ အဲဒီဖြစ်စဉ်တွေကတစ်ဆင့် ပြင်းထန်တဲ့ အာဆင်းနစ်အဆိပ်အတောက်တွေ ထုတ်ပေးတယ်။ အာဆင်းနစ်ကြောင့် အစာမကြေ၊ အိပ်မပျော်ရောဂါ၊အသည်းထိခိုက်တတ်တယ်လို့ ဆိုပါတယ်

ရောဂါဖြစ်စေတဲ့ အဏုဇီဝပိုးတွေက အပူဒဏ်ကြောင့် သေကြေပျက်စီးတယ်ထားဦး၊ အခြား အဆိပ်အတောက်တွေကတော့ မပျက်မစီးဘဲ စားသုံးသည်အထိ ပါသွားမှာပါ။ ကင်ဆာရောဂါတွေဖြစ်ပွားစေတဲ့ ကာစီနိုဂျင်တွေဖြစ်တဲ့ အာဖလာတော့ ဆင်မှုဆိပ် PAH-Polycyclic aromatic hydrocarbons,4-hydroxy-trans-2nonenal(HNE),Acrylamide တို့ပြင် အခြားအန္တရာယ်ရှိတဲ့ ဇီဝဓာတုပစ္စည်းတွေပါ ပါသေးတယ်။ ဒီဆီဆိုးတွေကနေ စားသုံးဆီထုတ်တယ်ဆိုတာဘယ်လိုမှ မဖြစ်သင့်၊ ဆင်ခြင်တုံတရား ကင်းမဲ့ပြီး၊ စာနာမှုကင်းမဲ့စွာ မတရားအမြတ်ထုတ်တဲ့ စီးပွားရေး သောင်းကျန်းတဲ့လူတစ်စုရဲ့ လုပ်ရပ်သာဖြစ်ပါတယ်။ စားသုံးဆီကောင်းတာများများစားရင် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်းအဆီဖုံးရောဂါဖြစ်သေးတာ ဒီဆီဆိုးတွေဆို ရောဂါတွေဖြစ်ဖို့ ဘယ်အထိ ကောင်းလိုက်မလဲ။ စဉ်းစားကြပါကုန်၊ အခုလောလောဆယ် တရုတ်ပညာရှင်တွေပြောတာကတော့ အစာလမ်းကြောင်းတစ်လျှောက် ရောဂါတွေကအစ အသည်းကင်ဆာနဲ့ အခြားကင်ဆာရောဂါတွေဖြစ်ပွားနိုင်တယ်လို့ အဆိုပြုထားပါတယ်။


## ဆီကောင်းဆီဆိုး ဘယ်လိုခွဲခြားမလဲ

၂၀၁၁ ခုနှစ်ကစပြီး တရုတ်အာဏာပိုင်တွေ၊ နည်းပညာရှင်တွေ ခေါင်းစားနေခဲ့တာက ဒီဆီဆိုးတွေနဲ့ ဆီကောင်းကို ဘယ်လိုနည်းစနစ်တွေသုံးပြီး ခွဲခြားမလဲဆိုတာပါပဲ။ ဘာကြောင့်လဲဆိုတော့ ဒီဆီတွေက သန့်စင်အရောင်ချွတ်ပြီးရင် ပြင်ပပုံပန်းသဏ္ဍာန်နဲ့ ရောစမ်းသပ်ရာမှာသုံးတဲ့ ဓာတုအညွှန်းကိန်းတွေရော တူညီလုနီးပါးဖြစ်နေတာပါ။ အကြောင်းက ဆီဆိုးထုတ်လုပ်နေသူတွေက လက်ရှိသုံးစွဲနေတဲ့ ဆီကောင်းတွေရဲ့ စံချိန်စံညွှန်းတွေကို တုပရာမှာ ကျွမ်းကျင်နေတာကြောင့်ဖြစ်တယ်။ ပြီးတော့ ဒီဆီမှာပါဝင်တဲ့ ဆီဓာတုအစိတ်အပိုင်းတွေက ထုတ်လုပ်တဲ့ ဒေသရဲ့ ကုန်ကြမ်းတွေပေါ်မူတည်ပြီး အပြောင်းအလဲများတဲ့အတွက် စမ်းသပ်နည်းလမ်းတစ်ခုတည်းနဲ့ အဖြေထုတ်ဖို့ မဖြစ်နိုင်ဘူးလို့လည်း ဆိုပါတယ်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှာ တရုတ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက ယင်းလက် အောက်ရှိအစားအစာနဲ့ ဆေးဝါးကွပ်ကဲရေးဌာန အပါအဝင် အခြားဆက်စပ်ဌာနများနဲ့ပူးပေါင်းပြီး စမ်းသပ်နည်းလမ်းများ သုတေသနပြုရှာဖွေဖော်ထုတ်ဖို့ စိုင်းပြင်းခဲ့ပါတယ်။ ပြီးနောက် စားသုံးဆီသီးနှံ အထူးကျွမ်းကျင်သူများ၊ အစားအစာ ဘေးကင်းရှင်းရေးဆိုင်ရာကျွမ်းကျင်သူများ၊ ဓာတုဗေဒဆိုင်ရာ ကျွမ်းကျင်သူများ ပါဝင်တဲ့ ပညာရှင်ဘုတ်အဖွဲ့ကိုလည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီအဖွဲ့ရဲ့တာဝန်က ရရှိလာတဲ့ စမ်းသပ်နည်းလမ်းများကို အသုံးတဲ့မှုရှိမရှိ စစ်ဆေးအတည်ပြုပေးဖို့ဖြစ်တယ်။ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလထိ အဆိုပါဘုတ်အဖွဲ့အနေနဲ့ အဆိုပြုလွှာ ၇၆၂ ခု လက်ခံရရှိခဲ့ရာမှာ စမ်းသပ်နည်းလမ်း ၃၁၅ ခုပါဝင်ခဲ့တယ်။ တစ်ဦးချင်းအနေနဲ့ရော၊ အဖွဲ့အစည်းအနေနဲ့ရော စုစုပေါင်း ၂၈၁ ခု တင်သွင်းခဲ့ရာမှာ ပြည်ပအဖွဲ့အစည်းတွေလည်း ပါဝင်ခဲ့တယ်။




***တရုတ်နိုင်ငံ Suzhou Optotrace Technologies က တီထွင်ထုတ်လုပ်သော ဆီဆိုးဆီကောင်း လျင်မြန်စွာခွဲခြားနိုင်သည့်အီလက်ထရောနစ်ကိရိယာ။***

အဆိုပြုထားတဲ့ နည်းလမ်းတွေထဲက ထိရောက်မှုရှိမယ်လို့ယူဆတဲ့ အကောင်းဆုံးစမ်းသပ်နည်း ၇ ခုကို ရွေးချယ်ပြီး စမ်းသပ်ခဲ့ပေမဲ့ အောင်မြင်မှုတော့ မရရှိသေးပါဘူး၊ အကြောင်းက နိုင်ငံရဲ့ လက်ရှိစားသုံးဆီ စံချိန်စံညွှန်းမှာ acid value, pesticide residue တို့ပြင် အခြား indicator ၉ ခုသာပါဝင်တဲ့အတွက် စမ်းသပ်မှုတွေကို ဒီဆီဆိုးက အလွယ်တကူ ကျော်ဖြတ်သွားတာကိုတွေ့ရပါတယ်။ Zhejiang ပြည်နယ်၊ Ninghai မြို့မှာ ရဲတပ်ဖွဲ့က သူတို့ဝင်ရောက်စီးနင်းသိမ်းဆည်းထားတဲ့ ဆီဆိုးနမူနာ ၁၀ ခုကို လက်ရှိစံချိန်စံညွှန်းတွေအသုံးပြုပြီး စမ်းသပ်ရာမှာ နမူနာနှစ်ခုကသာ အရည်အသွေးမမီတာကို တွေ့ရတယ်။ ဆီဆိုးတွေမှာ တိရစ္ဆာန်အဆီတွေပါဝင်မှုမြင့်မားတဲ့အတွက် ဆီကောင်းထက် Freezing point မြင့်မားပေမဲ့ ဆီကောင်းနဲ့ ရောနှောရောင်းချရင် ဒီနည်းကလည်းအလုပ်မဖြစ်တာကို တွေ့ရတယ်။ ရှန်ဟဲက အမည်မဖော်လိုတဲ့ အစားအစာထိန်းချုပ်ရေးဌာနက အရာရှိတစ်ယောက်ရဲ့ အပြောအရ လစ်တမတ်စက္ကူသုံးပြီး ဆီဆိုးမှာပါဝင်တဲ့ ph ကို တိုင်းကြည့်ရာမှာ ဆီဆိုးလုပ်တဲ့ ပညာရှင်တွေက ကော့စတစ်သုံးပြီး neturalize လုပ်ထားတဲ့အတွက် ခွဲခြားလို့ မရနိုင်ဘူး။ ဒါကြောင့် အဆင့်မြင့်ကိရိယာတွေမသုံးဘဲနဲ့တော့မအောင်မြင်နိုင်ဘူးလို့ china time သတင်းစာမှာ ပြောပြထားပါတယ်။




***Raman spectrograph detection technique နည်းပညာသုံးစမ်းသပ်ရာတွင် ဆီဆိုး၏ spectral value of fat (cholesterol) peak (ပုံတွင်မျှားနှင့်ပြ)၊ အောက်လိုင်းများမှာဆီကောင်းဖြစ်။***

ဆီဆိုးထုတ်တဲ့ပညာရှင်တွေက ဆီကောင်းတွေကို ဆီဆိုး ၁၀ ကနေ ၂၀ ရာခိုင်နှုန်းနဲ့ရောပြီးရင် အရောကိုအကြိမ်များစွာ dilute လုပ်တဲ့အတွက်အပြစ်ရှာဖို့ အခက်တွေ့နေရတယ်။ လောလောဆယ်အားကိုးရလောက်နိုင်တဲ့ နည်းလမ်းတစ်မျိုးကို ဘီဂျင်း Food Safety Monitor Center က ထုတ်ပြန်ထားပြီး ဒီနည်းလမ်းမှာ ဆီဆိုးနဲ့ ဆီကောင်းခွဲခြားနိုင်တဲ့ indicator လေးမျိုးပါဝင်ပြီး polycyclic aromatic hydrocarbon, cholesterol, conductivity and specific genes စသည်တို့ ဖြစ်ပါတယ်။ ဒီကနေ့ထိ နောက်ဆုံးရတဲ့ သတင်းမျိုးစုံအရ ဆီဆိုးဆီကောင်းခွဲခြားနိုင်တဲ့ နည်းပညာနဲ့ အဆင့်မြင့်ကိရိယာတွေရှိလာနိုင်ပေမဲ့ ပြတ်ပြတ်သားသားဆုံးဖြတ်ပေးနိုင်ဖို့တော့ ဝေးနေပါသေးတယ်လို့ သိရတယ်။ တကယ်လို့ ရှိလာရင်လည်း ဒီဆီဆိုးပြဿနာက ပြီးသွားမှာမှ မဟုတ်သေးဘူး။ အရေးပါတဲ့အပိုင်းဖြစ်ပေမဲ့ အစားအစာဘေးအန္တရာယ် ကင်းရှင်းရေး ဆိုတဲ့ ကိစ္စကြီးဟာ စမ်းသပ်နည်းလမ်းတွေ၊ ခေတ်မီကိရိယာတွေ အပေါ်မှာချည်း မူတည်နေတာမဟုတ်ဘဲ အခြားစီမံခန့်ခွဲရေးအစိတ်အပိုင်းအတော်များများပေါ်မှာလည်း မူတည်နေပါတယ်။

## နည်းမျိုးစုံသုံးပြီးဖြေရှင်း

တရုတ်နိုင်ငံ ရင်ဆိုင်နေရတဲ့ ဒီဆီဆိုးပြဿနာဟာ ပေါ့သေးသေးမဟုတ်။ စသိလိုက်ရတဲ့အချိန်မှာ တရုတ်အစိုးရနဲ့ ပြည်သူလူထုကြီးတစ်ရပ်လုံး တုန်လှုပ်သွားခဲ့ရပါတယ်။ ဘယ်လိုမှမစဉ်းစားထားတဲ့ ကိစ္စတစ်ရပ်ဟာ အမေရိကန်ပြည်ထောင်စု ကြုံတွေ့ခဲ့ရတဲ့ ၉-၁၁ ကိစ္စလို တကယ်ဖြစ်လာလို့ပါပဲ။ ၂၀၁၁ခုနှစ်မှာ တရုတ်မီဒီယာတွေရဲ့ ဖော်ထုတ်ချက်အရ တရုတ်နိုင်ငံရဲ့ နှစ်စဉ်ထွက်ရှိတဲ့ စွန့်ပစ်ဆီ တန်ချိန် ၂ သန်းက ၃ သန်းထိကို ပြန်လည်ပြုပြင်ပြီး စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေနဲ့ အများပြည်သူ အစားအစာရောင်းချရာနေရာတွေမှာအသုံးပြုခဲ့တယ်လို့ သိရပါတယ်၊ ဒီလိုအသုံးပြုတာ ၁၀ စုနှစ်တစ်ခုလောက်ကြာမြင့်ခဲ့ပြီဖြစ်ပြီး အခုရရှိနေတဲ့ သတင်းတွေဟာ သက်သက်ညာညာ ရေးထားတာဖြစ်တယ်လို့လည်း တချို့က ဆိုပါတယ်။ ဘာပဲဖြစ်ဖြစ် တရုတ်နိုင်ငံတာဝန်ရှိသူတွေကတော့ ဒီဆီဆိုးပြဿနာကိုအပြီးတိုင်ဖြေရှင်းဖို့ လုပ်နိုင်တာမှန်သမျှ လုပ်ဆောင်နေပြီဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့က တရုတ်နိုင်ငံ တရားရုံးချုပ်၊ ဥပဒေထိန်းချုပ်ရေး အေဂျင်စီများ ညီလာခံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ဆီဆိုးပြဿနာဟာ နိုင်ငံရဲ့ ရုပ်ပုံလွှာကို ဆိုးဝါးစွာထိခိုက်စေပြီး ပါတီနဲ့ အစိုးရရဲ့ ယုံကြည်မှုကိုလည်းပျက်ပြားစေတယ်လို့ သုံးသပ်ကြပါတယ်။ ဆီဆိုးထုတ်လုပ်သူ၊ ရောင်းဝယ် ဖောက်ကားသူများကိုလည်း သေဒဏ်ကျခံရနိုင်တယ်လို့လည်း သတိပေးလိုက်ပါပြီ။ နိုင်ငံတစ်ဝန်းရှိ တရားရေးဌာနများကိုလည်း အသစ်ချမှတ်လိုက်တဲ့ ဥပဒေများအရ ကျူးလွန်တဲ့ ပြစ်ဒဏ်ပေါ်မူတည်ပြီး တိတိကျကျဆောင်ရွက်ရန် ညွှန်ကြားထားပြီး ဖြစ်ပါတယ်။ သေဒဏ်ချမှတ်ရာမှာ ပြစ်မှုအတိုင်းအဆနဲ့ လူထုရဲ့တုံ့ပြန်မှုအပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖော်ပြထားပါတယ်။ တာဝန်ထမ်းဆောင်ရာမှာ ပေါ့လျော့သော တရားရေး၊ ရဲဘက်ဝန်ထမ်းများကိုလည်း ပြင်းပြင်းထန်ထန် အပြစ်ပေးသွားမယ်လို့ သတိပေးထားပါတယ်။

ရဲဝန်ထမ်းတွေ၊ ဥပဒေအရာရှိတွေကတော့ ၂၀၁၁ ခုနှစ် မတ်လကစပြီး ပြင်းပြင်းထန်ထန် နှိပ်ကွပ်ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ရာမှာ ပြည်နယ် ၂၈ ခုမှာ ဆီဆိုးမှုခင်း ၁၂၈ မှုရှိခဲ့ပြီး သံသယရှိသူ ၇၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ ပြန်လည်ပြုပြင်ထားတဲ့ ဆီဆိုးတန်ချိန် ၆၀၀၀ ကျော်ကိုလည်း သိမ်းဆည်းရမိခဲ့ပါတယ်။ အချို့စက်ရုံတွေဆိုလျှင် အစောင့်အကြပ်ထူထပ်ပြီး ကင်မရာများပါ တပ်ဆင်ထားတဲ့အတွက် ခက်ခက်ခဲခဲ ဖမ်းဆီးခဲ့ရပါတယ်။ ဖမ်းဆီးထားတဲ့ ကုမ္ပဏီတာဝန်ရှိသူတွေကို တရားရုံးတင်ပြီး ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်များချမှတ်ခဲ့ပါတယ်။ တရုတ်ရဲတပ်ဖွဲ့ရဲ့ အပြောအရတော့ ၂၀၁၁ ခုနှစ်အတွင်း လုပ်ဆောင်ခဲ့တဲ့ နိုင်ငံနဲ့အဝှမ်း အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စစ်ဆင်ရေးတွေကြောင့် ဒီတရားမဝင်ဆီဆိုး ထုတ်လုပ်ရောင်းချဖြန့်ဖြူးတဲ့ လုပ်ငန်းကြီးကို ထိန်းချုပ်နိုင်ခဲ့ပြီလို့သိရပါတယ်။ ဒီလိုတစ်ဖက်က ဖမ်းဆီးမှုတွေပြုလုပ်နေသလိုတစ်ဖက်ကလည်း ဒီစွန့်ပစ်ဆီတွေ သုံးမှုလနေရာမှန်ဖြစ်တဲ့ ဘိုင်အိုဒီဇယ်ဆီဘဝ ပြန်ရောက်အောင်ကြံစည်ကြိုးစားမှုတွေလည်း ရှိနေပါတယ်။ သတင်းတချို့အရ ဟော်လန် လေကြောင်းလိုင်းနဲ့ မလေးရှားလေကြောင်းတွေက တရုတ်ကထွက်တဲ့ ဆီဆိုးတွေကို ဝယ်ယူပြီး၊ သူတို့ရဲ့ ခေတ်ရှေ့ပြေးနည်းပညာတွေနဲ့ ဘိုင်အိုဒီဇယ်ဆီထုတ်ဖို့ စီစဉ်နေတယ်လို့ သိရပါတယ်။ ဟော်လန်လေကြောင်းလိုင်းတွေမှာ ဘိုင်အိုဒီဇယ်ဆီနဲ့ ရေနံလောင်စာဆီ ၅၀း၅၀ ရောပြီး၊ ဒီနှစ် ဇွန်လကစပြီး စမ်းသပ်ပြေးဆွဲနေပါတယ်။ နှစ်စဉ် ဘိုင်အိုဒီဇယ်ဆီ တန်ချိန် ၁၂၀၀၀ လိုမယ်လို့လည်း သိရပါတယ်။



*စာမျက်နှာ ၂၁ သို့*

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၃-၈-၂၀၁၂)

## ဘုရင့်နောင်ဈေးကွက်မှာ မတ်ပဲဈေးလှုပ်ပြီး ပဲစင်းငုံနီ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်

**ဘုရင့်နောင်**ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (RC) ကို အိတ်စပို့ဝယ်လက်တွေက ပြည်ပဝယ်လိုအား အနည်းအများအပေါ် မူတည်ပြီး အဝယ်ရှိတာကြောင့် ဈေးအတက်အကျဖြစ်နေပြီး ဈေးလည်းမငြိမ်ဘူးလို့ ပြောရမှာပေါ့။ ဈေးလည်းလှုပ်နေတော့ အရောင်းအဝယ်လုပ်ရမှာလည်း သတိထားပြီး ရောင်းဝယ်နေရတယ်လို့ ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်တန်ကို အနိမ့်ဆုံး ၅၈၃၀၀၀ ကျပ်မှ အမြင့်ဆုံး ၆၄၃၀၀၀ ကျပ် ဖြစ်ခဲ့ပေမယ့် ယခင်အပတ်ထက်စာရင် အရောင်းအဝယ်ဖြစ်မှုက တန် ၄၀၀၀ ခန့်လျော့နည်းသွားတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကတော့ ယခင်အပတ်နဲ့စာရင် အရောင်းအဝယ်ဖြစ်မှု ပမာဏက တန်ချိန် ၄၁၄၀ ခန့် လျော့ကျသွားတယ်လို့ ပဲကုန်သည်တစ်ဦးက ဆိုပါတယ်။ **ပဲစင်းငုံနီ**(RC) ကတော့ အိတ်စပို့အဆွဲဝယ်လက်က ဈေးပေးအဝယ်ရှိသလို ဝယ်လိုအားပါများလာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်တန်ကို အနိမ့်ဆုံး ၆၃၄၀၀၀ ကျပ်မှ အမြင့်ဆုံး ၆၇၅၀၀၀ ကျပ်အတွင်းတန် ၉၂၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အခုပဲတွေ အိတ်စပို့အဝယ်လိုက်တော့ ဈေးတွေမြင့်သွားသလို ရောင်းသူကုန်သည်များကလည်း တက်ဈေးမှာ အရောင်းများလာတယ်လို့ သိရပါတယ်။

---

## ပြည်ဈေးကွက်မှာ မတ်ပဲနဲ့ ပဲတီစိမ်းဈေး အနည်းငယ်ကျပြီး ကုလားပဲဈေး တန့်နေ

**ပြည်ဈေးကွက်**မှာ ဒီတစ်ပတ် မတ်ပဲကို ရန်ကုန်ဝယ်လက်က ပြည်ပဝယ်လိုအားအခြေအနေကို မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေ ရှိနေသလို ရောင်းသူကုန်သည်များကလည်း ဈေးကွက်မျှော်လင့်ချက်နဲ့ အရောင်းနည်းလာတယ်လို့ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၉၅၀ ကျပ်(တစ်တန်ကို ၅၈၁၇၇၀ ကျပ်)ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ပဲတီစိမ်း**က ဈေးကွက်သို့အဝင်ပုံမှန်ရှိသလို ရန်ကုန်-မန္တလေး ဝယ်လက်ကလည်း ဝယ်အားပုံမှန်ရှိခဲ့တယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၉၂၀ ကျပ်(တစ်တန်ကို ၅၆၃၃၈၈ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၃၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ကုလားပဲ(ထိုင်ဝမ်)** ကို မြို့ခံပဲခွဲစက်တွေနဲ့ ရခိုင်ဝယ်လက်က ဝယ်အားပုံမှန်ရှိပေမယ့် ယခင်အပတ်နဲ့စာရင် **ဈေးတန့်**နေတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၁၁၇၅ ကျပ်(တစ်တန်ကို ၇၁၉၅၅၈ ကျပ်)ဈေးနဲ့ အိတ် ၂၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

---

## မကွေးမှာ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံဈေးမြောက်ပြီး ကုလားပဲဈေးကျ

**မကွေးဈေးကွက်**မှာ ပဲစင်းငုံနီ၊ ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံကို အဝယ်လိုက်လာတာကြောင့် ဈေးတွေမြင့်လာပြီး ကုလားပဲ(ထိုင်ဝမ်)ကတော့ အောက်ဈေးနဲ့ဘဲ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ပဲစင်းငုံနီကို ရန်ကုန်အဆွဲသွက်နေသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးနဲ့ အရောင်းများလာတယ်လို့ ဆိုပါတယ်။ အအရောင်းအဝယ်အနေနဲ့ တစ်ပိဿာကို ၁၀၂၅ ကျပ်(တစ်တန်ကို ၆၆၄၄၄၃ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၃၀၀ မှ ၄၀၀ ကြားဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အသစ်ဝင်လာတဲ့ ပဲတီစိမ်းကိုတော့ ရန်ကုန်-မန္တလေးဝယ်လက်က အရည်အသွေးအပေါ်မူတည်ပြီး ဈေးပေးအဝယ်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိဿာကို ၁၀၈၀ ကျပ်(တစ်တန်ကို ၆၆၁၃၈၁ ကျပ်)ဈေးနဲ့ တစ်ရက်ကိုအိတ် ၅၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ကုလားပဲ(ထိုင်ဝမ်)**ကိုတော့ မြို့ခံပဲခွဲစက်တွေက ဈေးချအဝယ်ရှိသလို ဝယ်အားပါ နည်းလာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးအနည်းငယ်ကျ**လာပြီး တစ်ပိဿာကို ၁၁၆၀ ကျပ် (တစ်တန်ကို ၇၁၀၃၇၂ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၂၀၀ ခန့်သာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ **နှမ်းမျိုးစုံ**ကို မန္တလေး-ရန်ကုန် ဝယ်လက်နဲ့ ဒေသတွင်းဆီကြိတ်သမားများက ဝယ်အားပုံမှန်ရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးက အမြင့်ဘက်မှာ**ဦးတည်နေတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက နှမ်းဖြူတစ်ပိဿာ ၁၉၈၀ ကျပ်၊ နှမ်းနီက တစ်ပိဿာ ၁၈၅၆ ကျပ်နှင့် နှမ်းညိုက တစ်ပိဿာ ၁၇၈၀ ကျပ်ဈေးနဲ့ နှမ်းမျိုးစုံတစ် ရက်ကို အိတ် ၇၀၀ မှ ၈၀၀ ကြား အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ မြို့ခံနှမ်းကုန်သည်တစ်ဦးကဆိုပါတယ်။

- မတ်ပဲက ဘုရင့်နောင်၊ မန္တလေး၊ မုံရွာ၊ ဟင်္သာတနဲ့ ပြည်မှာ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်
- ပဲစင်းငုံနီက ဈေးကွက်တိုင်းမှာ ဈေးထပ်မံမြင့်တက်ပြီး အရောင်းအဝယ်ဖြစ်
- ပဲတီစိမ်းက မကွေးမှာ ဈေးအနည်းငယ်မြင့်ပြီး မန္တလေးမှာ ဈေးငြိမ်ကာ အောင်လံနဲ့ ပြည်မှာ ဈေးအနည်းငယ်ကျ
- ကုလားပဲဖြူလုံးကြီးနဲ့ ကုလားပဲ(ထိုင်ဝမ်) က အရောင်းအဝယ် အနည်းငယ်လျော့လို့ မန္တလေး၊ ပခုက္ကူ၊ မကွေးနဲ့ အောင်လံမှာ ဈေးအနည်းငယ်ကျပြီး ပြည်မှာ ဈေးတန့်နေ
- ပြောင်းက တောင်ကြီးနဲ့ မူဆယ်မှာ ဈေးမြင့်ပြီး လားရှိုးနဲ့ မန္တလေးမှာ ဈေးတန့်နေ
- နှမ်းမျိုးစုံ အရောင်းအဝယ်သွက်လို့ ဈေးမြောက်

## ပခုက္ကူဈေးကွက်မှာ ပဲစင်းငုံနီနဲ့ ကုလားပဲဖြူလုံးကြီး အရောင်းအဝယ်သွက်လာ

**ပခုက္ကူဈေးကွက်**မှာ ပဲစင်းငုံနီကို ရန်ကုန်ဝယ်လက် အဝယ်သွက်နေလို့ ပဲဈေးတွေမြင့်တက်လာတယ်လို့ ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၁၀၈၅ ကျပ် (တစ်တန်ကို ၆၆၄၄၄၃ ကျပ်)ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၂၅၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ပဲဈေးကောင်းလာတာနဲ့အမျှ တောင်သူလယ်သမားတွေကလည်း အပြိုင်အဆိုင်ထုတ်ရောင်းမှုတွေရှိလို့ ဈေးကွက်မှာ ပိုမိုစည်ကားလာတယ်လို့ မြို့ခံကုန်သည်တစ်ဦးက ဆိုပါတယ်။ ဒါ့အပြင် ကုလားပဲဖြူလုံးကြီးကိုလည်း ရန်ကုန်ဝယ်လက်အချို့နှင့် မြို့ခံခွဲစက်များက ဝယ်အားသွက်နေတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၁၁၈၄ ကျပ်(တစ်တန်ကို ၇၂၅၀၆၉ ကျပ်)ဈေးနဲ့တစ်ပတ်အတွင်း အိတ် ၅၀၀ ခန့်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။



## တောင်ကြီးမှာ ပြောင်းဈေး ဆက်လက်မြင့်တက်

**တောင်ကြီးဈေးကွက်**မှာ ပြောင်းကို ရန်ကုန်-မန္တလေး ဝယ်လက်ပုံမှန်အဆွဲရှိတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးမြင့်**လာပြီး တစ်ပိဿာကို ၄၇၀ ကျပ်ဈေးနဲ့ တစ်ပတ်အတွင်း ပိဿာချိန် ၁၇၅၀၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသစ်ကဈေးကွက်မဝင်ခင် လက်ကျန်ပြောင်းတွေကို ဈေးကောင်းရရင် ထုတ်ရောင်းနေပြီး ဈေးနိမ့်ပါက ဈေးကွက်မျှော်လင့်ချက်နဲ့ ထုတ်ရောင်းမှုနည်းလာကြောင်း ဒေသခံပြောင်းကုန်သည်တစ်ဦးက ဆိုပါတယ်။

---

## မူဆယ်မှာ ပြောင်း အဝင်နည်းပေမယ့် အရောင်းအဝယ်က ပုံမှန်ရှိနေ

**မူဆယ်ဈေးကွက်**မှာ ပြောင်းက တောင်သူလယ်သမားတွေထံမှာ ပစ္စည်းလက်ကျန်နည်းနေတာကြောင့် ဒီတစ်ပတ်မှာ ပြောင်းက ဈေးကွက်သို့ဝင်ရောက်မှုနည်းလာကြောင်း သိရပါတယ်။ ပြောင်းအဝင်နည်းပေမယ့် တရုတ်ဝယ်လက်ကတော့ ဝင်သလောက် ဝယ်အားရှိခဲ့တယ်လို့ ဆိုပါတယ်။

---

## လားရှိုးမှာ ပြောင်းဈေးငြိမ်ပြီး အရောင်းအဝယ်ဖြစ်

**လားရှိုးဈေးကွက်**မှာ ဒီတစ်ပတ်ပြောင်းက လက်ကျန်နည်းလို့ အရောင်းအဝယ် ခပ်ပါးပါးသာရှိခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၅၀၀ ကျပ်ဈေးနဲ့ တစ်ပတ်အတွင်းပိဿာချိန် ၆၀၀၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

## မန္တလေးဈေးကွက်မှာ မတ်ပဲ၊ ပဲစင်းငုံနီနှင့် နှမ်းမျိုးစုံဈေးစွာပြီး ပဲတီစိမ်း ဈေးငြိမ်ကာ ကုလားပဲဈေးကျ

**မန္တလေးဈေးကွက်**မှာ မတ်ပဲ၊ ပဲစင်းငုံနီနဲ့ ကုလားပဲကို ရန်ကုန်အဆွဲပုံမှန်ရှိသလို ပဲတီစိမ်းနဲ့ နှမ်းမျိုးစုံကိုလည်း တရုတ်က အရည်အသွေးပေါ်မူတည်ပြီး ဈေးပေးအဝယ်ရှိနေတယ်လို့ ဆိုပါတယ်။ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေ ဝယ်လိုအားပုံမှန်ရှိတဲ့ မတ်ပဲကတော့ ဒီတစ်ပတ်မှာ တစ်ပိဿာ ၉၅၀ ကျပ်(တစ်တန်ကို ၅၈၁၇၇၀ ကျပ်)ဈေးနဲ့နေ့စဉ်အိတ် ၂၀၀ မှ ၃၀၀ ကြား အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ မန်းဈေးကွက်မှာ အဓိကအရောင်းအဝယ် သွက်နေတဲ့ ပဲစင်းငုံနီကိုတော့ ရန်ကုန်ဝယ်လက်က တစ်ပိဿာကို ၁၀၈၃ ကျပ်၊ (တစ်တန်ကို ၆၆၃၂၁၈ ကျပ်)ဈေးနဲ့ နေ့စဉ် အိတ် ၈၀၀ မှ ၁၀၀၀ ကြား အဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ အခုပဲတွေ အဝယ်လိုက်တော့ ပဲဈေးတွေ ဆက်လက်မြင့်တက်သွားသလို တောင်သူလယ်သမားတွေကလည်း တက်ဈေးမှာ ပိုမိုအရောင်းများလာတာကြောင့် အရောင်းအဝယ်ဖြစ်မှု ပမာဏတွေ ပိုများလာတယ်လို့ မြို့ခံပဲကုန်သည်တစ်ဦးကဆိုပါတယ်။ **နှမ်းဖြူ၊ နှမ်းနက်နဲ့ နှမ်းညို**ကို တရုတ်ဝယ်လက်နဲ့ မြို့ခံဆီစက်တွေ ဝယ်အားကောင်းလို့ ယခင်အပတ်နဲ့စာရင် ဈေးက တက်ရိပ်သမ်းနေတယ်လို့ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက နှမ်းဖြူတစ်ပိဿာ ၂၀၀၀ ကျပ်ဈေးနဲ့ အိတ် ၂၀၀၊ နှမ်းညိုတစ်ပိဿာ ၁၈၀၀ ကျပ်ဈေးနဲ့ တစ်ရက်ကိုအိတ် ၅၀၀၊ နှမ်း နက်တစ်ပိဿာ ၂၁၁၁ ကျပ်ဈေးနဲ့ အိတ် ၃၀၀ ခန့်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ **ပဲတီစိမ်း**မှာ အရည်အသွေးကောင်းတဲ့ ထိပ်စကို တရုတ်ဝယ်လက်က တစ်ပိဿာ ၁၁၂၀ ကျပ်(တစ်တန်ကို ၆၈၅၈၇၆ ကျပ်)ဈေးနဲ့ တစ်နေ့ကို အိတ် ၁၀၀၀ ခန့်အဝယ်ရှိသလို အရည်အသွေးနိမ့်တဲ့ (အောက်စ)ကိုတော့ မြို့ခံခွဲစက်တွေက တစ်ပိဿာ ၁၀၃၁ ကျပ်(တစ်တန်ကို ၆၃၁၃၇၄ ကျပ်)ဈေးနဲ့ အဝယ်နည်းခဲ့တယ်လို့ သိရပါတယ်။ ယခင်အပတ်က ဈေးကောင်းရခဲ့တဲ့ ကုလားပဲဖြူလုံးကြီးကိုတော့ ရန်ကုန်ဝယ်လက်နဲ့ မြို့ခံပဲခွဲစက်တွေက ဝယ်လိုအား အနည်းငယ်လျော့သွားတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးကျ**လာပြီး တစ်ပိဿာကို ၁၁၈၈ ကျပ်(တစ်တန်ကို ၇၂၇၅၁၉ ကျပ်)ဈေးနဲ့ တစ်ရက်ကို အိတ် ၃၀၀ ခန့်သာ အရောင်းအဝယ်ဖြစ် ခဲ့တယ်လို့ သိရပါတယ်။

---

## အောင်လံမှာ ပဲစင်းငုံနီ တက်ဈေးနဲ့ အရောင်းအဝယ်ဖြစ်ပြီး ပဲတီစိမ်းနဲ့ ကုလားပဲ ဈေးအနည်းငယ်ဆင်းလာ

**အောင်လံဈေးကွက်**မှာ ပဲစင်းငုံနီကို ရန်ကုန်အဆွဲ သွက်နေပေမယ့် ပဲတီစိမ်းကို မန္တလေးအဆွဲနည်းနေကြောင်း သိရပါတယ်။ **ပဲစင်းငုံနီ**ကို ရန်ကုန်ဝယ်လက်က ဒီတစ်ပတ်မှာ ဝယ်လိုအားမြင့်တက်လာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးကအမြင့်**မှာရှိနေတယ်လို့ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၁၀၂၅ ကျပ်(တစ်တန်ကို ၆၂၇၆၉၉ ကျပ်)ဈေးနဲ့ တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ **ပဲတီစိမ်း**ကတော့ ဒီတစ်ပတ်မှာ မန္တလေးအဆွဲ ခပ်ပါးပါးသာရှိခဲ့သလို ဈေးကလည်း အနည်းငယ်ကျလာတယ်လို့ဆိုပါတယ်။ တောင်သူတွေက တက်ဈေးမှာ အရောင်းများခဲ့ပေမယ့် အခုလိုဈေးတွေကျလာတဲ့အခါမှာတော့ ဈေးကွက်အနေအထားအရ အရောင်းနည်းလာတယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၉၄၀ ကျပ်(တစ် တန်ကို ၅၇၅၆၄၆ ကျပ်)ဈေးနဲ့ နေ့စဉ်အိတ် ၁၀၀ မှ ၂၀၀ ကြားဖြစ် ခဲ့တယ်လို့ သိရပါတယ်။ အရောင်းအဝယ်သွက်နေတဲ့ ကုလားပဲ (ထိုင်ဝမ်)က ဒီတစ်ပတ်မှာ ပဲခွဲစက်နဲ့ ရခိုင်ဘက်မှ ဝယ်လိုအားအနည်းငယ် လျော့လာတာကြောင့် ယခင်အပတ်နဲ့စာရင် **ဈေးအနည်းငယ် ကျ**လာပြီး တစ်ပိဿာကို ၁၁၅၅ ကျပ်(တစ်တန်ကို ၇၀၇၃၁၀ ကျပ်) ဈေးနဲ့ တစ်ရက်ကို အိတ် ၁၀၀ မှ ၁၅၀ ကြားသာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။

---

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ အရောင်းအဝယ်သွက်လို့ ဈေးဆက်မြောက်

**ဟင်္သာတဈေးကွက်**မှာ မတ်ပဲကို ရန်ကုန်အဆွဲသွက်နေသလို ရောင်းသူကုန်သည်များကလည်း အဆိုပါဈေးကို ကြိုက်နှစ်သက်လို့ အရောင်းများနေတယ်လို့ ပွဲရုံရပ်ကွက်ကဆိုပါတယ်။ အရောင်းအဝယ်ဖြစ်မှုက တစ်ပိဿာ ၉၈၅ ကျပ်(တစ်တန်ကို ၆၀၃၂၀၄ ကျပ်)ဈေးနဲ့ တစ်ရက်ကိုအိတ် ၂၀၀၀ ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

# အရိုးကင်ဆာ ဖြစ်ပွားသူ ၇၅ ရာခိုင်နှုန်းမှာ အသက် ၂၀ အောက်ဖြစ်နေ

အရိုးကင်ဆာဖြစ်ပွားသူများရဲ့ ၇၅ ရာခိုင်နှုန်းမှာ အသက်(၂၀)အောက် လူငယ်များမှာဖြစ်ကြောင်း ကင်ဆာအထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပါတယ်။"အရိုးကင်ဆာကကြီးကောင်ဝင်ချိန် အသက်(၂၀)အောက်မှာ အဖြစ်များတယ်။ ဒါက ဆဲလ်တွေပုံမှန်မဟုတ်ဘဲ ထိန်းမရအောင် အလွန်အကျွံပွားများ လာလို့ဖြစ်တာ၊ မျိုးရိုးဗီဇနဲ့လည်းဆိုင်တယ်။ မျိုးဗီဇပြုံးသွားလို့ လိုတာထက် ပိုများသွားတာပဲ၊ အရိုးကင်ဆာဆိုတော့ ခြေချောင်း၊ လက်ချောင်းစတဲ့ ရှည်တဲ့အရိုးတွေမှာ ပိုဖြစ်တတ်တယ်။ အရိုးကင်ဆာကသွေးကနေ တခြားနေရာကိုပျံ့နှံ့လွယ်တယ်။ အဖုအကျိတ်တွေ ခန္ဓာကိုယ်မှာတွေ့မယ်။ နာတဲ့အလုံး တွေရှိမယ်။ မအီမသာဖြစ်မယ်။ ဖျားနေမယ်။ တဖြည်းဖြည်းပိန်လာမယ်။ အရိုးအဆစ်တွေကိုက်ခဲနေမယ်ဆိုရင် အရိုးကင်ဆာဖြစ်နိုင်ခြေများတယ်"လို့ အထက်ပါဆရာဝန်မှ ပြောပြလာပါတယ်။

အရိုးကင်ဆာရဲ့ ၅၀ ရာခိုင်နှုန်းကနေ ၆၀ ရာခိုင်နှုန်းကို ဒူးမှာတွေ့ရပြီး ၁၅ ရာခိုင်နှုန်းမှာ ပေါင်းရိုးထိပ်နဲ့ တင်ပါးရိုးဆက်ရာ အနီးတစ်ဝိုက်၊ ၁၀ ရာခိုင်နှုန်းမှာ လက်မောင်းရိုးအထက်ပိုင်းနဲ့ ၈ ရာခိုင်နှုန်းမှာ မျက်နှာရှိုးပါးရိုးတို့တွင် တွေ့မြင်ရကြောင်း သိရပါတယ်။

# အရိုးပါးရောဂါကာကွယ်ရန် အာဟာရ၊ လေ့ကျင့်ခန်းနှင့် ဟော်မုန်း အစားထိုးကုသမှု ပြုလုပ်နိုင်

အရိုးပါးရောဂါ မဖြစ်ရန်၊ ရောဂါဖြစ်စဉ်နှေးကွေးစေရန် ကြိုတင်ကာကွယ်ရာမှာ အာဟာရ၊ လေ့ကျင့်ခန်းနဲ့ အမျိုးသမီးတွေအတွက် ဟော်မုန်းကုသမှုဆိုတဲ့ အဆင့်(၃)ဆင့်ရှိကြောင်း ဇီဝဗေဒဆိုင်ရာ ပါမောက္ခများက ပြောပါတယ်။ အရိုးပါးရောဂါကာကွယ်မှု ပြုလုပ်ရာမှာ အမျိုးသမီးတွေသာမက အမျိုးသားတွေပါ ပြုလုပ်ဖို့လိုအပ်တယ်။ အရိုးပါးရောဂါဟာ အသက်ကြီးသူတွေသာမက အသက်ငယ်သူတွေပါ ဖြစ်တတ်ကြောင်း သုတေသီတွေက ဆိုပါတယ်။

အရိုးပါးရောဂါမဖြစ်အောင် အရိုးသန်မာဖို့အတွက် ကယ်လ်စီယမ် လုံလုံလောက်လောက် ရရှိရန်လိုအပ်ပြီး အရိုးသိပ်သည်းဆများ ရန်ဖလိုရိုက်ဒ်၊ အရိုးတည်ဆောက်ဖို့ သွပ်ဓာတ်၊ ကော့ပါးနဲ့ မဂ္ဂနီဆီယမ်ဓာတ်တို့လည်း လိုအပ်ကြောင်း သိရပါတယ်။

ဒါကြောင့် နွားနို့၊ ဒိန်ခဲ၊ ဒိန်ချဉ်၊ နို့ထွက်ပစ္စည်း၊ ဆယ်လ်မွန်ငါး၊ ငါးသေတ္တာငါး၊ ငါးရိုးစား ငါးသေးလေးများနဲ့ အစိမ်းရောင် ဟင်းသီးဟင်းရွက်များကိုစားသုံးသင့်ကြောင်းသိရပါတယ်။ နေ့စဉ်လေ့ကျင့်ခန်း မှန်မှန်လုပ်ဖို့လည်း လိုအပ်ပါတယ်။

မီးယပ်သွေးဆုံးပြီးနောက်ပိုင်း အီစထရိုဂျင်ဓာတ်ထုတ်လုပ်မှုလျော့နည်းသွားတာကြောင့် ဟော်မုန်းအစားထိုးကုသမှုပြုလုပ်ရင် အရိုးပါးရောဂါ ကာကွယ်နိုင်တယ်ဟု ထပ်မံသိရပါတယ်။

## မိမိဆီး အပြောင်းအလဲကို အမြဲတမ်း စောင့်ကြည့်ရန် လိုအပ်

မိမိရဲ့ဆီးကို အပြောင်းအလဲရှိမရှိ အမြဲတမ်း စောင့်ကြည့်ခြင်းဖြင့် ကျောက်ကပ်ရောဂါရှိမရှိကို သိရှိနိုင်သလို ကြိုတင်ကာကွယ်မှုများပြုလုပ်နိုင်ကြောင်း အထူးကုဆရာဝန်ကြီးတစ်ဦးကပြောပါတယ်။

"မိမိရဲ့ဆီးကို အမြဲစောင့်ကြည့်ဖို့ လိုအပ်တယ်။ ဆီးအရမ်းနောက်နေမယ်။အနီရောင်တွေ့မယ်။ အနည်တွေပါလာမယ်ဆိုရင် သတိထားရတော့မယ်။ လူက နုံးချည့်နေမယ်ဆိုရင်တော့ နီးစပ်ရာ ဆရာဝန်တွေနဲ့ပြပြီး လိုအပ်တဲ့ဆေးဝါးကုသမှုတွေလုပ်ဖို့ လိုအပ်ပါတယ်" လို့ ၎င်းဆရာဝန်က ဆိုပါတယ်။

ကျောက်ကပ်ရောဂါမဖြစ်စေရန် ကိုယ်အလေးချိန်အတက်အကျကို ဂရုပြုရန်လိုအပ်ပြီး သွေးပေါင်မှန်မှန်ချိန်ကာ သွေးမတိုးအောင် ဂရုစိုက်နေထိုင်ရန် လိုအပ်ကြောင်းလည်း သိရပါတယ်။

ပုံမှန်ကိုယ်အလေးချိန်မှန်အောင် ဂရုစိုက်ခြင်း၊ နေ့စဉ်ကိုယ်လက်လေ့ကျင့်ခန်းပြုလုပ်ခြင်းနဲ့ ကာကွယ်နိုင်တယ်လို့ သိရပါတယ်။

## ဗီတာမင်ချို့တဲ့မှုကြောင့် ခံတွင်းရောင်ရမ်းနိုင်

နေ့စဉ်ပုံမှန်စားသောက်နေတဲ့ အစားအစာတွေထဲမှာ ဗီတာမင်ဓာတ်ချို့တဲ့နေရင် ခံတွင်းရောင်ရမ်းမှုဖြစ်ပွား နိုင်ကြောင်းသွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးတစ်ဦးက ပြောပါတယ်။

ဒီလိုဗီတာမင်ဓါတ်ချို့တဲ့ရတဲ့ အကြောင်းအရင်းတွေမှာ အစိမ်းရောင်အသီးအရွက် စားသုံးမှုနည်းခြင်း၊ စားသောက်မှုပုံစံ ပြောင်းလဲလာခြင်းတို့နဲ့ သက်ဆိုင်ကြောင်း ၎င်းဆရာဝန်ကြီးက ဆိုပါတယ်။

"သွားဖုံးရောင်မယ်၊ ပွစိစိဖြစ်မယ်။ သွားဖုံးကသွေးကျမယ်။ ဗီတာမင်ဘီအုပ်စုချို့တဲ့ရင် ကျိုးကန်းပါးစပ်ဖြစ်မယ်။ လျှာကနီရဲပြီး ကြမ်းတမ်းမယ်။ လျှာနာမယ်။ သံဓာတ်ချို့တဲ့ရင် ခံတွင်းရောင်မယ်။ လျှာရောင်မယ်။ ဒိုင်ယာစင်၊ ဂိုင်ဘိုဖလေဘင်၊ ဗီတာမင်စီ ၁၂ စတဲ့ ဓာတ်တွေလျော့နည်းရင် ခံတွင်းရောင်ရမ်း မှုတွေဖြစ်နိုင်တယ်လို့ အထက်ပါဆရာဝန်ကြီးက ထပ်မံပြောပါတယ်။

တချို့ သွားတိုက်ဆေးတွေမှာပါတဲ့ ဓာတ်တွေကလည်း ခံတွင်းရောင်ရမ်းမှုဖြစ်စေနိုင်သလို ပဋိဇီဝဆေးတချို့ဟာလည်း ခံတွင်းရောင်ရမ်းမှုဖြစ်စေကြောင်းလည်း သိရပါတယ်။ ခံတွင်းရောင်ရမ်းမှု မဖြစ်စေနိုင်ရန် အစားအစာများ စားသုံးရာမှာ အာဟာရဓာတ်ညီမျှပြည့်စုံစွာ စားသုံးရန်လိုအပ်ပြီး ခံတွင်းသန့်ရှင်းရေးကိုလည်း ဂရုစိုက်ဖို့လိုအပ်ကြောင်း သိရပါတယ်။

## အမျိုးသားများက အမျိုးသမီးများထက် အစာအိမ်ကင်ဆာဖြစ်ရန် အခွင့်အလမ်း သုံးဆပိုမို

အစာအိမ်ကင်ဆာမှာ အမျိုးသားများက အမျိုးသမီးများထက် ဖြစ်ပွားရန် အခွင့်အလမ်း သုံးဆပိုများပြီး အသက် ၅၀ နဲ့ ၇၀ ကြား အမျိုးသားတွေမှာ အဖြစ်ပွားနိုင်ဆုံးလို့ ကျန်းမာရေးဆိုင်ရာ သုတေသီတွေက ဆိုပါတယ်။

အစာအိမ်ကင်ဆာ ဖြစ်ပွားသူတွေရဲ့လက္ခဏာတွေမှာ အစာ စားလိုစိတ်မရှိခြင်း၊ စားချင်စိတ်မရှိလို့ မစားဘဲနေရာမှ ကိုယ်အလေးချိန်ကျဆင်းလာခြင်း၊ အစာမျိုရခက်ခြင်း၊ လည်ချောင်းထဲမှာ နင်နေခြင်း၊ ဗိုက်ထဲမှာ အလုံးအကျိတ်ရှိနေခြင်းများတွေ့ရပါတယ်။

အထက်ပါလက္ခဏာများရှိလာပါက နီးစပ်ရာဆေးရုံသို့ ပြသသင့်ကြောင်း သိရပါတယ်။ အစာအိမ်ကင်ဆာမှာ အစားအသောက်နေထိုင်ပုံစံ၊ ရောဂါပိုး၊ မျိုးရိုးဗီဇတို့နဲ့သက်ဆိုင်ကြောင်း၊ အစားအသောက်များထဲမှာ ကင်ဆာဖြစ်စေတဲ့ကာစီနိုဂျင်များကြောင့် ဖြစ်ကြောင်း၊ ယမ်းစိမ်းပါဝင်သော ဝက်အူချောင်း၊ ကြက်အူချောင်း၊ ငါးခြောက်များကျပ်တိုက်ထားသော အသားခြောက်၊ အသားကင်၊ ငါးကင်များကို ရှောင်ကြဉ်ရန် လိုအပ်ကြောင်း သိရပါတယ်။

# မလေးရှားနိုင်ငံမှ စက်မှုအင်ဂျင်နီယာများ ဦးစားပေးခေါ်ယူလာ

မြန်မာလုပ်သားအများဆုံး သွားရောက်လုပ်ကိုင်လျက်ရှိသော မလေးရှားနိုင်ငံမှ လုပ်သားခေါ်ယူမှုမှာ ပုံမှန်ရှိနေပြီး ယခုလအတွင်း၌ စက်မှုအင်ဂျင်နီယာများကို လစာငွေမြင့်မားစွာပေး၍ ဦးစားပေးခေါ်ယူမှုများပြုလုပ်လာကြောင်း ပြည်ပအလုပ်အကိုင်အေဂျင်စီအသိုင်းအဝိုင်းမှတစ်ဆင့် သိရသည်။

"အခုလမှာ ဒီက အင်ဂျင်နီယာတွေ ခေါ်တယ်။ စက်မှုအင်ဂျင်နီယာတွေပေါ့။ ဒီလထဲမှာ ၇ ယောက်လှမ်းခေါ်တယ်။ သူတို့ဆီက သင်္ဘောကျင်းမှာလုပ်ဖို့ခေါ်တာ၊ လစာငွေလည်း ကောင်းတယ်။ တစ်လကို ရင်းဂစ် ၁၂၀၀ လောက်ရမယ်။ နေထိုင်မှုရော၊ အစားအသောက်ရော စရိတ်ငြိမ်းခေါ်တာ" ဟု မလေးရှားနိုင်ငံသို့ အဓိက ပို့ဆောင်ပေးနေသည့် ပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုက ဆိုသည်။

ယင်းရာထူးအတွက် သွားရောက်လိုသော လုပ်သားများအနေဖြင့် ဝန်ဆောင်ခမှာ US 1200 နှင့် ညီမျှသော မြန်မာငွေကြေးကို ပေးဆောင်ရမည်ဖြစ်သည်။ ယခုနှစ်တွင် တံခါးဖွင့်စီးပွားရေးမူဝါဒကြောင့် စီးပွားရေးလုပ်ငန်းများ အတန်ငယ်ကောင်းမွန်လာခဲ့ပြီး ယခင် ထက်အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာခဲ့ရာ ပြည်ပအလုပ်အကိုင်ခေါ်ယူမှုများ တိုးတက်ကောင်းမွန်လျက်ရှိသော်လည်း သွားရောက်လုပ်ကိုင်လိုသူ နည်းပါးကြောင်း သိရသည်။

## စင်ကာပူသင်္ဘောကျင်းမှ မြန်မာလုပ်သား ၇၀ ဝန်းကျင်ခေါ်ယူ



အာဆီယံဒေသတွင်း နိုင်ငံများအနက် လုပ်ခလစာကောင်းမွန်သည့် နိုင်ငံတစ်ခုဖြစ်သော စင်ကာပူနိုင်ငံသည် ၎င်းတို့နိုင်ငံရှိ သင်္ဘောကျင်းကြီးများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် မြန်မာလုပ်သား ၇၀ ခန့်ကို မှာယူထားကြောင်း အာဘာဖီး ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှတစ်ဆင့် သိရသည်။

စင်ကာပူနိုင်ငံရှိ မြန်မာလုပ်သား မှာယူသော သင်္ဘောကျင်းများမှာ သုံးခုဖြစ်ပြီး ၎င်းတို့မှာ Alpine သင်္ဘောကျင်း၊ S-I ကုမ္ပဏီသင်္ဘောကျင်းနှင့် အခြားသင်္ဘောကျင်းတစ်ခုမှဖြစ်ကြောင်း သိရကာ Electricians ရာထူးကို အဓိကထားဦးစားပေးခေါ်ယူခြင်းဖြစ်ကြောင်းလည်း သိရသည်။

"ဟိုက သင်္ဘောကျင်းကုမ္ပဏီကြီးတွေက မြန်မာလုပ်သား လှမ်းခေါ်တယ်။ မြန်မာတွေက အလုပ်တကယ်လုပ်နိုင်လို့ လှမ်းခေါ်တာပါ။ သွားရောက်လုပ်ကိုင်ချင်တဲ့ သူတွေအတွက်လည်း ဟိုရောက်ရင် အခက်အခဲမတွေ့ရအောင် ကျွန်တော့်ဆီမှာ သင်တန်းပေးပါတယ်"ဟု ယင်းအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုကဲ့သို့ လုပ်သားဦးရေ ၇၀ ဝန်းကျင်ခန့်ခေါ်ယူရာတွင် Electricians နှင့် ပိုက်ဆက်လုပ်သားဟူ၍ နှစ်မျိုးကိုသာ ခေါ်ယူခြင်းဖြစ်ပြီး ပိုက်ဆက်လုပ် သားများအတွက် တစ်ရက်လျှင် စင်ကာပူ ၁၈ ဒေါ်လာ အချိန်ပို ၂ နာရီနှင့် Electricians ရာထူးအတွက် လူသစ်ဖြစ်ပါက စင်ကာပူ ၁၆ ဒေါ်လာနှင့် အချိန်ပိုကြေး၊ အတွေ့အကြုံရှိလုပ်သား ဟောင်းဆိုပါက တစ်ရက်လျှင် စင်ကာပူ ၁၈ ဒေါ်လာမှ ၂၃ ဒေါ်လာဝန်းကျင်နှင့် အချိန်ပိုကြေးပါရရှိနိုင်မည်ဖြစ်သည်။

နှင်းဝသန် စုစည်းသည်

# မြန်မာ့ ပဲမျိုးစုံဈေးကွက်ပိုမို နေရာရရှိရေးနှင့် တန်ဖိုးမြင့် ထုတ်ကုန်ထုတ်လုပ်နိုင်ရေးအတွက် Buhler ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်များ လာရောက်ဆွေးနွေး

မြန်မာ့ပဲမျိုးစုံ ပြည်ပဈေးကွက်မှာ နေရာပိုမိုရရှိရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန် Value Added ထုတ်လုပ်နိုင်ရေး အတွက် Buhler ကုမ္ပဏီမှ ကျွမ်းကျင် ပညာရှင်များက လာရောက်ရှင်းလင်း ဆွေးနွေးပွဲကို အမှတ် (၁၄၁-၁၄၅)၊ တတိယအလွှာ၊ ရိုးမဘဏ်အပေါ်ထပ် United Tower ရှိ Unique Quality Products Trading Co.,Ltd ရုံးခန်းမှာ ဇူလိုင်လ ၂၇ ရက် နေ့လည် (၂း၀၀) တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဆွေးနွေးပွဲမှာ အိန္ဒိယနိုင်ငံ Buhler Bangalore မှ ကျွမ်းကျင် ပညာရှင် Manish Kelkar က ဆန်၊ ပဲမျိုးစုံ၊ နှမ်းနှင့် ဟင်းခတ်အမွှေးအကြိုင်တို့ကို သန့်စင်ကြိတ်ခွဲနိုင်သည့် စက်ယူနစ်များအကြောင်းနှင့် တည်ဆောက်ပြီးသည့် စက်ယူနစ်များနှင့်ပတ်သက်၍ လိုအပ်သည့် အကြံဉာဏ်များပေးခြင်း၊ စက်ယူနစ်များ အဆင့်မြှင့်တင်နိုင်ရေး ပညာပေးဆွေးနွေးခြင်းနှင့် ခေတ်မီစက်သစ် Design မျိုးစုံကို ရှင်းလင်းဆွေးနွေးခဲ့သလို ပြည်တွင်းရှိ ပဲခွဲစက်များနှင့် ပဲကုန်သည်များကလည်း သိလိုသည့် အချက်အလက်များ အားမေးမြန်းခဲ့ရာ Buhler Bangalar မှ ကျွမ်းကျင်ပညာရှင်များနှင့်အတူ Buhler ကုမ္ပဏီမှ Senior Rice Technologist Dr. ရဲအောင်ကလည်း ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး၊ ရန်ကုန်တိုင်းအင်ဂျင်နီယာနှင့် ပြည်တွင်းရှိ စိတ်ပါဝင်စားသည့် ပဲခွဲစက်လုပ်ငန်းပိုင်ရှင်များနှင့် ပဲကုန်သည်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ကျော်ငွေ-ခင်မောင်မောင်အုန်း**

## အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်း



အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို ကူညီပံ့ပိုးပေးနိုင်ရန်အတွက် United Nations Industrial Development Organization (UNIDO) မှ အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကမ်းနားလမ်းရှိ ကုန်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ပါသည်။

အဆိုပါဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန၊ အစားအစာနှင့် ဆေးဝါးကြီးကြပ်စစ်ဆေးရေးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကြံထွက်ပစ္စည်းကုန်သည်များအသင်းနှင့် ထန်းလျက် ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင်များ စုစုပေါင်း ၃၃ ဦးတက်ရောက်ကြပါသည်။

ဆွေးနွေးပွဲတွင် UNIDO မှ ကုန်သွယ်မှုစွမ်းဆောင်ရည်တည်ထောင်မှု ကုန်သွယ်ရေးကျွမ်းကျင်သူ ဒေါ်သင်းထွဋ်သီတာက The Development of National Quality Infrastructure & Export Promotion စာတမ်းပြုစုရေးနှင့်ပတ်သက်၍ ထန်းလျက်တိုးမြှင့်တင်ပို့နိုင်ရေးအကြောင်း ကိုလည်းကောင်း၊ UNIDO မှ Mr.Gerardo Patacconi က အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးနှင့်ပတ်သက်၍ UNIDO Project များအကြောင်း သိကောင်းစရာများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးတင်ပြကြပါသည်။ ထို့နောက်တက်ရောက်လာကြသူများမှ ထန်းလျက်ထုတ်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများ ပြုစုနိုင်ရေးနှင့် အစားအစာအရည်အသွေး စစ်ဆေးစမ်းသပ်မှုများ ဆောင်ရွက်နိုင်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။ ***PTAC-1***

## ထိုင်းနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနဲ့ ပူးပေါင်း၍ စက္ကူစက်ထုတ်လုပ်လိုပါက MRCCI သို့ ဆက်သွယ်နိုင်

ထိုင်းနိုင်ငံနဲ့ မန္တလေးမြို့မှ စီးပွားရေးလုပ်ငန်းရှင်များတွေ့ဆုံ ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က မန္တလေး စွမ်းဟိုတယ်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

အဆိုပါ ဆွေးနွေးပွဲကို ထိုင်းနိုင်ငံမှ Mr. Methee Bavphveng (Director, Office of Commercial Affairs)ပါ လုပ်ငန်းရှင် ၃၃ ဦးနဲ့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလုပ်ငန်းရှင်များအသင်းမှ စီးပွားရေး လုပ်ငန်းရှင်များ တက်ရောက်ခဲ့ပါတယ်။

ဆွေးနွေးပွဲမှာ မန္တလေးတိုင်းဒေသကြီးကုန်သည်များနဲ့ စက်မှုလက်မှု လုပ်ငန်း ရှင်များအသင်း (MRCCI ) ဒုဥက္ကဋ္ဌ ဦးစိုးမြင့်က ပြည်တွင်းကို ပြည်ပမှ စက္ကူများသွင်းပြီး ထုတ်လုပ်လျက်ရှိရာ သွင်းကုန်အစားထိုးနိုင်ဖို့အတွက် စက္ကူစက် တည်ဆောက်ဖို့ ဖိတ်ကြားထားခြင်းဖြစ်ကြောင်း၊ စက္ကူစက်တည်ဆောက်ဖို့ မြေနေရာရှိပါကြောင်း၊ယူကလစ်ပင်များ စိုက်ပျိုးပြီး၊ တည်ဆောက်ထုတ်လုပ်သွားမှာဖြစ်ရာ ဆောင်ရွက်လိုတဲ့စီးပွားရေးလုပ်ငန်းရှင်များမှ MRCCI ကို ဆက် သွယ်နိုင်ပါကြောင်း ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး Mr, Methee Bavphveng က မြန်မာနိုင်ငံရဲ့ ဈေးကွက်စီးပွားရေးနဲ့ ပတ်သက်ပြီးလာရောက် လေ့လာခြင်းဖြစ်ကြောင်းနဲ့ နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ဖို့လာရောက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။ ထို့နောက် ထိုင်းနိုင်ငံမှ ဆန်မုန့်များ၊ နှမ်းမုန့်များ၊ အိတ်များ၊ ရိုးရာထည်များ၊ အလှကုန်များနဲ့ Spa ပစ္စည်းများ စသည်တို့ကို ပြသရောင်းချပြီး၊ ထုတ်ကုန်များနဲ့ ပတ်သက်ပြီး တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရပါတယ်။ **ရှုးရှုး**

## ရောဒီပါ ဆန်စပါးအထူးပြုကုမ္ပဏီမှ ၂၀၁၂ မိုးစပါးရာသီ တောင်သူများကို သွင်းအားစုနဲ့စိုက်ပျိုးစရိတ်များ ပံ့ပိုးပေး

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရောဒီပါဆန်စပါး အထူးပြုကုမ္ပဏီမှ ပုသိမ်မြို့နယ်နဲ့ ကန်ကြီးထောင့် မြို့နယ်ရှိ ဒေသခံတောင်သူများကို မိုးစပါး ရာသီချိန် သွင်းအားစုနဲ့ စိုက်ပျိုး စရိတ်များ နှစ်စဉ်ပံ့ပိုးပေးခဲ့ပြီး၊ ၂၀၁၁ ခုနှစ် မိုးစပါးရာသီမှာ ကျပ်သိန်းပေါင်း ၂၀၀၀ ကျော်နဲ့ နွေစပါးရာသီမှာ ကျပ်သိန်းပေါင်း ၃၀၀၀ ကျော်ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ မိုးစပါးပံ့ပိုးငွေများကိုလည်း တောင်သူများမှ ရာနှုန်းပြည့် ပြန်လည်ပေးဆပ်နိုင်ခဲ့ကြောင်းသိရပါတယ်။

ယခင်နှစ်နွေစပါးရာသီ စပါးဈေးနှုန်း မကောင်းတဲ့အတွက် တောင်သူများ အခက်အခဲရှိပြီး၊ ကုမ္ပဏီသို့ ပံ့ပိုးငွေများ ပြန်လည်ပေးဆပ်ရာ ကြွေးကျန် ၃၀ ရာခိုင်နှုန်းရှိသော်လည်း မိမိတို့မှာ တောင်သူများရဲ့ လိုအပ်တဲ့ သွင်းအားစုနဲ့ စိုက်ပျိုးစရိတ်များကို မိုးစပါး ရာသီချိန်ဆက်လက်ပံ့ပိုးပေးမှာ ဖြစ်ကြောင်း၊ မိမိတို့နဲ့ဆက်စပ်နေတဲ့ တောင်သူများကို ပံ့ပိုးပေးရာမှာ ကုမ္ပဏီခေတ်မှာမဟုတ်ဘဲ ယခင်ကတည်းက ပံ့ပိုးမှုများပြုလုပ်ပေးခဲ့ကြောင်း အုပ်ချုပ်မှု ဒါရိုက်တာ ဦးမောင်မောင်ဇော်ကပြောကြားပါတယ်။

ယခုနှစ် ၂၀၁၂ မိုးစပါးရာသီ ချိန်မှာ ပုသိမ်မြို့နဲ့ ကန်ကြီးထောင့်မြို့နယ်ရှိ ကျေးရွာ ၅၆ ရွာ၊ တောင်သူဦးရေ ၁၈၃ ဦး၊ စိုက်ဧက ၂၇၆၀ အတွက် ဆင်းသွယ်လတ်၊ ပေါ်ဆန်း ရင်မျိုး စပါးတင်း ၂၄၇ တင်း၊ ဓာတ်မြေဩဇာ ၅၁၁၄ အိတ်နဲ့ စိုက်ပျိုးစရိတ်များ အတွက် စုစုပေါင်းပံ့ပိုးငွေမှာ ကျပ်သိန်းပေါင်း ၁၁၅၆ သိန်းကျော်ကို ရောဒီပါ ဆန်စပါးအထူးပြုကုမ္ပဏီက ပံ့ပိုးပေးခဲ့ကြောင်းသိရပါတယ်။ **မင်းမင်းဦး**

## အိမ်မဲရောအထူးပြုကုမ္ပဏီမှ ၂၀၁၂-၂၀၁၃ မိုးစပါး စိုက်စရိတ် ပံ့ပိုး

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်အိမ်မဲမြို့နယ် တွင် ၂၀၁၂-၂၀၁၃ ခုနှစ်(မိုးစပါး)တောင်သူများသို့ စိုက်ပျိုးစရိတ်နှင့်မျိုးသွင်းအားစုများအား အိမ်မဲရောအထူးပြု ကုမ္ပဏီမှ ပံ့ပိုးမှုများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၂ရက်အထိ ကျေးရွာ (၂၈)အုပ်စု၊ တောင်သူ (၅၆၈) ဦး၊ ဧက ၇၉၄၀ အတွက် တစ်ဧကလျှင် ၃၀၀၀၀ိ/-နှုန်းဖြင့် ကွန်ပေါင်း မြေဩဇာ ၁၀၃၂အိတ်၊ ညီမျှငွေ ၃၀၉ ဒသမ ၆၀ကျပ်သိန်း၊ ပုလဲဓါတ် မြေဩဇာ အိတ် ၁၉၇၆ အိတ် ညီမျှငွေ ၃၂၆ ဒသမ ၀၄ ကျပ်သိန်း၊ မျိုးစေ့ ၅၅ အိတ်၊ ညီမျှငွေ ၁၄ ဒသမ ၅၂ ကျပ်သိန်း၊ ငွေသား အဖြစ် ၁၇၄၆ ဒသမ ၃၆ ကျပ်သိန်း စုစုပေါင်း ၂၃၉၆ ဒသမ ၅၂ ကျပ်သိန်းထုတ်ပေးပြီးကြောင်း သိရပါတယ်။ **ထွေးသိမ်း**

## စာ - ၃ မှ အဆက်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးမှ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ကုန်သွယ်မှုဖြင့် (Developement through trade) ဖြည့်ဆည်းနိုင်ဖို့အတွက် ကုန်သွယ်မှုမြှင့်တင်ရေး အထူးဦးစားပေး လုပ်ဆောင်နေပြီဖြစ်ပါကြောင်း၊ ကုန်သွယ်မှုမြှင့်တင်ရေးမှာ အထိရောက်ဆုံး နည်းလမ်းတစ်ရပ်ဖြစ်တဲ့ ကုန်သွယ်မှုနဲ့ဆိုင်တဲ့လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး (HRD) ဖြစ်ပြီး ကုန်သွယ်မှု သင်တန်းကျောင်းကို ၂၀၁၂ ခုနှစ် ဧပြီ ၃ ရက်မှာစတင်ဖွင့်လှစ်ခဲ့ပြီးအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုအခြေခံသင်တန်း အမှတ်(၁)ကို သင်တန်းသား (၈၆)ဦးနှင့် စတင်ဖွင့်လှစ်ခဲ့ပါကြောင်း၊ ကုန်သွယ်မှုနဲ့ သက်ဆိုင်တဲ့ လုပ်ထုံးလုပ်နည်းများအပြင် စီးပွားရေးနှင့်ဆိုင်တဲ့သီအိုရီသဘောတရားများ၊နိုင်ငံတကာအတွေ့အကြုံများ အခြေခံပြီး၊သီအိုရီနဲ့ လက်တွေ့ပေါင်းစပ်ပြီး (၄) လတာပို့ချပေးခဲ့ပါကြောင်း။

ယနေ့ကမ္ဘာမှာ Globilization အရှိန်အဟုန်မြင့်တက်လာသလို နိုင်ငံတိုင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေဖို့ အပြင်ကိုရှုမျှော်တဲ့ (Outward Looking Policy)၊ စီးပွားရေးပေါ်လစီ ကျင့်သုံးတာဖြစ်တဲ့အတွက် ကမ္ဘာ့ဈေး ကွက်ဟာ ပြိုင်ဆိုင်မှုအလွန်များကြောင်း၊ တစ်ဖက်မှာလည်း မကြာခင် AFTA နှင့် AEC ရင်ဆိုင်ကြုံတွေ့ရတော့မှာဖြစ်တဲ့ လုပ်ငန်းရှင်များအတွက်စွမ်းဆောင်ရည်မြင့်မားအောင် လုပ်ဆောင်ရေး (capacity building) ကိုအထူးဦးစားပေးဆောင်ရွက်ရန်လိုပါကြောင်း။

ပို့ကုန်မြှင့်တင်ရေးနဲ့ ဈေးကွက်ချဲ့ထွင်ရေးမှာ မရှိမဖြစ် အလိုအပ်ဆုံးကတော့ အရည်အသွေးမီတဲ့ကုန်ပစ္စည်း များ ထုတ်လုပ်တင်ပို့နိုင်ရေး အထူးလိုအပ်နေပြီးနိုင်ငံတကာစံချိန်စံညွှန်း၊လုပ်ငန်းရှင်တိုင်း လိုက်နာကျင့်သုံးရ မယ့် စီးပွားရေးကျင့်ဝတ်များ(Business ethics)၊ ကုန်သွယ်မှုမှာ အရေးပါတဲ့ (risk management) လုံခြုံစိတ်ချရတဲ့ sale contract မကြာခင် ကြုံတွေ့ရတော့မယ့် AFTA နှင့် AEC အကြောင်း စတာတွေသင်ကြားပို့ချပြီး ဖြစ်ပါကြောင်း၊ ဒီနေ့သင်တန်းကိုပြီးမြောက်အောင်မြင်သင်ကြားခဲ့တဲ့သူများ ကုန်သွယ်မှုနဲ့ပတ်သက်တဲ့အသိပညာများ၊ အတိုင်းအတာတစ်ခုအထိ တတ်ကျွမ်းပြီးပြီလို့ ယုံကြည်ပါကြောင်း၊ ဒီအသိပညာ ပြန့်ပွားစေဖို့နဲ့၊ ကုန်သွယ်မှု မြှင့်တင်နိုင်အောင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးစေလိုပါကြောင်း၊

ကုန်သွယ်မှု စဉ်ဆက်မပြတ် တိုးတက်ရေးကို မျှော်မှန်းပြီး လူ့စွမ်းအားအရင်းအမြစ်ပြုစုပျိုးထောင်ရေးကို ဝန်ကြီးဌာနအနေနဲ့ ဆက်လက် အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပြီး ကုန်သွယ်မှုဆိုင်ရာ အခြေခံသင်တန်း အပြင် အဆင့်မြှင့်သင်တန်းကို မကြာမီ တိုးချဲ့ ဖွင့်လှစ်သွားမှာဖြစ်ပါကြောင်း စသည့်ဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်မှ သင်တန်းဆင်း လက်မှတ်များကို သင်တန်းသား/သူများအား ပေးအပ်ချီးမြှင့်ပြီး သင်တန်းသူတစ်ဦးဖြစ်သူ ဒေါ်စုစုရင်မှ ကျေးဇူးတင်စကားပြန်လည် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ သင်တန်းသား/ သင်တန်းသူ (၈၆) ဦးတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တပတ်(၁၆)ပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ယခုအခါ ပြည်သူများကိုယ်တိုင် ပါဝင်ဆွေးနွေးပြီး၊ ပြည်သူ့ဆန္ဒ လက်တွေ့ဘဝနှင့် ကိုက်ညီသည့်လုပ်ငန်းစဉ်များ ချမှတ်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများက ဒေသအနှံ့ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများ ကျင်းပလျက်ရှိပါသည်။ အဆိုပါဆွေးနွေးပွဲများမှ ဖော်ထုတ်ရရှိသော ရလဒ်များနှင့် ပတ်သက်၍ ကောမတ်စ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြသွားမည်ဖြစ်ပါသည်။**

## ရန်ကုန်တိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍနှင့်မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲရလဒ်များ

၂၉-၇-၂၀၁၂ (တနင်္ဂနွေနေ့)
တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးညီလာခံဆောင်

| စဉ် | ဆွေးနွေးပွဲရလဒ်များ |
|---|---|
| | **စိုက်ပျိုးရေးဦးစီးဌာန** |
| ၁။ | ပုလဲသွယ်အထူးအထွက်တိုးစပ်မျိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးစနစ်များနှင့်အညီ စိုက်ပျိုးရန်၊ |
| ၂။ | စိုက်ပျိုးစရိတ် အရင်းအနှီးလုံလောက်စွာရရှိရန်နှင့် ဈေးနှုန်းအာမခံချက်ရရှိရန်အတွက် သက်ဆိုင်ရာဌာနများနှင့် လုပ်ငန်းရှင်များ၊ အထူးပြုကုမ္ပဏီများမှ စ၊ လယ်၊ ဆုံး ကူညီဆောင်ရွက်ပေးရန်။ |
| ၃။ | အထွက်နှုန်းကောင်းပြီး ဈေးကောင်းရရှိနိုင်သော ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါးများကို စိုက်ဧကတိုးချဲ့ရေးနှင့် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် နမူနာပြပညာပေးစိုက်ခင်းများ ပီပီပြင်ပြင် စိုက်ပျိုးပြသရန်။ |
| ၄။ | အထူးအထွက်တိုး စံနမူနာပြစိုက်ခင်းများ ထူထောင်ပြသရာတွင် အထူးပြုကုမ္ပဏီများ ပူးပေါင်းကူညီပြသရန်။ |
| ၅။ | ပုလဲသွယ်စပ်မျိုးစပါးနှင့် အထူးအထွက်တိုးမျိုးကောင်းမျိုးသန့်များ တိုးချဲ့စိုက်ပျိုးနိုင်ရန် လုပ်ငန်းရှင်များက မျိုးစေ့ထုတ်ကုမ္ပဏီများ ထူထောင်ကြရန်။ |
| ၆။ | ပုလဲသွယ်စပ်မျိုးစပါး ခိုင်မာသော ဈေးကွက်ရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ပြီး လယ်သမားများ၏ အခက်အခဲများကို ကူညီပံ့ပိုးပေးရန်။ |
| ၇။ | လယ်သမားများ ခေတ်မီလယ်ယာသုံး စက်ကိရိယာများ ပိုမိုတိုးတက် သုံးစွဲလာခြင်းအားဖြင့် အလေအလွင့်နည်းပါးပြီး ဝင်ငွေတိုးတက်ရရှိရေးအတွက် ဝန်ကြီးဌာနများနှင့် လုပ်ငန်းရှင်များက ပိုမိုအားစိုက်ကူညီရန်။ |
| ၈။ | စပါးမျိုးကွဲများ လျှော့ချရေးအတွက် ဒေသအလိုက်သင့်တော်သော မျိုးကွဲများ ရွေးချယ်စုစည်း စိုက်ပျိုးရန်။ |
| ၉။ | စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများ ကွင်းဆင်းပညာပေးပြီး စံပြစိုက်ကွက်များ မြို့နယ်တိုင်းတွင် ဆောင်ရွက်ရန်။ |
| ၁၀။ | မျိုးကောင်းမျိုးသန့်များ သုံးစွဲရေးနှင့် နည်းပညာလိုအပ်ချက်များအား ဝန်ထမ်းများမှ ကွင်းဆင်း ပညာပေးရန်။ |
| ၁၁။ | မြို့နယ်အလိုက် စိုက်ပျိုးရေးထုတ်ကုန်များ တန်ဖိုးမြှင့်ရရှိရေးအတွက် လုပ်ငန်းရှင်များက စိုက်ပျိုးရေးအခြေခံ စက်ရုံများ ထူထောင်ကြရန်။ |
| ၁၂။ | ရေစီးရေလာကောင်းမွန်ရေးနှင့် ရေကြီးနစ်မြုပ်မှုကာကွယ်ရေးအတွက် ချောင်းကော မြောင်းကောများ ပြန်လည်တူးဖော်နိုင်ရေး ကွင်းဆင်းစိစစ်ကူညီပေးရန်။ |
| ၁၃။ | ဆည်မြောင်း လက်တန်များတွင် မြောင်းရင်းမြောင်းဖျားအလိုက် လယ်သမားများ ရေကိုမျှတစွာ ရရှိသုံးစွဲနိုင်စေရန်အတွက် သီးနှံပုံစံများ ညှိနှိုင်းဆွေးနွေးပြီး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များ ကွင်းဆင်းကူညီပေးရန်။ |
| ၁၄။ | ရေငန်တားတမံနှင့် ရေတံခါးများပြုပြင်နိုင်ရေး ရန်ပုံငွေရရှိမှု အပေါ် မူတည်ဆောင်ရွက်ပေးရန်။ |
| | **မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်** |
| ၁၅။ | စိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးနိုင်ရေးအတွက် နိုင်ငံတော်မှ ဆက်လက်စီမံပေးသွားမည်ဖြစ်ပြီး လယ်သမားများအနေဖြင့် သတ်မှတ်ကာလအတွင်း တာဝန်ကျေစွာ ပြန်လည်ပေးဆပ်ရန်။ |
| ၁၆။ | လယ်ယာသုံးစက်ကိရိယာများ ဝယ်ယူနိုင်ရေးအတွက် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေများကို သက်သာသော အတိုးနှုန်းဖြင့်ချေးပေးပြီး အရစ်ကျပြန်လည်ပေးဆပ်ရန်။ |
| | **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန** |
| ၁၇။ | မွေးမြူရေးချေးငွေကို အသင်းအဖွဲ့ ဖွဲ့စည်းပြီးနောက် သ/မမှ ချေးပေးရန်။ |
| ၁၈။ | နို့စားနွားမွေးမြူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက် ပေးရန်။ |
| ၁၉။ | မွေးမြူရေးအစာဈေးနှုန်းသက်သာစွာရရှိရေး ပံ့ပိုးဆောင်ရွက်ပေးရန်။ |
| ၂၀။ | အသားပြုပြင်ထုတ်လုပ်ရေးစက်ရုံနှင့် အအေးခန်းစက်ရုံများ တည်ထောင်ပေးခြင်းဖြင့် အသားဈေးနှုန်းတည်ငြိမ်ရေး ပံ့ပိုးဆောင်ရွက်ပေးရန်။ |
| ၂၁။ | လိုင်စင်ကိစ္စ ညှိနှိုင်းဆောင်ရွက်ပေးရန်၊ ပြည်ပချေးငွေများရရှိပါက မွေးမြူရေးဌာနအတွက်လည်း စဉ်းစားဆောင်ရွက် ပေးရန်။ |
| | **ငါးလုပ်ငန်းဦးစီးဌာန** |
| ၂၂။ | မြေပဲနှင့် နှမ်းများ အစေ့အဆန်အတိုင်း ပြည်ပတင်ပို့ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းသုံး ပဲဖတ်၊ နှမ်းဖတ်များရှားပါး၍ ဈေးနှုန်းကြီးမြင့်မှုဖြင့် ရင်ဆိုင်ရသဖြင့် စိုက်ပျိုးရေးစသည့် စီမံကိန်းများ မူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မွေးမြူရေးလုပ်ငန်းများအပေါ် အကျိုးသက်ရောက်နိုင်မှုများကို ထည့်သွင်းစဉ်းစား သုံးသပ်ဆောင်ရွက်ပေးရန်။ |
| ၂၃။ | ငါးမွေးမြူရေးလုပ်ငန်းများ အခက်အခဲ ကြုံတွေ့နေရသဖြင့် ပြန်လည်နာလန်ထူနိုင်ရေးအတွက် ငွေကြေးအရင်းအနှီးရရှိရေး ကူညီပံ့ပိုးပေးပါရန်။ |
| ၂၄။ | ငါးမွေးမြူရေး ကုန်ထုတ်သမဝါယမအသင်းများ အတိတ်ကာလက အောင်မြင်မှုရရှိခဲ့သော အတွေ့အကြုံများရှိခဲ့သဖြင့် ဖမ်းဆီးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် သမဝါယမ စနစ်ဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ရေး ကူညီပေးရန်။ |
| ၂၅။ | ရေချိုငါးမွေးမြူရာတွင် ငါးမြစ်ချင်းတစ်မျိုးတည်းသာ အားထား မွေးမြူခြင်းအစား ပြည်တွင်းပြည်ပဈေးကွက်၏ အခြား ငါး၊ ပုစွန်မျိုးစိတ်များ တိုးချဲ့မွေးမြူနိုင်ရေးစီမံပေးရန်။ |
| ၂၆။ | ဖွဲနုရှားပါးဈေးကြီးမှုနှင့် ကြုံတွေ့နေရပြီး ယခုနှစ်တွင် စပါးစိုက်ပျိုးမှု တစ်လခန့်နောက်ကျနိုင်သဖြင့် ဖွဲနုရှားပါးဈေးကြီး မြင့်နိုင်မှုအတွက် အခက်အခဲမရှိစေရေး ကြိုတင်စီမံထားရန်။ |
| ၂၇။ | ရေချိုသယံဇာတ ရေရှည်တည်တန့်ရေးအတွက် အင်းများ အား အမှန်တကယ်လုပ်ကိုင်သူနှင့် အစုအဖွဲ့များသို့ နှစ်ရှည်ခွင့်ပြုပေးသည့် အစီအစဉ်ဆောင်ရွက်သွားရန်။ |
| | **စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန** |
| ၂၈။ | စိုက်ပျိုးသူတောင်သူများ ရိတ်သိမ်းချိန်လွန်နည်းပညာများကို သိရှိဆောင်ရွက်နိုင်ရေး ပညာပေး စည်းရုံးဆောင်ရွက်သွားရန်။ |
| ၂၉။ | ပြည်ပသို့ ဆန်တင်ပို့ရာတွင် ဈေးကွက်မှလိုအပ်သော အရည်အသွေးကောင်း တန်းမြင့်ဆန်များ ထုတ်လုပ်တင်ပို့နိုင်ရေး အတွက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ အထူးပြုကုမ္ပဏီများ၊ ဆန်ပြည်ပတင်ပို့သူ Exporter များ၊ ဆန်စက်ပိုင်ရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင် ရွက်သွားရန်။ |
| ၃၀။ | ဆန်စပါးနှင့် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ရရှိစေရန်အတွက် မြန်မာနိုင်ငံဆန်စပါး လုပ်ငန်းအသင်း၊ မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း အပါအဝင် သက်ဆိုင်ရာ အသင်းများ၊ Exporter များ၊ ကုန်သည်များနှင့် ပူးပေါင်း၍ ဈေးကွက်အလားအလာရှိသည့် ပြည်ပနိုင်ငံများသို့သွားရောက် ဈေးကွက်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားရန်။ |
| ၃၁။ | တန်းမြင့်ဆန်များကြိတ်ခွဲနိုင်သည့် ခေတ်မီဆန်စက်များ တိုးတက်တည်ဆောက်နိုင်ရေးကို ဆန်စက်ပိုင်ရှင်များ၊ Exporter များနှင့် မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းတို့နှင့် ညှိနှိုင်းဆောင်ရွက်သွားရန်။ |
| ၃၂။ | ဆန်ကြိတ်ခွဲရာတွင် ခေတ်မီဆန်စက်အစိတ်အပိုင်းများ ကိုင်တွယ်ထိန်းသိမ်းတတ်စေရန်နှင့် ရသင့်ရထိုက်သော ဆန်အောက်တန်းများ ရရှိစေရန်အတွက် မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်း၊ ဆန်စက်ပိုင်ရှင်များ၊ ဆန်ကုန်သည်များနှင့် ပူးပေါင်း၍ ကြိတ်ခွဲရေးသင်တန်းများ ဖွင့်လှစ်လျက် လေ့ကျင့် ပညာပေးဆောင်ရွက်သွားရန်။ |
| ၃၃။ | အရန်ဆန်ဝယ်ယူရေးကို နိုင်ငံတော်အကြီးအကဲများသို့ တင်ပြ၍ စပါးပေါ်ချိန်တွင် တောင်သူလယ်သမားများထံမှ တိုက်ရိုက်အချိန်မီ ဝယ်ယူနိုင်ရေးဆောင်ရွက်သွားရန်နှင့် အရန်ဆန်ဝယ်ယူနေကြောင်း တောင်သူများအား အချိန်မီသိရှိစေရန် အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်များမှ တစ်ဆင့် အသိပေးခြင်း၊ မီဒီယာများမှတစ်ဆင့် အသိပေးခြင်း စသည့် ပွင့်လင်းမြင်သာသော နည်းလမ်းများဖြင့် ဆောင်ရွက်သွားရန်။ |

## ပဲခူးတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ရလဒ်များ

၂၈-၇-၂၀၁၂ (စနေနေ့)
မြို့တော်ခန်းမ၊ ပဲခူးမြို့

| စဉ် | ဆွေးနွေးပွဲရလဒ်များ |
|---|---|
| | **စိုက်ပျိုးရေးဦးစီးဌာန** |
| ၁။ | မျိုးကောင်းမျိုးသန့်ရရှိရေးအတွက် တစ်ဧကတင်း (၁၅၀) အထက်ထွက်ရှိနိုင်သော ပုလဲသွယ်စပ်မျိုးများကို တိုးချဲ့စိုက်ပျိုးရန် ပုဂ္ဂလိကမျိုးစေ့ထုတ်ကုမ္ပဏီများ ပေါ်ပေါက်ရေး အားပေးဆောင်ရွက်ရန်၊ ပုလဲသွယ်စပ်မျိုး ရရှိရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်။ |
| ၂။ | ဓာတ်မြေသြဇာများ အရည်အသွေးမှန်ကန်ရေး စစ်ဆေးရန်၊ စိုက်ပျိုးရေးဦးစီးဌာန (မြေအသုံးချရေးဌာန)သို့ နမူနာပေးပို့၍ စစ်ဆေးရန်။ |
| ၃။ | ဝန်ထမ်းအင်အားဖြည့်တင်းရေးနှင့်ပတ်သက်၍ ကျွမ်းကျင်သော ဝန်ထမ်းများရရှိရန်လေ့ကျင့်၍ တိုးမြှင့်ခန့်ထားရန်။ |
| ၄။ | ပုလဲသွယ်စပါး ဈေးကွက်ရရှိရေး စီးပွား/ကူးသန်း ဝန်ကြီးဌာနနှင့် ပေါင်းစပ်ဆောင်ရွက်ပေးရန်။ |
| ၅။ | စိုက်ပျိုးရေးနည်းပညာများနှင့်ပတ်သက်၍ အခက်အခဲများရှိပါက တိုင်း/ခရိုင်/မြို့နယ်အဆင့်ဆင့်သို့ ဆက်သွယ်အကူအညီ တောင်းခံရန်။ |
| ၆။ | စပါးမျိုးကွဲများနေမှုအပေါ် မျိုးတူရာစုပြီး မျိုးကွဲလျှော့ချစိုက်ပျိုးရန်။ |
| ၇။ | ပိုးသတ်ဆေးအန္တရာယ်ကင်းစွာ သုံးစွဲရေး ပညာပေးဆောင်ရွက်ရန်။ |
| | **ဆည်မြောင်းဦးစီးဌာန** |
| ၈။ | မြို့နယ်များတွင် ရေစီးရေလာကောင်းမွန်ရေး၊ ရေနုတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းကို ဆည်မြောင်းဦးစီးဌာနမှ ကူညီဆောင်ရွက်ရန်။ |
| ၉။ | ဆည်မြောင်း လက်တံတစ်လျှောက် လယ်သမားများ ရေကိုမျှတစွာ သုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာ စိုက်/ညှိအဖွဲ့များ ပူးပေါင်းကူညီဆောင်ရွက်ရန်။ |
| ၁၀။ | ဆည်မြောင်းရန်ပုံငွေအရ ဆည်နှင့် မြောင်းလက်တံများ ဆောင်ရွက်ပေးရန်။ |
| | **မွေးမြူရေးနှင့် ရေလုပ်ငန်းဦးစီးဌာန** |
| ၁၁။ | တိုင်းရင်းငါးမျိုးများ ပြန့်ပွားရေး ပဲခူးတိုင်းအစိုးရအဖွဲ့၊ တိုင်းငါးဦးစီးအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ရန်။ |
| ၁၂။ | မွေးမြူရေးသမား (၅) ဦးအထက်ပူးပေါင်း၍ သမစနစ်ဖြင့် ငွေချေးပေးရေး စီစဉ်ဆောင်ရွက်ရန်။ |
| ၁၃။ | တစ်ပိုင်တစ်နိုင်မွေးမြူရေးများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေရန် ဆောင်ရွက်ရန်။ |
| ၁၄။ | အင်းများပြုပြင်ရန် စက်ယန္တရားများ ညှိနှိုင်းဆက်စပ်၍ ဆောင်ရွက်ပေးရန်။ |
| ၁၅။ | မွေးမြူရေးလုပ်ငန်းအဖွဲ့များဖွဲ့၍ ကျေးရွာအရောက် နည်းပညာပြန့်ပွားရေးဆောင်ရွက်သွားရန်။ |
| ၁၆။ | မွေးမြူရေးနှင့် ရေလုပ်ငန်းအတွက် သီးခြားအလုပ်ရုံဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်ရန်။ |
| ၁၇။ | မွေးမြူရေးကဏ္ဍ၊ သ/မကဏ္ဍ၊ သားငါးကဏ္ဍအတွက် ချေးငွေရရှိနိုင်ရန် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ထောက်ခံချက်နှင့် ညှိနှိုင်းဆောင်ရွက်ရန်။ |
| ၁၈။ | ကျန်းကုန်းရွာ ကြက်မွေးမြူရေးကိစ္စ ပြီးပြတ်အောင် ဆောင် ရွက်သွားရန်။ |
| | **စီးပွား/ကူးသန်းဝန်ကြီးဌာန** |
| ၁၉။ | စားသုံးကုန် ထုတ်လုပ်ရေး ပြည်ပနိုင်ငံနှင့်ဆက်သွယ်၍ ဆောင်ရွက်သွားရန်။ |
| ၂၀။ | ခိုင်မာသော ဈေးကွက်များရရှိရေး အာဏာပိုင်အဖွဲ့များ၊ အထူးပြုကုမ္ပဏီများ၊ လုပ်ငန်းရှင်များ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်။ |

*စာမျက်နှာ ၂၁ သို့*

# ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍတွင် အရေးပါသည့် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်မည်

ဝင်းသန်းကျော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအနေနှင့် အစိုးရသစ်တက်ပြီး တစ်နှစ်ကျော်ကြာကာလတွင် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရာ ပြည်ပနိုင်ငံများမှ ကိုယ်စားလှယ်များလာရောက်၍ ရင်းနှီးမြှုပ်နှံမှုများနှင့် ကုန်သွယ်မှုမြှင့်တင်ရေးကိစ္စရပ်များအတွက် စဉ်ဆက်မပြတ် ဆက်သွယ်ဆောင်ရွက်လျက်ရှိပါသည်။

ကုန်သွယ်မှုမြှင့်တင်ရေးကဏ္ဍတွင် အရေးပါသည့် ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်းများအတွက် လိုက်နာဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြခဲ့ရာ အဆိုပါလုပ်ထုံးလုပ်နည်းအရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကိုဖွဲ့စည်း၍ ကုန်စည်ပြပွဲကျင်းပခွင့်ဆိုင်ရာ မူဝါဒလုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသော ကုန်စည်ပြပွဲများကို ခွင့်ပြုချက်များထုတ်ပေးသွားမည်ဖြစ်ရာ **ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ**ကို အောက်ပါအတိုင်းဖွဲ့စည်းလိုက်ကြောင်း သိရှိရပါသည်-

(က) ဒုတိယဝန်ကြီး, စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ညွှန်ကြားရေးမှူးချုပ်, ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန — ဒုတိယဥက္ကဋ္ဌ

(ဂ) ညွှန်ကြားရေးမှူးချုပ်, နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဃ) ဦးဆောင်ညွှန်ကြားရေးမှူး, မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး — အဖွဲ့ဝင်

(င) ဒုတိယရုံးအဖွဲ့မှူး ပြည်ထောင်စုဝန်ကြီးရုံး — အဖွဲ့ဝင်

(စ) ညွှန်ကြားရေးမှူး, ကုန်သွယ်မှုမူဝါဒဥပဒေလုပ်ထုံးလုပ်နည်းများဆိုင်ရာ စိစစ်ဆောင်ရွက်ရေးဌာနခွဲ — အဖွဲ့ဝင်

(ဆ) ညွှန်ကြားရေးမှူး, ကုန်သွယ်မှုမူဝါဒနှင့် လုပ်ထုံးလုပ်နည်းများ လေ့လာသုံးသပ်စိစစ်ရေးဌာနခွဲ၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ညွှန်ကြားရေးမှူး၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမြှင့်တင်ရေးဌာနခွဲ၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန — တွဲဖက်အတွင်းရေးမှူး

(ဈ) ဒုတိယညွှန်ကြားရေးမှူးချုပ်, ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန — အတွင်းရေးမှူး

ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သိရှိရပါသည်-

(က) ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ လွယ်ကူချောမွေ့စွာကျင်းပနိုင်ရေး စနစ်တကျကြီးကြပ်ကွပ်ကဲရန်၊

(ခ) ဖြစ်ပေါ်ပြောင်းလဲနေသော အခြေအနေများနှင့် လိုက်လျောညီထွေ ကျင့်သုံးနိုင်မည့် ကုန်စည်ပြပွဲဆိုင်ရာ မူဝါဒ၊ လုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများ ရေးဆွဲပြုစုခြင်း၊ အတည်ပြုချက်ရယူခြင်း၊ ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ရန်။

(ဂ) ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပခွင့်ပြုရန် တင်ပြလာခြင်းများအား လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ခွင့်ပြုပေးရန်။

(ဃ) ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသမည့် ကုန်ပစ္စည်းများ တင်ပို့/တင်သွင်းခြင်းနှင့် ယင်းပစ္စည်းများရောင်းချခြင်း၊ လှူဒါန်းခြင်း၊ အခမဲ့ဖြန့်ဝေခြင်း၊ စွန့်ပစ်ခြင်းစသည်တို့ကို သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးရန်။

(င) ပြည်ပနိုင်ငံအစိုးရ (သို့မဟုတ်) အဖွဲ့အစည်းများမှ စရိတ်ကျခံဖိတ်ကြားသော ပြပွဲများ၊ နိုင်ငံတော်အစိုးရ ကုန်ကျစရိတ်ဖြင့် သွားရောက်ပြသမည့်ပြပွဲများနှင့်ပတ်သက်၍ ကိုယ်စားလှယ်အဖွဲ့ ရွေးချယ်ခြင်းအတွက် စိစစ်အတည်ပြုပေးရန်။

(စ) ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပရာတွင် အခမ်းအနား ပြင်ဆင်ခြင်း၊ ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားများကျင်းပခြင်း၊ ကုန်ပစ္စည်းများခင်းကျင်းပြသခြင်းများ စနစ်တကျရှိစေရေး ကြီးကြပ်လမ်းညွှန်မှုပြုရန်။

(ဆ) ပြည်တွင်း/ပြည်ပ ကုန်စည်ပြပွဲများ ကျင်းပရာတွင် ဆက်စပ်ကျင်းပသည့်ဆွေးနွေးပွဲများ၊ စီးပွားရေးတွေ့ဆုံညှိနှိုင်းပွဲများ၊ စာချုပ်လက်မှတ်ရေးထိုးပွဲများ ကျင်းပခွင့်ကို စိစစ်ခွင့်ပြုပေးရန်နှင့် စနစ်တကျ ဆောင်ရွက်နိုင်ရေး ကြီးကြပ်လမ်းညွှန်မှုပေးရန်။

(ဇ) ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ပြည်တွင်းကုန်စည်ပြပွဲများဆောင်ရွက်ရန်ရှိပါက ပြည်နယ်၊တိုင်းဒေသကြီး အစိုးရအဖွဲ့အစီအစဉ်ဖြင့် ခွင့်ပြုပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးရန်။

(ဈ) ကုန်စည်ပြပွဲကျင်းပရန် တာဝန်ခံဆောင်ရွက်မည့် ဝန်ဆောင်မှု ကုမ္ပဏီ (Service Provider) များ၏ အရည်အချင်းသတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်ရန်။

(ည) ကုန်စည်ပြပွဲဆိုင်ရာ အသိပညာပေး လုပ်ငန်းများ၊ သတင်းအချက်အလက်ဖြန့်ဝေရေး လုပ်ငန်းများ၊ ကုန်စည်ပြပွဲစီမံခန့်ခွဲမှု အရည်အသွေးမြှင့်တင်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေးကြီးကြပ်ဆောင်ရွက်ရန်။

(ဋ) မြန်မာနိုင်ငံအတွင်း သင့်တော်သော မြို့ကြီးများတွင် နိုင်ငံတကာအဆင့်မီကုန်စည်ပြပွဲခန်းမကြီးများ ပေါ်ထွန်းလာရေး အားပေးဆောင်ရွက်ရန်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ပြည်နယ်/တိုင်းဒေသကြီးများရှိ မြို့ကြီးများတွင် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ကုန်စည်ပြပွဲများနှင့်အတူ ကားပြပွဲများကျင်းပလျက်ရှိရာ ပြပွဲတာဝန်ခံကျင်းပသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေနှင့် သတင်းစာနှင့် ဂျာနယ်မီဒီယာအသီးသီးတို့တွင် ကြော်ငြာထည့်သွင်းဖော်ပြကြရာ၌ သက်ဆိုင်ရာဝန်ကြီးဌာနများမှ သတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီမှုမရှိဘဲ မိမိတို့ကုန်စည်ပြပွဲကျင်းပမည့် ကိစ္စအတွက် အများပြည်သူစိတ်ဝင်စားအောင် ချဲ့ကားဖော်ပြမှုများရှိသည်ကို တွေ့ရှိနေရပါသည်။

သို့ဖြစ်ပါ၍ နောင်တွင် မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းကိစ္စနှင့်ပတ်သက်၍ စနစ်တကျ အောင်မြင်စွာဆောင်ရွက်နိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီနှင့် ဆက်သွယ်၍ လိုအပ်သောအကူအညီများ တောင်းခံရယူနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

စာမျက်နှာ ၂၀ မှ အဆက်

| စဉ် | ဆွေးနွေးပွဲရလဒ်များ |
|---|---|
| ၂၁။ | အရန်ဆန်ဝယ်ယူရန် သက်ဆိုင်ရာမီဒီယာမှတစ်ဆင့် ကြေညာပေးရန်။ |
| ၂၂။ | ဘဏ္ဍာရေး၊ ငွေကြေးလိုအပ်ချက်အတွက် ပြည်တွင်း ပြည်ပဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ရန်။ |
| ၂၃။ | ပုလဲသွယ်ဈေးကွက်ကို ထုတ်လုပ်မှုများလာပါက သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဈေးကွက်ရရှိရေးညှိနှိုင်းဆောင်ရွက်ရန်။ |
| ၂၄။ | ခေတ်မီဆန်စက်၊ Sataki စက်များ ပြောင်းလဲတည်ထောင်နိုင်ရေး ပံ့ပိုးကူညီရန်။ |
| ၂၅။ | ဆန်စက်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုရှိစေရန် ဆန်စက်ပိုင်ရှင်များမှ စက်ကိုင်သင်တန်းလေ့ကျင့်ပညာပေး ဆောင်ရွက်ထားရန်။ |
| | **ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့** |
| ၂၆။ | နွေရာသီ ရေငန်ဝင်ရောက်မှုကာကွယ်ရန် ရေငန်တား တာတမံများ ဆောင်ရွက်ပေးရန်။ |
| ၂၇။ | ချောင်းကောများ တူးဖော်ခြင်းကို ဆောင်ရွက်ရန်နှင့် ဆက်လက်၍ နှစ်စဉ်စီမံကိန်းဖြင့် ဆောင်ရွက်ရန်။ |
| ၂၈။ | လယ်သမားများ၊ မျိုးကောင်းမျိုးသန့်ပွားများရေး၊ တောင်သူကိုယ်တိုင် မျိုးသန့်ပွားများရေးလုပ်ငန်း ပညာပေးဆောင်ရွက်ရန်။ |
| ၂၉။ | ပြည်ပချေးငွေ၏ (၇၅) ရာခိုင်နှုန်းကို စီးပွားရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ပြန်လည်ချေးပေးနိုင်ရေး စီမံသွားရန်။ |

စာမျက်နှာ ၁၅ မှ အဆက်



အခြားအစီအမံတွေကတော့ တရုတ်နိုင်ငံရဲ့ စားသောက်ဆိုင်တွေကို ဝင်ရောက်စစ်ဆေးပြီး အစားအစာတွေကို ဆီဆိုးအသုံးပြုပြီး ချက်လုပ်ခြင်း ရှိမရှိနဲ့ စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျ သိမ်းဆည်းပြီး သတ်မှတ်နေရာများသို့ ပို့ဆောင်ရေးပဲဖြစ်ပါတယ်။ ဒီအတွက် ဘီဂျင်းမြို့တော်ရဲ့ စားသောက်ဆိုင် ၆၀၀၀၀ မှာ စီစီတီဗွီ အလုံး၆၀၀၀၀တပ်ဆင်မှာဖြစ်ပါတယ်။ နောက်ပြီး အမှိုက်ပုံးတွေ ရွေ့လျားတာကိုထောက်လှမ်းတဲ့ GPS စနစ်၊ အမှိုက်တွေမှာပါတဲ့ အဆီတွေကို ခွဲထုတ်ပေးမဲ့ အထူးအမှိုက်ပုံးစသည်ဖြင့် စုံလှပါတယ်။ အကြိုက်ဆုံးကတော့ မြို့ကြီးတွေမှာ အစားအသောက်နဲ့ပတ်သက်လို့ မသမာမှုပြုလုပ်တဲ့လူတွေကိုတွေ့ရင် ဝီစီမှုတ် အချက်ပေးဖို့ပါပဲ။ ဒီကိစ္စအတွက် ဝီစီမှုတ်အချက်ပေးတဲ့သူတွေကို ဆုချဖို့ ယွမ် ၅ သန်း (ယူအက်စ်ဒေါ်လာ၇၈၅၀၀၀) ရန်ပုံငွေ ထူထောင်နေပါပြီ။

ဒီလိုအရေးယူဆောင်ရွက်မှုတွေလုပ်နေပေမဲ့သံသယဖြစ်စရာတွေ ရှိနေတုန်းပါပဲ။ အကြောင်းက ဒီနှစ်အတွင်းမှာပဲ မြန်မာနိုင်ငံအတွင်းကို နယ်စပ်မှောင်ခိုလမ်းကြောင်းတွေကတစ်ဆင့် ဆီဆိုးတွေ ဝင်ရောက်လာလို့ စားသုံးဆီဈေးကွက် ပျက်ခဲ့ရတဲ့ပြင် စားသုံးသူများ အန္တရာယ်ဖြစ်နိုင်တဲ့အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးက အရေးယူဆောင်ရွက်ချက်များ ပြုလုပ်နေတာ ယနေ့တိုင်ဖြစ်ပါတယ်။

မြန်မာတင်မက မလေးရှားမှာလည်း စားသုံးဆီ ဘုတ်အဖွဲ့အနေနဲ့ သံသယဖြစ်ဖွယ်ဆီတွေဈေးကွက်မှာ စစ်ဆေးတွေ့ရှိရတဲ့အတွက် မလေးဆီစံချိန်စံညွှန်းမှာ လက်ရှိ indicator တွေအပြင် total poalr compounds ပါ ထပ်ဖြည့်ဖို့ အဆိုပြုထားပါတယ်။ လူ့သမိုင်းတစ်လျှောက်မှာ မတော်လောဘနဲ့ ကြွယ်ဝချမ်းသာရေးလမ်းစဉ်ကို လိုက်ခဲ့သူတွေ တစ်ပုံတစ်ပင်ပါ။ ခေတ်အသီးသီးမှာ၊ နိုင်ငံအသီးသီးမှာ ဒီလိုလူတန်းစားတွေရှိခဲ့၊ ရှိနေဆဲဖြစ်လို့ တရားဥပဒေတွေ ပြဋ္ဌာန်းချမှတ် စီရင်နေရတာပါ။ ကြီးလေးတဲ့ပြစ်ဒဏ်တွေ ချမှတ်ခဲ့ပေမဲ့ မူးယစ်ဆေး ပြဿနာ၊ လူကုန်ကူးတဲ့ပြဿနာနဲ့ အခြားပြဿနာတွေဟာ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ရှုပ်ထွေးတဲ့ ဘဝပြဿနာပေါ် မူတည်ပြီး ရှိနေဦးမှာပါ။ ဒါကြောင့် တရုတ်ပညာရှင်အချို့က ဒီဆီဆိုးပြဿနာကို ဖြေရှင်းရာမှာ ခေတ်မီနည်းလမ်းတွေအပြင် တရုတ်ပြည်သူလူထုရဲ့ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပြီး ကောင်းမွန်တဲ့ လူကျင့်ဝတ်စရိုက်လက္ခဏာများ ထွန်းကားလာအောင် တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းထားကြပါတယ်၊

တစ်ဆက်တည်းမှာပဲ အစိုးရပိုင်းကလည်း ဆီဆိုးပြဿနာကို စဉ်ဆက်မပြတ် အလေးထားဆောင်ရွက်သွားမယ်ဆိုရင် လာမည့်၁၀ နှစ်အတွင်း ဒီပြဿနာ အပြီးတိုင်ချုပ်ငြိမ်းသွားမှာဖြစ်တယ်လို့ မှန်းဆထားကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။



## ပြောင်း

### ချင်းရွှေဟော်နယ်စပ်မှ ပြောင်း အပို့ ရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၁၁၈ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ တန် ၄၂၀ ကိုဇူလိုင်၂၅ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်အပတ်က ချင်းရွှေဟော်နယ်စပ်မှ အပို့မရှိခဲ့သော်လည်း ယခုအပတ်မှာ အပို့ရှိလာတာ ဖြစ်ပါတယ်။မူဆယ်နယ်စပ်မှလည်းကန်ဒေါ်လာသုည ဒသမ ၉၅၄ သန်းတန်ဖိုးရှိ ပြောင်းဖူးစေ့ ၃၁၅၃ တန်ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၀၅ သန်းတန်ဖိုးရှိ ပြောင်းကြိတ်ဖတ် ၄၁ တန်ကိုလည်း တင်ပို့မှုရှိခဲ့တယ်လို့ မူဆယ်နယ်စပ်ကုန်သွယ် ရေးရုံးရဲ့ စာရင်းဇယားများအရသိရှိရပါတယ်။ နယ်စပ်မှဇူလိုင်လမှာ ပြောင်းဖူးစေ့ ၂၀၁၀၃ တန် အပို့ရှိခဲ့ပြီး ဧပြီလမှ ဇူလိုင်အထိမှာတော့ ပြောင်းဖူးစေ့တန်၁၄၆၈၄၀ ကျော်တင်ပို့ ထားပြီး ဖြစ်ပါတယ်။ မူဆယ်နဲ့ရွှေလီမြေပြင်ဈေးများကို ယခင်အပတ်နဲ့ နှိုင်းယှဉ်ကြည့်ရာမှာ မိမိဘက်ဈေး အနည်းငယ်လျော့နေပြီး တစ်ဖက်နိုင်ငံဈေးကတော့ အနည်းငယ်မြင့်တက်လျက်ရှိပါတယ် -

| မိမိဘက်(ကျပ်/တန်) | | | | | တစ်ဘက်နိုင်ငံ(ဒေါ်လာ/တန်) | | | | |
|---|---|---|---|---|---|---|---|---|---|
| ယခု | ယခင် | ပြောင်းလဲမှု | | % | ယခု | ယခင် | ပြောင်းလဲမှု | | % |
| ၃၄၁၁၇၃ | ၃၄၁၇၀၀ | ၅၂၈ | ▽ | ၀.၂ | ၃၉၇ | ၃၉၃ | ၄ | △ | ၁ |

### ရာသီကုန်ချိန်နီးလာလို့ ရှမ်းပြောင်းဈေးမာလာ

ရှမ်းပြောင်းကတော့ ရာသီကုန်ချိန်နီးလေ ပိုတက်လာလေပါပဲ။ ပြောင်းသစ်ကတော့ ဩဂုတ်လကုန်၊ စက်တင်ဘာလဆန်းမှသာ ဈေးကွက်ကို ပြန်ပြီးဝင်လာမှာဖြစ်ပါတယ်။ ဒီနှစ်က ပြောင်းလှိုင်လှိုင်ပေါ်ချိန်မှ ဝယ်သမား သိပ်မရှိပဲ အီလည်လည်သာရှိပါတယ်။ အစာစပ်တွေကတော့ ပြောင်းသန့်တွေကို တစ်ပိဿာ ၂၇၀ ကျပ်မှ ၃၀၀ ကျပ်နဲ့ပေးပြီး ဝယ်ထားတာကြောင့် စောစောစီးစီးသတ်မှတ်ချက်ပြည့်သွားပြီး ၅ လပိုင်းမှာ အဝယ်ရပ်သွားတာကြောင့် နောက်ပိုင်းမှ အရောင်းအဝယ်အေးသွားပြီး၊ ဈေးကလည်း ၃၀၀ ကျပ် - ၃၅၀ ကျပ်နဲ့သာငြိမ်နေပါတယ်။

၆ လပိုင်းလောက်ကစပြီး၊ မူဆယ်ဝယ်လက်တွေ ဝယ်လာတာကြောင့် ပြောင်းဈေးက တစ်ရိပ်ရိပ်တက်လာပါတယ်။ တစ်လကို ပိဿာချိန်သိန်းချီပြီး ဆင်းနေတာကြောင့် အရောင်းကလည်းသွက်လာပါတယ်။ ၇ လပိုင်းမှာတော့ တစ်ပိဿာကို ၄၃၀ ကျပ်ကျော်လာပြီး၊ တစ်လအတွင်း ပိဿာချိန် ၅ သိန်းခန့် စီးဆင်းသွားပါတယ်။ ဒီတစ်ပတ်မှာ ဈေးထပ်တက်လာပြီး တစ်ပိဿာကို ၄၇၀ ကျပ်ဈေး ရှိတယ်လို့ သိရပါတယ်။ **ဧခိုင်**

## သကြား

### ချင်းရွှေဟော်နယ်စပ်မှ ယခုအပတ်မှာ သကြား တင်ပို့မှုရှိ

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာသုညဒသမ ၀၆၈ သန်း တန်ဖိုးရှိ သကြား ၁၁၃ တန်ကျော်ကိုဇူလိုင်၂၅ ရက်မှ ၃၁ ရက်ထိကာလအတွင်းမှာ အပို့ရှိခဲ့ပါတယ်။ မူဆယ်နယ်စပ်မှတော့ ကန်ဒေါ်လာ သုညဒသမ ၀၅၂ သန်းတန်ဖိုးရှိ သကြားဖြူ ၈၆ တန်ကျော်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၆၄ သန်းတန်ဖိုးရှိ သကြားညို ၁၀၈ တန်တင်ပို့နိုင်ခဲ့ပါတယ်။

MIRT(DOBT)

### သကြားပြတ်လပ်မှု မရှိနိုင်ကြောင်း ထိုင်းကြံနှင့် သကြားကော်မတီအဖွဲ့မှ ပြောကြား

ကြံနှင့်သကြားကော်မတီအဖွဲ့အစည်းမှ အတည်ပြုချက်အရ ၂၀၁၁-၂၀၁၂ ခုနှစ်စားသုံးရန်အတွက် ထားရှိသည့် သကြားခွဲတန်း quota အား တန်ချိန် ၂ ဒသမ ၄ သန်းမှ ၂ ဒသမ ၃ သန်းသို့လျှော့ချပေးခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၃ နှစ်က ကျန်ရှိသော သကြား ၃၅၂၀၀၀ တန်အား ၂၀၁၁-၂၀၁၂ သကြားတန်ချိန်နဲ့ ပေါင်းမှာဖြစ်လို့ စီးပွားရေး ပြန်လည်ထူထောင်နေချိန်၌ သကြားစားသုံးမှု လုံလောက်မယ်လို့ ယုံကြည်ကြောင်း၊ ကြံနဲ့ သကြားကော်မတီက ပြောကြားခဲ့ပါတယ်။ လွန်ခဲ့သောနှစ်က ရေကြီးမှုကြုံတွေ့ခဲ့ရတဲ့ စက်ရုံများမှလည်း ကုန်ပစ္စည်းအပြည့်အဝပြန်လည်ထုတ်လုပ်ပေးနိုင်မှာဖြစ်တဲ့အပြင် နောက် ၄ လခန့်မှာ ၂၀၁၂-၂၀၁၃ ခုနှစ်အတွက် ထုတ်လုပ်ရန်ကြံများရရှိတော့မှာ ဖြစ်ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် သကြားစက်ရုံ ၄၆ ရုံမှ သကြားစုစုပေါင်းတန် ၁၀ ဒသမ ၂ သန်း ထုတ် လုပ်ပေးနိုင်ခဲ့ပြီး သကြားစက်ရုံများက ကြံတန်ချိန် ၉၇ ဒသမ ၉ သန်း ကြိတ်ဝါးပေးခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ် အတွက် ပထမအသုတ်အနေဖြင့် သကြားတန်ချိန် ၁ ဒသမ ၃ သန်းခွင့်ပြုပေးခဲ့ပြီး တန်ချိန် ၁ ဒသမ ၀၇ သန်း ဖြန့်ချိ ရောင်းချခဲ့ပြီးဖြစ်တယ်လို့သိရပါတယ်။ နိုင်ငံအတွင်း သကြားအခြေအနေ ပုံမှန်အတိုင်း ပြန်လည်ရောက်ရှိပြီ ဖြစ်၍ သကြားစက်ရုံများအဖွဲ့အစည်း ၃ ဖွဲ့မှ သကြား quota အသစ်ပြုပြင်ပြောင်းလဲပေးရန် စက်မှုဝန်ကြီးဌာနသို့ မေလတွင် တင်ပြခဲ့ခြင်းအပေါ် ယခုကဲ့သို့ လျှော့ချပေးခဲ့တာဖြစ်တယ်လို့ ဇူလိုင် ၁၇ ရက်ထုတ် ထိုင်း ရတ်သတင်းစာမှာ ဖော်ပြထားပါတယ်။

**မြင့်ဦး**

## ရော်ဘာ

### တရုတ်နဲ့ မက္ကဆီကိုသို့ ယခုအပတ်ပင်လယ်ရေကြောင်းမှ ရော်ဘာအဆင့်စုံ အပို့ရှိ

ဇူလိုင်လ ၂၂ ရက်မှ ၂၈ ရက်ထိကာလအတွင်းမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကန်ဒေါ်လာ ၁ ဒသမ ၂၈၅ သန်းတန်ဖိုးရှိတဲ့ ရော်ဘာတန် ၄၂၀ ကျော်အပို့ရှိခဲ့ပါတယ်။ တရုတ်နိုင်ငံသို့ MSR-20 တန် ၁၆၀၊ MSR-50 တန် ၂၀၀ ကျော်နဲ့ မက္ကဆီကိုသို့ RSS-3 တန် ၆၀ တင်ပို့ခဲ့တာလို့သိရပါတယ်။ ယခင်အပတ်ကတော့ တရုတ်နိုင်ငံသို့ RSS-3 တန် ၅၀၀ အပို့ရှိခဲ့တဲ့အတွက် ယခုအပတ်မှာ တန် ၈၀ ခန့်အပို့လျော့ခဲ့ပါတယ်။ ဇူလိုင် ၁ ရက်မှ ၂၈ ရက်ထိ ပင်လယ်ရေကြောင်းမှ ရော်ဘာအဆင့်စုံ ၁၃၁၉ တန်ကျော်တင်ပို့ထား ပြီးဖြစ်ပါတယ်။ နယ်စပ်မှယခုအပတ်မှာ ရော်ဘာတန် ၃၉၀ ကျော်နဲ့ ဇူလိုင်တစ်လလုံးမှာ ၁၅၉၃ တန် ကျော်တင်ပို့ထားပြီး ဖြစ်ပါတယ်။ FOB ရန်ကုန်ပေါက်ဈေးတွေကတော့ RSS-3 တစ်တန်ကို ဒေါ်လာ ၂၇၀၀-၂၈၀၀၊ RSS-5 တစ်တန်ကို ဒေါ်လာ ၂၆၀၀-၂၇၀၀၊ MSR-20 တစ်တန်ကို ဒေါ်လာ ၂၇၀၀-၂၈၀၀၊ MSR-50 တစ်တန်ကို ဒေါ်လာ ၂၆၀၀ မှ ၂၇၀၀ ပေါက်လျက်ရှိပါတယ်။ CMK

### မူဆယ်နဲ့ ချင်းရွှေဟော် နယ်စပ်မှ ရော်ဘာအပို့ ရှိ

ဇူလိုင်လ ၂၅ ရက်မှ ၃၁ ရက် ထိကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၀၃၈ သန်းတန်ဖိုးရှိ MSR-20 ၁၄ တန်ခွဲကို မူဆယ်နယ်စပ်နဲ့ချင်းရွှေဟော်နယ်စပ်မှ ကန်ဒေါ်လာ ၁ ဒသမ ၁၃၂ သန်းတန်ဖိုးရှိ RSS-3 ၃၆၈ တန်နဲ့ ကန်ဒေါ်လာ သုည ဒသမ ၀၂၆ သန်းတန်ဖိုးရှိ MSR-20 ၈ ဒသမ ၇၂ တန်အပို့ရှိခဲ့ပါတယ်။ နယ်စပ်မှ ယခုအပတ်မှာ ရော်ဘာအဆင့်စုံ ၃၉၁ တန်ကျော်အပို့ရှိခဲ့ရာ ယခင်အပတ်တင်ပို့မှုနဲ့နှိုင်းယှဉ်လျှင် ၈၉ တန်ခန့် အပို့လျော့ခဲ့ပါတယ်။ ယခုအပတ်မှာ မူဆယ်မှာရောရွှေလီမှာပါ ရော်ဘာမြေပြင်ပေါက်ဈေးများ လျော့နည်းလျက် ရှိပါတယ် -

| | မိမိဘက်(ကျပ်/တန်) | | | | | တစ်ဘက်နိုင်ငံ(ဒေါ်လာ/တန်) | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | ယခု | ယခင် | ပြောင်းလဲမှု | | % | ယခု | ယခင် | ပြောင်းလဲမှု | | % |
| RSS - 3 | ၂၄၇၇၄၆၈ | ၂၄၇၉၀၀၀ | ၅၃၂ | ▽ | ၀.၀၂ | ၂၉၀၉ | ၂၉၃၂ | ၂၃ | ▽ | ၀.၈ |
| RSS - 5 | ၂၃၄၄၇၁၄ | ၂၃၄၅၀၀၀ | ၂၈၆ | ▽ | ၀.၀၁ | ၂၇၅၂ | ၂၇၇၃ | ၂၁ | ▽ | ၀.၈ |

MIRT (DOBT)

### သဘာဝရော်ဘာဈေးများ နည်းနေခြင်းသည် ရော်ဘာလက်အိတ်ထုတ်လုပ်မှုကို မြှင့်တင်နိုင်

ရော်ဘာလက်အိတ်ထုတ်လုပ်မှုလုပ်ငန်းရှင်များတွေ့ဆုံပွဲမှာ ကမ္ဘာ့ရော်ဘာပစ္စည်းအများဆုံးထုတ်လုပ်တဲ့ နိုင်ငံအဖြစ်ဆက်လက်ရပ်တည်နိုင်ရေး မလေးရှားရော်ဘာလက်အိတ်ထုတ်လုပ်သူများအသင်း (Malaysia Rubber Glove Manufacturers Association - MARGMA) ဥက္ကဋ္ဌ Lin Kwee Shyan ကတိုက်တွန်းပြောကြားခဲ့တယ်လို့ သိရပါတယ်။ မလေးရှားနိုင်ငံဟာကမ္ဘာ့ရော်ဘာလက်အိတ် လိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းခန့်ကို ထုတ်လုပ်ပေးနေတာ ဖြစ်ပါတယ်။ ထိပ်တန်းမှာ ရှိနေတဲ့ ရော်ဘာပစ္စည်းများ ထုတ်လုပ်တဲ့ မလေးရှားလက်အိတ်ကုမ္ပဏီတွေကတော့ Top Glove Corp: Bhd ၊ Supermax Corp: Bhd ၊ Kossan Rubber Industries Bhd နဲ့ Hartalega Holdings Bhd တို့ဖြစ်ကြပါတယ်။ လက်ရှိသဘာဝရော်ဘာဈေးများနည်းနေခြင်း ဟာ ရော်ဘာလက်အိတ်ထုတ်လုပ်သူများအား ၎င်းတို့ရဲ့ ထုတ်လုပ်မှုကိုမြင့်တက်စေပြီး ပိုမိုမြင့်မားနေတဲ့ ကမ္ဘာ့လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မယ်လို့ဆိုပါတယ်။

ရော်ဘာလက်အိတ်ထုတ်လုပ်မှုလုပ်ငန်းတွင် အများအပြား ထုတ်လုပ်နိုင်သူဟာ အောင်မြင်မှုကို ရရှိမှာဖြစ်ကြောင်း ဥပမာအားဖြင့် Top Glove ကော်ပိုရေးရှင်းဟာ မလေးရှားမှာစက်ရုံ ၁၆ ခု၊ ထိုင်းမှာ ၂ ခုနဲ့ တရုတ်မှာ ၂ ခု ပိုင်ဆိုင်မှုရှိပြီး နှစ်စဉ်လက်အိတ် ၃၈ ဘီလီယံကျော်ထုတ်လုပ်နေတာဖြစ်ပါတယ်။ ဒုတိယအများဆုံးထုတ်လုပ်တဲ့ Supermax ကော်ပိုရေးရှင်းကတော စက်ရုံ ၁၁ ရုံထိ ပိုင်ဆိုင်ထားပြီးနှစ်စဉ်လက်အိတ် ၂၁ ဒသမ ၆ ဘီလီယံ ကျော် ထုတ်လုပ်နိုင်တယ်လို့သိရပါတယ်။

ရော်ဘာလက်အိတ်ထုတ်လုပ်သူအများစုဟာ ကိုယ်ပိုင်ရော်ဘာခြံများစိုက်ပျိုးထုတ်လုပ်ရန်စီစဉ်ထားပြီးဖြစ် ပါတယ်။ Top Glove Corp: ဟာ ကမ္ဘောဒီးယားမှာ ရော်ဘာများကို ဟက်တာ ၈၀၀၀ခန့် စိုက်ပျိုးသွားရန် စီမံချက် ရှိတယ်လို့ သိရပါတယ်။ ပြည်တွင်းရော်ဘာထုတ်လုပ်သူများအား လုပ်သားမလုံလောက်မှုနဲ့ ရင်ဆိုင်နေရတယ်လို့ မလေးရှားရော်ဘာလက်အိတ်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌကပြောကြားခဲ့ပါတယ်။ အသစ်တည်ထောင်တဲ့ စက်ရုံတွေရဲ့ ထုတ်လုပ်မှုပိုင်းမှာ အလုပ်သမားမလုံလောက်မှု အခက်အခဲနဲ့ ရင်ဆိုင်နေရကြောင်း၊ သဘာဝဓာတ်ငွေ့ ပံ့ပိုးမှုဖြတ်တောက်ခြင်းနဲ့ အနိမ့်ဆုံးလုပ်သားခသတ်မှတ်ထားတဲ့မူဝါဒများဟာ ရော်ဘာထုတ်လုပ်မှုမှာ အခက်အခဲများ ဖြစ်စေသော်လည်း တရုတ်၊ အိန္ဒိယနဲ့ လက်တင်အမေရိကတို့မှာ ကျန်းမာရေးမြှင့်တင်ရေးလုပ်ငန်းများကြောင့် ထိုနိုင်ငံများသို့ ရော်ဘာလက်အိတ်အများအပြား တင်ပို့နိုင်ခြေရှိတယ်လို့ MARGMA ကဆိုပါတယ်။

Source: The Star.com,CMK

### အမေရိကန်ဗဟိုဘဏ်နှင့် အီးယူဒေသ ဗဟိုဘဏ်များအနေဖြင့် စီးပွားရေးလှုံ့ဆော်မှု စီမံကိန်းများ ချမှတ်ဆောင်ရွက်နိုင်သည်ဟု ခန့်မှန်းလာကြခြင်းကြောင့် သဘာဝရော်ဘာဈေးနှုန်းများ အနည်းငယ်မြင့်မားလာ



အမေရိကန်ဗဟိုဘဏ်နဲ့ အီးယူဒေသဗဟိုဘဏ်တွေအနေနဲ့ စီးပွားရေးလှုံ့ဆော်မှုစီမံကိန်းတွေ ချမှတ် ဆောင်ရွက်သွားလိမ့်မယ်လို့ ခိုင်ခိုင်မာမာ ခန့်မှန်းလာကြခြင်းနဲ့ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းတွေ မြင့်မားလာခြင်းတို့ကြောင့် ဇူလိုင် ၃၁ ရက် သဘာဝရော်ဘာ ဈေးနှုန်း တွေက ယခင်သီတင်းပတ် ဈေးနှုန်းတွေနဲ့ယှဉ်ရင် အနည်းငယ်မြင့်မားလာတယ်။ ကမ္ဘာ့ ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှု အများဆုံးနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ မလေးရှားနဲ့ အင်ဒိုနီး ရှားတို့မှာ မိုးရာသီ ဖြစ်နေတာကြောင့် ရော်ဘာစေးခြစ်ယူ ရရှိမှု အားနည်းနေခြင်းကလည်း ရော်ဘာရောင်းလိုအားကို လျော့နည်းစေကာ ဈေးနှုန်းကို အထောက်အပံ့ပေးလျက်ရှိတယ်။ ဒါကြောင့် ဇူလိုင် ၂၄ ရက်က တစ်တန်ကို ၃၀၀၆ ဒေါ်လာရှိနေတဲ့ ထိုင်းရော်ဘာ RSS-5 (မှိုင်းခံရော်ဘာ အဆင့် - ၅) က ဇူလိုင် ၃၁ ရက်မှာ ၃၀၂၃ ဒေါ်လာအထိ ရောက်ရှိလာတယ်။

မလေးရှားရော်ဘာ (Standard Malaysia Rubber – SMR 20) ကလည်း တစ်တန်ကို ကန်ဒေါ်လာ ၂၇၉၄ ဒသမ ၅၀ ဒေါ်လာမှ ၂၈၀၆ ဒေါ်လာအထိ ရောက်ရှိလာတယ်။ ယခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေး နှေးကွေးမှုကြောင့် ကားထုတ်လုပ်သူတွေမှ တာယာထုတ်လုပ်ဖို့ ရော်ဘာကိုဝယ်လိုအားနည်းသော်လည်း ရော်ဘာလက်အိတ်ပြုလုပ်သူတွေအနေနဲ့ အကျိုးအမြတ်များစွာ ရနေရာ ရော်ဘာ ဝယ်လိုအားများနေကြောင်းလက်ရှိသဘာဝရော်ဘာ ဝယ်လိုအားနဲ့ ရောင်းလိုအားမှာ ညီမျှနေကြောင်း သတင်းရရှိတယ်။

Source:IRCO, rubberboard.org.in,ပပ

# ပြည်တွင်းရှိ ဟိုတယ်များ တစ်ခန်းလျှင် ဒေါ်လာ ၁၅၀ ထက် ပိုမယူရန် သတိပေး



ယခုလမှစ၍ ဟိုတယ်များအား တစ်ခန်းလျှင် အများဆုံး ဒေါ်လာ ၁၅၀ ဖြင့် ငှားရမ်းခယူရန် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ထပ်မံ၍ သတိပေး အကြောင်းကြားထားကြောင်း ရန်ကုန်မြို့တွင်းရှိ ဟိုတယ်များမှ စုံစမ်းသိရှိရသည်။

၂၀၁၂ မှစတင်၍ မြန်မာနိုင်ငံ၏ ပြောင်းလဲလာသော အခြေအနေများကြောင့် လာရောက်လည်ပတ်သူ ပြည်ပနိုင်ငံများမှ ခရီးသွားများပြားလာခဲ့ပြီး အခန်းခများမှာ တစ်ခန်းလျှင်ဒေါ်လာ ၂၀၀ နီးပါးခန့်အထိ မြင့်တက်လာခဲ့သည်။ ယင်းဖြစ်ရပ်များကြောင့် ခရီးသွားလုပ်ငန်းရှင်များအနေဖြင့် အခက်အခဲများရင်ဆိုင်ခဲ့ရပြီး သက်ဆိုင်ရာဝန်ကြီးဌာနသို့ စာရေးတင်ပြရာ ဟိုတယ်များအနေဖြင့် တစ်ခန်းလျှင် အများဆုံး ဒေါ်လာ ၁၅၀ ထိသာယူရန် ထပ်မံသတိပေးခဲ့ပြီး လိုက်နာမှုမရှိပါက ပိတ်သိမ်းသည်အထိ အရေးယူသွားမည်ဟုလည်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လာရောက်လုပ်ကိုင်လျက်ရှိသော ဟိုတယ်အလုံးပေါင်း ၂၀ ကျော်ရှိပြီး အများစုမှာ ရန်ကုန်မြို့တွင်း၌ တည်ရှိသည်။

## ဟိုတယ်လုပ်ငန်းခုနစ်ခု ပုဂ္ဂလိကငှားရမ်းလုပ်ကိုင်ခွင့်ပေးရန် တင်ဒါခေါ်ယူ

ပြည်တွင်းရှိ ဟိုတယ်လုပ်ငန်း ခုနစ်ခုအား ပုဂ္ဂလိကငှားရမ်းလုပ်ကိုင်ခွင့်ပေးရန် တင်ဒါခေါ်ယူထားတယ်လို့ သိရပါတယ်။ အခုလိုတင်ဒါခေါ်ယူရာမှာပါဝင်တဲ့ ဟိုတယ်တွေကတော့ ကျိုက်ထိုမြို့မှ ကျိုက်ထိုဟိုတယ် အိပ်ခန်း ၁၄၉ ခန်း၊ ရန်ကုန်မြို့ ယောမင်းကြီးလမ်းအတွင်းမှ အိပ်ခန်းပေါင်း ၄၀ ပါ Imperial Jade Hotel၊ အိပ်ခန်း ၃၀ ပါ လက်ခုပ်ကုန်းကမ်းခြေအနီးမှ လက်ခုပ်ကုန်းဟိုတယ်၊ အိပ်ခန်း ၃၀ ပါ ဝန်ဇင်းဟိုတယ်၊ အိပ်ခန်း ၄၅ ခန်းပါ ကလောဟိုတယ်၊ အိပ်ခန်း ၄၀ ပါ ပင်းတယဟိုတယ်၊ အိပ်ခန်း ၄၀ ခန်းပါ ကော့သောင်းဟိုတယ်တို့ ဖြစ်ပါတယ်။

ဒီလိုတင်ဒါခေါ်ယူရာမှာ ဒီလ ၁ ရက်ကစပြီး ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လျှောက်လွှာထုတ်ယူနိုင်ပြီး ယခုလ ၃၁ ရက်မှာ နောက်ဆုံးထားလျှောက်ထားရမှာပါ။ လျှောက်လွှာမှာ ကုမ္ပဏီအမည်၊ ငွေကြေးပိုင်ဆိုင်မှုစတာတွေကို ထည့်သွင်းဖော်ပြရမှာဖြစ်ပြီး အသေးစိတ်သိလိုသူတွေကတော့ ဖုန်း ၀၆၇-၄၀၆၁၀၃၊ ၀၆၇-၄၀၆၁၀၄ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရပါတယ်။



# စည်းကမ်းချက် ထုတ်ပြန်ပေမယ့် ဟိုတယ်ခတွေ ဈေးကြီးမြင့်ဆဲ

မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနကနေ ဟိုတယ်တွေအနေနဲ့ အခန်းခတွေ တိုးမြှင့်မကောက်ခံဖို့ စည်းကမ်းချက်ထုတ်ပြန်ထားပေမယ့်လည်း ဟိုတယ်အချို့ဟာ အခန်းခတွေ ဈေးကြီးမြင့်နေဆဲ တိုးမြှင့်ကောက်ခံနေဆဲဖြစ်တယ်လို့ ခရီးသွားလုပ်ငန်းအသိုင်းအဝိုင်းကတစ်ဆင့် စုံစမ်းသိရှိရပါတယ်။

အခုဆို ပြည်တွင်းကို ခရီးသွားဝင်ရောက်လာမှုတွေ များပြားလာတာကြောင့် ဟိုတယ်နဲ့ စားသောက်ဆိုင်တွေဟာ ဈေးနှုန်းတွေ အဆမတန်တိုးမြှင့်လာခြင်း၊ အခန်းလွတ်တွေရှိနေပေမယ့်လည်း အခန်းမပေးခြင်း စတဲ့ လိမ်မှာပါးနပ်စွာ ဈေးကစားမှုများ ပြုလုပ်လာတာကြောင့် ခရီးသွားလုပ်ငန်းရှင်တွေအနေဖြင့် လုပ်ငန်းလုပ်ကိုင်ရာတွင် အဆင်မပြေမှုတွေဖြစ်နေတယ်လို့ Nature Dream ခရီးသွားအေဂျင်စီက တာဝန်ရှိသူတစ်ဦးက ပြောပြပါတယ်။

ယခုလို ဟိုတယ်အခန်းခတွေ တိုးမြှင့်ကောက်ခံရာမှာ ဒေသတွင်းနိုင်ငံတွေနဲ့ ကျသင့်နှုန်းထက် ၃၀၀ ရာခိုင်နှုန်းကျော် ကောက်ခံနေကြောင်း၊ အရင်က ဒေါ်လာ ၂၀ တန်အသိအမှတ်ပြုဟိုတယ်တွေဟာ အခုဆို ဒေါ်လာ ၈၀ နီးပါးကောက်ခံနေကြောင်း၊ အခုလို ဟိုတယ်စရိတ်ကြီးမြင့်တာတွေဟာ ဧည့်သည်ဝင်ရောက်လည်ပတ်နှုန်းကို အဟန့်အတားဖြစ်လာစေနိုင်တယ်လို့ ခရီးသွားလုပ်ငန်းရှင်တွေက သုံးသပ်ပြောဆိုနေကြပါတယ်။




# Globe Education Consultancy (UK) မှ ပညာသင်ထောက်ပံ့ကြေး မြင့်မားစွာပေးမည်

ပြောင်းလဲလာသည့် မြန်မာနိုင်ငံမှ နိုင်ငံရေး၊ စီးပွားရေးအခြေအနေများနှင့် မူဝါဒများအလိုက် နိုင်ငံတကာရှိတက္ကသိုလ်များမှလည်း မြန်မာနိုင်ငံအပေါ် ပိုမိုစိတ်ဝင်စားလာကြောင်း တွေ့ရသည်။ ၂၀၁၂ ခုနှစ် ဩဂုတ် Intake တွင် ကြယ်ငါးပွင့်အဆင့်ရှိ UK တက္ကသိုလ် University of Chester ၌ တက်ရောက်မည့် မြန်မာကျောင်းသား၊ ကျောင်းသူတိုင်းကို Globe Education Consultancy (UK) နှင့် Crown Education (မြန်မာ)တို့မှ အကျိုးတူပူးပေါင်း၍ ပညာသင်ထောက်ပံ့ကြေးပမာဏမြင့်မားစွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

MBA၊ B.A(Hons)၊ Business Studies၊ BA(Hons) Business Administration၊ Degree Foundation နှင့် International Foundation Programme အတွက် ပညာသင်ထောက်ပံ့ကြေးများကို ပေးအပ်သွားမည်ဖြစ်ပြီး ဩဂုတ် ၅ ရက်တွင် အသေးစိတ် ရှင်းလင်းပြောကြားသွားမည်ဖြစ်သည်။

University of Chester သည် UK ၏ နေထိုင်မှုစရိတ် အသက်သာဆုံး ထိပ်တန်းတက္ကသိုလ် သုံးခုတွင် တစ်ခုအပါအဝင်ဖြစ်ပြီး ကျောင်းသားများအနေဖြင့် ကျောင်းပြီးပါက အလုပ်ရရှိမှုနှုန်း ၉၃ ရာခိုင်နှုန်းခန့် ရှိကြောင်း သိရသည်။ ကျောင်းတက်ရောက်မည့် ကျောင်းသားများအနေဖြင့် Globe Education Consultancy သို့ ပညာသင်ထောက်ပံ့ကြေးများ လျှောက်ထားနိုင်ကြောင်း သိရသည်။

# အောင်လက်မှတ် ရရုံအပြင် အရည်အသွေး ပြည့်မီရန်လည်း လိုအပ်

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ကိုယ်တက်ရောက်ခဲ့သောကျောင်း၊ သင်တန်းမှ တရားဝင်အောင်လက်မှတ်ရရုံဖြင့် မလုံလောက်ဘဲ အမှန်တကယ် အရည်အချင်းမီမှသာ လုပ်ငန်းခွင်များတွင် ဝင်ရောက်ရာ၌ အသုံးတည့်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင် ပါမောက္ခ(ငြိမ်း) တစ်ဦးဖြစ်သူ ဦးမောင်မောင်စိုးက ပြောသည်။

"ကျောင်းသားတွေ လိုချင်တာကို ဆရာတွေက သင်ပေးနိုင်ရမယ်။ ကျောင်းသား ၁၀ ယောက်ရှိရင် ၁၀ ယောက်ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးရမယ်။ အစိုးရက မွေးထုတ်မပေးနိုင်ရင် ကျွန်တော်တို့က မွေးထုတ်ပေးရမယ်။ အမည်ကတ်က အောင်လက်မှတ်နဲ့ မလုံလောက်ဘူး။ တကယ်အရည်အချင်းရှိမှ အလုပ်အကိုင်အဆင်ပြေတာ။ နိုင်ငံခြားမှာဆိုရင်လည်း အရည်အချင်းပြည့်မီတဲ့သူပဲ လိုချင်တာ။ အရည်အချင်းမမီရင် ဘယ်နိုင်ငံမှ အလိုမရှိဘူး"ဟု ပြောပြသွားခဲ့သည်။

# စီးပွားရေး စီမံခန့်ခွဲမှု သင်တန်းများဖွင့်မည်

ရုံးချိန်လွတ် ညနေပိုင်းစီးပွားရေး စီမံခန့်ခွဲမှုသင်တန်းများကို OESC သင်တန်းကျောင်းမှ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းသင်တန်းသို့ MBA ဘွဲ့ တက်ရောက်ရယူရန် ပြင်ဆင်နေသူများ၊ စီးပွားရေးစီမံခန့်ခွဲမှုများ၊ သင်ယူလိုသူ လုပ်ငန်းရှင်များ၊ မန်နေဂျာများ၊ Supervisor များအတွက် ရုံးချိန်လွတ် ညနေပိုင်းစီမံခန့်ခွဲမှုသင်တန်းများကို ဩဂုတ်လတွင် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ကြောင်းသိရသည်။

အဆိုပါသင်တန်းတွင် ပို့ချမည့်ဘာသာရပ်များမှာ Golbal Human Resources Management (GHR), Strategic Sales and Marketing Management, Myanmar Business Law တို့ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပမှ MBA ဘွဲ့ရဆရာ/ဆရာမများ သင်ကြားပို့ချပေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် ဖုန်း- ၀၉၇၃၀၉၄၀၆၀ နှင့် ၀၁-၅၁၉၀၉၂ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

နင်းဝဿန် စုစည်းသည်

# စိမ်းနေဦးမယ့် အမေရိကန်က ရေနံမြို့တော် ဟောက်စတန်



မောင်ပုဆိုးကြမ်း




အမေရိကန်နိုင်ငံရဲ့ ရေနံမြို့တော်လို့ခေါ်တဲ့ ဟောက်စတန် (Houston) မြို့ကြီးမှာ အံ့သြရလောက်အောင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို လုပ်ဆောင်လာတာ တွေ့ရပါတယ်။ လိုက်စ်တက္ကသိုလ်မှ လူမှုရေးသိပ္ပံပညာရှင် စတိဗ်ကလင်းဘတ်ချ်က ဟောက်စတန်မြို့ကို ဦးဆောင်နေတဲ့လူကြီးတွေ သတိမမူခဲ့တဲ့ ဖြစ်စဉ်အချို့ကို ဖော်ထုတ်တင်ပြခဲ့ပါတယ်။ ပထမဖြစ်စဉ်တစ်ခုက ၁၉၉၉ ခုနှစ်မှာ ဟောက်စတန်မြို့ဟာ လော့စ်အိန်ဂျလိစ်မြို့ကိုကျော်တက်ပြီး အမေရိကန်နိုင်ငံမှာ လေထုအညစ်ညမ်းဆုံးမြို့အဖြစ် ခံယူခဲ့ရတဲ့အချိန်ကစပါတယ်။ မြို့မှာနေထိုင်ကြတဲ့ ကလေးသူငယ်တွေမှာ ပန်းနာရင်ကျပ် (အက်စမာ) ရောဂါဖြစ်ပွားမှုနှုန်း တိုးတက်များပြားလာခဲ့တာကို တွေ့ရခြင်းပဲ ဖြစ်ပါတယ်။ ကျောင်းဘောလုံးပြိုင်ပွဲမှာ အမောမခံနိုင်ဘဲ တခြားမြို့တွေနဲ့ ယှဉ်ရင်အဆင့်အတန်းကျဆင်းလာခဲ့ရပါတယ်။ ဒုတိယဖြစ်စဉ်ကတော့ ၂၀၁၂ ခုနှစ် အိုလံပစ်ပြိုင်ပွဲကျင်းပဖို့ အိမ်ရှင်မြို့အဖြစ် တခြားမြို့တွေနဲ့ ယှဉ်ပြိုင်အရွေးခံရာမှာ မြို့ရဲ့ လေထုညစ်ညမ်းမှုကြောင့် အိုလံပစ်ကော်မတီဝင်အားလုံးက မထောက်ခံဘဲ ပယ်ချတာခံခဲ့ရခြင်းဘဲဖြစ်ပါတယ်။ တကယ်တော့ ဟောက်စတန်မြို့မှာ ဆောက်ပြီးစ အသစ်စက်စက် အားကစားကွင်းကြီး (စတေဒီယမ်) တစ်ခုရှိနေတဲ့အပြင် ကျင်းပခွင့်ရရင် ပြေးခုန်ပစ်ကစားကွင်းဟောင်းကို ကမ္ဘာမှာ အကြီးဆုံးလေအေးပေးစက် (အဲယားကွန်း) တပ်ဆင်ထားတဲ့ ကစားကွင်းသစ်ကြီးအဖြစ် ပြောင်းလဲတည်ဆောက်ပေးမယ်လို့ ကတိပေးထားတာတောင် လက်မခံဘဲ ပယ်ချခဲ့ပါတယ်။

လူမှုရေးသိပ္ပံပညာရှင် စတိဗ်ကလင်းဘတ်ချ်ရဲ့ တင်ပြချက်တွေကြောင့် ဟောက်စတန်မြို့ကို ဦးဆောင်နေတဲ့လူကြီးတွေဟာ မြို့ရဲ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အများက ထင်သာမြင်သာလာအောင် ကြိုးပမ်းဆောင်ရွက်ပြဖို့ လိုအပ်ကြောင်း လက်ခံလာခဲ့ကြပါတယ်။ ဒါကြောင့် ပို့ဆောင်ရေးလုပ်ငန်း အာဏာပိုင်တွေဟာ ၂၀၀၄ ခုနှစ်မှာ တည်ဆောက်ခဲ့တဲ့ လမ်းဆုံမိုးပျံကားလမ်း၊ ရထားလမ်းမျိုး နောက်ထပ် ၃ ခုကိုတည်ဆောက်ပေးခဲ့တဲ့အတွက် စုစုပေါင်းမိုင် ၂၀ ကျော် လမ်းအပိုင်းကို ချဲ့ထွင်ပေးနိုင်ခဲ့ပါတယ်။ မြို့ရဲ့ လမ်းမီးနဲ့အချက်ပြမီးတွေအားလုံးကိုလည်း လျှပ်စစ်ဓာတ်အား အနည်းငယ်သာလိုတဲ့ LED မီးလုံးတွေ ပြောင်း လဲတပ်ဆင်ခဲ့ပါတယ်။ မြို့တွင်းသွားလာနေတဲ့ မော်တော်ကားထက်ဝက်ကျော်ဟာ လျှပ်စစ်နဲ့ ဓာတ်ဆီလောင်စာဖက်စပ် (ဟိုင်းဘလစ်) ကားတွေ ဒါမှမဟုတ် လျှပ်စစ်ဓာတ်အား သက်သက်နဲ့ မောင်းနှင်တဲ့ကားမျိုးတွေပဲ ဖြစ်ကြပါတယ်။ လွန်ခဲ့တဲ့ မေလကစပြီး စက်ဘီးတွေ ငှားရမ်းပြီး စီးနင်းသွားလာနိုင်တဲ့ အစီအစဉ်ကိုလည်း စတင်အကောင်အထည်ဖော်ပေးခဲ့ပါတယ်။

အဆောက်အအုံတွေကို ဆောက်လုပ်ရာမှာ စွမ်းအင်ချွေတာရေးအတွက် စည်းကမ်းချက်အသစ်တွေ ချမှတ်ပေးခဲ့ပါတယ်။ ဒါကြောင့် ဟောက်စတန်မြို့ဟာ တက်စန်လေစွမ်းအင် လုပ်ငန်းကြီးက ထုတ်လုပ်တဲ့ လျှပ်စစ်ဓာတ်အားရဲ့ သုံးပုံတစ်ပုံကို ဝယ်ယူအသုံးပြုနေတဲ့အတွက် အမေရိကန်နိုင်ငံရဲ့ မြို့ကြီးတွေထဲမှာ ပတ်ဝန်းကျင်ထိန်းသိမ်းတဲ့စွမ်းအင် (အစိမ်းစွမ်းအင်) အများဆုံးဝယ်ယူပြီး လက်တွေ့အသုံးပြုနေတဲ့ မြို့ဖြစ်လာတာကို အံ့သြစရာတွေ့မြင်လာကြရပါတယ်။ ယခင်ကဆိုရင် ဟောက်စတန်မြို့ဟာ အမေရိကန်နိုင်ငံရဲ့ စွမ်းအင်စက်မှု လုပ်ငန်းအမြောက်အမြား တည်ရှိရာ မြို့တော်တစ်ခုဖြစ်တဲ့အတွက် မြို့ကို အုပ်ချုပ်ခဲ့တဲ့ခေါင်းဆောင်တွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့သက်ဆိုင်တဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လှုပ်ရှားသူတွေအပေါ် အမြင်မကြည်မလင်ဖြစ်ခဲ့ကြပါတယ်။

> မြို့နေလူထုဟာ သွားလာရေးမှာ မော်တော်ကားတွေအပေါ်မှာ လုံးဝမှီခိုနေရတဲ့အတွက်လည်း မြို့လေထုရဲ့ အရည်အသွေးဟာ အလွန်ဆိုးဝါးခဲ့ပါတယ်။ လေကောင်းလေသန့် ရှူရှိုက်ရတဲ့နေရာဆိုလို့ မရှိသလောက် ရှားပါးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နွေရာသီမှာ ဓာတ်ဆီတစ်ဂါလန်ကို ၄ ဒေါ်လာအထိ တက်လာတဲ့အခါ. . .

ဟောက်စတန်မြို့ဟာ အမေရိကန်နိုင်ငံရဲ့ စတုတ္ထမြောက် လူဦးရေ အများဆုံးနေထိုင်တဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ၂၀၀၀ ပြည့်နှစ်ကနေ ၂၀၁၀ ပြည့်နှစ်အတွင်း လူဦးရေ ၁ ဒသမ ၂ သန်း တိုးပွားလာခဲ့တဲ့အတွက်လည်း အမေရိကန်မှာ လူဦးရေအတိုးပွားဆုံးမြို့တစ်မြို့ ဖြစ်လာပါတယ်။ မြို့နေလူထုဟာ သွားလာရေးမှာ မော်တော်ကားတွေအပေါ်မှာ လုံးဝမှီခိုနေရတဲ့အတွက်လည်း မြို့လေထုရဲ့ အရည်အသွေးဟာ အလွန် ဆိုးဝါးခဲ့ပါတယ်။ လေကောင်းလေသန့် ရှူရှိုက်ရတဲ့နေရာဆိုလို့ မရှိသလောက်ရှားပါးခဲ့ပါတယ်။ ၂၀၀၈ ခုနှစ် နွေရာသီမှာ ဓာတ်ဆီတစ်ဂါလန်ကို ၄ ဒေါ်လာအထိ တက်လာတဲ့အခါ မြို့သူမြို့သားတွေဟာ ဓာတ်ဆီကိုချွေတာတဲ့အနေနဲ့ သူတို့နေအိမ်ကနေ ဘတ်စ်ကားမှတ်တိုင်ကို စက်ဘီးနဲ့သွားပြီး ဘတ်စ်ကားနဲ့ပဲ အလုပ်သွားကြတယ်လို့ သိရပါတယ်။ ဒါကြောင့် ဟောက်စတန် မြို့သူမြို့သားတွေဟာ ရေနံစက်မှုလုပ်ငန်းဇုန်ကြီးအတွင်းမှာ နေထိုင်နေကြရပေမယ့် လောင်စာစွမ်းအင်ရဲ့ တန်ဖိုးကိုသိမြင်နားလည်လာခဲ့ကြပါတယ်။

လိုက်စ်ကင်ဒါးတက္ကသိုလ်က ပြုလုပ်တဲ့ ဟောက်စတန်မြို့ဧရိယာ လေ့လာရေး နှစ်ပတ်လည် အစီရင်ခံစာအရ ယခုအခါမြို့နေလူဦးရေရဲ့ ၅၆ ရာခိုင်နှုန်းဟာ အများပြည်သူတွေသွားလာနေတဲ့ ပို့ဆောင်ရေးလုပ်ငန်းတွေ ပိုမိုကောင်းမွန်အောင်လုပ်ပေးဖို့နဲ့ မြို့အုပ်ချုပ်ရေးအဖွဲ့အနေနဲ့ မိမိရဲ့ဝင်ငွေ အတော်များများကို ပြည်သူအများသွားလာနေတဲ့ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းတွေမှာ ပိုမိုသုံးစွဲဖို့ လိုလားကြတယ်လို့ သိရပါတယ်။ နေအိမ်တွေနဲ့ပတ်သက်ပြီး မြို့လူထုရဲ့ အမြင်ဟာလည်း ပြောင်းလဲလာတာကို တွေ့ရတယ်လို့ ဆိုပါတယ်။ ၂၀၀၈ ခုနှစ်လောက်တုန်းက မြို့နေလူဦးရေ ၅၉ ရာခိုင်နှုန်းလောက်ဟာ ခြံကျယ်ကျယ်နဲ့ အိမ်ကြီးကြီးဝယ်ပြီး မော်တော်ကားကောင်းကောင်းနဲ့ တဝီဝီသွားလာနေထိုင်တာကြိုက်ခဲ့ကြပေမယ့် ၂၀၁၂ ခုနှစ်ရောက်တော့ မြို့လူထု ၅၁ ရာခိုင်နှုန်းဟာ လေကောင်းလေသန့်ရပြီး ကျန်းမာရေးနဲ့ ညီညွတ်တဲ့ မြို့ရဲ့အပိုင်းလေးမှာ အိမ်ခတ်သေးသေးလေးနဲ့ အေးအေးဆေးဆေးပဲ နေထိုင်လိုကြတယ်လို့ သိရကြောင်းပါခင်ဗျား။။

***Ref:''Greening Houston''***
***(The Economist)***

## တရုတ်နိုင်ငံတွင် ဆက်တိုက်နီးပါး မိုးရွာသွန်းမှုကြောင့် ဉယျာဉ်ခြံထွက်ကုန်များ ဈေးနှုန်းကြီးမြင့်



တရုတ်နိုင်ငံမှာ ဆက်တိုက်နီးပါးမိုးရွာသွန်းမှုကြောင့် ဉယျာဉ်ခြံထွက်ကုန်များက ဈေးကွက်တွေကို တင်ပို့ရောင်းချရေး နှောင့်နှေးမှုကြောင့် ဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်နေရတယ်လို့ တရုတ်နိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာန (MOFCOM) မှ ဇူလိုင် ၃၁ ရက်နေ့ထုတ်ပြန်တဲ့ စာရင်းတွေမှာဖော်ပြထားတယ်။ တရုတ် ပြည်တွင်း (၃၆) မြို့ကို လေ့လာမှုအရ ဟင်းသီးဟင်းရွက် အမျိုးအစား ၁၈ မျိုးရဲ့ လက်ကားဈေးနှုန်းတွေက ၃ ဒသမ ၅ ရာခိုင်နှုန်းမြင့်မားခဲ့ကြောင်း၊ ခရမ်းချဉ်သီး၊ ဆလတ်ရွက်နဲ့ ပဲသီးတို့မှာတော့ ၁၇ ဒသမ ၆ ရာခိုင်နှုန်း ၊ ၁၁ ဒသမမ ၉ ရာခိုင်နှုန်းနဲ့ ၁၂ ဒသမ ၈ ရာခိုင်နှုန်းစီ ဈေးမြင့်လာကြောင်း MOFCOM မှ ထုတ်ပြန်တဲ့စာရင်းမှာ ဖော်ပြထားတယ်။

သီတင်းပတ်ငါးပတ် ဆက်တိုက်ဈေးကျနေတဲ့ ကြက်ဥလက်လီဈေးနှုန်းတွေလည်း သုည ဒသမ ၇ ရာခိုင်နှုန်း ဈေးမြင့်လာတယ်လို့ သိရတယ်။ ဒါပေမဲ့ ယခင်နှစ်အလားတူကာလက ဈေးနှုန်းနဲ့ ယှဉ်ရင် ၅ ဒသမ ၄ ရာခိုင်နှုန်း ဈေးကျသွားတယ်လို့သိရတယ်။ အသီးအရွက် ဈေးမြင့်သော်လည်း တရုတ်နိုင်ငံမှာ အဓိကစားသုံးတဲ့ အသားဖြစ်တဲ့ ဝက်သားဈေးနှုန်းမှာတော့ သုည ဒသမ ၄ ရာခိုင်နှုန်း ဈေးကျသွားကြောင်း ဖော်ပြထားတယ်။ စားသောက်ကုန်ဈေးနှုန်းက တရုတ်နိုင်ငံရဲ့ စားသုံးသူများ ဈေးဆညွှန်းကိန်း (CPI) တွက်ချက်ရာမှာ သုံးပုံတစ်ပုံနီးပါးအရေးပါတယ်။ တရုတ်နိုင်ငံရဲ့ CPI က ဇွန်လအတွင်း ၂ ဒသမ ၂ ရာခိုင်နှုန်းအထိ ကျဆင်းခဲ့ရာ ၂၀၁၀ ခုနှစ် ဇန်နဝါရီလနောက်ပိုင်း အနိမ့်ဆုံးနှုန်းထားဖြစ်လာတယ်လို့ သိရတယ်။

***Source:inhuanet.com, ဝဝ***

## ရိတ်သိမ်းချိန်လွန် နည်းပညာ ပညာပေးအစီအစဉ် (၁)

# ထုပ်ပိုးပစ္စည်းနှင့် သီးနှံ၏ သက်တမ်း


မတူညီသော ထုပ်ပိုးပစ္စည်းတို့သည် ထုပ်ပိုးခံရသောသီးနှံကုန်ပစ္စည်း၏ တာရှည်အထားခံနိုင်မှု အပေါ်တွင် သက်ရောက်မှုရှိတတ်သည်ကို တွေ့ရသည်။ အထူးသဖြင့် သယ်ယူပို့ဆောင်ရာတွင် တောင့်တင်းခိုင်မာပြီး ပလတ်စတစ်ကဲ့သို့သော ခြင်းတောင်းများဖြင့် သီးနှံများကိုထည့်သွင်းပြီး သယ်ယူပို့ဆောင်ရာ၌ ထိခိုက်ဒဏ်ရာ မဖြစ်စေဘဲ လိုရာခရီးကိုရောက်စေနိုင်ခြင်းဖြစ်သည်။ ဥပမာ-ပန်းဂေါ်ဖီပွင့်များ၊ ဂေါ်ဖီထုပ်များနှင့် ရှားပါးကုန် ဘေဘီကွန်းတို့ဖြစ်သည်။ တောင့်တင်းခိုင်မာသောခြင်းများ သုံးခြင်းဖြင့် သယ်ယူမည့် ယာဉ်ပေါ်သို့ ညီညာစွာစီထပ်နိုင်ပြီး၊ သယ်ယူပို့ဆောင်နိုင်၏။ ထိခိုက်မှုကိုနည်းစေ၏။ ဥပမာ-ထိုင်းနိုင်ငံထွက် လိုင်ချီးသီးကို ဥရောပတိုင်းပြည်သို့လေကြောင်းလိုင်းဖြင့်ပို့ဆောင်ရာတွင် ဖိုင်ဘာကာတွန်းဘောက်စ်ဖြင့် လည်းကောင်း၊ မိရိုးဖလာသုံး ခြင်းတောင်းဖြင့်လည်းကောင်း ပို့ဆောင်ကြသည်ကိုတွေ့ရသည်။ သို့ရာတွင် လေကြောင်းလိုင်းက ဖိုင်ဘာကာတွန်းဘောက်စ်ဖြင့် သယ်ယူသည်ကိုပိုကြိုက်ပြီး ဥရောပဈေးကွက်က ခြင်းဖြင့်လာသည်ကို ပိုနှစ်သက်ကြောင်းဆိုသည်။

သီရိလင်္ကာနိုင်ငံမှ နာနတ်သီးများကို ဖိုင်ဘာကာတွန်းဘောက်စ်ဖြင့် ပြည်ပနိုင်ငံများသို့ လည်းကောင်း ဒေသတွင်း၌သော်လည်းကောင်း ထုပ်ပိုးသယ်ယူခဲ့ရာ လိုအပ်သည်ထက်ပိုမိုခိုင်ခန့်နေသည်ကို တွေ့ရသည်။ သီးနှံများကိုထုပ်ပိုးရာတွင် လုံလောက်သောခိုင်ခန့်မှုရှိပြီး၊ ကုန်ကျစရိတ်သက်သာသော ထုပ်ပိုးခွံလည်းဖြစ်ရန် လိုအပ်ပါသည်။ အိန္ဒိယနိုင်ငံမှ သရက်သီးများကို အမြောင်းလိုင်းပါသော ဖိုင်ဘာကာတွန်းဘောက်စ်နှင့် သစ်သားကုန်သေတ္တာတို့ဖြင့် ယှဉ်ပြိုင်ပြီးသယ်ယူရာတွင် လေ့လာကြည့်ရာ အသီးများပျက်စီးခြင်း၊ ရှုံ့တွတွန့်လိမ်ခြင်းတို့ သိသာစွာလျော့နည်းသွားပြီး အသီးမှည့်လာမှုလည်း အတိုင်းအတာတစ်ခုထိ နှေးသွားကြောင်း တွေ့ရသည်ဟုဆိုသည်။

သီရိလင်္ကာနိုင်ငံမှ ပီလောပီနံ့ဥများကို ပြည်ပတင်ပို့ရာ မှိုသတ်ဆေးဖျန်းထားသော အုန်းဆံဖတ်ဖြင့် ပီလောပီနံ့ဥများကို ထိတွေ့စေပြီးနောက် ယင်းပီလောပီနံ့ဥများကို ပိုလီအီသလင်း ပလတ်စတစ်ဖျင်ဖြင့် ထုပ်ပိုးပြီး ပြည်ပသို့တင်ပို့ကြသည်။ မြန်မာ့ဖရဲသီးများကို စက္ကူသေတ္တာများဖြင့် ထုပ်ပိုးပြီး သယ်ယူလာကြသည်ကို လားရှိုး၊ မူဆယ်ဘက်သို့သွားမည့် ကုန်တင်ကားများပေါ်တွင် တွေ့လာကြသည်။ ထို့ကြောင့် ပြည်ပဈေးကွက်သို့ တက်လှမ်းကြမည့်သူတိုင်း မိမိတို့ကုန်ပစ္စည်းအတွက် ထုပ်ပိုးပစ္စည်းကို မဖြစ်မနေ ထည့်သွင်းစဉ်းစားကြရပေလိမ့်မှာ ထင်မြင်မိပါသည်။

***ဖြူဖြူဝင်း***

# မှိုတက်ခြင်း



မှိုသည် သစ်ပင်လောကတွင်ပါဝင်ပြီး အလွန်သေးငယ်သောအပင်ဖြစ်သည်။ မှိုတွင် အမြစ်နှင့် အရွက်များမရှိသဖြင့် ယင်းတို့ ရှင်သန်ပေါက်ဖွားရန်အတွက် အာဟာရဓာတ်ရနိုင်သော သီးနှံကုန်ပစ္စည်းများအပေါ် မှီခိုနေရပါသည်။ မှိုတွင် တစ်ခုနှင့်တစ်ခု လိမ်ရှုပ်ကာ ရှုပ်ထွေးနေသော အကိုင်းအခက်များဖြင့် ဖွဲ့စည်းထားပါသည်။ ယင်းအကိုင်းအခက်များကို ဟိုင်ဖေး (Hyphae) ခေါ်ပါသည်။ ယင်း Hyphae များ အထွေးလိုက်ကို မိုက်ဆီးလီးယမ် (Mycelium) ဟုခေါ်ပါသည်။ အဆိုပါ (Mycelium) များသီးနှံပေါ်တွင် ကျရောက်ခြင်းကို မှိုတက်သည် (Mold) ဟုခေါ်ပါသည်။

ပတ်ဝန်းကျင်လေထုထဲတွင် အလွန်သေးငယ်၍ သာမန်မျက်စိဖြင့် မြင်နိုင်စွမ်းမရှိသည့် မှိုမျိုးစေ့များသည် မြောက်မြားစွာပင် ပျံ့နှံ့လွင့်ပါးနေသည်ဖြစ်ရာ အခွင့်အခါသင့်သည်နှင့် အဆိုပါ မှိုမျိုးစေ့ကလေးများသည် သီးနှံပေါ်တွင် ကျရောက်နေရာယူနိုင်ပါသည်။ မှိုမျိုးစေ့ဘဝတွင် သီးနှံများကို ဖျက်ဆီးနိုင်စွမ်းမရှိပါ။ သို့ရာတွင် ပတ်ဝန်းကျင်မှ ပေါက်ရောက်ရန် အခြေအနေပေးသည့် အစိုဓာတ်၊ အပူချိန်နှင့် လေထိုစိုထိုင်းဆတို့ ဖြစ်ပေါ်လာလျှင် မျိုးစေ့မှ အပင်ပေါက်လာပြီး သီးနှံများကို ဖျက်ဆီးတတ်ပါသည်။ ယင်းမှိုများကြောင့် အောက်ပါ အရည်အသွေးများ ကျဆင်းခြင်းနှင့် အန္တရာယ်များ ဖြစ်စေနိုင်ပါသည်။

(၁) သီးနှံအပင်ပေါက်နှုန်းကျဆင်းခြင်း
(၂) အရောင်ပျက်ခြင်း (ဆန်ဝါပေါက်ခြင်း အပါအဝင်)
(၃) ယင်းမှိုများ အသက်ရှူခြင်းကြောင့် အပူချိန် မြင့်တက်လာသဖြင့် သီးနှံပျက်စီးခြင်း
(၄) အာဟာရဓာတ်ကုန်ခမ်းခြင်း
(၅) ယင်းမှိုအချို့မှ မှိုဆိပ်ထုတ်လုပ်သဖြင့် စားသုံးသူများ ကင်ဆာရောဂါဖြစ်ပွားနိုင်သဖြင့် အန္တရာယ်ရှိခြင်းတို့ ဖြစ်ပါသည်။

မှိုတက်ခြင်းကို အောက်ပါနည်းလမ်းများဖြင့် ကာကွယ်နိုင်ပါသည်-

(၁) သီးနှံများမသိုလှောင်မီ စနစ်တကျသန့်စင်ပြီး ခြောက်သွေ့အောင် ပြုပြင်ပြီးမှ သိုလှောင်ပါ။
(၂) သိုလှောင်ရုံပတ်ဝန်းကျင်၊ သိုလှောင်ရုံအတွင်းနှင့် လုပ်ငန်းသုံး ပစ္စည်းများ၊ ထုပ်ပိုးပစ္စည်းများ ခြောက်သွေ့သန့်စင်အောင် ဆောင်ရွက်ထားရန်။
(၃) သိုလှောင်ထားစဉ် သီးနှံအပူချိန်ကို တိုင်းတာပြီး သီးနှံအမြဲအေးနေအောင် ထားရမည်။
(၄) သိုလှောင် သီးနှံနှင့် သိုလှောင်ရုံ အဆောက်အအုံအား အပတ်စဉ် စစ်ဆေးရေးမှတ်တမ်းများ ထားရှိရမည် ဖြစ်ပါသည်။

***သန်းသန်းမြင့်***

## ရိတ်သိမ်းချိန်လွန် နည်းပညာ ပညာပေးအစီအစဉ် (၂)

# တန်ဖိုးမြှင့်ထုတ်ကုန် ပေါင်းဆန်

*(ယခင်တစ်ပတ်မှ အဆက်)*

**SM**

### သတ်မှတ်အပူချိန်တွင်ရေစိမ်ခြင်း

သတ်မှတ်အပူချိန် 70°C ရှိ ရေပူထည့်ထားသည့် အုတ်ကန်အတွင်းသို့ သန့်စင်ပြီး စပါးကို လောင်းထည့်၍ ၈ နာရီခန့် ရေပူစိမ်ထားရပါတယ်။

### သတ်မှတ်အပူချိန်ဖြင့် တစ်သမတ်တည်းထား၍ ရေပူစိမ်ခြင်း

အလုံပိတ်အိုး (Close Vessel)အတွင်း သန့်စင်ပြီးစပါးကိုထည့်၍ 70°C ရှိသောရေပူကို ရေပန့်ဖြင့် မောင်းသွင်းရပါတယ်။ စပါးနှင့် ထိတွေ့ပြီးနောက် ရေပူချိန်မှာ 70°C မှ 65°C ခန့်သို့ ကျဆင်းသွားမည်ဖြစ်ပြီး ဆက်လက်ကျဆင်းခြင်း မရှိရန် ရေနွေးငွေ့ပိုက်များဖြင့် ထိန်းသိမ်းထားရှိပြီး ရေပူစိမ်ရပါတယ်။ ရေစိမ်ကာလ ၆ နာရီခန့် ကြာမြင့်ပါတယ်။

### ဖိအားဖြင့် သတ်မှတ်အပူချိန်ကို တစ်သမတ်တည်းထား၍ ရေပူစိမ်ခြင်း

အထက်ပါနည်းအတိုင်း စီစဉ်ဆောင်ရွက်ပြီး အလုံပိတ်အိုးအတွင်းသို့ 2 to 3 bar ဖြင့် ဖိအားသက်ရောက်စေပါတယ်။ စပါးရေစိမ်ဝရန်အတွက် ၄ နာရီခန့် ကြာမြင့်ပါတယ်။

### စပါးပေါင်းခြင်း (Steaming Process)

ရေစိမ်ဝပြီးတဲ့ စပါးစေ့အတွင်းမှ ကော်ဓာတ်အစေ့အဆံ (Starch Granular) များကို အပူပေး၍ ကော်ဓာတ်ကြေပျက်အောင် (Gelatinization) ပြုလုပ်ခြင်း ဖြစ်ပါတယ်။ အပူကြောင့် ကော်ဓာတ်အစေ့အဆံများသည် ကြေပျက်၍ ဗဟုဂံပုံသဏ္ဌာန် တည်ရှိရာမှ တစ်သားတည်း ဖြစ်သွားပြီး ပုံသဏ္ဌာန်ပြောင်းလဲသွားပါတယ်။ ဤကဲ့သို့ ကော်ဓာတ်ကြေပျက်အောင် စပါးကိုပေါင်းရာတွင် လိုအပ်သည့်အချိန်ထက် ပိုမိုကြာသွားပါက ပေါင်းဆန်အရောင်ရင့်သွားတတ်ပြီး လိုအပ်သည့်အချိန်ထက် လျော့နည်းသွားပါကလည်း ဆန်စေ့ရှိ အချို့အတွင်းသားများသည် ကော်ဓာတ်ကြေပျက်ခြင်းသို့ မရောက်ရှိသေး၍ ပေါင်းဆန်ကို ထက်ပိုင်းချိုး၍ကြည့်ပါက ဆန်သား၏ အလယ်တွင် အဖြူရောင် (Starch cell) အစက်အပျောက်များတွေ့မြင်ရမည်ဖြစ်ပြီး စက်ကြိတ်ခံနိုင်မှု မရှိသည်ကို တွေ့ရှိရပါတယ်။ ရေစိမ်ဝပြီးသောစပါးကို ရေနွေးငွေ့ဖြင့်အပူပေး၍ ပေါင်းလိုက်ပါက-

- စပါးစေ့တစ်စေ့လုံးသို့ အစိုဓာတ် အညီအမျှမြင့်တက် ပျံ့နှံ့၍ ဆန်စေ့နှင့် ရေတို့၏ အပူချိန်လည်း မြင့်တက်လာခြင်း။
- ဆန်စေ့အတွင်းသို့ ဗီတာမင်ဓာတ်များ၊ သတ္တုဓာတ်များ စိမ့်ဝင်ပျံ့နှံ့မှု မြင့်တက်ခြင်း။
- ကော်ဓာတ်အစေ့အဆံများသည် (Gelatinization) ဖြစ်ပြီး ကြေပျက်၍ အရည်ပျော်လာပြီး ကော်ကဲ့သို့ ဖြစ်လာခြင်း။
- ဆန်စေ့အတွင်းရှိ အက်ကြောင်း အက်ရာများ ပပျောက်သွားပြီး တစ်ခုနှင့် တစ်ခု ပူးကပ်သွားကာ သိပ်သည်းကျစ်လျစ်၍ တစ်သားတည်း ဖြစ်သွားဖြင်း။
- ဇီဝဖြစ်စဉ်များ (Biological Process) အပင်ပေါက်ခြင်း၊ မှိုမျိုးစေ့များ၊ အင်းဆက်များ၊ ၎င်းတို့၏ ဥများသည် လုံးဝပပျောက်သွားခြင်း။
- အင်ဇိုင်းများလည်း စွမ်းအားမဲ့အခြေအနေတွင် ရောက်ရှိသွားခြင်း စသည်တို့ ဖြစ်ပေါ်စေပါတယ်။

### ပေါင်းစပါးအခြောက်ခံခြင်း (Drying Process)

Steaming process အပြီး ထွက်ရှိလာသော ပေါင်းစပါး၏ အစိုဓာတ်ဟာ ၃၅ ရာခိုင်နှုန်းခန့် ရှိတဲ့အတွက် ကြိတ်ခွဲရန် အသင့်တော်ဆုံး အစိုဓာတ် ၁၃ ရာခိုင်နှုန်းမှ ၁၄ ရာခိုင်နှုန်းထိ ကျဆင်းအောင် အခြောက်ခံကြရပါတယ်။ ပေါင်းဆန်အခြောက်ခံခြင်းကို အောက်ဖော်ပြပါအတိုင်း နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ကြပါတယ်-

### နေရောင်ခြည်ဖြင့် လှန်းကွင်းတွင် အခြောက်ခံခြင်း

ဒီနည်းဟာ အပူစွမ်းအင်အတွက် စိုက်ထုတ်ကုန်ကျမှုမရှိသော်လည်း နေရောင်ခြည်အပေါ်တွင် မှီခိုနေရခြင်း၊ ရာသီမရွေး ဆောင်ရွက်မှု မပြုနိုင်ခြင်း လှန်းကွင်းအတွက် နေရာများစွာ လိုအပ်ခြင်းနှင့် အလုပ်သမားအင်အားများစွာ လိုအပ်ခြင်းများရှိတဲ့အပြင် စပါးမှာ နေကျွမ်းခြင်း (Over Drying) မရှိရအောင် ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများစွာ လိုအပ်ပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*



တောင်ကုတ်ဒေသ၌ ထုတ်လုပ်လည်ပတ်လျက်ရှိသော ပေါင်းဆန်စက်ရုံ

# ရတနာပုံ Online Payment Gateway ဝန်ဆောင်မှုလုပ်ငန်း၏ Y-Store လုပ်ငန်းများ မကြာမီ စတင်မည်




မြန်မာနိုင်ငံတွင် အင်တာနက်စနစ်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲနိုင်သည်နှင့်အမျှ အွန်လိုင်းပေါ်မှ တစ်ဆင့်ဈေးဝယ်နိုင်မည့် ရတနာပုံ Online Payment Gateway ဝန်ဆောင်မှုလုပ်ငန်း၏ Y-Store လုပ်ငန်းများကို မကြာမီ စတင်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ရတနာပုံဝက်ဘ်ပေါ်တယ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

Y-Pay စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အွန်လိုင်းပေါ်တွင် ဈေးဝယ်နိုင်မည့် အစီအစဉ်ကို မကြာမီကာလတွင် စတင်တော့မည်ဖြစ်ရာ Y-Store လုပ်ငန်းများတွင်ပါဝင်ကြမည့် ကုန်သည်များ၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ရတနာပုံဝက်ဘ်ပေါ်တယ်နှင့်ချိတ်ဆက်၍ အချက်အလက်များ ရယူနိုင်ကြောင်း သိရသည်။

Y-Store ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံတွင် E-commerce စနစ် ကျယ်ကျယ်ပြန့်ပြန့်ထွန်းကားလာစေရန်၊ အောင်မြင်သော အွန်လိုင်းဈေးကွက်နေရာ ဖွံ့ဖြိုးလာစေရန်၊ အိုင်တီနည်းပညာနှင့် အင်တာနက်စီးပွားရေးကို စီးပွားရေးလုပ်ငန်းရှင်များမှ ပိုပြင်စွာအသုံးချလာနိုင်စေရန်၊ အွန်လိုင်းမှ ဈေးဝယ်သူများအနေဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် သက်သောင့်သက်သာ ဈေးဝယ်နိုင်စေရန်၊ စီးပွားရေးလုပ်ငန်းရှင်တိုင်း မိမိတို့၏ဖောက်သည်များအား Online Shopping Services ပေးထားနိုင်စေရန်၊ စီးပွားရေးကဏ္ဍနှင့် နည်းပညာကဏ္ဍအား ပေါင်းစပ်သော Online Shopping Services ကဏ္ဍတွင် မိမိတို့၏ လုပ်ငန်းများမှာ ရှေ့ဆောင်လုပ်ငန်းများအဖြစ် ပါဝင်လာနိုင်စေရန်တို့ဖြစ်ကြောင်း ရတနာပုံဝက်ဘ်ပေါ်တယ်မှ အမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့သည်။

အွန်လိုင်းပေါ်မှ ဈေးရောင်းဈေးဝယ် ပြုလုပ်နိုင်သောစနစ်သည် ရောင်းချသူ၊ ဝယ်ယူသူ နှစ်ဖက်စလုံးအတွက် များစွာအကျိုးဖြစ်ထွန်းသော စနစ်တစ်ခုဖြစ်ကြောင်း၊ တိုးတက်လာသော နည်းပညာများတွင် ပြိုင်ဆိုင်မှုပြင်းထန်လာမည့် အနာဂတ်စီးပွားရေးကဏ္ဍများတွင် အချိန် တိုင်းသည် တန်ဖိုးရှိနေသောကြောင့် အချိန်ကို အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် မိမိတို့၏လုပ်ငန်းများအား Y-Store တွင် ရောင်းချခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူသူများအနေဖြင့်လည်း မိမိတို့၏တန်ဖိုးရှိသောအချိန်များကို ဈေးဝယ်ယူရသောကိစ္စတစ်ခုတည်းဖြင့် မဆုံးရှုံးသွားစေရန် Y-Store မှ ဈေးဝယ်ယူခြင်းဖြင့် နိုင်ငံတော်၏ E-commerce ကဏ္ဍတစ်ရပ်လုံး ဖွံ့ဖြိုးလာစေရန်အတွက်လည်းကောင်း ရည်ရွယ်၍လုပ်ဆောင်ရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ Y-Store လုပ်ငန်းအတွက် Online Banking စနစ်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ရာ ယခုလက်ရှိ Online Banking စနစ် ဆောင်ရွက်နေသည့် ဘဏ် ခြောက်ခုနှင့်ချိတ်ဆက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## အိမ်ခြံမြေ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | ဖဆပလအိမ်ရာ | (၄၀x၄၀)ပေ | အခန်းဖွဲ့ | ၅.၅ သိန်း | ၁လအငှားနှုန်း | ၂၅၄၂ |
| ၂။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅x၄၅)ပေ | RC (၁) ထပ် | ၂၂၅၀ သိန်း | အသင့်နေ | ၅၆၃၀၇၀ |
| ၃။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | (၃၇x၅၀)ပေ | BN (၁)ထပ် | ၂၂၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | ပုဇွန်တောင်မြို့နယ်၊ ညောင်တန်းအနီး | (၄၀x၆၀)ပေ | မြေသီးသန့် | ၂၀၀၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ (၁၁)လမ်း | (၂၀x၆၀)ပေ | BN (၁)ထပ် | ၁.၂ သိန်း | ၁လအငှားနှုန်း | ၅၆၃၀၇၀ |
| ၆။ | စက်မှုဇုန်မြေ | တောင်ဒဂုံစက်မှုဇုန်နယ်မြေ | ၇၂၀၀ စတုရန်းပေ | (၃) ကွက်တွဲ | ညှိနှိုင်းဈေး | | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | ကမ်းခြေမြေ | ငပလီဟိုတယ်ဇုန်၊ လမ်းမတန်းမြေ၊ ဟိုတယ်လမ်းမတန်း | (၈၀x၆၀)ပေ | အိမ်ပါ | ၁၈၀၀ သိန်း | လက်ရှိစား သောက်ဆိုင်လုပ်ငန်း | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | (၆၀x၈၀)ပေ | ဝိုင်းမြေသီးသန့် | ၄၅၀ သိန်း | ညှိနှိုင်းနိုင် | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြင်ဦးလွင်မြို့ စန္ဒာလမ်းသွယ် | (၈၀x၈၀)ပေ | RC(၂)ထပ်တိုက် | ၃၅၀၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |

*SN*

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အက္ခရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ကိုရိုလာဗင် (88) (1.8) | ၇က | ၇၅ သိန်း | ကားကောင်း |
| ၂။ | ကိုရိုလာဗင် (87) ဓာတ်ဆီ | ၃က | ၆၅ သိန်း | နောက်ယက်၊ ကားကောင်း |
| ၃။ | တောင်းအေ့(စ်) (စက်မှုဇုန်) | ၉ဇ | ၁၀၅ သိန်း | ဇုံ |
| ၄။ | စူပါဆလွန်း (91) | ၄က | ၉၀ သိန်း | ကားကောင်း |
| ၅။ | စူပါဆလွန်း (86) | ၁က | ၆၅ သိန်း | ကားကောင်း |
| ၆။ | ထီလာဂျစ် (စက်မှုဇုန်) | ၇ခ | ၃၀ သိန်း | အသင့်စီးနိုင် |
| ၇။ | ဟွန်ဒါဖစ် (2007) | ၂ယ | ၁၄၀ သိန်း | |
| ၈။ | ဘယ်တာဆလွန်း (2009) | ၅ယ | ၁၇၀ သိန်း | |
| ၉။ | ဟွန်ဒါ အင်ဆိုက် (2009) | ၃ယ | ၁၈၀ သိန်း | |
| ၁၀။ | တိုယိုတာကရောင်းဆလွန်း (2001) | ၃ယ | ၁၇၀ သိန်း | (2.4 ဓာတ်ဆီ) |

*SN*

## ဖျာပုံခရိုင်အတွင်း မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား လိုင်စင်သစ်များထုတ်ပေးလျက်ရှိ

ဖျာပုံခရိုင် ပြည်တွင်းအခွန်ရုံးမှာ မှတ်ပုံတင်မဲ့မော်တော်ဆိုင်ကယ်များအား ဇူလိုင် ၁၆ ရက်မှစပြီး လိုင်စင်သစ်များ ထုတ်ပေးလျက်ရှိကြောင်းသိရပါတယ်။

ထုတ်ပေးတဲ့ဆိုင်ကယ်များကတော့ တရုတ်၊ ထိုင်း၊ အိန္ဒိယစတဲ့နိုင်ငံထုတ်များ ဖြစ်ပြီး ပြည်တွင်းအခွန်၊ အကောက်ခွန်၊ ကညန၊ အာမခံကြေးစတဲ့ စုစုပေါင်းတို့ကို ဘဏ်သို့ပေးသွင်းရပြီး နှုန်းထားများကတော့ ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် တရုတ်နိုင်ငံထုတ် ၁၁၀ စီစီနဲ့အောက် ၅၆၈၂၅ ကျပ်၊ ၁၂၅ စီစီအထက် ၅၉၉၀၀ ကျပ်၊ ထိုင်းနိုင်ငံထုတ် ၁၁၀ စီစီအောက် ၁၁၄၂၂၅ ကျပ်၊ ၁၂၅ စီစီ အထက် ၁၄၈၀၅၀ ကျပ်တို့ဖြစ်ကြောင်း သိရပါတယ်။

"ဆိုင်ကယ်လိုင်စင်လုပ်ပေးတဲ့ရက်က ၁၆ရက်ဆိုပေမယ့် ဆိုင်ကယ်အကုန်လုံးမလုပ်နိုင်ကြဘူး။ အထူးသဖြင့် ရွာဘက်ဘီးတွေပေါ့။ လယ်ယာလုပ်ချိန်ဆိုတော့ မအားကြဘူး။ တချို့ကလည်း ငွေကြေးအခက်အခဲကြောင့်ပေါ့။ တချို့ကလည်း ဝင်ပြီး တန်းမစီနိုင်ကြဘူး။ ဆိုင်ကယ်အတန်းကလည်း တော်တော်ကိုရှည်တယ်။ မိုးကလည်း အဲဒီရက်ပိုင်းမှာ တအားရွာနေတော့ ပွဲစားနဲ့ အလုပ်လုပ်ကြတယ်။ ပွဲစားခကလည်း တစ်စီးကို ၅၀၀၀ ကျပ်လောက် ပေးရတယ်။ တချို့လူငှားနဲ့ဝင်ပြီး တန်းစီတယ်။ တန်းစီခက တစ်နေ့ကို ၁၅၀၀-၃၀၀၀ ကျပ်အထိပေးရတယ်။ ပြီးတော့အခက်အခဲတစ်ခုရှိတယ်။ အဲဒါကတော့ ယာဉ်မောင်းလိုင်စင်ကိစ္စပဲ။ ယာဉ်မောင်းလိုင်စင်လိုချင်ရင် မအူပင်မြို့နယ် ကညနရုံးမှာ သင်တန်း နှစ်ရက်သွားတက်ရတယ်။ ဝန်ထမ်းဆိုရင် တစ်ရက်တော့ တက်ရတယ်လို့ ကြားတယ်။ ဆိုင်ကယ်လည်းရှိတယ်၊ လိုင်စင်လည်း ဆောင်ပြီးပြီ၊ ဆိုင်ကယ်စီးနေတာလည်းသုံးနှစ်လောက်ရှိပြီ၊ ရွာမှာတော့ ပြဿနာမရှိဘူး၊ မြို့တက်လာရင် ပြဿနာရှိတယ်။ မအူပင်ကို ညအိပ်သွားဖို့ဆိုတာ ငွေကြေးကကိစ္စ မရှိပေမဲ့ အချိန်ကရှိတယ်။အဲဒီအချိန်ကို မပေးနိုင်ဘူး။ဖြစ်စေချင်တာက ဖျာပုံမှာလာပြီး ကညနကတစ်လကိုတစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်လာပြီး သင်တန်းပေးနိုင်မယ်ဆိုရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ရွာဘက်ကဆိုင်ကယ်တွေမှာ ယာဉ်မောင်းလိုင်စင်ကိစ္စ တော်တော်ကိုအခက်အခဲရှိပါတယ်"လို့ သမိန်တောကျေးရွာမှ ဆိုင်ကယ်လိုင်စင်လာလုပ်သူတစ်ဦးက ပြောသွားပါတယ်။ လိုင်စင်ထုတ်ပေးရက် ၁၆ ရက်အတွင်း ဆိုင်ကယ်လိုင်စင် ထုတ်ပေးနိုင်ခဲ့တဲ့ စီးရေပေါင်း ၂၀၀၀ နီးပါးခန့် ထုတ်ပေးနိုင်ခဲ့တယ်လို့ ပြည်တွင်းအခွန်ဦးစီးဌာနက တာဝန်ရှိသူတစ်ဦးထံမှ သိရပါတယ်။

**မင်းဇော်မွန်**

## လာမည့်ပွင့်လင်းရာသီကာလ ခရီးသွားအစီအစဉ်များအတွက် သူဌေးကျွန်းဟိုတယ်မှ Package Tour အစီအစဉ်များ ကြိုတင်ပြင်ဆင်

လာမည့်ခရီးသွားရာသီအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မြန်မာပြည်တောင်ဘက်စွန်းရှိ သူဌေးကျွန်းဟိုတယ်မှ Package Tour အစီအစဉ်သစ် သုံးခုကို စီစဉ်ပေးမည်ဖြစ်ကြောင်း သူဌေးကျွန်းဟိုတယ်မှ ဈေးကွက်မန်နေဂျာ Ms. Krona Visutrasai က ပြောကြားခဲ့သည်။ အဆိုပါသူဌေးကျွန်းဟိုတယ်သို့ ရန်ကုန်မြို့မှ ခရီးသွားဧည့်သည်များ လာရောက်မှုနည်းပါးသဖြင့် ယခုကဲ့သို့ Package Tour အစီအစဉ်သစ်များရေးဆွဲကာ ခရီးစဉ်သစ်များအား ရန်ကုန်မြို့ရှိပြည်သူများ သိရှိစေရန်ရည်ရွယ်၍ ရှင်းလင်းပြောကြားရခြင်းဖြစ်ကြောင်း အဆိုပါဟိုတယ်မှ Sale Executive ဦးယဉ်ထွေးက ပြောကြားခဲ့သည်။

အဆိုပါ သူဌေးကျွန်းဟိုတယ်တွင် ၂၀၁၂ နိုဝင်ဘာ ၁ ရက်မှ ၂၀၁၃ ခုနှစ် မတ် ၃၁ ရက်အထိ Two Country Package Tour အစီအစဉ်များကို ရေးဆွဲထားရှိပြီး သူဌေးကျွန်းဟိုတယ်တွင် နှစ်ညအိပ်သုံးရက်တည်းခိုပါက အမေရိကန်ဒေါ်လာ ၂၀၀ ကျသင့်မည်ဖြစ်ပြီး နံနက်စာနှင့် ညစာ(နှစ်ရက်စာ)၊ ကော့သောင်းမှ အန်ဒမန်ကလပ်သို့ လှေအခမဲ့၊ Gift Voucher၊ လဝက ကြေးအပါအဝင် ရနောင်းမြို့အလည်အပတ်ခရီးပါ ပါဝင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါနေ့ရက်အတွင်းတွင် Golf Challenge Package အစီအစဉ်တွင် နှစ်ညအိပ် သုံးရက်ခရီးတွင် အမေရိကန်ဒေါ်လာ ၂၀၀ ကျသင့်မည်ဖြစ်ပြီး အိပ်ခန်း(နံနက်စာနှင့်ညစာ အပါအဝင်) ကော့သောင်းမှ အန်ဒမန်ကလပ်သို့ လှေအခမဲ့၊ ၁၈ ကျင်း ဂေါက်ကစားခွင့်၊ ကယ်ဒီနှင့်ကားအခမဲ့အစီ အစဉ်များပါဝင်ကြောင်း သိရသည်။ Snorkeling Package အစီအစဉ် နှစ်ညအိပ် သုံးရက်ခရီးစဉ်အား နိုဝင်ဘာ ၁ ရက်မှ ဧပြီ ၃၀ ရက်အထိ စီစဉ်ထားပြီး နံနက်စာနှင့် ညစာ နှစ်ရက်စာ၊ ကော့သောင်းမှ အန်ဒမန်ကလပ်သို့ လှေအခမဲ့၊ Snorkeling Package တစ်ရက်ခရီးစဉ်အား အမေရိကန်ဒေါ်လာ ၂၃၀ ဖြင့် စီစဉ်ထားရှိကြောင်း သိရ သည်။ အဆိုပါ Snorkeling အစီအစဉ် တွင် နေရောင်အောက်မှပင်လယ်ကြမ်း ပြင်အလှကို ကိုယ်တိုင်ခံစားကြည့်ရှုနိုင်မည့် အစီအစဉ်များကိုလည်းထည့်သွင်းထားကြောင်း သိရသည်။ ရေအောက် ရှိ သန္တာကျောက်တန်းများ၊ ထူးဆန်း သည့်ရေနေသတ္တဝါများကို ကိုယ်တိုင် ကိုယ်ကျမြင်တွေ့ခံစားရမည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။ ယင်းသူဌေးကျွန်းဟိုတယ်အား ဖွင့်လှစ်လုပ်ကိုင်ခဲ့သည်မှာ ၁၉၉၅ ခုနှစ်ကတည်းကဖြစ်သော်လည်း ရန်ကုန်မြို့မှနေ၍ လေကြောင်းခရီးတစ်ခုတည်းကိုသာ အားကိုးနေရခြင်း၊ လေယာဉ်စရိတ်များ များပြားလွန်းခြင်းတို့ကြောင့် စိတ်ဝင်စားမှု နည်းပါးရခြင်းဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

ရန်ကုန်ရှိုးပွဲတွေမှာအတွေ့ရ နည်းပေမယ့် နယ်ရှိုးတွေနဲ့ ပြည်ပရှိုးပွဲတွေကို ဆက်တိုက်ဆိုဖြစ်နေတဲ့ချစ်သုဝေက ဒီနှစ်ထဲမှာတော့ ဂီတဘက်ကိုပိုပြီး ဦးစားပေးမယ်လို့ ဆိုထားသလို သူမ ဆက်တိုက်လုပ်ဖြစ်မယ့် ဂီတနဲ့ ပတ်သက်တဲ့ အလုပ်တွေကိုလည်းပြောပြခဲ့ပါတယ်။ သူမအချိန်ပေးပြီး ကြိုးစားနေတဲ့ သရုပ်ဆောင်ဘက်က ချစ်သုဝေရဲ့ဘဝဆိုတာလေးကိုလည်း သူမနဲ့ ပြောဖြစ်ခဲ့ပါတယ်။

"ခုချိန်ထိကိုယ်လျှောက်ခဲ့တဲ့ လမ်းမှာ ဝင်ငွေရဖို့ အလုပ်တွေဆက်တိုက်ရှိနေစေဖို့လို့ တွေးပြီးလုပ်ခဲ့တာ ဘာမှ ရှိမနေဘူး။ မြူးဇစ်ဆိုလည်းမြူးဇစ်ပေါ့၊ သရုပ်ဆောင်ဘက်ဆိုလည်း သရုပ်ဆောင်ဘက်မှာပေါ့။ ထရီဇာက ဝင်ငွေရဖို့ တစ်ခုတည်းကိုဘယ်တော့မှ မကြည့်ခဲ့တဲ့အတွက် ကိုယ့်ဘက်ကတော့လိပ်ပြာသန့်တယ်။ ကိုယ်ရိုက်ခဲ့တဲ့ကားလေးကပရိသတ်ကို Message ပေးနိုင်တာ ဖြစ်ရင်ဖြစ် Entertain ဘက်ကိုပဲဆိုရင်လည်းကြည့်ရတဲ့သူအတွက်ထိုက်တန်တဲ့ အရာတွေပဲ လုပ်ပေးချင်တယ်"လို့ ဆိုပါတယ်။

ချစ်သုဝေငိုရင်လိုက်ငိုတယ်ဆိုတဲ့ ပရိသတ်ကို ချစ်သုဝေက "အဲဒီလိုပြန်ကြားရတော့ ဝမ်းသာတယ်။ ပျော်တယ်။ ပရိသတ်ကပဲချစ်သုဝေဆိုတာကို ဆုံးဖြတ်ပေးမှာလေ။ ကိုယ်ကတော့ ဘယ်ကားပဲပြန်ကြည့်ကြည့် ငါဒီလိုလေးလုပ်လိုက်ရင်ကောင်းသားလို့တွေးမိတာလေးတွေရှိတယ်" လို့ ဆိုတယ်။



# ဝင်ငွေရဖို့တစ်ခုတည်း ဘယ်တော့မှမကြည့်ခဲ့တဲ့အတွက် လိပ်ပြာသန့်တယ်ဆိုတဲ့ ချစ်သုဝေ



# အောင်မြင်မှုကို လက်ထဲမှာ ကိုင်ဆုပ်ထားနိုင်ပြီလို့ မပြောရဲသေးတဲ့ ကောင်းခန့်

၂၆ နှစ်ပြည့်မွေးနေ့ကို လယ်တီ ဝိပဿနာကျောင်းတိုက်မှာ ပြုလုပ်ခဲ့တဲ့ ကောင်းခန့်နဲ့တွေ့ဖြစ်ခိုက်. . . . . . .

➢ **ကောင်းခန့် မွေးနေ့မှာ ခံစားရတဲ့ ခံစားမှုလေး ပြောပါဦး။**

ပျော်ပါတယ်။ ကျွန်တော် Life မှာ ဒါမျိုးကြီးကြီးမားမား မလုပ်ဖူးဘူး။ ပြီးခဲ့တဲ့နှစ်ကတည်းက လုပ်ချင်ခဲ့တာ။ ဒါကြောင့်ရည်ရွယ်ပြီး ပိုက်ဆံစုထားပြီး ခုလို လုပ်ဖြစ်တာပါ။

➢ **အကယ်ဒမီကို နှစ်နှစ်စာ ပေါင်းပြီး ပေးမယ်ဆိုတာနဲ့ ပတ်သက်ပြီး ကောင်းခန့်အမြင် ပြောပါဦး။**

သာမန်တစ်နှစ်တစ်ခါလုပ်နေတဲ့ပွဲပေါ့။ နှစ်နှစ်တစ်ခါ လုပ်တယ်ဆိုတော့ သမားစဉ်ကနေ ခွဲထွက်သွားတဲ့ အတွက် ကောင်းရင်လဲကောင်းမယ်။ ဆိုးမယ်ဆိုလည်း ပိုဆိုးသွားမယ်လို့ ထင်ပါတယ်။

➢ **ခု ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌသစ် လက်ထက် အပေါ်မှာကော ကောင်းခန့်အမြင်ကရော. . .**

ကောင်းပါတယ်။ ရုပ်ရှင်လောကသားတွေအတွက် အများဆုံးကြိုးပမ်းဆောင်ရွက်ပေးနေတာပဲ။ ခုထိမြင်တွေ့ နေရတာပဲ။ ကျွန်တော်တို့ လောကသားတွေအတွက်ဆို ဘာပဲဖြစ်ဖြစ် ချက်ချင်းဆောင်ရွက်ပေးပါတယ်။

➢ **အောင်မြင်မှုက ကောင်းခန့်လက်ထဲမှာ ကိုင်ဆုပ်ထားနိုင်ပြီလား။**

မကိုင်နိုင်သေးပါဘူး။ ဘယ်သူမဆို ကံသေကံမ မပြောနိုင်ပါဘူး။ ကိုယ့်ရဲ့ကြိုးစားမှုနဲ့ သွားမယ့် အတိုင်းအတာ တစ်ခုအပေါ် မူတည်ပါတယ်။

# စိတ်မြန်တာတွေ လျှော့ပြီး သေချာစဉ်းစားတတ်လာပြီဆိုတဲ့ ဝိုင်းစုခိုင်သိန်း

➢ **ဝိုင်းစုက ရှိုးပွဲတွေဘာတွေမှာလည်း ဖြစ်သလိုမဝတ်ဘဲဖက်ရှင်ကိုသေချာလေးစဉ်းစားပြီး ဝတ်သလိုပဲ။**

ရှိုးပွဲကျတော့ သာမန်သွားတဲ့လာတဲ့ပုံစံမျိုးဝတ်လို့မရဘူးလေ။ ကိုယ့်ပုံစံ၊ ကိုယ့်ဖက်ရှင်ဆိုပြီး သီးသန့်ဖြစ်နေဖို့ကအရေးကြီးတယ်။ Taylor Swift ဆိုရင် Taylor Swift ဖက်ရှင်၊ ဘယ်သူဆိုရင်ဘယ်သူဖက်ရှင်၊ သူတို့ရဲ့ Trade Mark ရှိတယ်။

➢ **ဒါဆိုဖက်ရှင်နဲ့ပတ်သက်ပြီး ဝိုင်းစုရဲ့ Trade Mark ဆိုရင် ဘယ်လိုဖက်ရှင်မျိုးဖြစ်မလဲ။**

ဝိုင်းစုကတော့လူငယ်ပုံစံပေါ့နော်။ ဝိုင်းစုက Miley Cyrus ပုံစံမျိုး အရမ်းကြိုက်တယ်။ ဒါပေမဲ့ သူ့လိုပုံစံဝတ်ရင်တောင် တချို့ဟာတွေက ဝိုင်းစုနဲ့လိုက်သလို မလိုက်တဲ့ဟာတွေလည်းရှိတယ်။ ဒါကဒီဇိုင်နာတွေပေါ်လည်း မူတည်တယ်။

➢ **ဝိုင်းစုက Plan နဲ့ သွားတတ်တဲ့လူမျိုးလား။**

အဲဒီလိုမျိုးလည်းလုပ်တယ်။ အာရုံပေါ်ရင် ပေါ်သလို စိတ်ကူးပေါ်ရင်ပေါ်သလို လုပ်တယ်။

➢ **ဒါဆိုဝိုင်းစုက စိတ်မြန်တတ်တဲ့သူပေါ့။**

ဟုတ်တယ်။ အရမ်းကိုစိတ်မြန်တယ်။ တစ်ခုခုကိုစဉ်းစားပြီးလုပ်ချင်လာရင် လုပ်လိုက်ရမှ။ ဒါပေမဲ့ လုပ်ခါနီးရင်တော့ သေချာစဉ်းစားတတ်လာပါပြီ။ ရင့်ကျက်လာတယ်လို့ ပြောရမလား မသိဘူး။

➢ **အေးသင် နောက်တစ်ခွေထွက်မယ်ဆိုတာ ဟုတ်လား။**

ဟုတ်ပါတယ်။ အေးသင်ရဲ့ Second Solo ပေါ့နော်။

➢ **တစ်ခွေနဲ့တစ်ခွေအရမ်းကပ်နေတယ်လို့ မထင်ဘူးလား။**

ကပ်တော့ကပ်တယ်။ ဒါပေမဲ့ တစ်ခွေနဲ့တစ်ခွေက ရသချင်းမတူဘူးပေါ့နော်။ Old School, New School ဆိုပြီးတော့ကွဲပါတယ်။

➢ **ဘာဖြစ်လို့ အခွေတွေ ဆက်တိုက် ထုတ်ဖြစ်တာလဲ။**

စီးရီးတစ်ခွေလုပ်တယ်ဆိုတာမလွယ်ပါဘူး။ ဒါပေမဲ့ အဆိုတော်တစ်ယောက်ရဲ့ မှတ်တိုင်၊ အဆိုတော်တစ်ယောက်ရဲ့ အသက်က တစ်ကိုယ်တော်အခွေဆိုတာ လုပ်ကိုလုပ်ရမှာလေ။

➢ **အေးသင်ကိုယ်တိုင်ရော သီချင်းတွေ ရေးဖြစ်တာမျိုးရှိလား။**

ရေးဖြစ်ပါတယ်။ ခံစားလို့ရတဲ့ အချိန်မှာ ရေးတယ်။

➢ **အေးသင်ရဲ့ ကိုယ်ပိုင်ဟန်နဲ့ ကိုယ်ပိုင်စတိုင်ဆိုရင် ဘယ်လိုပြောမလဲ။**

အေးသင်ရဲ့ စတိုင်က မိန်းမ သိပ်မဆန်ဘူး။ယောကျ်ားဆန်တယ်။ မာတဲ့ဘက်ကိုသွားတယ်။ ခပ်မာမာ ဒီဇိုင်းက အေးသင်ရဲ့ စတိုင်လ်ဖြစ်မယ် ထင်တယ်။



# အဆိုတော်တစ်ယောက်ရဲ့မှတ်တိုင် အဆိုတော်တစ်ယောက်ရဲ့အသက်က တစ်ကိုယ်တော်ခွေပါဆိုတဲ့ အေးသင်ချိုဆွေ


KSB PUMPS & VALVES + HST SERVICES
Han Sein Thant
Han Sein Thant Engineering
Industrial Pumps, Valves & Tanks with Best Service
Centrifugal Pump Variable Speed Drive (Energy Saving)
Stainless Steel Chemical Pump
Blackmer Vane Pump (Diesel / Gasoline)
Multistage Pump (High Head / High Pressure)
Deep Well Submersible Pump
KSB Valves
AlFAGOMMA Rubber Hose Pipe
Movitec Boiler Water Feed Pump
Pressure Booster Pumpset
Fire Fighting Pumpset
Package Pump Set
KITZ Valves
SCI Valves
Waste Water Submersible Pump
Double Suction Volute Casing Pump Variable Speed Drive (Energy Saving)
Seepex Progressive Cavity Pump
TECO Electric Motor
Sandpiper Air Operated Diaphragm Pump
L.C Flowmeter
KSB Pump with Deutz Engine
KSB Pump with Lombardini Engine
Viking Diesel Transfer Gear Pump
Fuel Filling Pump (Diesel / Gasoline)
GRP / FRP SECTIONAL WATER TANKS
Yangon Head Office : Bld (112), Room (28/29), Pyay Road, 8th Mile Junction, Mayangone Township, Yangon.
Tel: 01-650 488, 661 030, 651 251, 09 50 13421, 09 51 02352, 09 51 21830
Fax : 01-661030
Email : hst@myanmar.com.mm, james.purity@gmail.com
Web Site : www.hstpump.com
Nay Pyi Taw Office : No.61, Thiriyadana Shopping Complex, Zubu Thiri Township, Nay Pyi Taw.
Tel: 067-420 849, 09 49 255 252
Mandalay Office : Bld (1), Room (8), 26th Road, Between 78th & 79th Street, Chan Mya Thar Si Township, Mandalay. Tel: 02-69897, 09 20 23047, 09 49 25 5248


HITACHI
HITACHI SWITCHES & BERAKERS
LOWVOLTAGE MAGNETIC CONTACTORS & CIRCUIT BREAKERS
(OFF-- Green) (ON-- Red)
ON/OFF Indicator
Black Yellow
Normal Tripped
Release Indicator
PEMCO
Engineering Services & General Contractor
PEMCO COMPANY LIMITED.
#1405, Yuzana Tower, Shwe Gon Taing Junction, Bahan Township, Yangon, Myanmar. 11201
Tel : 95-1-559678 (Off,), 95-1-559751 (Off,)
E-mail : pemco@myanmar.com.mm Website : www.pemco-myanmar.com

# အိန္ဒိယမုတ်သုံမိုး ပျမ်းမျှအောက် ၁၅ ရာခိုင်နှုန်းကျ

အိန္ဒိယရဲ့ မုတ်သုံမိုးက ဇွန်ကနေ စက်တင်ဘာအထိ ကာလရှည်ပျမ်းမျှ ရွာသွန်းမှုရဲ့ ၈၅ ရာခိုင်နှုန်းသာရရှိနိုင်မယ်လို့ အိန္ဒိယမိုးလေဝသဌာန (IMD) ရဲ့ ညွှန်ကြားရေးမှူးချုပ် အယ်လ်အက်စ် ရာသိုးက ဩဂုတ် ၃ ရက်က ပြောပါတယ်။

မိုးရွာသွန်းမှုက နှစ် ၅၀ အတွင်း ပျမ်းမျှရွာသွန်းမှု ၈၉ စင်တီမီတာကို ကာလရှည် ပျမ်းမျှမိုးရွာသွန်းမှုအဖြစ် IMD က သတ်မှတ်ထားပါတယ်။ နှစ် ၅၀ပျမ်းမျှမိုးရေချိန်က ၉၀ ရာခိုင်နှုန်းအောက်ကိုကျရင် မိုးရွာသွန်းမှု မလုံလောက်ဘူး။ အရပ်စကားနဲ့ပြောရင် ပူပြင်းခြောက်သွေ့မှုဖြစ်တယ်လို့ ပြောပါတယ်။ အယ်လ်နီညိုရာသီဥတုပုံစံကြောင့် ဇွန်ကနေ စက်တင်ဘာထိ မိုးရွာသွန်းမှုကျဆင်းနိုင်တယ်လို့ မိုးလေဝသရုံးက ပြောပါတယ်။

***ဉာဏ်တင်၊***
***Source:Thephuketnews.com***

# မိုးမကြာခဏ ရွာ၍ တရုတ် လယ်ယာထွက်ကုန်ဈေးတက်

တရုတ်နိုင်ငံမှာ မိုးမကြာခဏ ရွာနေတဲ့အတွက် ဖြန့်ဖြူးမှုအခက်အခဲ တွေ့ရလို့ ယခင်ရက်သတ္တပတ်က လယ်ယာထွက်ကုန်ဈေးတွေ ဆက်လက်မြင့်တက်နေကြောင်း ဇူလိုင် ၃၁ ရက်က ထုတ်ပြန်တဲ့ အစိုးရကိန်းဂဏန်းတွေအရ သိရပါတယ်။ မြို့ကြီး ၃၆ မြို့မှာရှိတဲ့ ဟင်းရွက်ဟင်းသီးမျိုးအစား ၁၈ မျိုးရဲ့ ဈေးနှုန်းတွေ ၃ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ အာလူး(၁၇ ဒသမ ၆ ရာခိုင် နှုန်း)၊ ပဲတောင့် (၁၂ ဒသမ ၈ ရာခိုင်နှုန်း)၊ ဆလပ်ရွက် (၁၁ ဒသမ ၉ ရာခိုင် နှုန်း) ဈေးတွေမြင့်တက်လာခဲ့ကြောင်း စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်တဲ့ သတင်းတွေအရ သိရပါတယ်။

***ဉာဏ်တင်၊***
***Source:AFP***

# ရေလွှမ်းမိုးမှုကြောင့် မြောက်ကိုရီးယားတွင် သောက်သုံးရေပြတ်လပ်

မြောက်ကိုရီးယားမှာ မကြာသေးမီက ရေအကြီးအကျယ်လွှမ်းမိုးခဲ့တဲ့အတွက် သောက်ရေ၊ အစားအစာနဲ့ ဆေးဝါးအကူအညီတွေ အရေးတကြီးလိုအပ်နေကြောင်း အကူအညီပေးရေးအဖွဲ့တစ်ခုက ဩဂုတ် ၁ ရက်က ပြောပါ တယ်။ အစိုးရမီဒီယာတွေက ထုတ်ပြန်ချက်အရ လူ ၈၈ ဦးသေဆုံးပြီး လူ ၆၃၀၀၀ နီးပါးအိုးမဲ့အိမ်မဲ့ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အစိုးရမီဒီယာများက သီးနှံဟက်တာ ၃၀၀၀၀ (ဧက ၇၄၀၀၀) ခန့် ရေမျောပါခြင်း သို့မဟုတ် ရေနစ်မြုပ်ခြင်းဖြစ်ပေါ်ခဲ့ရကြောင်းနဲ့ မော်တော်ကားလမ်းတွေ၊ မီးရထားလမ်းတွေနဲ့ စက်ရုံတွေလည်း ရေနစ်မြုပ်ခဲ့တယ်လို့ ထုတ်ပြန်ပါတယ်။

***ဉာဏ်တင်***
***Source:AFP***

# မြို့ကြီးများ၏ ၆-၈-၂၀၁၂ မှ ၁၀-၈-၂၀၁၂ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၆-၈-၂၀၁၂) | အင်္ဂါ(၇-၈-၂၀၁၂) | ဗုဒ္ဓဟူး(၈-၈-၂၀၁၂) | ကြာသပတေး(၉-၈-၂၀၁၂) | သောကြာ(၁၀-၈-၂၀၁၂) |
|---|---|---|---|---|---|
| နေပြည်တော် | ၄၀% ၂၉°C/၈၄°F | ၄၀% ၂၈°C/၈၂°F | ၇၀% ၂၅°C/၇၇°F | ၄၀% ၃၀°C/၈၆°F | ၄၀% ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | ၅၀% ၃၀°C/၈၆°F | ၆၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၅၀% ၃၀°C/၈၆°F |
| မန္တလေးမြို့ | မိုးအုံ့ ၃၅°C/၉၅°F | ၄၀% ၃၀°C/၈၆°F | ၇၀% ၂၉°C/၈၄°F | ၄၀% ၃၂°C/၉၀°F | ၄၀% ၃၃°C/၉၁°F |
| မြစ်ကြီးနား | ၆၀% ၃၁°C/၈၈°F | ၆၀% ၃၀°C/၈၆°F | ၆၀% ၃၀°C/၈၆°F | ၇၀% ၃၁°C/၈၈°F | ၅၀% ၃၁°C/၈၈°F |
| လားရှိုး | ၇၀% ၂၉°C/၈၄°F | ၆၀% ၂၇°C/၈၁°F | ၇၀% ၂၆°C/၇၉°F | ၄၀% ၂၉°C/၈၄°F | ၆၀% ၃၀°C/၈၆°F |
| ကျိုင်းတုံ | ၅၀% ၂၉°C/၈၄°F | ၉၀% ၂၃°C/၇၃°F | ၆၀% ၂၃°C/၇၃°F | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၈°C/၈၂°F |
| လွိုင်ကော် | ၅၀% ၃၁°C/၈၈°F | ၅၀% ၂၅°C/၇၇°F | ၇၀% ၂၃°C/၇၃°F | ၅၀% ၂၆°C/၇၉°F | ၅၀% ၂၇°C/၈၁°F |
| တောင်ကြီး | ၄၀% ၂၆°C/၇၉°F | ၂၀% ၂၄°C/၇၅°F | ၇၀% ၂၂°C/၇၂°F | ၄၀% ၂၅°C/၇၇°F | ၄၀% ၂၇°C/၈၁°F |
| မော်လမြိုင် | ၇၀% ၂၆°C/၇၉°F | ၈၀% ၂၆°C/၇၉°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၇°C/၈၁°F |
| ဘားအံ | ၇၀% ၂၇°C/၈၁°F | ၈၀% ၂၅°C/၇၇°F | ၈၀% ၂၅°C/၇၇°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၉°C/၈၄°F |
| တောင်ငူ | ၄၀% ၃၁°C/၈၈°F | ၄၀% ၂၈°C/၈၂°F | ၅၀% ၂၇°C/၈၁°F | ၄၀% ၃၁°C/၈၈°F | ၂၀% ၃၂°C/၉၀°F |
| မုံရွာ | ၄၀% ၃၄°C/၉၃°F | ၂၀% ၃၂°C/၉၀°F | ၆၀% ၂၉°C/၈၄°F | ၄၀% ၃၃°C/၉၁°F | ၄၀% ၃၄°C/၉၃°F |
| ပုသိမ် | ၅၀% ၂၉°C/၈၄°F | ၇၀% ၂၆°C/၇၉°F | ၇၀% ၂၆°C/၇၉°F | ၇၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F |
| မြိတ် | ၈၀% ၂၈°C/၈၂°F | ၈၀% ၂၇°C/၈၁°F | ၇၀% ၂၈°C/၈၂°F | ၇၀% ၂၇°C/၈၁°F | ၆၀% ၂၇°C/၈၁°F |
| စစ်တွေ | ၅၀% ၂၉°C/၈၄°F | ၅၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F | ၄၀% ၂၉°C/၈၄°F | ၆၀% ၂၉°C/၈၄°F |
| မကွေး | ၂၀% ၃၃°C/၉၁°F | ၃၀% ၃၂°C/၉၀°F | ၄၀% ၂၉°C/၈၄°F | ၂၀% ၃၂°C/၉၀°F | ၂၀% ၃၃°C/၉၁°F |
| ဖလမ်း | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၇°C/၈၁°F | ၅၀% ၂၂°C/၇၂°F | ၅၀% ၂၅°C/၇၇°F | ၆၀% ၂၅°C/၇၇°F |

မိုးရွာမည့် ခန့်မှန်းချက်မှာ ရွာရန် ရာခိုင်နှုန်း ခန့်မှန်းချက်ဖြစ်ပါသည်။

***Source:wunderground.com***

# ဖိလစ်ပိုင် တိုက်ဖုန်းမုန်တိုင်းကြောင့် သေဆုံးသူ ၃၇ ဦးထိ ရှိလာ

ဖိလစ်ပိုင်နိုင်ငံမှာ တိုက်ဖုန်းမုန်တိုင်း ဆောင်လာတိုက်ခတ်မှုကြောင့် သေဆုံးသူ ၃၇ ဦးထိရှိလာပြီး မိုးရွာသွန်းတာများလို့ ရေလွှမ်းမိုးမှုပိုများလာတဲ့အတွက် သေဆုံးသူ ပိုမိုများပြားလာနိုင်သေးတယ်လို့ အစိုးရက ဩဂုတ် ၃ ရက်က ပြောပါတယ်။ မုတ်သုန်မိုးက မြောက်ပိုင်းနဲ့အလယ်ပိုင်းဒေသတွေမှာ ဆက်လက်ရွာသွန်းနေပြီး တချို့မြို့တွေမှာ ခြောက်ရက်လောက် ရေလွှမ်းမိုးမှုဒဏ်ကို ခံနေရပါတယ်။

ဒါပေမဲ့တိုက်ဖုန်းမုန်တိုင်းက ဖိလစ်ပိုင်ကျွန်းစုကနေ ထွက်ခွာသွားပါပြီ။ စောစောပိုင်းက သေဆုံးသူ ၂၃ ဦးသာရှိခဲ့ရာမှ မြင့်တက်လာတာဖြစ်ပါတယ်။ ဆောင်လာမုန်တိုင်းက ဖိလစ်ပိုင်ကိုတိုက်ရိုက်မဝင်ရောက်ပေမဲ့ မိုးရွာသွန်းမှုကို ပြင်းထန်စေခဲ့ပါတယ်။ တိုက်ဖုန်းမုန်တိုင်းက တရုတ်(တိုင်ပေ)ကို ခရီး ဆက်လာပြီး လေပြင်းတိုက်၊ မိုးသည်းထန်တဲ့အတွက် လူလေးဦးသေဆုံးပြီး အပြည်ပြည်ဆိုင်ရာနဲ့ ပြည်တွင်းလေကြောင်းခရီးစဉ် ၂၀၀ ခန့်ကိုဖျက်သိမ်းခဲ့ရပါတယ်။ ရာသီဥတုပြင်းထန်တဲ့အတွက် ရောင်းဝယ်ရေးဈေးကွက်နဲ့ ဘဏ္ဍာရေးဈေးကွက်တွေကို အာဏာပိုင်တွေက ပိတ်ထားခဲ့ပါတယ်။ ဆောင်လာမုန်တိုင်းက ယခုနှစ်မှာကျွန်းစုအတွင်းဝင်ရောက်လာတဲ့ ပထမဆုံးမုန်တိုင်းဖြစ်ပြီး လူ ၁၅၀၀ ကို နေရာရွှေ့ပြောင်းပေးထားရပါတယ်။ ***ဉာဏ်တင်၊ Source:AFP,news.ph,msn.com***

## အရှေ့တောင်အာရှ လူငယ်ဘောလီဘောပြိုင်ပွဲ မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးမည်

နှစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိသည့် အရှေ့တောင်အာရှလူငယ်ဘောလီဘောပြိုင်ပွဲ(အမျိုးသားပြိုင်ပွဲ)ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ပထမဦးဆုံးအကြိမ် လက်ခံကျင်းပပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဘောလီဘောပြိုင်ပွဲကို လာမည့်ဩဂုတ်လ ၂၂ရက်မှ ၂၇ရက်ထိ ရန်ကုန်မြို့သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်အသင်းများအားအသက်ကန့်သတ်ချက်အနေဖြင့် အသက် ၂၀ အောက်သတ်မှတ်ထားပြီးအိမ်ရှင်မြန်မာက နှစ်သင်းဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲတွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်နှင့် အိမ်ရှင်မြန်မာမှ နှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

## မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL All Star အသင်းတို့ ခြေစမ်းမည်

၂၀၁၂ ဆူဇူကီးဖလားခြေစစ်ပွဲဝင်ရန်ရွေးချယ်ထားသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် မြန်မာနေရှင်နယ်လိဂ် MNL All Star အသင်းနှင့်ခြေစမ်းပွဲတစ်ရပ်ကို လာမည့်ဩဂုတ်လ ၁၅ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါခြေစမ်းပွဲတွင် မြန်မာနေရှင်နယ်လိဂ် MNL All Star အသင်းကိုမြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများတွင် ဝင်ရောက်ယှဉ်ပြိုင်ကစားနေသည့် နိုင်ငံခြားသားကစားသမားများနှင့်ဖွဲ့စည်းကာ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ ယင်း MNL All Star အသင်းအား နည်းပြချုပ်အဖြစ် ရတနာပုံအက်ဖ်စီအသင်းနည်းပြချုပ် ဘောဂတ်စ်မှ တာဝန်ယူကိုင်တွယ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းခြေစမ်းပွဲကို ဩဂုတ်လ ၁၅ ရက်နေ့ ညနေ ၄နာရီတွင် အောင်ဆန်းကစားပြိုင်ဝင်း၌ ကျင်းပမည်ဖြစ်ပြီး အထူးတန်း ကျပ် ၂၀၀၀နှင့် ရိုးရိုးတန်း ကျပ် ၁၀၀၀ သတ်မှတ်ထားကြောင်း သိရသည်။

MNL All Starအသင်းနှင့်ခြေစမ်းမည်ဟု ထုတ်ပြန်ကြေညာခြင်းမပြုမီက အရှေ့တောင်အာရှရှိ နိုင်ငံလက်ရွေးစင်အသင်းများနှင့်ခြေစမ်းကစားရန် စီစဉ်ခဲ့သော်လည်းအကြောင်းအမျိုးမျိုးကြောင့် ပြိုင်ဘက်ရှာမရသည့်ပြဿနာနှင့်ကြုံတွေ့နေရကြောင်း သိရသည်။

## ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းအတွက် လူရွေးချယ် အာရှယူ-၂၂ခြေစစ်ပွဲအောင်သည့်အသင်းမှ ကစားသမား ၁၄ဦး ပြန်လည်ပါဝင်လာ



ဆူဇူကီးဖလား ၂၀၁၂ ခြေစစ်ပွဲဝင်မည့်မြန်မာ့လက်ရွေးစင်အသင်းအတွက် လူရွေးချယ်မှုများအား ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းထုတ်ပြန်ကြေညာခဲ့သည့် ကစားသမား ၂၈ဦးစာရင်းတွင် ယခင်လကကျင်းပခဲ့သည့်အာရှယူ-၂၂ခြေစစ်ပွဲအောင်မြင်ရန် အစွမ်းကုန်ခြေစွမ်းပြခဲ့သည့်မြန်မာယူ-၂၂အသင်းမှ ကစားသမား ၁၄ဦး ပြန်လည်ပါဝင်လာခဲ့ကြောင်း သိရသည်။

ယူ-၂၂အသင်းမှ ရွေးချယ်လိုက်သည့်ကစားသမားများတွင် အကောင်းဆုံးခြေစွမ်းများကိုရရှိနေသည့်ရန်အောင်ကျော်၊ ဒေးဗစ်ထန်း၊ အောင်သိုက်၊ပိုင်စိုးအစရှိသည့်ကစားသမားများလည်း ပါဝင်လာကြောင်း သိရသည်။

မြန်မာယူ-၂၂အသင်းတွင်ဂိုးသွင်းကောင်းခဲ့သည့်ကျော်ကိုကိုမှာမူ ၎င်း၏ ကြံ့ခိုင်မှုအနေအထားအားစောင့်ကြည့်လျက်ရှိကြောင်း သိရသည်။ ထို့ပြင် ဒဏ်ရာရနေသည့်ကျော်ဇင်ထက်နှင့်ပြည့်ဖြိုးအောင်တို့ပါဝင်လာခြင်းမရှိဘဲ မြန်မာ့လက်ရွေးစင်နံပါတ်တစ်ဂိုးသမား သီဟစည်သူနှင့်အတူ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်နှင့် မနောမြေဂိုးသမား ထွန်းလင်းစိုးတို့ပါဝင်လာခဲ့သည်။

ထွန်းလင်းစိုးသည်ဘောလုံးကစားရာမှ ကျောက်ကပ်ထိခိုက်မိကာ လေးလကြာအနားယူခဲ့ရာမှ မနောမြေနှင့်ပွဲတွင် အထူး ခြေစွမ်းပြကစားခဲ့သည့်အတွက် နည်းပြချုပ်ပတ်ဆောင်ဟွာက နှစ်သက်သဘောကျကာ ယခုကဲ့သို့ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်ပတ်ဆောင်ဟွာမှကိုင်တွယ်သွားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်များအဖြစ်ရွေးချယ်ထားသည့်ကစားသမားများမှာ -**(ဂိုး)** သီဟစည်သူ၊ ထွန်းလင်းစိုး၊ ကျော်ဇင်ဖြိုး၊ မျိုးမင်းလတ်၊ **(နောက်)** အောင်သိုက်၊ မိုးဝင်း၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ အောင်ဟိန်းကျော်၊ ရန်အောင်ဝင်း၊ သက်နိုင်၊ ပြည့်ဖြိုးအောင်၊ သိန်းသန်းဝင်း၊ **(လယ်)** ရဲဇော်ထက်အောင်၊ ခင်မောင်လွင်၊ရန်အောင်ကျော်၊ နိုင်လင်းဦး၊ အောင်ချမ်းမိုး၊ ဒေးဗစ်ထန်း၊ ကြည်လင်း၊ ပိုင်စိုး၊ နန္ဒလင်းကျော်ချစ်၊မျိုးဇော်ဦး၊**(ရှေ့)**ကျော်ဇေယျာဝင်း၊ ရာဇာဝင်းသိန်း၊ ရန်ပိုင်၊ စိုးမြတ်သူ၊ ကောင်းစည်သူတို့ ဖြစ်ကြသည်။

## မြန်မာနေရှင်နယ်လိဂ် တစ်လတာ အကောင်းဆုံးဆုများကို ဦးစိုးမိုးနှင့် အန်ဒရေတို့ ဆွတ်ခူး

ဇူလိုင်လအတွက် မြန်မာနေရှင်နယ်လိဂ်တစ်လတာအကောင်းဆုံးဆုများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ရွေးချယ်ပေးအပ်ခဲ့ရာ ဇေယျာရွှေမြေအသင်းနည်းပြ ဦးစိုးမိုးနှင့် ရက္ခပူရယူနိုက်တက်အသင်းတိုက်စစ်မှူး အန်ဒရေတို့ ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ်မှထုတ်ပြန်ကြေညာချက်အရ ဇေယျာရွှေမြေအသင်းနည်းပြဦးစိုးမိုးသည် ဇူလိုင်လအတွင်းကစားခဲ့သည့် ပွဲစဉ် လေးပွဲစလုံးအား နိုင်ပွဲရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သဖြင့် အကောင်းဆုံးနည်းပြအဖြစ်သတ်မှတ်ကာရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရက္ခပူရယူနိုက်တက်အသင်းမှာမူ လေးပွဲကစားရာတွင် သုံးပွဲနိုင် တစ်ပွဲသရေကျခဲ့သည့်ပွဲစဉ်တွင် စုစုပေါင်း ၁၁ ဂိုးသွင်းယူကာအမှတ်ပေးဇယားထိပ်ပိုင်းသို့ တက်လှမ်းနိုင်ခဲ့သည်။ ရက္ခပူရအသင်းသည် ထိပ်သီးအသင်းကြီးများဖြစ်သည့်ကမ္ဘောဇနှင့်နေပြည်တော်အသင်းတို့ကို အနိုင်ယူနိုင်ခဲ့ရာတွင် တိုက်စစ်မှူး အန်ဒရေသည် သွင်းဂိုးပေါင်း ၄ဂိုးအထိ သွင်းယူနိုင်ခဲ့သည်။

ထို့ပြင် အန်ဒရေသည် ကိုယ်တိုင်ဂိုးသွင်းနိုင်ခဲ့သည့်အပြင် အသင်းဖော်များဂိုးသွင်းနိုင်ရန်လည်း ဖန်တီးမှုများပြုလုပ်ပေးနိုင်ခဲ့သည်။ ၎င်းသည် ရတနာပုံနှင့်ပွဲစဉ်တွင် ထောင့်ကန်ဘောမှတစ်ဆင့်လုပသေသပ်စွာ ဂိုးသွင်းနိုင်ခဲ့သလို ပရိသတ်များစိတ်ကြိုက်ခြေစွမ်းများပြနိုင်ခဲ့သဖြင့် ယခုကဲ့သို့ ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြပါရှိသည်။

## ဂျေလိဂ်နှင့် မြန်မာနေရှင်နယ်လိဂ်တို့ အကျိုးတူပူးပေါင်းရန် စီစဉ်လျက်ရှိသည်ဟု ဆို

J.LEAGUE

ဂျပန်နိုင်ငံ၏အဆင့်အမြင့်ဆုံးဘောလုံးပြိုင်ပွဲဂျေလိဂ်နှင့် မြန်မာနေရှင်နယ်လိဂ်ဘောလုံးပြိုင်ပွဲတို့အနေဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း Soccer Myanmar ဝက်ဘ်ဆိုက်တွင် ဖော်ပြထားချက်များအရ သိရသည်။

ဂျပန်နိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများနှင့်မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှတာဝန်ရှိသူများသည် လိဂ်အချင်းချင်းအပြန်အလှန်အကျိုးပြုနိုင်ရန်အတွက် ဆွေးနွေးမှုများပြုလုပ်လျက်ရှိရာအကြမ်းအားဖြင့် သဘောတူညီမှုများရရှိထားပြီဖြစ်ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲမှထွက်ပေါ်လာသည့်ရလဒ်များအပေါ်အခြေခံ၍ နှစ်ဖက်အဖွဲ့အစည်းမှပုဂ္ဂိုလ်များသည် ယခုလကုန်ပိုင်းတွင် တရားဝင်စာချုပ်ချုပ်ဆိုပွဲအား ပြုလုပ်မည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ယင်းကဲ့သို့အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ဘောလုံးအဆင့်အတန်းမြင့်မားလာစေရေးအတွက် အကျိုးအမြတ်ပေါင်းများစွာရရှိနိုင်မည်ဖြစ်ကာ သုံးနှစ်သက်တမ်းသာရှိသေးသည့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများအတွက်လည်းကောင်းမွန်သည့်ဆောင်ရွက်မှုတစ်ရပ်ဖြစ်လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်စက်တင်ဘာလအတွင်းမြန်မာ့လက်ရွေးစင်အမျိုးသားနှင့်အမျိုးသမီးအသင်းတို့အား ဂျပန်နိုင်ငံသို့စေလွှတ်၍ပူးတွဲလေ့ကျင့်မှုများပြုလုပ်ရန်နှင့် ခြေစမ်းပွဲများကစားနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

## တစ်ပတ်အတွင်း သတင်းတိုများ

- မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဌာနခွဲတာဝန်ခံတစ်ဦးဖြစ်သည့် ဦးကိုကိုသိန်းသည် လာမည့်အာဆီယံ ယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲတွင် လက်ထောက်အထွေထွေညှိနှိုင်းကြီးကြပ်သူအဖြစ် အာဆီယံဘောလုံးအဖွဲ့ချုပ်၏ တာဝန်ပေးအပ်ခြင်းခံရကြောင်း သိရသည်။
- ပြီးခဲ့သည့်ဇူလိုင်လ ၂၁ရက်နေ့က အောင်ဆန်းကွင်းတွင်ယှဉ်ပြိုင်ကစားခဲ့သည့်ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဇေယျာရွှေမြေအသင်းတို့၏ပွဲစဉ်အပြီးတွင် ဒိုင်လူကြီးများကို မကျေမနပ်ဖြင့်အော်ဟစ်ပြောဆိုခဲ့သည့် ဟံသာဝတီယူနိုက်တက်မှနည်းပြများအား မြန်မာနေရှင်နယ်လိဂ်စည်းကမ်းထိန်းသိမ်းရေးကော်မတီမှ သတိပေးခဲ့ကြောင်း သိရသည်။
- ဇူလိုင်လ ၂၇ရက်နေ့က ယှဉ်ပြိုင်ကစားခဲ့သည့် ဆောက်သမ်းမြန်မာအသင်းနှင့်ချင်းယူနိုက်တက်အသင်းတို့၏ပွဲစဉ်တွင် နှစ်ဝါတစ်နီဖြင့်ထုတ်ပယ်ခံရသည်ကို မကျေနပ်ဘဲ ကွင်းဘေးရှိကြော်ငြာဆိုင်းဘုတ်ကို ကန်ကျောက်ခဲ့သည့် ချင်းယူနိုက်တက်အသင်းမှ ဝေဖြိုးထက်အား တစ်ပွဲပယ်နှင့်ဒဏ်ငွေကျပ်တစ်သိန်းပေးဆောင်ရန် အပြစ်ပေးခဲ့ကြောင်း သိရသည်။
- ဆူဇူကီးဖလားပြိုင်ပွဲဝင်မည့်မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံရသည့်အတွက် အလွန်ဝမ်းမြောက်မိကြောင်း အသက် ၂၈နှစ်အရွယ်ရှိ မနောမြေဂိုးသမား ထွန်းလင်းစိုးက ပြောကြားခဲ့သည်။
- မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် နေပြည်တော်အက်ဖ်စီအသင်းမှပင် တည်ထောင်ခဲ့သည့် အေစီအီးဖူဆယ်လ်အသင်းနှင့်အေစီအီးအပျော်တမ်းဘောလုံးအသင်းတို့ကို နေပြည်တော်ဖူဆယ်လ်အသင်းနှင့်နေပြည်တော်အပျော်တမ်းဘောလုံးအသင်းအဖြစ် အမည်ပြောင်းလဲရန်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## ဘောလုံးလောကမှ အနားယူတော့မည်ဟု ရော်ဘတ်တိုကားလို့စ်ကြေညာ



ဘရာဇီးလက်ရွေးစင်အသင်း၏ နောက်တန်းခံစစ်မှူးဖြစ်သည့်ရော်ဘတ်တိုကားလို့စ်သည် ဘောလုံးလောကမှ အနားယူတော့မည်ဖြစ်ကြောင်းထုတ်ဖော်ပြောကြားခဲ့သည်။

အသက် ၃၉နှစ်အရွယ်ရှိပြီဖြစ်သည့်ကားလို့စ်သည် ရီးရဲလ်မက်ဒရစ်တွင် ၁၁နှစ်ကြာကစားခဲ့ပြီးနောက် ဘရာဇီးကလပ် အန်ဇီသို့ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ ကားလို့စ်သည် ရီးရဲလ်အတွက်စပိန်လာလီဂါဖလားလေးကြိမ်၊ ချန်ပီယံလိဂ်ဖလားသုံးကြိမ်နှင့်စပိန်စူပါဖလားတို့ကို ရယူပေးခဲ့သည်။

ကားလို့စ်သည် ရီးရဲလ်တွင် ၁၁နှစ်ကြာကစားခဲ့ပြီးနောက် ဖီနာဘာ့ချ်တွင် နှစ်နှစ်၊ ကိုရင်သီယန်တွင် တစ်နှစ်နှင့် အဇာဟီတွင် တစ်နှစ်ကစားခဲ့သည်။ သူသည် ဘရာဇီးနိုင်ငံလက်ရွေးစင်အသင်းအတွက် နိုင်ငံတကာပွဲပေါင်း ၁၂၅ပွဲကစားကာ ၂၀၀၂ကမ္ဘာ့ဖလားနှင့် ကိုပါအမေရိကဖလား(၉၇၊ ၉၉)တို့ကိုပါ ရယူပေးခဲ့သည်။

## လာမည့် ရာသီတွင် ရိန်းဂျားစ်အသင်း အမည်သစ်ဖြင့် ပြိုင်ပွဲဝင်မည်ဟု အတည်ပြု

ပြီးခဲ့သည့် ရာသီက ငွေကြေးပြဿနာများကြောင့် တတိယတန်းအဆင့်အထိ ဆင်းပေးခဲ့ရသည့် ရိန်းဂျားစ်အသင်းသည်အသင်းပိုင်ရှင်များပြောင်းလဲခဲ့ပြီးနောက် အသင်း၏အမည်ကိုပါ ပြောင်းလဲရန်စီစဉ်ခဲ့ကြောင်းသိရသည်။

ရိန်းဂျားစ်အသင်းသည် ယခင်ဘောလုံးရာသီက ကြွေးမြီပြဿနာများနှင့်လုပ်ခလစာကြွေးကျန်များ၊ အလုပ်သမားလစာများပေးချေရန်ကျန်ရှိနေမှုတို့ကြောင့် နှစ်ပေါင်း ၁၄၀ကြာတည်ဆောက်ခဲ့သည့်ရိန်းဂျားစ်အသင်း တတိယတန်းသို့ ဆင်းပေးခဲ့ရသည့်အပြင် အစုရှယ်ယာရှင်များလည်း နုတ်ထွက်ခဲ့ကြသည်။

ထို့နောက်အသင်းအား ချားလ်စ်ဂရင်းဆိုသူက ဝယ်ယူခဲ့ပြီးနောက်ရှယ်ယာအသစ်များပြန်လည်ခေါ်ယူခဲ့ရာ ရှယ်ယာရှင်များက အသင်း၏အမည်ကိုပြောင်းလဲရန်စီစဉ်ခဲ့ကြခြင်းဖြစ်ကြောင်းသိရသည်။

## ဘဏ္ဍာရေးပြဿနာရှိနေကြောင်း သတင်းများထွက်ပေါ်နေမှုကြောင့် ကစားသမားများမငြိမ်မသက်ဖြစ်နေကြောင်း နည်းပြပယ်လီဂရီနီဝန်ခံ

မာလာဂါအသင်းပိုင်ရှင် ရှိတ်အဘူလာဘန်နက်စ်ဆာအယ်လ်သာနီသည် အသင်းကိုအယ်လ်ဘေးနီးယားထိပ်တန်းရေနံကုမ္ပဏီ Taci Oil ထံသို့ ရောင်းချရန်ဆွေးနွေးမှုပြုလုပ်နေကြောင်းအေအက်စ်သတင်းစာက ဖော်ပြသွားသည်။

အယ်လ်ဘေးနီးယားရေနံကုမ္ပဏီသည် ရုရှားနှင့်ယူကရိန်းတို့တွင်လည်း သဘာဝစွမ်းအင်ဆိုင်ရာရင်းနှီးမြှုပ်နှံမှုများပြုလုပ်ထားသည့်ကုမ္ပဏီဖြစ်ပြီး ဘိုလော့ဂ်နာအသင်း၏ရှယ်ယာအချို့ကိုပိုင်ဆိုင်ထားသည့်ပြင်အေစီမီလန်အသင်းကိုလည်း စပွန်ဆာပေးထားသည့်ကုမ္ပဏီဖြစ်သည်။

Taci Oil ကုမ္ပဏီပိုင်ရှင်ရီဇတ်တာစီသည် မာလာဂါအား ဝယ်ယူရန်အယ်လ်သာနီနှင့်ဆွေးနွေးမှုပြုလုပ်ခဲ့ကြသည်။

အယ်လ်သာနီသည်၂၀၁၀ခုနှစ်တွင် ဘဏ္ဍာရေးပြဿနာများကြောင့် ဒေဝါလီခံရလုနီးပါးဖြစ်နေသည့် မာလာဂါအား ဆန့်ဇ်မိသားစုထံမှ ယူရိုသန်း ၅၀ကျော်ဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်သည်။

အယ်လ်သာနီသည် မာလာဂါအသင်းကို ဝယ်ယူခဲ့ပြီးနောက် ထိပ်တန်းကစားသမားများကိုလည်း ဝယ်ယူကာအသင်းအတွက် ရင်းနှီးမြှုပ်နှံပေးခဲ့သော်လည်း ယမန်နှစ်ဘောလုံးရာသီအတွက်ကစားသမားအချို့အားလစာပေးနိုင်ခြင်းမရှိသေးမှု၊ အလုပ်သမားဦးရေလျှော့ကာအသုံးစရိတ် လျှော့ချမှု၊ ကစားသမားဝယ်ယူခဲ့စဉ်က ကြွေးကျန်များကို ဆပ်



ရန် ပျက်ကွက်မှုများ ရှိနေသည်။

ယင်းကဲ့သို့အခြေအနေများကြောင့် အသင်းမန်နေဂျာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်စပိန်ဂန္ထဝင်အသင်းခေါင်းဆောင်ဟီယာရိုနုတ်ထွက်သွားခဲ့သည်။

ထို့ပြင် မာလာဂါ၏အဓိက,ကစားသမားများဖြစ်သည့် ဆန်တီကာဇိုလာ၊ ရွှန်ဒွန်၊ မာသီးဆင်တို့လည်း အသင်းမှ ထွက်ခွာရန် စဉ်းစားလျက်ရှိသည်။

မာလာဂါနည်းပြ ပယ်လီဂရီနီကလည်းအသင်းတွင် လက်ရှိဖြစ်ပေါ်နေသည့် ဘဏ္ဍာရေးအခြေအနေများကို စိုးရိမ်ပူပန်နေရကြောင်း ဝန်ခံပြောကြားသွားခဲ့သည်။

လက်ရှိအချိန်တွင် ဗင်နီဇွဲလားသို့ ခြေစမ်းပွဲကစားရန် ရောက်ရှိနေသည့် ပယ်လီဂရီနီက 'အားကစားဘက်မှာတော့ ယုံကြည်မှုအပြည့်အဝရှိပါတယ်။ ဒါပေမယ့် လတ်တလော ထွက်ပေါ်နေတဲ့ ကောလာဟလတွေက အသင်းကို ရိုက်ခတ်နေတာတော့အမှန်ပါပဲ။ ပြီးတော့ကျွန်တော်တို့ကနိုင်ငံခြားကိုရောက်နေတော့ ဘာမှမသိရသေးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ဟာ ကိုယ့်အလုပ်ကို အကောင်းဆုံး လုပ်ဆောင်နေပါတယ်။ ထွက်ပေါ်နေတဲ့သတင်းတိုင်းဟာလည်း အမှန်မဟုတ်ပါဘူး။ ကိုယ့်နိုင်ငံပြန်ရောက်တော့မှဘဲ ဘာဖြစ်လာမလဲဆိုတာကို စောင့်ကြည့်ရပါမယ်'ဟု ပြောကြားသွားခဲ့သည်။


## ၂၀၁၂ လန်ဒန်အိုလံပစ်ပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှု အခြေအနေ



| အဆင့် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | တရုတ် | ၁၈ | ၁၁ | ၅ | ၃၄ |
| ၂ | အမေရိကန် | ၁၈ | ၉ | ၁၀ | ၃၇ |
| ၃ | တ/ကိုရီးယား | ၇ | ၂ | ၅ | ၁၄ |
| ၄ | ပြင်သစ် | ၆ | ၄ | ၆ | ၁၆ |
| ၅ | ဂရိတ်ဗြိတိန် | ၅ | ၆ | ၄ | ၁၅ |
| ၆ | ဂျာမနီ | ၄ | ၈ | ၅ | ၁၇ |
| ၇ | အီတလီ | ၄ | ၅ | ၂ | ၁၁ |
| ၈ | မ/ကိုရီးယား | ၄ | ၀ | ၁ | ၅ |
| ၉ | ရုရှား | ၃ | ၆ | ၈ | ၁၇ |
| ၁၀ | ကာဇက်စတန် | ၃ | ၀ | ၀ | ၃ |
| ၁၀ | တောင်အာဖရိက | ၃ | ၀ | ၀ | ၃ |
| ၁၂ | ဂျပန် | ၂ | ၆ | ၁၁ | ၁၉ |
| ၁၃ | နယ်သာလန် | ၂ | ၁ | ၃ | ၆ |
| ၁၄ | ဟန်ဂေရီ | ၂ | ၁ | ၂ | ၅ |
| ၁၅ | ယူကရိန်း | ၂ | ၀ | ၄ | ၆ |
| ၁၆ | ဩစတြေးလျ | ၁ | ၇ | ၃ | ၁၁ |
| ၁၇ | ရိုမေးနီးယား | ၁ | ၃ | ၂ | ၆ |
| ၁၈ | ဘရာဇီး | ၁ | ၁ | ၂ | ၄ |
| ၁၉ | နယူးဇီလန် | ၁ | ၀ | ၂ | ၃ |
| ၂၀ | စလိုဗေးနီးယား | ၁ | ၀ | ၁ | ၂ |
| ၂၁ | ဂျော်ဂျီယာ | ၁ | ၀ | ၀ | ၁ |
| ၂၁ | လစ်သူယေးနီးယား | ၁ | ၀ | ၀ | ၁ |
| ၂၁ | ဗင်နီဇွဲလား | ၁ | ၀ | ၀ | ၁ |

အရှေ့တောင်အာရှ ဒေသမှ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့်ထိုင်းနိုင်ငံမှ ငွေတံဆိပ်တစ်ခုနှင့် စင်ကာပူမှ ကြေးတံဆိပ်တစ်ခုစီ ရရှိထားသည်။

## အင်တာအတွက် အိမ်ကွင်းအသစ်ကို တရုတ်ကုမ္ပဏီတစ်ခုမှ တည်ဆောက်ပေးမည်



အီတလီစီးရီးအေမှ အင်တာမီလန်အသင်းအတွက် အိမ်ကွင်းအသစ်ကို တရုတ်ကုမ္ပဏီတစ်ခုမှ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း အသင်းပိုင်ရှင်ဖြစ်သူ နီရာဇူရီက ထုတ်ဖော်ပြောကြားလိုက်သည်။ အဆိုပါတရုတ်စီးပွားရေးသမားများသည် အင်တာမီလန်အသင်း၏ဒုတိယအများဆုံးရှယ်ယာဝင်တစ်ဦးဖြစ်လာမည်ဖြစ်ကြောင်း နီရာဇူရီက ထပ်လောင်းပြောကြားခဲ့သည်။ ဆန်စီရိုကွင်းသည် မီလန်မြို့ခံဘောလုံးအသင်းနှစ်သင်းဖြစ်သည့် အင်တာမီလန်အသင်းနှင့် အေစီမီလန်အသင်းတို့ပူးတွဲပိုင်ဆိုင်သည့် ဘောလုံးကွင်းတစ်ကွင်းဖြစ်သည်။

သို့သော် အေစီမီလန်အသင်း၏ဥက္ကဋ္ဌဖြစ်သူ မက်ဆီမိုမိုရက်တီက လာမည့်ငါးနှစ်အတွင်း မီလန်အသင်းပိုင် ကွင်းသစ်တစ်ကွင်း တည်ဆောက်ရန် မကြာသေးမီက ပြောကြားခဲ့သည်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်များအုပ်စုအနေဖြင့် အဆိုပါအင်တာမီလန်အသင်း၏အိမ်ကွင်းအသစ်ကို ၂၀၁၇ခုနှစ်တွင်အပြီး တည်ဆောက်ရန် ရည်ရွယ်ထားကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

## တစ်ပတ်အတွင်း သတင်းတိုများ

- အမေရိကန်မှ နာမည်ကြီးရေကူးသမား မိုက်ကယ်ဖဲလ်သည် ကျင်းပလျက်ရှိသည့် လန်ဒန်အိုလံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်သဖြင့် အိုလံပစ်ပြိုင်ပွဲသမိုင်းတွင် ဆုတံဆိပ်အများဆုံးရရှိသူအဖြစ် စံချိန်တင်နိုင်ခဲ့ကြောင်း သိရသည်။
- တိုးဒီဖရန့်စက်ဘီးစီးချန်ပီယံ ဘရက်ဒလေဗစ်ဂင်သည် စံချိန်ယူစက်ဘီးစီးပြိုင်ပွဲတွင် တစ်နာရီလျှင်ပျမ်းမျှ ၅၂ကီလိုမီတာနှုန်းဖြင့် ယှဉ်ပြိုင်ခဲ့ပြီး ဂရိတ်ဗြိတိန်အတွက် ဒုတိယမြောက်ရွှေတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့သည်။
- အသက် ၁၆နှစ်အရွယ်ရှိတရုတ်ရေကူးမယ် လီရှိုဝမ်သည် အိုလံပစ်သမိုင်းတွင် အမျိုးသားများထက်ပို၍ မြန်အောင်ကူးနိုင်သည့်စံချိန်ကို တင်နိုင်ခဲ့ပြီး တရုတ်နိုင်ငံအတွက် ပထမဆုံးအိုလံပစ်ရွှေတံဆိပ်ကို ရယူပေးခဲ့သည့် အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။
- ဘေဂျင်းအိုလံပစ်ချန်ပီယံ အမေရိကန်တင်းနစ်မယ် ဆီရီနာဝီလျံသည် လန်ဒန်အိုလံပစ်ပြိုင်ပွဲတင်းနစ်ပြိုင်ပွဲ၏ဆီမီးဖိုင်နယ်တွင် ဘဲလားရုစ်နိုင်ငံမှ ဗစ်တိုးရီးယားအဇာရန်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။
- အမေရိကန်အမျိုးသမီးရေကူးချန်ပီယံ ရေဘက္ကာဆိုနီသည် မီတာ ၂၀၀ ရင်ပေါင်တန်းလက်ပစ်ကူးပြိုင်ပွဲတွင် ၎င်းကိုယ်တိုင်တင်ထားခဲ့သည့်စံချိန် ၂မိနစ် ၂၀စက္ကန့်စံချိန်ကို ချိုးဖျက်ကာစံချိန် ၂မိနစ် ၁၉ ဒသမ ၅၉ စက္ကန့်ဖြင့် ကမ္ဘာ့စံချိန်ကို ချိုးနိုင်ခဲ့ကြောင်း သိရသည်။
- လန်ဒန်အိုလံပစ် အမျိုးသား လက်ပစ်ဘောပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းက အိမ်ရှင်ဂရိတ်ဗြိတိန်အသင်းအား ၃၂ဂိုး ၂၁ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။
- အိုလံပစ်ဓားသိုင်းပြိုင်ပွဲတွင် အီတလီအသင်းက ဘေဂျင်း အိုလံပစ်ချန်ပီယံ ရုရှားအသင်းကို ၄၅-၃၁ဖြင့် အနိုင်ရကာ ရွှေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

## အာဆီယံရဲ့ ရင်းနှီးမြှုပ်နှံမှု ပေါ်လစီ စီမံအုပ်ချုပ်ပုံစနစ်အပေါ် လေ့လာတွေ့ရှိချက်

အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community-AEC) ကို အကောင်အထည်ဖော်ရာမှာ အထောက်အကူရရှိဖို့အတွက် အာဆီယံနဲ့ အရှေ့အာရှအတွက် စီးပွားရေးသုတေသနအဖွဲ့ (Economic Research Institute for ASEAN and East Asia-ERIA) က "အရှေ့အာရှပေါင်းစည်းမှု နက်ရှိုင်းရေး" ခေါင်းစဉ်အောက်မှ လေ့လာမှုများ တသီတတန်းကြီး ပြုလုပ်ခဲ့ပါတယ်။ ယင်းလေ့လာမှုများထဲမှာ ရင်းနှီးမြှုပ်နှံမှုအပိုင်းလည်း ပါဝင်ခဲ့ပါတယ်။ Urata and Ando သုတေသနအဖွဲ့က ဦးဆောင်၍ ၂၀၀၉ ခုနှစ်မှာ အာဆီယံနိုင်ငံများအတွက် အက်ဖ်ဒီအိုင်စီမံအုပ်ချုပ်ပုံစနစ်ရဲ့ကန့်သတ်မှုနဲ့ ပွင့်လင်းမှုကို ဆန်းစစ်ဖို့နဲ့တန်ဖိုးဖြတ်ဖို့ လေ့လာမှုတစ်ရပ်ပြုလုပ်ခဲ့ပါတယ်။ အဲဒီအဖွဲ့က ကဏ္ဍ ခြောက်ခုနဲ့ပတ်သက်တဲ့ ဥပဒေဆိုင်ရာ စာရွက်စာတမ်းများမှာတွေ့ရတဲ့ အက်ဖ်ဒီအိုင်ပေါ်လစီများကို ဆန်းစစ်ခဲ့ကြပါတယ်။ ယင်းကဏ္ဍခြောက်ခုကတော့ (၁) ဈေးကွက်အခွင့်အလမ်း သို့မဟုတ် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်း တည်ထောင်ပိုင်ခွင့်၊ (၂) နိုင်ငံသားအခွင့်အရေး၊ (၃) စစ်ဆေးမှုနဲ့ ခွင့်ပြုမှုလုပ်ထုံးလုပ်နည်း၊ (၄) ဒါရိုက်တာများရဲ့ ဘုတ်အဖွဲ့များ (၅) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအပေါ် ကန့်သတ်ချုပ်ချယ်မှုများနဲ့ (၆) စွမ်းဆောင်မှု လိုအပ်ချက်တို့ဖြစ်ပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဥပဒေဆိုတာရှိနေပေမဲ့ အကောင်အထည်ဖော်မှုကို ဖော်ပြနေတာမဟုတ်ပါဘူး။ တွေ့ရှိနေကျ သာမန်ကိစ္စသာဖြစ်ပါတယ်။ ဒါကြောင့် Urata and Ando အဖွဲ့က ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုအတွက် ဂျပန်လုပ်ငန်းဆောင်ရွက်မှုဗဟိုဌာန (Japan Machinery Center for Trade and Investment-JMC) မှ ကွင်းဆင်းလေ့လာစုဆောင်းထားတဲ့ အက်ဖ်ဒီအိုင်အတားအဆီးများဆိုင်ရာ သတင်းအချက်အလက်များကိုအသုံးပြုခဲ့ပါတယ်။ အဆိုပါ ကွင်းဆင်းလေ့လာမှုက အာဆီယံနိုင်ငံများတွင် စီးပွားရေးလုပ်ငန်းဆောင်ရွက်နေကြတဲ့ ဂျပန်စီးပွားရေးလုပ်ငန်းများ တွေ့ကြုံရတဲ့ အတားအဆီး အဟန့်အတားများကို စိစစ်ခဲ့ကြပါတယ်။

အမှတ်ပေးရာမှာ အရေးကြီးမှုအပေါ် မူတည်ပြီး အထက်ဖော်ပြပါကဏ္ဍခြောက်ခုကို ကွဲပြားတဲ့ အလေးချိန်များ ပေးထားပါတယ်။ လေ့လာသူများရဲ့ တန်ဖိုးဖြတ်ရလဒ်များကို အောက်ပါဇယားတွင်ဖော်ပြလိုက်ပါတယ်။ အာဆီယံ ၁၀ နိုင်ငံမှာ စင်ကာပူနိုင်ငံရဲ့ အက်ဖ်ဒီအိုင်ပေါ်လစီ စီမံအုပ်ချုပ်ပုံစနစ်က အလွန်ပွင့်လင်းပြီးဖွင့်ထားပါတယ်။ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနဲ့ ကမ္ဘောဒီးယားနိုင်ငံတို့ရဲ့ အက်ဖ်ဒီအိုင် ပေါ်လစီ၊ စီမံအုပ်ချုပ်ပုံစနစ်ဟာ နှိုင်းယှဉ်သဘောတရားအရ ပွင့်လင်းမှုရှိကြောင်း တွေ့ရပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံနဲ့ လာအိုနိုင်ငံတို့ရဲ့ အက်ဖ်ဒီအိုင်ပေါ်လစီ၊ စီမံအုပ်ချုပ်ပုံစနစ်ကတော့ နှိုင်းယှဉ်သဘောတရားအရ ပိတ်ထားသလိုမျိုး တွေ့ရပါတယ်။

နိုင်ငံခြား စီးပွားရေးလုပ်ငန်းကြီးများဟာ နိုင်ငံတစ်နိုင်ငံမှာ ရင်းနှီးမြှုပ်နှံ မယ်ဆိုရင်၊ အိမ်ရှင်နိုင်ငံရဲ့ အခြေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်ကိုသိရှိအောင် ဒီလိုလေ့လာချက်တွေကို ဦးစွာစဉ်းစားကြပါတယ်။

## ကြုံခဲ့လေသမျှ စီးပွားရေးလောက

မောင်မောင်ရီ (ဘောဂဗေဒ)

ဒုတိယ ဂုဏ်ထူးနဲ့အောင်ကြပါတယ်။ မြန်မာနိုင်ငံက ၅၂ မှတ်နဲ့ အောက်ဆုံးအဆင့် ရရှိပါတယ်။ တစ်နည်းတော့ မြန်မာနိုင်ငံရဲ့ အက်ဖ်ဒီအိုင် ပေါ်လစီ စီမံအုပ်ချုပ်ပုံစနစ်က ပွင့်လင်းမှု အနိမ့်ဆုံးဆိုတဲ့အဖြေထွက်ပါတယ်။

### နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်ရေးဆွဲရာမှာ ဒီကဏ္ဍ ခြောက်ခုကို စဉ်းစားကြရဲ့လား

ဒီကဏ္ဍ ခြောက်ခုဟာ စီးပွားရေးပိတ်ဆို့မှုနဲ့ မဆိုင်ပါဘူး။ ဥပဒေနဲ့ ပေါ်လစီ စီမံအုပ်ချုပ်ပုံစနစ်ရဲ့ အားနည်းချက် အားသာချက်ကိုဖော်ပြထားတာပါ။ ယခုပြဋ္ဌာန်းတော့မယ့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ ပညာရှင်များအနေနဲ့ ဒီကဏ္ဍ ခြောက်ခုကို

### Assessment of FDI Policy Regimes of ASEAN Countries

| | Market Access | National Treatment | Screening Appraisal | Boards of Directors | Movement of Investors | Perfromance Requirement | Total Score |
|---|---|---|---|---|---|---|---|
| Weight | 0.40 | 0.20 | 0.10 | 0.10 | 0.10 | 0.10 | 0.10 |
| Brunei | 0.76 | 0.20 | 0.57 | 0.41 | 0.82 | 0.82 | 0.61 |
| Cambodia | 0.86 | 0.60 | 0.25 | 1.00 | 0.25 | 0.88 | **0.70** |
| Indonesia | 0.69 | 0.59 | 0.24 | 0.95 | 0.48 | 0.95 | 0.73 |
| Lao | 0.60 | 0.70 | 0.34 | 0.67 | 0.54 | 0.79 | 0.61 |
| Malaysia | 0.59 | 0.17 | 0.76 | 0.62 | 0.89 | 0.91 | 0.59 |
| Myanmar | 0.55 | 0.61 | 0.30 | 0.61 | 0.24 | 0.61 | **0.52** |
| Philippines | 0.74 | 0.81 | 0.89 | 0.48 | 0.96 | 0.89 | 0.78 |
| Singapore | 0.83 | 0.95 | 0.86 | 0.75 | 0.95 | 0.95 | **0.88** |
| Thailand | 0.58 | 1.00 | 0.91 | 0.98 | 0.37 | 0.90 | 0.75 |
| Vietnam | 0.66 | 0.74 | 0.64 | 0.71 | 0.53 | 0.85 | 0.69 |
| Average | 0.69 | 0.67 | 0.58 | 0.72 | 0.60 | 0.85 | **0.69** |
| Standard deviation | 0.11 | 0.29 | 0.28 | 0.20 | 0.28 | 0.10 | 0.11 |

အထက်ပါဇယားကို ကဏ္ဍခြောက်ခုမှာ အာဆီယံ ၁၀ နိုင်ငံ အသီးသီးရရှိတဲ့ စာမေးပွဲရမှတ်ကို သဘောထားပြီးကြည့်မယ်ဆိုရင် စင်ကာပူနိုင်ငံက ၈၈ မှတ်နဲ့ ပထမ၊ ဖိလစ်ပိုင်နိုင်ငံက ၇၈ မှတ်နဲ့ ပိုမိုအားကောင်းအောင်လုပ်ထားမယ်လို့ ထင်ပါတယ်။ အကယ်၍ ဒီကဏ္ဍ ခြောက်ခုကို အလေးအနက် မစဉ်းစားခဲ့ဘူးဆိုရင်တော့ ဒုံရင်းပဲ ဖြစ်ပါလိမ့်မယ်။

## ကမ္ဘာ့လယ်ယာထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး

မောင်ရေချမ်း

### လယ်ယာစိုက်ပျိုးရေးဆိုင်ရာ သဘောတူစာချုပ် (Agreement on Agriculture)

### အာတီကယ်-၁၃

### ထိုက်သင့်သော ထိန်းချုပ်မှု (Due Restraint)

အကောင်အထည်ဖော်သည့် ကာလအတွင်း ဂတ် ၁၉၉၄ နှင့် "ထောက်ပံ့ငွေများနှင့် ညီမျှအောင်ပေးလျော်သည့် အစီအမံများဆိုင်ရာ သဘောတူစာချုပ်" (Agreement on Subsidies and Countervailing Measures) တို့၏ စည်းကမ်းချက်များရှိသော်လည်း-

(က) ဤသဘောတူစာချုပ်တွင် ရှိသော နောက်ဆက်တွဲ-၂ ၏ စည်းကမ်းများနှင့် ပြည့်ပြည့်ဝဝ ညီညွတ်သော ထောက်ပံ့မှု အစီအမံများသည်-

(၁) ညီမျှအောင် ပေးလျော်သည့် အကောက်ခွန် အလို့ငှာ အရေးယူဆောင်ရွက်နိုင်မှု မပြုလုပ်နိုင်သော ထောက်ပံ့ငွေများဖြစ်သည်။

(၂) ဂတ် ၁၉၉၄ ၏ အာတီကယ်-၁၆ နှင့် "ထောက်ပံ့ငွေများနှင့် ညီမျှအောင်ပေးလျော်သည့် အစီအမံများဆိုင်ရာ သဘောတူစာချုပ်"၏ အပိုင်း-၃ အပေါ်အခြေခံသော အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်။

(၃) ဂတ် ၁၉၉၄ ၏ အာတီကယ်-၂၃၊ အပိုဒ်-၁ (ခ) သဘောတရားအရ ဂတ် ၁၉၉၄ ၏ အာတီကယ်-၂ အောက်မှ အခြားအဖွဲ့ဝင်နိုင်ငံ ရရှိသော အကောက်ခွန် အခွင့်အရေးဆိုင်ရာအကျိုးအမြတ်ကို ဥပဒေချိုးဖောက်မှုမဟုတ်သော ပျက်ပြားမှု သို့မဟုတ် ထိခိုက်မှုအပေါ် အခြေခံသည့် အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်။

(ခ) ဤသဘောတူစာချုပ်၏ အာတီကယ်-၆၊ အပိုဒ်-၅ နှင့် ညီညွတ်သော တိုက်ရိုက်ပေးငွေအပါအဝင် အာတီကယ်-၆ ၏ စည်းကမ်းများနှင့် ပြည့်ပြည့်ဝဝ ညီညွတ်သော ပြည်တွင်းထောက်ပံ့မှု အစီအမံများ၊ အရေးမပါသော အဆင့်များအတွင်းရှိ ပြည်တွင်းထောက်ပံ့မှုနှင့် အာတီကယ်-၆၏ အပိုဒ်-၂ နှင့်ညီညွတ်သော ပြည်တွင်းထောက်ပံ့မှုတို့သည်-

(၁) ဂတ် ၁၉၉၄ ၏ အာတီကယ်-၆ နှင့် "ထောက်ပံ့ငွေများနှင့် ညီမျှအောင်ပေးလျော်သည့် အစီအမံများဆိုင်ရာ သဘောတူစာချုပ်၏ အပိုင်း-၅ နှင့်အညီ ထိခိုက်နစ်နာဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာ ဆုံးရှုံးရန် ခြိမ်းခြောက်မှုရှိကြောင်း၊ သတ်မှတ်ချက်မပြုလုပ်ခဲ့လျှင် ညီမျှအောင်ပေးလျော်သည့် အကောက်ခွန် စည်းကြပ်ခြင်းမှ ကင်းလွတ်ပြီး ညီမျှအောင်ပေးလျော်သည့်အကောက်ခွန် စုံစမ်းစစ်ဆေးမှုများ စတင်ရာ၌ ထိုက်သင့်သောထိန်းချုပ်မှုရှိကြောင်း ပြသရမည်။

(၂) ၁၉၉၂ ခုနှစ် ရောင်းဝယ်ရေးနှစ်အတွင်း ဆုံးဖြတ်သော တိကျသည့် ကုန်စည်တစ်ရပ်၏အပိုအရေအတွက်ကို အဆိုပါအစီအမံက ပြည်တွင်းထောက်ပံ့မှုခွင့်မပြုပါက ဂတ်၁၉၉၄ ၏ အာတီကယ်-၁၆၊ အပိုဒ်-၁ သို့မဟုတ် "ထောက်ပံ့ငွေများနှင့် ညီမျှအောင်ပေးလျော်သည့် အစီအမံများဆိုင်ရာသဘောတူစာချုပ်အပေါ် အခြေခံသော အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်" နှင့်

(၃) ၁၉၉၂ ခုနှစ် ရောင်းဝယ်ရေးနှစ်အတွင်း ဆုံးဖြတ်သော တိကျသည့် ကုန်စည်တစ်ရပ်၏ အပိုအရေအတွက်ကို အဆိုပါ အစီအမံက ပြည်တွင်းထောက်ပံ့မှု ခွင့်မပြုပါက ဂတ် ၁၉၉၄ ၏ အာတီကယ်-၂၃၊ အပိုဒ်-၁ (ခ) သဘောတရားအရ ဂတ် ၁၉၉၄ ၏ အာတီကယ်-၂ အောက်မှ အခြားအဖွဲ့ဝင်နိုင်ငံရရှိသောအကောက်ခွန် အခွင့်အရေးဆိုင်ရာ အကျိုးအမြတ်ကို ဥပဒေချိုးဖောက်မှုမဟုတ်သော ပျက်ပြားမှု သို့မဟုတ်ထိခိုက်မှုအပေါ် အခြေခံသည့် အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်။

(ဂ) အဖွဲ့ဝင်နိုင်ငံတိုင်း၏ အစီအစဉ်တွင်ပါရှိသည့်အတိုင်း ဤသဘောတူစာချုပ်၏ အပိုင်း-၅ စည်းမျဉ်းများနှင့် ပြည့်ပြည့်ဝဝ ညီညွတ်သော ပို့ကုန်ထောက်ပံ့ငွေများသည်-

(၁) ဂတ် ၁၉၉၄ ၏ အာတီကယ်-၆ နှင့် "ထောက်ပံ့ငွေများနှင့်ညီမျှသောပေးလျော်သည့် အစီအမံများဆိုင်ရာ သဘောစာချုပ်၏ အပိုင်း-၅ နှင့် အညီအရေအတွက်အပေါ်ဈေးနှုန်းများအပေါ် အကျိုးသက်ရောက်မှု သို့မဟုတ် အကျိုးဆက်သက်ရောက်မှုအပေါ် အခြေခံသည့် ထိခိုက်နစ်နာဆုံးရှုံးမှု သို့မဟုတ် ထိခိုက်နစ်နာဆုံးရှုံးရန် ခြိမ်းခြောက်မှုရှိကြောင်း သတ်မှတ်ဆုံးဖြတ်ချက်တစ်ရပ်ရှိမှသာ ညီမျှအောင်ပေးလျော်သည့် အကောက်ခွန်များကို စည်းကြပ်ရမည်။ ထို့ပြင် ညီမျှအောင်ပေးလျော်သည့် အကောက်ခွန်စုံစမ်းစစ်ဆေးမှုများ စတင်ရာ၌ ထိုက်သင့်သောထိန်းချုပ်မှုရှိကြောင်း ပြသရမည်။

(၂) ဂတ် ၁၉၉၄ ၏ အာတီကယ်-၁၆ သို့မဟုတ် "ထောက်ပံ့ငွေများနှင့်ညီမျှအောင် ပေးလျော်သည့် အစီအမံများဆိုင်ရာ သဘောတူစာချုပ်၏ အာတီကယ်-၃၊ ၅ နှင့် ၆ တို့အပေါ် အခြေခံသည့် အရေးယူဆောင်ရွက်မှုများမှ ကင်းလွတ်သည်။

(**မှတ်ချက်-** ယခင်က "အစိုးရ ထောက်ပံ့ငွေများနှင့် ဆန့်ကျင်ဘက်အစီအမံများ" ဟု ဘာသာပြန်ခဲ့ပါသည်။ ယခုအဓိပ္ပာယ် ပိုမိုထိရောက်သည့် "ထောက်ပံ့ငွေများနှင့်ညီမျှအောင် ပေးလျော်သည့် အစီအမံများ"ဟု ဘာသာပြန်ထားပါသည်။)

# Trade Facilitation & Trade Promotion

## ကုန်သွယ်မှု လျှင်မြန်ချောမွေ့ရေးနှင့် ကုန်သွယ်မှု မြှင့်တင်ရေး ပညာပေးအစီအစဉ်

**ပင်လယ်ရေကြောင်း ကုန်သွယ်မှုကဏ္ဍ**

## နိုင်ငံခြားဝင်ငွေရှာဖွေပေး လျက်ရှိသည့် မြန်မာ့ဝဥခြောက်အမှုန့်



လယ်ယာထွက်ကုန် အမယ်တစ်မျိုးဖြစ်တဲ့ ဝဥက ကမ္ဘာ့အပူလျော့ပိုင်းဒေသမှာသာမက အပူပိုင်းဒေသတွေမှာပါ ပေါက်ရောက်လျက်ရှိပြီး အိန္ဒိယ၊ တရုတ်၊ ဂျပန်နဲ့ ကိုရီးယားနိုင်ငံတွေမှာ ဝဥကို စိုက်ပျိုးစားသုံးလျက်ရှိပါတယ်။

ဝဥမှာ လူတို့အတွက်အမျိုးမျိုးအဖုံဖုံ အသုံးဝင်လျက်ရှိပါတယ်။ ဝဥမှာ ကယ်လိုရီ မရှိသလောက်ဖြစ်ပြီး အမျှင်ဓာတ်များစွာ ပါရှိလျက်ရှိပါတယ်။ ဒါ့ကြောင့်လည်း ဝဥကို ခန္ဓာကိုယ်အလေးချိန်လျှော့ချလိုသူတွေက (Diet Food) အဖြစ် မကြာခဏ စားသုံးလျက်ရှိပြီး အာရှဈေးကွက်မှာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ စားသောက်ကုန်အဖြစ် ကျော်ကြားလျက်ရှိပါတယ်။

အမျှင်ဓာတ်များစွာပါဝင်တဲ့ ၎င်းဝဥမှာ ကိုရီးယားနိုင်ငံမှာ စားသောက်ကုန်အတွက်သာမက မျက်နှာနှိပ်နယ်ရာမှာလည်း အသုံးပြုတဲ့ အလှကုန်ပစ္စည်းအဖြစ် လတ်တလော ခေတ်စားလျက်ရှိပါတယ်။

မြန်မာနိုင်ငံရှိ ချင်းပြည်နယ်၊ ရခိုင် ပြည်နယ်နဲ့ ပဲခူးရိုးမတို့မှ သဘာဝအရလည်းကောင်း၊ လူတို့စိုက်ပျိုးခြင်းမှလည်းကောင်း၊ ဝဥများထွက်ရှိလျက်ရှိပြီး၊ ပြည်တွင်းစားသုံးမှုပိုလျှံမှုများကို နိုင်ငံခြားဝင်ငွေရရှိရေးအတွက် ဝဥခြောက်အမှုန့်တွေ ပြုလုပ်ပြီး ဂျပန်နိုင်ငံကို အဓိကတင်ပို့ရောင်းချလျက်ရှိရာမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂၄၀ ကျော်၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ တန်ချိန် ၂၁၀ ကျော်နဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် (ဇွန်လအထိ) တန် ချိန် ၁၀၀ ကျော်တင်ပို့ခဲ့ပြီးဖြစ်ပါတယ်။ ဂျပန်နိုင်ငံကို ဝဥတင်ပို့ပါက ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ ဂျပန်နိုင်ငံမှပေးတဲ့ အကောက်ခွန်သက်သာခွင့်ကို ရရှိခံစားနိုင်ဖို့ GSP Form တွေ လျှောက်ထားနိုင်ကြောင်း အသိပေးလိုပါတယ်။ ပို့ကုန်လုပ်ငန်းရှင်များအနေနဲ့ GSP အခွင့်အရေးကိုလက်လွတ်မခံဘဲ အကျိုးရှိစွာ ရယူခံစားခြင်းနဲ့ မြန်မာ့ပို့ကုန်ပစ္စည်းများ ဈေးကွက်ဝင်ရောက်နိုင်မှုအားသာချက်ကို ရရှိမှာဖြစ်ပါတယ်။

ဝဥကို ဂျပန်နိုင်ငံမှာသာမက အခြားဝဥအသုံးပြုတဲ့ နိုင်ငံတွေကိုပါ ဈေးကွက်တိုးချဲ့တင်ပို့နိုင်ရေးအတွက် မြန်မာနိုင်ငံဝဥစိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့နဲ့ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခြင်းနဲ့ နိုင်ငံခြားဝင်ငွေ ပိုမိုရှာဖွေပေးနိုင်မယ့် မြန်မာ့ဝဥခြောက်အမှုန့်အကြောင်း သိရှိနိုင်ပါရန် သတင်းကောင်းပါးလိုက်ပါတယ်။

**စန္ဒာထွန်း**



## အလားအလာကောင်းသော ပီလောပီနံ

စက်မှုကုန်ကြမ်း သီးနှံတစ်မျိုးဖြစ်တဲ့ ပီလောပီနံဥတွေကို အချိုမှုန့်၊ ကော်မှုန့်ပြုလုပ်ရာမှာ ထည့်သွင်းအသုံးပြုကြတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ စက္ကူချောတွေကိုထုတ်လုပ်ရာမှာ အပေါ်ယံကြွေသားကောင်းမွန်စေဖို့အတွက် ပီလောပီနံမှုန့်တွေကို ထည့်သွင်းအသုံးပြုကြောင်း သိရှိရပါတယ်။

ပီလောပီနံတွေကို စိုက်ပျိုးပြီးတစ်နှစ်အကြာမှာ ဥတွေကိုတူးဖော်ပြီး ရရှိသော်လည်း အရွယ်အစားပိုမိုကြီးမားတဲ့ဥတွေကို နှစ်နှစ်ကျော်မှသာ တူးဖော်ရရှိနိုင်ကြောင်း လေ့လာသိရှိရပါတယ်။

ပီလောပီနံကို ကုမ္ပဏီကြီးအချို့မှ စီမံကိန်းချမှတ်ကာ ရင်းနှီးမြှုပ်နှံစိုက်ပျိုးလျက်ရှိရာ ကချင်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးတို့မှာ အောင်မြင်မှုတွေရရှိနေပြီဖြစ်ကြောင်း သိရှိရပါတယ်။

ပင်လယ်ရေကြောင်းမှ ပီလောပီနံနဲ့ ပီလောပီနံမှုန့်တင်ပို့မှုကို ဘဏ္ဍာနှစ်အလိုက် လေ့လာကြည့်ရာမှာ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှာ တန် လေးရာ့ရှစ်ဆယ်ကျော်၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်မှာ တန် နှစ်ထောင့်သုံးရာကျော်နဲ့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှာ တန်တစ်သောင်းရှစ်ထောင်နီးပါးအထိ တိုးတက်တင်ပို့ခဲ့ကြောင်း တွေ့ရပါတယ်။ ပီလောပီနံတင်ပို့မှုမှာ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာရာ အလားအလာကောင်းတဲ့ စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ကြောင်း တင်ပြရပါတယ်။

**နှဲ.နှဲ.ငွေး**

| **Trade Facilitation Contact Point,** | **Trade Promotion Contact Point,** |
|---|---|
| 067-408312, 067-408320, 067-408232 | 067-408310, 067-408411, 067-408261 |

## ရှမ်းပြည်နယ်တောင်ပိုင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ ဆောင်ရွက်မယ့်လုပ်ငန်းအစီအစဉ်များဆွေးနွေး

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့နယ်မှာ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲမှာ ဆောင်ရွက်မယ့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးခြင်းကို ၂၀၁၂ ခုနှစ် ဇူလိုင် ၃၁ ရက်က ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်စိုက်ပျိုးရေးနဲ့ မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းဆာလူက တက်ရောက်အမှာစကားပြောကြားခဲ့ပြီး၊ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက ရှမ်းပြည်နယ်တောင်ပိုင်း မြို့နယ် ၁၈ မြို့နယ်က တင်ပြလာတဲ့ အချက် ၅၅ ချက်ကို ရှင်းလင်းတင်ပြခဲ့ပြီး၊ တက်ရောက်လာတဲ့ ဌာနဆိုင်ရာများက ကဏ္ဍအလိုက် အသီးသီးရှင်းလင်းဆွေးနွေးခဲ့ရာမှာ ရှမ်းပြည်နယ်တောင်ပိုင်း မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး၊ ပြည်နယ်မန်နေဂျာရုံးမှ လက်ထောက်မန်နေဂျာ ဦးမင်းအောင်က ရှမ်းပြည်နယ်ထွက် လယ်ယာထွက်ကုန်သီးနှံများ ဈေးကွက်ရရှိမှု၊ ထုတ်လုပ်မှုနဲ့ ဈေးကွက်လိုအပ်ချက် မျှတစေရေးတို့အတွက် အသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ရိတ်သိမ်းချိန်လွန်နည်းပညာပေး ဆောင်ရွက်မှုများနဲ့ တောင်သူလုပ်ငန်းရှင်များနဲ့ နည်းပညာပေးရေးဆိုင်ရာ ဆောင်ရွက်မှုများအပြင် ရှမ်းပြည်နယ်တောင်ပိုင်းရှိ တောင်သူလုပ်ငန်းရှင်များ၊ နည်းပညာဆိုင်ရာသင်တန်းများ၊ ပို့ကုန်သွင်းကုန်ဆိုင်ရာသင်တန်းများ၊ မြို့နယ်နဲ့ ခရိုင်အလိုက် ဖွင့်လှစ်ဆောင်ရွက်နိုင်မယ့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး၊ မြို့နယ်များမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲအတွက် တင်ပြလာတဲ့ အချက်များနဲ့ပတ်သက်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ ပြည်ထောင်စု အဆင့်ဖြေကြားရန် အချက်များ ခွဲခြားသတ်မှတ်ရေးတို့ကို ဆွေးနွေးခဲ့ကြောင်း သိရပါတယ်။

**မင်းအောင်**

## TPIS ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-21844, 21108 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-21093,Ph:081-21627 email:m.myintmaungmaung@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀)ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁)ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂)တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃)ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄)ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅)မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့၊ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆)စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ပိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

# မန္တလေးဈေးကွက်ကို ပုံးဝါဖြင့်ဝင်တဲ့ စားအုန်းဆီများ အဝင်ရပ်

မန္တလေးဈေးကွက်ကို ထိုင်းနိုင်ငံမှ ပုံးဝါဖြင့်ဝင်နေတဲ့စားအုန်းဆီများ အဝင်မရှိတော့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

ဆီလုပ်ငန်းရှင်တစ်ဦးက "အရင်က မန္တလေးစားသုံးသူဈေးကွက်မှာ ကန်ဆီနဲ့ ပုံးဝါဆီအသုံးများတယ်။ ရှေ့တစ်ပတ်က ကုန်စည်ဒိုင်မှာ ပြုလုပ်ခဲ့တဲ့အစည်းအဝေးမှာ တရားမဝင် ဆီဝင်ရောက်ရင် တိုင်ကြားနိုင်ကြောင်း ဝန်ကြီးက ပြောလိုက်တဲ့နောက် ပုံးဝါဆီအဝင်ရပ်သွားတယ်။ ၃ ရက်လောက်ရှိပြီ လုံးဝကို အဝင်ရပ်သွားတာ။ ကန်ဆီ (စားအုန်းဆီ) ကတော့ ပုံမှန်ဝင်နေပါတယ်။ ဆီစက်တွေကတော့ ဆီထွက်သီးနှံ ကုန်ကြမ်းရှားပြီး ဈေးမြင့်လို့ စက်လည်တဲ့ အခြေအနေပိုဆိုးသွားပါတယ်"လို့ ပြောပါတယ်။

ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲကို တရုတ်နိုင်ငံဘက်မှ ဝယ်ယူထားပြီးဖြစ်ကြောင်းနဲ့ ရာသီဥတုကြောင့် ထွက်နှုန်းနည်းနေခြင်းကြောင့် ကုန်ကြမ်းရှားပြီး ရက်ပိုင်းအတွင်း ဈေးနှုန်းတက်လာခဲ့ပါတယ်။ ယခင်တစ်ပတ်က အညာထိပ်စ ၁၉၅၀ ကျပ်နဲ့ တရုတ်ဝယ်လက်ကို ရောင်းချခဲ့ရပြီး၊ ယခုတစ်ပတ်မှာ ၂၄၀၀ ကျပ်ထိ ဈေးမြင့်လာခဲ့ကြောင်း သိရပါတယ်။ မြေပဲဆန်ဈေးမြင့်တက်လာခြင်းကြောင့် ဇူလိုင် ၃၀ ရက်ထိ တစ်ပတ်အတွင်း ရောင်းသူမရှိရာမှ ယခုဈေးကွက်ပြန်လည်လာကြောင်း သိရပါတယ်။ ကုန်ကြမ်းဈေးမြင့်ခြင်းကြောင့် ပဲဆီတစ်ပိဿာကို မြေပဲဆန် ပေါ်မူတည်ပြီး ကျပ် ၄၀၀၀ နဲ့ ၅၀၀၀ ကျပ်ကျော်ကြားထိ မြင့်တက်လာခဲ့ပါတယ်။ မြေပဲဆီ ကျပ် ၅၀၀၀ကျော်မှာ ယခုနှစ်မှာအမြင့်ဆုံးဈေး ရောက်ရှိလာခြင်းဖြစ်ပါတယ်။ နှမ်းဆီဈေးနှုန်းမှာ တစ်ပိဿာကို ၃၀၀၀ ကျပ်နဲ့ ၃၅၀၀ ကျပ်ကြား၊ စားအုန်းဆီ လက်လီ တစ်ပိဿာကို ၁၉၀၀ ကျပ်နဲ့ ရောင်းချကြောင်း သိရပါတယ်။

**ဇူးဇူး**



## ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံပန်းမန်များ ရောင်းချရာမှာ ပြည်တွင်းပွဲရုံများမှာ ၅ ရာခိုင်နှုန်း၊ မူဆယ်ပွဲရုံများမှာ ၃ ရာခိုင်နှုန်းသာ ပွဲခယူရန် ချမှတ်ထားသော်လည်း လိုက်နာခြင်းမရှိ

ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံပန်းမန်များအား ရောင်းချရာမှာ ပြည်တွင်းပွဲရုံများမှာ ပွဲခ ၅ ရာခိုင်နှုန်းနဲ့ မူဆယ်ပွဲရုံများမှာ ပွဲခ ၃ ရာခိုင်နှုန်းသာ ပွဲခယူရန် ၂၀၁၀ ခုနှစ် ဩဂုတ် ၁၀ ရက်က နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးရုံးအစည်းအဝေးခန်းမတွင် ကျင်းပခဲ့သော ဟင်းသီးဟင်းရွက်နဲ့ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲတွင် ချမှတ်ထားပြီးဖြစ်သော်လည်း ပွဲရုံများမှလိုက်နာဆောင်ရွက်ခြင်း မရှိကြောင်းသိရပါတယ်။

မြန်မာနိုင်ငံ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံနဲ့ ပန်းမန်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (မန္တလေးတိုင်းဒေသကြီး) အတွင်းရေးမှူး ကိုကျော်စိုးနိုင်က "၂၀၁၀ ခုနှစ်ထဲကျင်းပတဲ့အစည်းအဝေးမှာ ပွဲခနှုန်းထားတွေကို ချမှတ်ခဲ့ပါတယ်။ ပြည်တွင်းရောင်းဝယ်ရာမှာ ပွဲခ ၅ ရာခိုင်နှုန်းထက် ပိုမယူဖို့၊ မူဆယ်ပွဲရုံများမှာ ပွဲခကို ၃ ရာခိုင်နှုန်းထက်ပိုမယူဖို့ ချမှတ်ခဲ့ပေမယ့် ပွဲရုံတွေကလိုက်နာခြင်းမရှိတော့ တောင်သူတွေနစ်နာရပါတယ်။ တောင်သူက ကုန်စိမ်းသီးနှံဖြစ်တဲ့အတွက် မမာနိုင်ဘူး။ ပေးတဲ့နှုန်းယူပြီး ပွဲခဖြတ်သလောက်နဲ့ ရောင်းရပါတယ်။ ရမည်းသင်းကလာတဲ့ စပျစ်သီးစိုက်တောင်သူတွေက မာနိုင်တယ်။ စပျစ်သီးက သူတို့ဆီကပဲရမှာဆိုတော့ တောင်သူအချင်းချင်းညှိနှိုင်းပြီး ပွဲခ ၁၀ ရာခိုင်နှုန်းဖြတ်ရင် မရောင်းဘူးလုပ်တဲ့အတွက် ပွဲရုံက ၅ ရာခိုင်နှုန်းနဲ့ ပွဲခယူပြီး ဝယ်ယူလိုက်ရတယ်။ ကျန်တဲ့ကုန်စိမ်းသီးနှံက မမာနိုင်တော့ ရောင်းရတာပဲ။ ဒါတောင် ပွဲညွှန့်က သက်သက်ပေးရပြီး သာတန်းမဲသီးဆိုပြီး သစ်သီးဝလံဆို ၁၅ လုံးပေးရတယ်။ သာတန်းဆိုတာ အရင်တုန်းက ၁၀ လုံး တစ်ခါချရင် တာလီစိတ်မှတ်တဲ့အနေနဲ့ တစ်လုံးဖယ်ထားရာပေးလိုက်ရတဲ့သဘောပဲ။ မဲသီးက ပယ်တဲ့အသီးတွေကိုဖယ်ရင်းနဲ့ ပုံသေပေးနေရတယ်။ ပွဲရုံက အလုပ်သမားကအစ တောင်းချခဆိုပြီး ပေးရတယ်"လို့ ပြောပါတယ်။

မန္တလေးမြို့မှာ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံပွဲရုံပေါင်း ၂၀၀ ကျော်ရှိပြီး၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဟင်းသီးဟင်းရွက်နဲ့ သစ်သီးဝလံများကို မန္တလေးမြို့ရှိပွဲရုံများနဲ့ မူဆယ်ပွဲရုံများသို့ ရောင်းချရကြောင်းသိရပါတယ်။

**ဇူးဇူး**

*စာမျက်နှာ ၁၂ မှ အဆက်*


- ရန်ကုန်တွင် ၂၀၁၀ ခုနှစ်နှင့် ၂၀၁၁ ခုနှစ် မတ်ပဲဈေးပြောင်းလဲမှု (price movement) သည် ယေဘုယျအားဖြင့် တူညီသည်။ နှစ်စပိုင်းကာလတွင် ဈေးမြင့်ပြီး နောက်ပိုင်းကာလတွင် ဈေးကျသွားခဲ့သည်။ အချိန်ကာလစော၍ ရောင်းချလေ ဈေးကောင်းရလေဆိုသောအချက်ကို တွေ့ရသည်။ မက်ပဲစိုက်တောင်သူများသည် စောစောရောင်းလျှင် ဈေးကောင်းရနိုင်ပြီး ဈေးမြင့်လာမည် မျှော်မှန်းချက်ဖြင့် စောစောမရောင်းဘဲ နောက်ကျရောင်းပါက ဈေးကျမှုနှင့် တွေ့ကြုံရမည်ဖြစ်ပါသည်။
- ရန်ကုန် ၂၀၁၂ ခုနှစ်သည် ၂၀၀၈ ခုနှစ် နှစ်စပိုင်းကာလ ဈေးပြောင်းလဲမှုပုံစံမျိုးအဖြစ် တွေ့ရသည်။ မတ်ပဲအသစ် ဈေးကွက်သို့ စတင်ဝင်ရောက်သည့်ကာလတွင် ဈေးကျလာရာ ဇူလိုင်လတွင် ဈေးပြန်မြင့်လာသည်။ ဈေးမြင့်လာသော အချိန်တွင် မတ်ပဲစိုက်တောင်သူလယ်သမားများ ရောင်းချရန် မတ်ပဲမရှိတော့ပေ။ မတ်ပဲရောင်းဝယ်သည့် ကုန်သည်များအနေဖြင့် ဈေးကျချိန်ဝယ်ယူသိုလှောင်ပြီး ဈေးမြင့်လာသည့်ဇူလိုင်လတွင် ပြန်လည်ရောင်းချခြင်းဖြင့် ရောင်းချပါက အကျိုးအမြတ်ရရှိနိုင်သည်ဟု ခန့်မှန်းရပါသည်။
- ရန်ကုန် ၂၀၁၂ ခုနှစ် ဇူလိုင်လနောက်ပိုင်း မတ်ပဲဈေး မည်သို့ရှိမည်နည်းဆိုပါက အိန္ဒိယမွန်ဘိုင်းတွင် မြန်မာ့မတ်ပဲဈေး မည်သို့ ရှိမည်နည်းဆိုသော အချက်လည်းအရေးပါပါသည်။ ၂၀၁၂ ခုနှစ် မတ်ပဲဈေး ပြောင်းလဲမှုသည် ၂၀၀၈ ခုနှစ် မတ်ပဲဈေးပြောင်းလဲမှု ပုံစံမျိုးဖြစ်နိုင်ဖွယ်ရှိမည်ဟု အကြမ်းအားဖြင့်ခန့်မှန်းရပါသည်။

မတ်ပဲရောင်းဝယ်မှုလုပ်ငန်းတွင် ၂၀၀၈ မှ ၂၀၁၂ ခုနှစ်အတွင်း မတ်ပဲဈေး မည်သို့ ပြောင်းလဲသွားသနည်း (Price movement) ကိုလေ့လာပြီး ရောင်းဝယ်မှုလုပ်ငန်းအတွက် ဆုံးဖြတ်မှုကို အထောက်အကူဖြစ်မည်ဟုသုံးသပ်ရရှိပါသည်။

# (၇) နေ့ သားသမီးများအတွက် စီးပွားရေး အကြံပေး ဟောကိန်း

## ၆-၈-၂၀၁၂ မှ ၁၂-၈-၂၀၁၂ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိတ်ဆွေများ၏ အကူအညီ ရရှိတတ်သည်။ မိမိအပေါ် အကြံဉာဏ်ကောင်းများ ပေးတတ်သည်။ လုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံရပ်ခြားဆက်သွယ်ရေး ကျယ်ဝန်းလာလိမ့်မည်။ လုပ်ငန်းများကို ကျွမ်းကျင်ပိုင်ဆိုင်နိုင်မှုရှိမည်။ အကျိုးတူပူးတွဲလုပ်လိုသူများလိမ့်မည်။ အကျိုးအမြတ်များလည်း ရရှိလာတတ်ပါသည်။ သံ၊ သံမဏိနှင့်ပတ်သက်သော ပစ္စည်း၊ သတ္တုလုပ်ငန်း၊ ကြေးနီ၊ ရွှေလုပ်ငန်းများ အထူးအကျိုးပေး အားကောင်းလိမ့်မည်။ ကျန်းမာရေးအနေဖြင့် မျက်စိနှင့်သွေးသားယားယံသောဝေဒနာ ခံစားရမှုရှိတတ်သည်။ ဆရာကောင်းနှင့်တွေ့ကြုံ၍ ဆေးကုသခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

**ယတြာ။ ဘုရားတွင် မိမိမွေးနံထောင့်တွင်ယပ်လှူပါ။**



**တနင်္လာသားသမီးများအတွက်** အလုပ်ထဲတွင် စိတ်ပါဝင်စားမှုအားနည်းနေတတ်သည်။ လုပ်ငန်းပီပြင်မှုပေါ်မူတည်ပြီး အကျိုးရလဒ်ကောင်းများ တွေ့မြင်ခြင်း၊ တိုးတက်မှု အခြေအနေကောင်းများရရှိခြင်းရှိလိမ့်မည်။ နိုင်ငံခြားငွေနှင့်ပတ်သက်ပြီး စိတ်ပင်ပန်းဆင်းရဲမှုကြုံရတတ်သည်။ ရော်ဘာပစ္စည်းများနှင့် သွပ်၊ သံလုပ်ငန်းများအကျိုးအမြတ် ရရှိခံစားရတတ်ပါသည်။ ယင်းကာလတွင် သားသမီးများအတွက် သောကရှိတတ်သည်။ ကျန်းမာရေးအနေဖြင့် ရေကြောင့်ဖြစ်သော ဝေဒနာ၊ အအေး၊ အပူလွန်ကဲသဖြင့် ဖြစ်သောရောဂါ ကျို့ထိုးခြင်း၊ ထုံထိုင်းခြင်းတို့ ရှိတတ်ပါသည်။

**ယတြာ။ လမ်းတံတားဆောက်ရန် ငွေလှူပါ။**



**အင်္ဂါသားသမီးများအတွက်** ကိုယ့်အတွေးထဲတွင် မဖြစ်နိုင်၊ ဖြစ်နိုင်မချိန်ဆနိုင်ဘဲ တွေးတောစဉ်းစားကာ သဘောမကျဖွယ်သော ကိစ္စများကို ဆောင်ရွက်ရတတ်သည်။ လူမှုရေး၊ စီးပွားရေးအတွက် အဆင်မပြေရှိလိမ့်မည်။ အလုပ်အကိုင်အတွက် ဝေခွဲမရရှိတတ်သည်။ စီးပွားရေးလုပ်ငန်းအတွင်း ငွေကြေးကိစ္စ အခက်အခဲရှိတတ်သည်။ လုပ်ငန်းအဆင်ပြေအောင် ရှင်းလင်းနိုင်စွမ်းရှိလိမ့်မည်။ ဆေးဖက်ဝင်အပင်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကျိုးပေးကောင်းနိုင်ပါသည်။ ကျန်းမာရေးအနေဖြင့် စိတ်ဖိစီးမှုများခြင်း၊ သွေးတိုးခြင်းနှင့်ပတ်သက်သောဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။

**ယတြာ။ အသက်ကြီးသူကို ဆေးဝါးလှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** စီးပွားရေးလာဘ်လာဘအနေဖြင့် ကံကောင်းမှုများ ကြုံရတတ်သည်။ ကြိုးစားမှုများအကောင်အထည်ဖော်ပြီးစိတ်ချမ်းသာမှုများ ရရှိတတ်ပါသည်။ အထည်အလိပ် အလှကုန်ပစ္စည်းများနှင့်ပတ်သက်သော စီးပွားရေးလုပ်ငန်းများမှ အကျိုး ပေးအားကောင်းလိမ့်မည်။ ရည်မှန်းချက်နှင့် လက်တွေ့မှာ တစ်ခါတစ်ရံကွာခြားမှုရှိနေတတ်သည်။ ကျန်းမာရေးအနေဖြင့် စီးပွားရေးကိုလုံးပါးနေရတတ်မှုကြောင့် စိတ်ပိုင်းဆိုင်ရာခံစားမှုများလည်း ကျန်းမာရေးညံ့ခြင်းကို တွန်းအားပေးနေသကဲ့သို့ ဖြစ်နေတတ်သည်။ ဒေါသဖြင့် စိတ်ထိခိုက်မှု၊ နှလုံးထိခိုက်ခြင်းတို့ ဖြစ်တတ်ပါသည်။

**ယတြာ။ ဘုရားတွင် ရွှေသက်နှင်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံလာတတ်သည်။ တာဝန်များပြားမှုကြောင့် လုပ်ငန်း၏ပီပြင်မှု အကျိုးရလဒ်ကောင်းများ တွေ့ရှိနိုင်မှု အားနည်းနေလိမ့်မည်။ ရေထွက်ပစ္စည်းများနှင့် ပတ်သက်သော လုပ်ငန်း၊ မီးဖိုချောင်သုံးပစ္စည်း၊ စပါး၊ ဂျုံ ဆားစသည့်စီးပွားရေးလုပ်ငန်းများနှင့် ပြည်ပပို့ကုန်သွင်းကုန်လုပ်ငန်း သင့်တင့်မှုရှိလာနိုင်ပါသည်။ အကျိုးပေးကံကောင်းမှုပိုလာနိုင်သည်။ ငွေကြေးဥစ္စာများ ပြန်လည်ရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အာရုံထိခိုက်လွယ်ခြင်း၊ ဆီးနှင့်ပတ်သက်သောဝေဒနာ ခံစားရခြင်းတို့ဖြစ်တတ်သည်။ အသက်အန္တရာယ် မဖြစ်နိုင်ပါ။

**ယတြာ။ ဘုရားတွင် ပေါက်ပေါက်ပွင့်လှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ များတွင် အတတ်ပညာရှင်များနှင့် ဆက်ဆံရ ခက်ခဲနေလိမ့်မည်။ နားလည်မှုခြင်း လွဲနေတတ်သည်။ နို့သကြား၊ သစ်သီးဝလံ၊ငွေထည်၊ စိန်ကျောက်တို့နှင့်ပတ်သက်ပြီး ဝင်ငွေကောင်းတတ်ပါသည်။ ၎င်းစီးပွားရေးလုပ်ငန်း လုပ်ကိုင်ပါက ပိုမို၍အကျိုးဖြစ်ထွန်းမှု ရှိလာပါလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ကျောက်ကပ်၊ ဆီး၊ ဝမ်း မမှန်ခြင်း၊ ဝမ်းကိုက်ခြင်း၊ အစားမှားခြင်းရောဂါတို့ ဖြစ်တတ်ပါသည်။ ဆရာကောင်းနှင့်တွေ့ကြုံ၍ ဆေးကုသခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။

**ယတြာ။ သံဃာတော်များအား ဆွမ်းလောင်းလှူပါ။**



**စနေသားသမီးများအတွက်** မိမိလုပ်ငန်း အောင်မြင်စေရန် နည်းမျိုးစုံဖြင့် အစွမ်းထုတ်ရတတ်သည်။ ကော်ဖီ၊ လက်ဖက်ရည်၊ စားသောက်ဆိုင်လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ အကျိုးပေးကောင်းမည့်ကာလ ဖြစ်နေတတ်ပါသည်။ ပထမပိုင်းတွင် စီးပွားရေးအတွက် အကောင်းအဆိုး ဒွန်တွဲနေတတ်သည်။ မကြာမီမှာ စိတ်ချမ်းသာမှုတွေ့ရတော့မည်။ ကျန်းမာရေးအနေဖြင့် ခေါင်းကိုက်မူးဝေခြင်း၊ နှလုံးတုန်ခြင်း၊ အာရုံကြောအားနည်းခြင်းရောဂါဝေဒနာ ခံစားရမှုရှိတတ်ပါသည်။ သတိရှိရန် လိုအပ်လိမ့်မည်။

**ယတြာ။ ဘုရားတွင်ရေသပ္ပါယ်ပေးပါ။**

# နောက်တစ်ကြိမ် WTO ဝန်ကြီးအဆင့် အစည်းအဝေးကို အင်ဒိုနီးရှား တွင်ကျင်းပမည်

ကမ္ဘာ့ကုန်သွယ်ရေးဝန်ကြီးများရဲ့ နောက်တစ်ကြိမ်အစည်းအဝေးကို လာမဲ့နှစ်မှာ အင်ဒိုနီးရှားနိုင်ငံမှာ ကျင်းပဖို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) အဖွဲ့ဝင်နိုင်ငံများက သဘောတူထားပြီးဖြစ်ပါတယ်။ ဝန်ကြီးအဖွဲ့အစည်းအဝေး က ကုန်သွယ်ရေးကြီးကြပ်မှုအတွက်အဆင့်အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်ပါတယ်။ အစည်းအဝေးကို နှစ်နှစ်တစ်ကြိမ်ပုံမှန်ကျင်းပပြီး ကုန်သွယ်ရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်ဖွယ်ရာကိစ္စတွေကို ဆွေးနွေးကြပါတယ်။ နောက်ဆုံးအစည်းအဝေးကို အမေရိကန်ပြည်ထောင်စု ဆီအက်တဲမှာ ကျင်းပခဲ့ပါတယ်။

WTO က လောလောဆယ်မှာ ဒိုဟာအကျော့ကုန်သွယ်မှုဆွေးနွေးပွဲများကို ကျင်းပနေဆဲဖြစ်ပြီး ၁၂ နှစ်ကျော်ကာလအတွင်းမှာ တိုးတက်မှုတစ်စုံတစ်ရာမရရှိသေးဘဲ ဖြစ်နေပါတယ်။ ထွန်းသစ်စနိုင်ငံတွေနဲ့ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ လယ်ယာစိုက်ပျိုးရေးပို့ကုန်လုပ်ငန်းရှင်များအကြား လယ်ယာစိုက်ပျိုးရေးကုန်ပစ္စည်းများ ရောင်းဝယ်ရေးနဲ့ ပတ်သက်တဲ့ကွဲပြားခြားနားမှုတွေက အဓိကပြဿနာတစ်ခု ဖြစ်နေပါတယ်။

ဘာလီမှာ ကျင်းပမဲ့ လာမဲ့နှစ် ဝန်ကြီးအဆင့်အစည်းအဝေးမှာ ဒိုဟာအကျော့ စေ့စပ်ညှိနှိုင်းမှုတွေကို "ပြန်လည်အားသွင်းပေးဖို့"နိုင်ငံတွေက ဆွေးနွေးကြမယ်လို့ မျှော်လင့်ကြောင်း အမေရိကန်ပြည်ထောင်စု၊ ကနေဒါ၊ ဘရာဇီးလ်နဲ့ပြင်သစ်စတဲ့ ပို့ကုန်နိုင်ငံတွေကို အင်ဒိုနီးရှားနိုင်ငံက ယခင်ရက်သတ္တပတ်က ပြောပါတယ်။

"ကမ္ဘာ့စီးပွားရေးကိုအကျပ်အတည်း အခြေအနေက အဟန့်အတား ပြုနေသေးတဲ့ကာလမှာ ကမ္ဘာ့စီးပွားရေး ရေရှည်တည်တံ့အောင် ဆောင်ရွက်ခြင်း၊ ဆင်းရဲမှုကိုလျှော့ချခြင်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေကို ဖန်တီးပေးခြင်းဖြင့် ယိမ်းယိုင်နေတဲ့ ကမ္ဘာ့ကုန်သွယ်မှုကို ချမှတ်ဆောင်ရွက်ရာမှာ နိုင်ငံစုံအပြန်အလှန်ကုန်သွယ်မှုစနစ် အရေးပါဆဲဖြစ်နေတယ်လို့ အင်ဒိုနီးရှားနိုင်ငံက ယုံကြည်ပါတယ်"ဟု အင်ဒိုနီးရှားကတာဝန်ရှိသူတွေက WTO ကို ယခင်ရက်သတ္တပတ်က ပြောပါတယ်။

ဘာလီဝန်ကြီးအဆင့် အစည်းအဝေးရက်အတိအကျကို ဆုံးဖြတ်ဖို့ အစိုးရတွေက စက်တင်ဘာမှာတွေ့ဆုံဆွေးနွေးကြမှာဖြစ်ကြောင်း WTO ရဲ့ အထွေထွေကောင်စီဥက္ကဋ္ဌ နော်ဝေသံအမတ် အီလင်ဂျိုဟန်ဆင်က ပြောပါတယ်။ ကွန်ဖရင့် အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာပထမပတ်မှာ ကျင်းပနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။

***Source:Feedstuffs.com***

# ရုရှား WTO အဖွဲ့ဝင်ဖြစ်လာပါက ဗီယက်နမ်ကုန်စည်များအတွက် အခွင့်ကောင်း



ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) သို့ ရုရှားနိုင်ငံဝင်ရောက်စဉ်က ပေးထားခဲ့သော ကတိကဝတ်အားလုံးကို ရုရှားနိုင်ငံက ဆောင်ရွက်ပေးမယ်ဆိုပါက ရုရှားနိုင်ငံကို ပို့ကုန်ဝင်ငွေတင်ပို့ရာမှာ ဗီယက်နမ်နိုင်ငံအတွက် အခွင့်ကောင်းတွေ ရရှိနိုင်ပါတယ်။

ရုရှားနိုင်ငံက ဩဂုတ် ၁၀ ရက်မှာ WTO ရဲ့ ၁၅၅ နိုင်ငံမြောက်အဖွဲ့ဝင်နိုင်ငံဖြစ်လာတော့မယ်ဆိုတဲ့ အချက်က ရုရှားနိုင်ငံကသာမဟုတ် ဗီယက်နမ်စီးပွားရေးလုပ်ငန်းတွေကပါ မျှော်လင့်နေတဲ့အချက်တစ်ခုဖြစ်ပါတယ်။ ရုရှားနိုင်ငံက ကျယ်ပြန့်တဲ့ဈေးကွက်နဲ့ သဘာဝသယံဇာတကြွယ်ဝတဲ့ စွမ်းအားရှိတဲ့ စီးပွားရေးတစ်ခုဖြစ်ကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ဥရောပဈေးကွက်ဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါင်ဟောင်းက ပြောပါတယ်။

ရုရှားနိုင်ငံက ပျမ်းမျှသွင်းကုန်ကို ၁၀ ရာခိုင်နှုန်းကနေ ၇ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချပေးဖို့ ကတိပြုထားပါတယ်။ ရုရှားနိုင်ငံကို တင်ပို့တဲ့ ဗီယက်နမ်ရဲ့ လယ်ယာသစ်တောနဲ့ ပင်လယ်စာတင်ပို့မှုက ဗီယက်နမ် ပို့ကုန်စုစုပေါင်းရဲ့ ၅၀ ရာခိုင်နှုန်းရှိပြီး အခွန် ၁၃ ဒသမ ၂ ရာခိုင်နှုန်းကနေ ၁၀ ဒသမ ၈ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ပါတယ်။ စက်မှုထုတ်ကုန်ပစ္စည်းတွေမှာ သွင်းကုန်ကို ၉ ဒသမ ၅ ရာခိုင်နှုန်းကနေ ၇ ဒသမ ၃ ရာခိုင်နှုန်းအထိလျှော့ပေးမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အကယ်၍ ရုရှားနိုင်ငံ WTO အဖွဲ့ဝင်ဖြစ်လာရင် အလိုအလျောက်အကျိုးသက်ရောက်မှုရှိလာမဲ့ အစီအစဉ်ကိုလည်း ဗီယက်နမ်နဲ့ ရုရှားတို့က သဘောတူထားပါတယ်။

ဗီယက်နမ်က အရှေ့တောင်အာရှမှာ ရုရှားနိုင်ငံရဲ့ အရေးပါဆုံး မိတ်ဖက်နိုင်ငံဖြစ်တဲ့အတွက် ဗီယက်နမ်ကလည်း ရုရှားနိုင်ငံအတွက် အကျိုးကျေးဇူးတွေကိုဆောင်ယူပေးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ဗီယက်နမ်နိုင်ငံက WTO အဖွဲ့ဝင်နိုင်ငံတွေကို အခွန်နှုန်း လျှော့ချပေးထားပြီးဖြစ်တဲ့ ဓာတ်မြေဩဇာနဲ့ သံမဏိတွေကို ဗီယက်နမ်ကိုတင်ပို့တဲ့အခါဆို ဗီယက်နမ်ပို့ကုန်တွေက ဈေးကွက်ထဲကိုအလွယ်တကူ ထိုးဖောက်ဝင်ရောက်နိုင်မှာ ဖြစ်ပါတယ်။ ဒီပို့ကုန်တွေက ဗီယက်နမ်ကို တင်ပို့တဲ့အထဲမှာ အရေးပါတဲ့ ပို့ကုန်တွေဖြစ်ပါတယ်။ ဒါပေမဲ့ ရုရှားကို တင်ပို့တဲ့ကုန်တွေကနေ အခွင့်အရေးအပြည့်အဝယူဖို့ မလွယ်ဘူးလို့ ဗီယက်နမ်စီးပွားရေးလုပ်ငန်းရှင်တွေကို သတိပေးထားပါတယ်။ ဘဏ္ဍာရေးအရ စွမ်းအားပြည့်ဝပြီး ဆက်ဆံရေးကောင်းမွန်တဲ့ စီးပွားရေးလုပ်ငန်းတွေအတွက် တံခါးကို ပိုပြီးကျယ်ကျယ်ဖွင့်ထားမှာဖြစ်ကြောင်း ရုရှားမှာစီးပွားရေးလုပ်နေသူတွေက ပြောပါတယ်။

***Source.vietnammetbridge.net***



# မဲခေါင်ဒေသနိုင်ငံများ ပူးပေါင်းမှုမြှင့်တင်

လာအို၊ မြန်မာ၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များက ဇူလိုင် ၃၀ ရက်က ဗီယက်နမ်နိုင်ငံ ကွမ်ထရီပြည်နယ် ဒေါင်ဟာမြို့မှာကျင်းပတဲ့ အစည်းအဝေးကို တက်ရောက်ခဲ့ကြပါတယ်။ အစည်းအဝေးမှာ အာရှဖြတ်ကျော် အဝေးပြေးလမ်းမကြီး (အရှေ့-အနောက်စီးပွားရေးစင်္ကြံ)တစ်လျှောက် စီးပွားရေးနဲ့ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးမြှင့်တင်နိုင်မဲ့ အစီအမံတွေကို ဆွေးနွေးခဲ့ကြပါတယ်။

ကွန်ဖရင့်အစည်းအဝေးဖွင့်ပွဲမှာ ကွန်ဖရင့်ရဲ့ ရည်ရွယ်ချက်က စင်္ကြံလမ်းတစ်လျှောက်ဖွံ့ဖြိုးမှုကို ဆောင်ရွက်ပေးနိုင်မဲ့ အခွင့်အလမ်းတွေကို နိုင်ငံလေးနိုင်ငံက လေ့လာသုံးသပ်ဖို့ဖြစ်ကြောင်း ကွမ်ထရီပြည်နယ် ပြည်သူ့ကော်မတီဥက္ကဋ္ဌ ငုယင်ဒပ်ကောင်းက ပြောပါတယ်။

၁၉၉၈ ခုနှစ် အောက်တိုဘာက မနီလာမှာကျင်းပခဲ့တဲ့ ရှစ်ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ (ဂျီအမ်အက်စ်) ဝန်ကြီးအဖွဲ့အစည်းအဝေးက ချမှတ်ခဲ့တဲ့ ကနဦးအစီအစဉ်အရ အရှေ့အနောက် စီးပွားရေးစီမံကိန်းအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA) နဲ့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဘဏ်တို့က ဂျီအမ်အက်စ်နိုင်ငံတွေရဲ့ ဖွံ့ဖြိုးမှုမဟာဗျူဟာကို တိုက်ရိုက်အထောက်အကူပြုဖို့ ရည်ရွယ်ပြီး ပူးပေါင်းထောက်ပံ့မှု ပေးခဲ့ပါတယ်။

ကီလိုမီတာ ၁၄၅၀ ရှည်လျားတဲ့ စင်္ကြံလမ်းက မြန်မာ၊ ထိုင်း၊ လာအိုနဲ့ ဗီယက်နမ်လေးနိုင်ငံရှိ မြို့ကြီးနဲ့ ပြည်နယ်ပေါင်း ၁၉ ခုကို ဖြတ်သန်းသွားပါတယ်။ စင်္ကြံလမ်းက ဗီယက်နမ်မှာ ကွမ်ထရီပြည်နယ် လာအိုဘောင်နယ်စပ်စခန်းကစတင်ပြီး ဒေါင်ဟာမြို့ အမှတ် ၉ အဝေးပြေးလမ်းမကြီးအတိုင်း သွားပါတယ်။

လာအိုနိုင်ငံပြန်ကြားရေး၊ ယဉ်ကျေးမှုနဲ့ ခရီးသွားလုပ်ငန်း ဒုတိယဝန်ကြီး Chaleume Warinthrasak က သုဝဏ္ဏခက်(လာအို)၊ မူခါဒမ်(ထိုင်း)နဲ့ ကွမ်ထရီ(ဗီယက်နမ်)နိုင်ငံတို့က ခရီးသွားလုပ်ငန်းတိုးမြှင့်ရေးအတွက် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း ထိုသို့ဆောင်ရွက်ရာတွင် အစိုးရအေဂျင်စီတွေနဲ့ ပုဂ္ဂလိကလုပ်ငန်းအကြား ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးအတွက် ကြော်ငြာခြင်းနဲ့ အတွေ့အကြုံဖလှယ်ခြင်း စတဲ့လုပ်ငန်းတွေ ပါဝင်ကြောင်း ပြောကြားပါတယ်။

အဝေးပြေးလမ်းမကြီးတစ်လျှောက်ရှိ ကျေးလက်ဒေသတွေမှာ ခရီးသွားလုပ်ငန်း အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှုမရှိတဲ့အတွက် ဒေသခံတွေက မြို့ကြီးတွေနဲ့ တခြားစီးပွားရေးလုပ်ငန်း အချက်အချာနေရာတွေကို ပြောင်းရွှေ့လုပ်ကိုင်စားသောက်နေကြကြောင်း၊ ဒါကြောင့် ခရီးသွားလုပ်ငန်းအတွက် လူသားအရင်းအမြစ်ရှားပါးနေကြောင်း ဟိုချီမင်းစီးတီးရှိ ထိုင်းခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ရုံးမှ အကြီးအကဲ ချူတာသစ်ချာရီယွန်လပ်က ပြောပါတယ်။

"စီးပွားရေးစင်္ကြံက ၂၀၁၅ ခုနှစ်မှာ စီးပွားရေးပေါင်းစည်းမှုပြုလုပ်နိုင်ဖို့အတွက် ဦးတည်ထားတဲ့ အာဆီယံရဲ့ "ဆက်သွယ်မှု" ရည်မှန်းချက်တွေထဲမှာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။ အာဆီယံ ဆက်သွယ်မှုစီမံကိန်းအရ မြန်မာနိုင်ငံက အရှေ့အနောက်စင်္ကြံရဲ့ ဝင်ပေါက်အဖြစ် အရေးပါတဲ့ အခန်းကဏ္ဍမှာရှိနေပါတယ်။ အာဆီယံနိုင်ငံတွေနဲ့ အိန္ဒိယ၊ အရှေ့အလယ်ပိုင်းနဲ့ ဥရောပဖွံ့ဖြိုးမှုကို ဆောင်ကြဉ်းပေးမဲ့ လမ်းကြောင်းအဖြစ် သဘောထားပါတယ်"ဟု ဗီယက်နမ်ဆိုင်ရာ မြန်မာသံအမတ် ဦးသက်ဦးက ပြောပါတယ်။

မဟာမဲခေါင်ဒေသခွဲမှာရှိတဲ့ နိုင်ငံများက Cross Border Trade Agreement (CBTA) စာချုပ်အားလုံးကို လက်မှတ်ထိုးထားပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ နောက်ဆက်တွဲမှာပါတဲ့ အချက်တွေက အပြီးသတ်အောင်မဆောင်ရွက်နိုင်သေးတဲ့အတွက် အကောင်အထည်ဖော်ရာမှာ အခက်အခဲတွေ ရှိနေပါတယ်။

***Source:vietnamnews.vnagercy.com. vn***

ဉာဏ်တင် စုစည်းသည်

## ရက်သတ္တပတ်အတွင်း စီးပွားရေးသတင်းတိုများ

**လန်ဒန်**

ဘတ်ဂျက် လိုငွေ လျှော့ချတာကို သုံးနှစ်ရွှေ့ဆိုင်းထားမယ် ဆိုပါက ၂၀၁၁ ခုနှစ်မှ ၂၀၂၁ ခုနှစ်ထိ ဗြိတိန်နိုင်ငံရဲ့ ထွက်ကုန်သည် ပေါင် ၂၇၉ ဘီလီယံထိ ပိုမိုလာနိုင်ကြောင်း အမျိုးသားစီးပွားရေးနဲ့ လူမှုရေး သုတေသနသိပ္ပံ (NIESR) ကပြောပါတယ်။ကွန်ဆာဗေးတစ်နဲ့ လစ်ဘရယ်ဒီမိုကရက်တို့ ပါဝင်တဲ့ ညွန့်ပေါင်းအစိုးရက အသုံးစရိတ် လျှော့ချမှုနဲ့ အခွန်တိုးမြှင့်ကောက်ခံတဲ့တင်းကျပ်တဲ့ မူဝါဒများကို လျှော့ချပေးရန် ငြင်းဆန်လျက်ရှိတယ်။

Source:reuters.com

**ဖရန့်ဖတ်**

ယူရိုငွေကြေးကို ကာကွယ်နိုင်အောင် ဘွန်းစာချုပ်အတိုးနှုန်းများကို လျှော့ချပေးရန် ဥရောပဗဟိုဘဏ် ဥက္ကဋ္ဌ မာရီယိုဟာဒရပ်ဂီ ကိုဖိအားပေးမှု များရှိလာတဲ့အတွက် ဥရောပ ဗဟိုဘဏ်က အတိုးနှုန်းများကို လျှော့ချပေးရန် ရှောင်ကြဉ်လျက် ရှိပါတယ်။ ဖရန့်ဖတ်မြို့မှာ ဩဂုတ် ၂ ရက်က ကျင်းပတဲ့ အစည်းအဝေးမှာ မူဝါဒရေးဆွဲသူတို့က စံချိန်တင် နိမ့်ကျနေတဲ့ အတိုးနှုန်းကို ပြောင်းလဲခြင်း မရှိဘဲ သုည ဒသမ ၇၅ ရာခိုင်နှုန်း အတိုင်းဆက်လက်ထားရှိခဲ့ပါတယ်။

Source:reuters.com

**ဝါရှင်တန်**

အမေရိကန် ပြည်ထောင်စုမှာ အလုပ်အကိုင်ရရှိမှုက ဇူလိုင်လမှာ ခန့်မှန်းထားတာထက် ပိုမိုမြင့်တက်ခဲ့ကြောင်း ဩဂုတ် ၃ ရက်က အမေရိကန် အလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်တဲ့ အစီရင်ခံစာအရ သိရပါတယ်။ ဇူလိုင်လအတွင်းမှာ လယ်ယာလုပ်ငန်းမဟုတ်တဲ့ အလုပ်အကိုင် စုစုပေါင်း ၁၆၃၀၀၀ ဖန် တီးခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာန ကပြောပါတယ်။

Source:rttnews.com

**မက်ဒရစ်**

လွန်ခဲ့တဲ့ ၁၁ လ အတွင်းမှာ ပုဂ္ဂလိက ကဏ္ဍ ကုန်ထုတ်လုပ်မှုကကျဆင်းနေကြောင်း ယူရိုဇုန်ဝယ်ယူရေးမန်နေဂျာတွေရဲ့စစ်တမ်းမှာ တွေ့ရပါတယ်။ ထုတ်ပြန်ထားတဲ့ အညွှန်းကိန်းအရ ဇွန်လက ၄၆ ဒသမ ၄ ရှိရာမှ ယခုထုတ်ပြန်ချက်မှာ၄၆ ဒသမ ၅ ထိ ရောက်ရှိခဲ့ကြောင်း Markit Economics အညွှန်းကိန်းမှာ ဩဂုတ် ၃ ရက်က ဖော်ပြထားပါတယ်။

Source:rttnews.com

## EU

### ယူရိုဇုန်အတွက် ပြတ်သားတဲ့အစီအမံများလိုအပ်

ယူရိုဇုန်က ကြွေးမြီ အကျပ်အတည်းအောက်မှာ မလှုပ်မရှား နိုင်အောင် ချိန့်နေတာမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ "ပြတ်သားတဲ့ဆုံးဖြတ်ချက်ခြေလှမ်း"တွေ ယခုထိမဆောင်ရွက်ရသေးကြောင်း အမရိကန်ပြည်ထောင်စုသမ္မတ ဘားရက်အိုဘားမားက ဇူလိုင် ၃၁ ရက်ကပြောပါတယ်။ မဲဆွယ်ပွဲအလှူရှင်တွေ တွေ့ဆုံတဲ့ အခမ်းအနားမှာ အမေရိကန်ပြည်ထောင်စုစီးပွားရေးက မတည်ငြိမ်သေးကြောင်းနဲ့ လာမဲ့ကာလအတော်များများမှာ အခက်အခဲတွေနဲ့ တွေကြုံရဦးမှာ ဖြစ်ကြောင်း သူက ပြောပါတယ်။

"ဥရောပကလည်း စိန်ခေါ်မှု တစ်ရပ်ဖြစ်နေပါတယ်။ ဥရောပမှာ စီးပွားရေးလုပ်ငန်းတွေလုပ်နေပြီး ဒီအခန်းထဲကိုရောက်နေတဲ့သူတွေ ဒီအကြောင်းကိုသိပါတယ်"လို့ဝေါစထရီ အမှုဆောင်အရာရှိချုပ် အပါအဝင်လူ ၆၀ ခန့်ကို သူက ပြောကြားပါတယ်။

"ဥရောပသားတွေက ယူရိုကို အပြိုကွဲ ခံမယ်လို့တော့ ကျွန်တော်မထင်ပါဘူး။ ဒါပေမဲ့ သူတို့က ခိုင်မာပြတ်သားတဲ့ ခြေလှမ်းတွေကို လှမ်းရပါမယ်။ ကျွန်တော် သူတို့နဲ့ အချိန်အများကြီး အသုံးပြုခဲ့ပြီးပြီ။ ပြီးတော့ တင်ဂိုက်သနာ ကလည်း သူတို့နဲ့ အချိန်အများကြီး အသုံးပြုခဲ့ပြီးပြီ။ မကြာမီမှာ သူတို့က ခိုင်မာပြတ်သားတဲ့ အရေးယူဆောင်ရွက်မှုကိုပြုလုပ်ပါလိမ့်မယ်" လို့ အမေရိကန် ဘဏ္ဍာရေး ဝန်ကြီးကို ရည်ညွှန်းပြီး ပြောကြားခဲ့ပါတယ်။

အမေရိကန် ပြည်ထောင်စုကိုယ်တိုင်ကလည်း "ခိုင်မာပြတ်သားတဲ့ အရေးဆောင်ရွက်မှု" ရှိကြောင်း ၂၀၀၉ ခုနှစ်က ဆောင်ရွက်ခဲ့တဲ့ ဒေါ်လာ ဘီလီယံ ၈၀၀ ရှိ တွန်းအားပေး အစီအစဉ်ကို ရည်ညွှန်းပြီး ပြောကြားခဲ့ပါတယ်။ Source.AFP

## South East Asia

### အလုပ်အကိုင်ရရှိရေးက အနာဂတ်ရဲ့ အဓိက စိန်ခေါ်မှုဖြစ်



ကမ္ဘာ့စီးပွားရေး မတိုးတက်ဘဲရှိနေချိန်မှာ အနာဂတ်ကာလကမ္ဘာကြီးအတွက် အဓိကစိန်ခေါ်မှုမှာ အလုပ်အကိုင်ဖြစ်ကြောင်း ဇူလိုင် ၃၁ ရက်က ပြည်သူ့မူဝါဒရေးရာ လီကွမ်ယူတက္ကသိုလ်က ဦးဆောင်ကျင်းပတဲ့ အာရှယှဉ်ပြိုင်မှု သိပ္ပံကွန်ဖရင့်ဆွေးနွေးပွဲမှာ စင်ကာဒုတိယဝန်ကြီးချုပ်နဲ့ ဘဏ္ဍာရေးနဲ့ လူအင်အားဌာနဝန်ကြီး သာမန်းရှန်မူဂါရက်တနမ်က ပြောပါတယ်။ မကြာသေးမီက အရှေ့အလယ်ပိုင်းဒေသနဲ့ မြောက်အာဖရိကတွေမှာ ဖြစ်ပွားခဲ့တဲ့ဆန္ဒပြမှုတွေရဲ့ နောက်ကွယ်က ရှိနေတဲ့အကြောင်းအရင်းက လူငယ်အလုပ်လက်မဲ့နှုန်းမြင့်မားမှုဖြစ်တယ်လို့ ဆိုပါတယ်။

လူငယ်တွေအကြား အလုပ်လက်မဲ့ဖြစ်မှုက ဥရောပနဲ့အမေရိကန်ပြည်ထောင်စုတွေမှာလည်း မြင့်မားလျက်ရှိနေပါတယ်။ ဒီအခြေအနေကြောင့်အဲဒီနိုင်ငံတွေမှာ ပြင်းထန်တဲ့ ရေရှည်အကျိုးဆက်တွေဖြစ်ပေါ်နိုင်ကြောင်း ထိပ်တန်းတာဝန်ရှိသူတွေနဲ့ ပညာရှင်တွေတက်ရောက်တဲ့ အစည်းအဝေးမှာ မစ္စတာသာမန်းက ပြောပါတယ်။

"နောက်ပိုင်းမှာ စီးပွားရေးနဲ့ လူအသိုက်အဝန်း ပင်မရေစီးထဲကို ပြန်လည်ဆွဲခေါ်လို့မရနိုင်တဲ့ အဟောသိကံ ဖြစ်နေတဲ့ မျိုးဆက်သစ်တွေနဲ့ ကျွန်တော်တို့ကြုံရပါလိမ့်မယ်" လို့ သူကပြောပါတယ်။

အာရှ အထူးသဖြင့် စင်ကာပူ၊ တောင်ကိုရီးယားနဲ့ တရုတ်နိုင်ငံတွေက ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာရှိနေတဲ့ လူငယ်လူရွယ်တွေ ရေရှည်အလုပ်လက်မဲ့ဖြစ်နေတဲ့ အကျိုးဆက်တွေကို အနီးကပ်လေ့လာထားဖို့ကောင်းကြောင်း၊ သူတို့စီးပွားရေးတွေမှာလည်း အလားတူအခြေအနေတွေ ပေါ်ပေါက်နိုင်လို့ဖြစ်ကြောင်း သူက ပြောပါတယ်။ အလုပ်အကိုင်ဖန်တီးရာမှာ အသေးစားနဲ့ အလတ်စားစီးပွားရေးတွေ အဓိကကျတဲ့ အခန်းကဏ္ဍပါဝင်နေတဲ့အတွက် အာရှအစိုးရတွေကသူတို့ကို လက်တွဲဖေးကူသင့်တယ်လို့ သူက ပြောပါတယ်။

ဖွံ့ဖြိုးရေးမှာအခြားအဓိကကျတဲ့အချက်က လူသားအရင်းအနှီးဖြစ်ပြီး သာမန်ဘွဲ့များထက်ကျော်လွန် တတ်မြောက်တဲ့ တက္ကသိုလ် ကျောင်းသားတွေ ပိုရှိသင့်တယ်လို့ သူက ပြောပါတယ်။ Source.CNA

## South East Asia

# မလေးရှားနိုင်ငံက အရည်အသွေးပြည့် FDI များကိုရှာဖွေ

မလေးရှားနိုင်ငံက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) တွင် လက်ရွေးစင်ရွေးချယ်မှုကို ပိုမိုပြုလုပ်လာကြောင်း FDI မှန်သမျှကိုလက်ခံခြင်းထက် အရည်အသွေး ပြည့် FDI များကိုသာ စိစစ်လက်ခံကြောင်း ဒုတိယဝန်ကြီးချုပ် တန်ဆရီမူယီဒင်ယာဆင်က ပြောပါတယ်။ အရည်အသွေးပြည့် FDI ဆိုသည်မှာ အဆင့်မြင့်နည်းပညာ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုရှိတဲ့ နည်းပညာနဲ့ အစားထိုးစွမ်းအင်နည်းပညာများဖြစ်သလို အသိပညာပေး စက်မှုလုပ်ငန်းများကို ဆိုလိုကြောင်း သူက ပြောပါတယ်။

"ဒီနည်းပညာတွေက အလယ်အလတ်ဝင်ငွေရှိတဲ့ နိုင်ငံကနေ ဝင်ငွေမြင့်မားတဲ့နိုင်ငံတစ်ခုကို တက်လှမ်းတဲ့ အခါ ကျွန်တော်တို့ လိုအပ်တဲ့ နည်းပညာတွေ ဖြစ်ပါတယ်" လို့ Kota Kiswire ဖွင့်ပွဲအခမ်းအနားမှာ သူကပြောပါ တယ်။

Kota Kiswire ရဲ့ အကျယ်အဝန်းက စတုရန်း ပေ ၃၀၀၀၀၀ ရှိပြီး အရှေ့တောင်အာရှမှာ တောင်ကိုရီးယားက သံမဏိဝါယာကြိုးထုတ်လုပ်သူများရဲ့ဒေသတွင်းဗဟိုဌာနချုပ်အဖြစ် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဌာနချုပ် ရုံးက ပင်လယ်ရပ်ခြားအရောင်းနဲ့ စီမံအုပ်ချုပ်မှုလုပ်ငန်းတွေကို ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ Kota Kiswire ရဲ့ အဓိကဌာနခွဲသုံးခုအနက်တစ်ခုကို Kiswire Malaysia ရဲ့ သုတေသနနဲ့ဖွံ့ဖြိုးမှုစင်တာအဖြစ် အသုံးပြုသွားမှာ ဖြစ်ပါတယ်။ Kiswire Malaysia ကမလေးရှားနိုင်ငံ Johor မှာ ၁၉၉၀ ပြည့်နှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့တာ ဖြစ် ပါတယ်။

အမျိုးသားစီးပွားရေးကို အထောက်အကူပေးတဲ့အတွက် Kiswire လို ကုမ္ပဏီမျိုးက မလေးရှားနိုင်ငံ အတွက် အရေးပါ အရာရောက်လျက်ရှိတယ်။ သံမဏိ ဝယ်လိုအားက အာဆီယံမှာ တစ်နှစ်ငါးရာခိုင်နှုန်း တိုးတက်မြင့်မားနေပြီး မလေးရှားမှာ ခြောက်ရာခိုင်နှုန်းတိုးနေကြောင်း ပြောပါတယ်။

Source.bernama.com

## South Asia

### မုတ်သုန်အဝင် နောက်ကျမှုကြောင့် အိန္ဒိယ ဘိလပ်မြေလုပ်ငန်း သုံးစွဲမှုမြင့်

ယခုမုတ်သုန်ရာသီမှာ မိုးနည်းပါးတဲ့အတွက် အိန္ဒိယလယ်သမားတွေကို ဆိုးဆိုးဝါးဝါးထိခိုက်မှုရှိခဲ့ပြီး ၂၀၀၉ ခုနှစ်က ခြောက်သွေ့မှုမျိုး ဖြစ်မဲ့အလားအလာကို တွေ့နေရပါတယ်။ ဒါပေမဲ့ အကျိုးဖြစ်ထွန်းမှုရှိခဲ့တာက ဘိလပ်မြေလုပ်ငန်းဖြစ်ပါတယ်။ မိုးနောက်ကျတဲ့အတွက် အိန္ဒိယတစ်နိုင်ငံလုံးမှာ ဇွန်လက ဆောက်လုပ်ရေး လုပ်ငန်းတွေ လုပ်ငန်းဆက်နိုင်တဲ့အတွက် ဘိလပ်မြေ သုံးစွဲမှု ပိုမိုခဲ့ပါတယ်။

ခိုင်မာတဲ့ကိန်းဂဏန်းတွေ မရနိုင်ပေမဲ့ ဝယ်လိုအားမြင့်တက်တာက ၁၀ ရာခိုင်နှုန်း ရှိတယ်လို့ အိမ်ခြံမြေ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

"မုတ်သုန်အဝင် နောက်ကျတဲ့အတွက် ဆောက်လုပ်ရေးလုပ်ငန်းတွေ အချိန်တိုးပြီး လုပ်နိုင်ခဲ့ပါတယ်။ ဒါကြောင့် ဘိလပ်မြေ ထုတ်လုပ်သူတွေ ကြီးပွားခဲ့ရပါတယ်" လို့ Kotak Securities ဒုတိယဥက္ကဋ္ဌ တီးနာဘာမာနီက ပြောပါတယ်။

အဖွဲ့ဝင်တွေကို ထုတ်လုပ်ဖြန့်ချိမှုကိန်းဂဏန်းတွေ ထုတ်ပြန်မပေးဖို့ အိန္ဒိယ ယှဉ်ပြိုင်မှုကော်မရှင် (CCI) က အိန္ဒိယ ဘိလပ်မြေ ထုတ်လုပ်သူများ အသင်းကို ညွှန်ကြားချက်အမိန့် ထုတ်ပြန်ခဲ့ပါတယ်။

ဒါပေမဲ့ အိန္ဒိယတစ်နိုင်ငံလုံးရဲ့ ပျမ်းမျှဈေးနှုန်းက ကီလို ၅၀ ဝင် ဘိလပ်မြေတစ်အိတ်ကို ရူပီး ၃၀၀ (၅ ဒသမ ၄၅ ဒေါ်လာ) နှုန်းရှိကြောင်း တရားမဝင်မဟုတ်တဲ့သတင်းရပ်ကွက်မှ သိရပါတယ်။ ဘိလပ်မြေ ဈေးက ဇွန်လမှာ အနည်းငယ်ကျပေမဲ့ ဇူလိုင်မှာ မြင့်တက်လာပါတယ်။

ပုံမှန်မုတ်သုန်ရာသီမှာ ယခင်နှစ်တွေက ဇွန်လလယ်ဆိုရင် မိုးစတင်ရွာပါတယ်။ ဒီအချိန်မှာ ဘိလပ်မြေ သုံးစွဲတာကလည်း စတင်ကျဆင်းပါတယ်။ နောက် သုံးလပတ်မှာ အိန္ဒိယနိုင်ငံတစ်ဝန်းလုံး မိုးဖြိုင်ဖြိုင်ကျလာပြီ ဖြစ်တဲ့အတွက် အရောင်းပါးလာတတ်ပါတယ်။ ၂၀၁၁ ခုနှစ်ဇွန်က ဘိလပ်မြေလုပ်ငန်းရဲ့ နှစ်အလိုက်တိုးတက်မှုနှုန်းက ၁ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိခဲ့ပါတယ်။

Source.xinhua

ဘဏ်တင် စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ယူရိုဇုန်အကျပ်အတည်းကို ကုစားဖို့အတွက် ဥရောပ ဗဟိုဘဏ်(ECB) က လတ်တလောဆောင်ရွက်မဲ့အလားအလာမတွေ့ရတဲ့အတွက် ဩဂုတ် ၃ ရက်နေ့က အာရှငွေကြေးအများစုတန်ဖိုးကျဆင်းခဲ့ပြီး ရင်းနှီးမြှုပ်နှံသူတို့က စွန့်စားမှုများတဲ့ ငွေကြေးများကို လျှော့ချလာခဲ့ကြပါတယ်။

စက်တင်ဘာလမတိုင်မီအထိ ဈေးကွက်အတွင်းသို့ ဝင်ရောက်စွက်ဖက်ဦးမှာမဟုတ်ကြောင်း ဩဂုတ် ၂ ရက်က အီးစီဘီကပြောကြားခဲ့သည့်အတွက် လတ်တလောအရေးယူဆောင်ရွက်မှုတွေ ပြုလုပ်လိမ့်မယ်ဟု မျှော်မှန်းနေကြတဲ့ ရင်းနှီးမြှုပ်နှံသူတို့အတွက် စိတ်ပျက်စရာဖြစ်ခဲ့ရပါတယ်။ ယူရိုဇုန်နဲ့ ပတ်သက်တဲ့ စိုးရိမ်မှုတွေနဲ့ နွေးကွေးနေတဲ့ ကမ္ဘာ့စီးပွားရေးအတွက်ကြောင့်ကြနေရမှုတို့ကြောင့် ထွန်းသစ်စအာရှငွေကြေးများမှာ ရင်းနှီးမြှုပ်နှံသူတွေအကြိုက်တွေ့လာဖို့ သိပ်မရှိလှဘူးလို့ ဝယ်ရောင်းသမားနဲ့လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။ အာရှငွေကြေးတွေရဲ့ တန်ဖိုးက ဩဂုတ် ၃ ရက်နေ့က တန်ဖိုးကျခဲ့တာမှန်ပေမဲ့ ရက်သတ္တပတ်အလိုက် တန်ဖိုးက မြင့်တက်နေတာကို တွေ့ရပါတယ်။ မလေးရှားရင်းဂစ်က အာရှငွေကြေးတွေထဲမှာ ယခုရက်သတ္တပတ်ထဲမှာ စွမ်းဆောင်ရည်အမြင့်ဆုံးဖြစ်ပြီး ဒေါ်လာနဲ့ ဖလှယ်ရာတွင် သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ခဲ့ပါတယ်။

**တရုတ်ယွမ်**

အမေရိကန်စီးပွားရေးကို မြင့်တင်ပေးဖို့အတွက် အမေရိကန်ဗဟိုဘဏ်က ငွေကြေးတွန်းအားပေးအစီအစဉ်ကို စွန့်လွှတ်ပြီးနောက် ဩဂုတ် ၂၇ ရက်မှာ ဒေါ်လာနဲ့ ဖလှယ်ရာမှာ ယွမ်တန်ဖိုးအနည်းငယ်မြင့်တက်ခဲ့ပါတယ်။ တရုတ်ဗဟိုဘဏ်ယွမ်ငွေကြေးရဲ့ ဗဟိုဖလှယ်နှုန်းကို ယခုနှစ်အတွင်း ဒုတိယမြောက်အနိမ့်ဆုံးနှုန်းထိလျှော့ချပေးခဲ့ပါတယ်။

လက်ငင်းဈေးကွက်မှာ ယွမ်ငွေတန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၃၆၇၄ ယွမ်နှုန်းရှိခဲ့တဲ့အတွက် ဩဂုတ် ၁ ရက်ရှိခဲ့တဲ့ ၆ ဒသမ ၃၆၈၅ ယွမ်နှုန်းထက်အနည်းငယ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။ ယွမ်ငွေကြေးရဲ့ တန်ဖိုးက တစ်ဒေါ်လာကို ၆ ဒသမ ၃၅ ယွမ်နှုန်းမှ ၆ ဒသမ ၄၀ ယွမ်နှုန်းကြားရှိနေနိုင်မယ်လို့ အရောင်းအဝယ်သမားတွေက ခန့်မှန်းထားပါတယ်။

**အိန္ဒိယရူးပီး**

ဘဏ်တွေနဲ့ သွင်းကုန်လုပ်ငန်းရှင်တွေဘက်က ဒေါ်လာဝယ်လိုအားမြင့်တက်လာတဲ့အတွက် ရူးပီးတန်ဖိုးက ဒေါ်လာနဲ့ဖလှယ်ရာမှာ တစ်ဒေါ်လာကို ၅၆ ရူးပီးအမှတ်အောက်တန်ဖိုးကျဆင်းပြီး သုည ဒသမ ၃၁ ရူးပီးနှုန်းကျဆင်းကာတစ်ဒေါ်လာကို ၅၆ ဒသမ ၁၅ ရူးပီးနှုန်းရှိခဲ့ပါတယ်။ ကြွေးမြီအကျပ်အတည်းကို တိုက်ဖျက်ဖို့အတွက် လတ်တလောသအစီအမံတွေ ဆောင်ရွက်မှာမဟုတ်ကြောင်း ဥရောပဗဟိုဘဏ်က ကြေညာပြီးနောက်ပိုင်း ပင်လယ်ရပ်ခြားဈေးကွက်မှာ ယူရိုတန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒေါ်လာတန်ဖိုးမြင့်တက်လာတဲ့အတွက် ဩဂုတ် ၂ ရက်က ရူးပီးတန်ဖိုးက တစ်ဒေါ်လာကို ၅၅ ဒသမ ၈၄ ရူးပီးနှုန်းထိ ရှိခဲ့ပြီး ရက်သတ္တပတ်အတွင်း အနိမ့်ဆုံးဖြစ်ခဲ့ပါတယ်။

**ဂျပန်ယန်း**

တိုကျိုမှာ ဩဂုတ် ၃ ရက်မနက်ကဒေါ်လာတန်ဖိုးက တစ်ဒေါ်လာကို ၇၈ ယန်းနှုန်းဝန်းကျင်မှာရှိခဲ့ပါတယ်။ ဒေါ်လာ/ယန်းဖလှယ်နှုန်းက ဩဂုတ် ၂ ရက်က နယူးယောက်မှာတစ်ဒေါ်လာကို ၇၈ ဒသမ ၁၈ ယန်းနဲ့ တိုကျိုမှာ ၇၈ ဒသမ ၄၆ ယန်းနှုန်းရှိခဲ့ရာမှ တိုကျိုမှာဩဂုတ် ၃ ရက်မနက် ၉ နာရီက တစ်ဒေါ်လာကို ၇၈ ဒသမ ၂၂ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရို/ဒေါ်လာဖလှယ်နှုန်းက ဩဂုတ် ၂ ရက်ညနေမှာ နယူးယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၂၁၇၆ ဒေါ်လာ၊ တိုကျိုမှာ ၁ ဒသမ ၂၂၆၃ ဒေါ်လာနှုန်းရှိခဲ့ရာမှ ဩဂုတ် ၃ ရက်မှာ ၁ ဒသမ ၂၁၇၇ ဒေါ်လာနှုန်းရှိခဲ့ပါတယ်။ ယူရို/ ယန်း ဖလှယ်နှုန်းက ဩဂုတ် ၃ ရက်က တိုကျိုမှာ တစ်ယူရိုကို ၉၅ ဒသမ ၂၆ ယန်းနှုန်းရှိခဲ့ပါတယ်။

**မလေးရှားရင်းဂစ်**

ကမ္ဘာ့စီးပွားရေးအလားအလာမှေးမှိန်နေတဲ့အတွက် အမေရိကန်ဒေါ်လာနဲ့ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတို့ကပြောပါတယ်။ ရင်းဂစ်တန်ဖိုးက ဩဂုတ် ၂ ရက်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၁၂၇၀ ရင်းဂစ်နှုန်းရှိခဲ့ရာမှ ဩဂုတ် ၃ ရက်မနက် ၉ နာရီ ၁၄ မိနစ်မှာ တစ်ဒေါ်လာကို ၃ ဒသမ ၁၃၅၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ ဒါပေမယ့် ဥရောပဗဟိုဘဏ်က ယူရိုပြိုကွဲမဲ့ အန္တရာယ်ကိုကာကွယ်ဖို့အတွက် လတ်တလောအရေးယူဆောင်ရွက်မဲ့ လက္ခဏာမတွေ့ရတဲ့နောက်ပိုင်း ရင်းနှီးမြှုပ်နှံသူတွေရဲ့ ယုံကြည်မှုကျဆင်းခဲ့ရတယ်လို့ ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ယခုလောလောဆယ်မှာ ရင်းနှီးမြှုပ်နှံသူတို့ဘေးထိုင်စောင့်ကြည့်သဘောမျိုးဆောင်ရွက်နေတာတွေ့ရပါတယ်။

**တောင်ကိုရီးယားဝမ်**

အာရှငွေကြေးတွေ ဩဂုတ် ၃ ရက်မှာတန်ဖိုးကျဆင်းခဲ့တယ်ဆိုပေမဲ့ ငွေကြေးအများစုက ရက်သတ္တပတ်အလိုက်တန်ဖိုးတက်ခဲ့တာကို တွေ့ရပါတယ်။ ဝမ်ငွေကြေးရဲ့တန်ဖိုးက ယူရိုဇုန်ကြွေးမြီအကျပ်အတည်းရဲ့ ဖိအားပေးတာကိုခံရမဲ့အလားအလာရှိနေတယ်လို့ ဝယ်ရောင်းသမားတွေနဲ့ လေ့လာဆန်းစစ်သူတို့က ပြောပါတယ်။ ဒါပေမဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေက ဝမ်ငွေကြေးကို ငါးရက်ဆက်တိုက်ဝယ်ယူခဲ့ရာ အရောင်းထက် အဝယ်က ဝမ် ၂၁၁ ဒသမ ၆ ဘီလီယံ(ဒေါ်လာ ၁၈၇ ဒသမ ၈၂)ဖိုးပိုခဲ့ပါတယ်။ ဒါကြောင့် သက်သာရနိုင်တယ်လို့ သူတို့က ပြောပါတယ်။

**ထိုင်းဘတ်**

ဘတ်ငွေကို ထုတ်ရောင်းတာများသလို ဘန်ကောက်စတော့ဒိုင်အားနည်းနေတဲ့အတွက် ဘတ်ငွေတန်ဖိုးကျဆင်းနေပါတယ်။ ဩဂုတ် ၂ ရက်က ထိုင်းပြည်တွင်းဘဏ္ဍာရေး ဈေးကွက်တွေရဲ့ ပိတ်ရက်ဖြစ်ပါတယ်။ ဘတ်ငွေတန်ဖိုးကျနေတာကို အခွင့်ကောင်းယူပြီး ငွေပေးချေဖို့အတွက် ပို့ကုန်လုပ်ငန်းရှင်တွေက ဘတ်ငွေကို ဝယ်ယူတဲ့အတွက် ဘတ် ငွေတန်ဖိုး အကျသက်သာခဲ့ကြောင်း ဝယ်ရောင်းသမားတွေက ပြောပါတယ်။ ဩဂုတ် ၃ ရက်မှာ ဘတ်ငွေတန်ဖိုးက တစ်ဒေါ်လာကို ၃၁ ဒသမ ၅၉၆၅ ဘတ်နှုန်းရှိခဲ့ပါတယ်။

Source:brecorder,reuters,xinhua, bernama

## ကမ္ဘာ့ကုန်သွယ်မှုမှာ ထိုင်းဝေစုကျဆင်း

ကမ္ဘာ့ကုန်သွယ်မှုမှာထိုင်းနိုင်ငံရဲ့ဝေစုက ၁ ဒသမ ၄ ရာခိုင်နှုန်း ရှိရာကနေ ၁ ဒသမ ၂ ရာခိုင်နှုန်းနဲ့ ၁ ဒသမ ၃ ရာခိုင်နှုန်းကြားမှာ ရောက်ရှိခဲ့ပါတယ်။ ဒီအခြေအနေကြောင့် ထိုင်းနိုင်ငံရဲ့ ယခုနှစ်ပို့ကုန်က ယခုနှစ်မှာ ၃ ဒသမ ၈ ရာခိုင်နှုန်း ကနေ ၅ ဒသမ ၈ ရာခိုင်နှုန်းကြားတိုးတက်မှုရှိနိုင်ပြီး ၂၀၀၉ ခုနှစ်အကျပ်အတည်း နောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်ပါတယ်။ ဥရောပသမဂ္ဂ (အီးယူ) စီးပွားဆုတ်ကပ်က စလိုက်တဲ့ ကမ္ဘာ့စီးပွားရေး တိုးနှုန်း နှေးကွေးမှုက ကမ္ဘာတစ်ဝန်းလုံးရှိ ဝယ်လိုအား ကျဆင်းစေပြီး ထိုင်း ပို့ကုန်ကိုလည်း ကျဆင်းစေခဲ့ပါကြောင်းထိုင်းကုန်သည်ကြီးများအသင်း တက္ကသိုလ် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုလေ့လာရေးဌာနမှညွှန်ကြားရေးမှူးအာအက်ပီဝန်ဒေါနစ်ကပြောပါတယ်။

ယူရိုဇုန်အကျပ်အတည်းက ထိုင်းနိုင်ငံကို တိုက်ရိုက် အထိနာစေရုံမျှမက တရုတ်၊ အိန္ဒိယ၊အာဆီယံ၊ဂျပန်နဲ့အမေရိကန်ပြည်ထောင်စုစတဲ့ ထိုင်းရဲ့ အဓိကပို့ကုန်နိုင်ငံငါးခုကို တင်ပို့တဲ့ထိုင်းရဲ့ တင်ပို့မှုကိုပါ ကျဆင်းစေခဲ့ပါတယ်။ ဥရောပသွင်းကုန်မှာ ထိုင်းနိုင်ငံရဲ့ ဈေးကွက်ဝေစုက ယခုနှစ်မှာ ၁ ရာခိုင်နှုန်းကျဆင်းပါတယ်။ အီးယူရဲ့ ပို့ကုန်က ၄ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ချမှတ်ထားတဲ့ ပို့ကုန် ၁၅ ရာခိုင်နှုန်းတိုးမြှင့်ရေး ရည်မှန်းချက်အောင်မြင်ဖို့ ဆောင်ရွက်ရာမှာ ထိုင်းနိုင်ငံက အခက်အခဲတွေနဲ့ရင်ဆိုင်ရပါလိမ့်မယ်။

ယခုနှစ်အတွက် ပို့ကုန်ဖွံ့ဖြိုးမှုကို ၃ ဒသမ ၈ ရာခိုင်နှုန်းကနေ ၅ ဒသမ ၈ ရာခိုင်နှုန်းထိ ရှိမယ်လို့ ခန့်မှန်းထားတဲ့အတွက် တန်ဖိုးအားဖြင့် ဒေါ်လာ ၂၃၇ ဒသမ ၄၆ ဘီလီယံနဲ့ ၂၄၂ ဒသမ ၁၈ ဘီလီယံကြား ရှိမယ်လို့ ခန့်မှန်းရပါတယ်။ ဒါပေမဲ့ ဝန်ကြီးဌာနရဲ့ ခန့်မှန်းချက်က ဒေါ်လာ ၂၃၆ ဒသမ ၂ ဘီလီယံနဲ့ ညီမျှပါတယ်။ယခုသုံးလပတ်အတွင်းမှာ ပို့ကုန်လုပ်ငန်းက ၇ ဒသမ ၅ ရာခိုင်နှုန်းကျမယ်လို့ ခန့်မှန်းထားပါတယ်။ ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင်တိုးတက်မှုမရှိဘဲတန့်နေပါတယ်။ ယခုနှစ်မှာ ပို့ကုန် ၁၅ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်မယ်ဆိုရင်ပထမနှစ်ဝက်ကရှိခဲ့တဲ့ တစ်လပျမ်းမျှဒေါ်လာ ၁၈ ဒသမ ၇၁ ဘီလီယံနှုန်းထက်ပိုမိုပြီး ဒေါ်လာ ၂၅ ဒသမ ၁၄ ဘီလီယံရရှိအောင်ဆောင်ရွက်ဖို့ လိုပါတယ်။

Source.nationalmultimedia.com

## ယန်းတန်ဖိုးထိန်းချုပ်နိုင်အောင် နိုင်ငံခြားဘွန်းစာချုပ်တွေ ဂျပန်ဗဟိုဘဏ်ကို ဝယ်ခိုင်းဖို့ အဇုမိ ငြင်းဆို

ယန်းငွေတန်ဖိုး ကျသွားအောင် ဂျပန်ဗဟိုဘဏ်ကို နိုင်ငံခြား ဘွန်းစာချုပ်တွေဝယ်ခိုင်းဖို့တိုက်တွန်းချက်ကို ဂျပန်ဘဏ္ဍာရေးဝန်ကြီး ဂျန်အဇုမိက ငြင်းဆို ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်မယ်ဆိုရင် ငွေလဲလှယ်နှုန်းမူဝါဒနဲ့ ပတ်သက် တဲ့ ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ စီရင်ခွင့်ကိုချိုးဖေါက်ရာ ရောက်နိုင်တယ်လို့ သူက ပြောပါတယ်။ ဒါပေမဲ့ ယန်းငွေတန်ဖိုးအဆမတန် မြင့်တက်နေတာကို တုံ့ပြန်ဖို့ အစီအမံတွေကို မဆောင်ရွက်ဘဲနေမှာ မဟုတ်ကြောင်းနဲ့ ယန်းငွေတန်ဖိုးက နှစ်လအတွင်း အမြင့်ဆုံးနှုန်းကို ရောက်ခဲ့တဲ့အတွက် ယန်းငွေထုတ်ရောင်းတာကို ဝင်ရောက်ကိုင်တွယ်မယ်လို့ ခြိမ်းခြောက်ထားပါတယ်။

“ငွေကြေးကိစ္စ ဝင်ရောက်စွက်ဖက်မှုအတွက်ဆိုရင် တခြားနိုင်ငံတွေက အာဏာပိုင်တွေနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားဖို့က အရေးကြီးပါတယ်။ ဒါကြောင့် ဒီကိစ္စကို ဘဏ္ဍာရေးဝန်ကြီးကသာ တာဝန်ယူဆောင်ရွက်ရ မှာပါ” ဟု ဩဂုတ် ၁ ရက်က လွှတ်တော်မှာ ဘဏ္ဍာရေးဝန်ကြီးက ပြောပါတယ်။

ယန်းငွေကိုကျဆင်းအောင်တိုက်ရိုက် ဆောင်ရွက်တဲ့ အနေနဲ့ ပို့ကုန်အားထားနေရတဲ့ စီးပွားရေးအတွက် ဂျပန်ဗဟိုဘဏ်မှ တခြားရွေးချယ်စရာ နည်းလမ်း မရှိတော့တဲ့အတွက် နိုင်ငံခြားဘွန်းစာချုပ်တွေကို ဝယ်သင့်တယ်လို့ လွှတ်တော် အမတ်အချို့က အကြံပြုပါတယ်။ ဗဟိုဘဏ်က ငွေဖြစ်လွယ်မှုကို အထောက်အကူဖြစ်အောင် ဆောင်ရွက်မယ်ဆိုတာ ပြတ်ပြတ်သားသားဆုံးဖြတ်ပြီးပြီဆိုရင် အနာဂတ်အတွက် ရွေးချယ်စရာက နိုင်ငံခြား ဘွန်းစာချုပ်တွေဝယ်ဖို့ပါပဲလို့ ဂျပန် ဗဟိုဘုတ်အဖွဲ့ဝင်သစ်ထဲက တစ်ဦးဖြစ်သူ တာကဲဟီရိုဆာတိုးက ယခင်လက ပြောကြားပြီးတဲ့နောက် ယခုကဲ့သို့ ဘွန်းစာချုပ် ဝယ်ရေးကိစ္စက ဆွေးနွေးစရာအကြောင်းတစ်ရပ် ဖြစ်လာပါတယ်။

ဘုတ် အဖွဲ့ဝင်သစ်ရဲ့ ဝေဖန်ချက် ထွက်ပေါ်လာပြီးနောက်ပိုင်းပထမဆုံးအကြိမ်အဖြစ် အဇုမိက ယခုကဲ့သို့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။ ယခုလိုဆောင်ရွက်မည်ဆိုပါက ငွေကြေးဝင်ရောက်စွက်ဖက်မှုမျိုးဖြစ်သွားပြီး ငွေလဲလှယ်နှုန်းမူဝါဒအတွက် ဘဏ္ဍာရေးဝန်ကြီးဌာနကို ပေးထားတဲ့စီရင်ပိုင်ခွင့်ကိုချိုးဖေါက်တာဖြစ်လိမ့်မယ်လို့ သူကပြောပါတယ်။ တကယ်လို့ယခုလိုဆောင်ရွက်မှုက ငွေကြေးဖလှယ်နှုန်းကို ထိခိုက်အောင်လုပ်ဖို့ ရည်ရွယ်တယ်ဆိုရင် နိုင်ငံခြား ဘွန်းစာချုပ်တွေဝယ်တာကို ငွေကြေးမူဝါဒ ရွေးချယ်စရာ နည်းလမ်းအဖြစ်မယူဆသင့်ကြောင်း ငွေကြေးမူဝါဒကို ကြီးကြပ်ဆောင်ရွက်နေတာကို တာဝန်ယူနေတဲ့ ဗဟိုဘဏ်အမှုဆောင်ဒါရိုက်တာကာဇုအိုမွန်မာ က ပြောပါတယ်။

Source.reuters.com

ဘဏ်တင် စုစည်းတင်ပြသည်

# တောင်ကိုရီးယားရဲ့ ယဉ်ကျေးမှုပို့ကုန် ယခုနှစ်မှာ မြင့်တက်

ပင်လယ်ရပ်ခြားနိုင်ငံတွေမှာ တောင်ကိုရီးယားယဉ်ကျေးမှု လူကြိုက်များလာတာကို အကြောင်းပြုပြီး ယခုနှစ်မှာ တောင်ကိုရီးယားရဲ့ ယဉ်ကျေးမှုထုတ်ကုန်တွေနဲ့ ဝန်ဆောင်မှုတွေကို ရောင်းချရာမှဝင်ငွေတွေ ရရှိခဲ့ကြောင်း ဇူလိုင် ၃၁ ရက်က ဗဟိုဘဏ်မှ ထုတ်ပြန်တဲ့ စာရင်းအရ သိရပါတယ်။ ယဉ်ကျေးမှုထုတ်ကုန်ပစ္စည်းတွေနဲ့ ဇာတ်ကားတွေအတွက် ပို့ကုန်သွင်းကုန် စာရင်းမှာ ဧပြီလက ဒေါ်လာ ၁၂ ဒသမ ၅ သန်းရှိခဲ့ရာမှ မေလမှာ ဒေါ်လာ ၃၀ ဒသမ ၁ သန်းပိုမိုခဲ့ကြောင်း တောင်ကိုရီးယားဗဟိုဘဏ်ရဲ့ စာရင်းအရ သိရပါတယ်။

ဒီငွေစာရင်းမှာ မတ်လကနေ မေလအထိ စုစုပေါင်း ပိုငွေက ဒေါ်လာ ၇၂ ဒသမ ၇ သန်းရှိပြီး သုံးလဆက်တိုက် ပိုငွေပြခဲ့တာဟာ ပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ဇွန်လမှာ ဒီငွေစာရင်းရဲ့ လက်ကျန်က လိုငွေပြခဲ့ပါတယ်။ ဒါပေမဲ့ စုစုပေါင်းအလားအလာက ယခင်နှစ်ကနဲ့ နှိုင်းယှဉ်ရင် ပိုမိုကောင်းမွန်ခဲ့ကြောင်း ဗဟိုဘဏ်က ပြောပါတယ်။

ဒီငွေစာရင်းမှာ တိုးတက်မှုပြလာတဲ့ အဓိကအကြောင်းရင်းက ကိုရီးယားလို ဟောလယုလို့ ခေါ်တဲ့ တောင်ကိုရီးယားပေါ်ပြူလာယဉ်ကျေးမှုကို လူကြိုက်များလာတဲ့အတွက် ဖြစ်ပါတယ်။ ဟောလယု သို့မဟုတ် ကိုရီးယားလှိုင်းဆိုတာက အာရှ၊ ဥရောပနဲ့ အမေရိကန်တိုက်တွေမှာ တောင်ကိုရီးယား တီဗွီရှိုးတွေနဲ့ ဂီတတွေ လူကြိုက်များလာတာကို ရည်ညွှန်းပြောကြားတာ ဖြစ်ပါတယ်။





တကယ်လို့ ယဉ်ကျေးမှုနဲ့ဆိုင်တဲ့ အကြောင်းအရာတွေရဲ့ ယှဉ်ပြိုင်နိုင်မှု စွမ်းရည်မြင့်တက်လာရင် နိုင်ငံရဲ့ ဝန်ဆောင်မှုငွေစာရင်းပိုင်းမှာ တိုးတက်လာမယ်လို့ လေ့လာဆန်းစစ်သူတွေက ပြောပါတယ်။

## SHORT NEWS

### ဘေယွန်စေးက သူ့ဘဝမှတ်တမ်းတင်ကားကို ကိုယ်တိုင်ဒါရိုက်တာလုပ်မည်



အဆိုတော် ဘေယွန်စေးက သူမရဲ့ ဘဝကို မှတ်တမ်းတင် ရုပ်ရှင်အဖြစ် ရိုက်ကူးဖို့ စီစဉ်နေပါတယ်။ ရုပ်ရှင်ကားကို သူမကိုယ်တိုင် ပါဝင်သရုပ်ဆောင်ပြီး ကိုယ်တိုင်ညွှန်ကြား ရိုက်ကူးမှာ ဖြစ်ပါတယ်။ အသက် ၃၀ အရွယ် အဆိုတော်က ဇာတ်ကား ကိုယ်တိုင်ထုတ်လုပ်သူအဖြစ် ဆောင်ရွက်မှာဖြစ်ကြောင်း **Latimes.com** မှာ ဖော်ပြထားပါတယ်။

### Big Bang ရဲ့ ပီရူးဖျော်ဖြေပွဲ လက်မှတ် ၅၀၀၀၊ မိနစ် ၄၀ အတွင်း ရောင်း

တောင်ကိုရီးယား အဆိုတော်အဖွဲ့ **Big Bang** ရဲ့ ပီရူးနိုင်ငံ ဖျော်ဖြေပွဲကို နိုဝင်ဘာ ၁၄ ရက်မှာ ပြုလုပ်မှာဖြစ်ပါတယ်။ ဖျော်ဖြေပွဲအတွက် လက်မှတ်အရောင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းကပြုလုပ်ခဲ့ရာ မိနစ် ၄၀ အတွင်းမှာ လက်မှတ်စောင်ရေ ၅၀၀၀ ရောင်းရပါတယ်။ နောက်ထပ် သုံးနာရီအကြာမှာ စောင်ရေ ၇၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။

### Thor:2 တွင် ဗြိတိသျှမင်းသား အက်ကလက်တန်ပါဝင်မည်

ဗြိတိသျှမင်းသား ခရစ်စတိုဖာအက်ကလက်တန်က **Thor: The Dark World** မှာ လူကြမ်းနေရာမှာပါဝင်ဖို့ ဆွေးနွေးညှိနှိုင်းနေပါတယ်။ ဒီဇာတ်ကားက ယခင်နှစ်ကရုံတင်ခဲ့တဲ့ **Thor** ရုပ်ရှင်ကားရဲ့အဆက်ဖြစ်ကြောင်း **The Hollywood Reporter** က ပြောပါတယ်။ အက်ကလက်တန်က **Dr.Who** နဲ့ **Heroes** တီဗွီဇာတ်လမ်းတွေနဲ့ ကျော်ကြားလာသူဖြစ်ပါတယ်။

# ရုပ်ရှင်စတူဒီယိုများရဲ့ ဝင်ငွေ ထုတ်ပြန်

**ရုပ်ရှင်စတူဒီယိုရှိတဲ့ ကုမ္ပဏီတချို့က သူတို့ရဲ့နောက်ဆုံးသုံးလပတ် ဝင်ငွေတွေကို ထုတ်ပြန်ပါတယ်။ ဧပြီ၊ ဇွန်ကာလအတွက် ဝင်ငွေအခြေအနေတွေ ဖြစ်ပါတယ်။ ဒါပေမဲ့ တချို့ကုမ္ပဏီတွေရဲ့ ဘဏ္ဍာရေးနှစ်ကာလက ကွာခြားမှုရှိတတ်ပါတယ်။ ကုမ္ပဏီအချို့ရဲ့ ဝင်ငွေတွေကို ဖော်ပြထားပါတယ်။**




**DreamWorks Animation SKG lnc.**

ကုမ္ပဏီရဲ့ အသားတင် ဝင်ငွေက ၆၃ ရာခိုင်နှုန်း ကျဆင်းပါတယ်။ လေ့လာဆန်းစစ်သူတွေ ခန့်မှန်းထားတဲ့ အောက် ကျဆင်းပါတယ်။ ကုမ္ပဏီရဲ့ စုစုပေါင်းဝင်ငွေ ကျဆင်းတာက ၂၅ ရာခိုင်နှုန်းရှိပါတယ်။ ရုပ်ရှင်စတူဒီယိုက ထုတ်လုပ်တဲ့ Madagascar 3: Europe's Most Wanted ရဲ့ဝင်ငွေက စတင်ရုံတင်တဲ့ ဇွန် ၈ ရက်ကယနေ့ထိ ဒေါ်လာသန်း ၅၀၀ ရှိပါတယ်။



**Time Warner lnc.**

Warnar Bros စတူဒီယိုရဲ့ စုစုပေါင်းဝင်ငွေက ၈ ရာခိုင်နှုန်းကျဆင်းပြီး ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံ ရှိပါတယ်။ ကျဆင်းရတဲ့ အကြောင်းရင်းက ယခင်နှစ် နောက်ဆုံးပတ်အတွင်းက ရုပ်ရှင်ကားကြီးတွေ ထုတ်ခဲ့လို့ဖြစ်ပါတယ်။ တစ်ရှိန်ထိုး အောင်မြင်မှုရခဲ့တဲ့ Batman ဇာတ်လမ်းတွဲ The Dark Knight Rises က ယခုတွက်ချက်တဲ့ ကာလအတွင်းမှာ ရုံမတင်နိုင်ခဲ့ပါဘူး။ ယခင်နှစ်ဒုတိယသုံးလပတ်က Time Warner lnc. က The Hangover Part II ကို ရုံတင်ပြီး ဟယ်ရီပေါ်တာ ဒုတိယ နောက်ဆုံးကားကို home viedo အတွက် ဖြန့်ချိခဲ့ပါတယ်။



**Comcast Corp**

နွေရာသီမှာ အောင်မြင်ကျော်ကြားနိုင်မဲ့ Battleship ကိုထုတ်လုပ်ခဲ့တဲ့အတွက် ငွေအများကြီး သုံးစွဲထားပါတယ်။ ရုပ်ရှင်ဇာတ်ကားဖျော်ဖြေရေးဌာနခွဲရဲ့ဝင်ငွေက ၂ ရာခိုင်နှုန်းကျဆင်းပြီး ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံဖိုးရှိခဲ့ပါတယ်။



**Sony Corp.**

Men in Black 3 နဲ့ ကေဘယ်နဲ့ ကွန်ရက်အစီအစဉ်က ဝင်ငွေကြောင့် ကုမ္ပဏီအရောင်းက ၆ ရာခိုင်နှုန်းတိုးတက်ခဲ့ပါတယ်။ ဒါပေမဲ့ The Amazing Spider Man အပါအဝင်ဈေးကွက်တင်ရေး အသုံးစရိတ်ကြောင့် စာစာပိုင်းက အရှုံးပေါ်ခဲ့ပါတယ်။



# အာရှဆက်သွယ်မှုကြောင့် မြန်မာနယ်နိမိတ် ဖြတ်ကျော်ကုန်သွယ်မှုက တရုတ်နိုင်ငံဘက်သို့ ပြောင်းသွားမည်ကို ထိုင်းကုန်သည်တို့ စိုးရိမ်



မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ နယ်နိမိတ်ဖြတ်ကျော် ကုန်သွယ်မှုသည် တစ်စိတ်တစ်ပိုင်းအားဖြင့် အာရှမော်တော်ကားလမ်းနှင့် မီးရထားလမ်း ချိတ်ဆက်မှုကြောင့် တရုတ်နိုင်ငံနဲ့ နယ်ခြားစခန်းမှတစ်ဆင့် တရုတ် နိုင်ငံဘက်သို့ ပြောင်းရွှေ့သွားမှာကို ထိုင်းပြည်တွင်းစီးပွားရေးသမားများက စိုးရိမ်လျက်ရှိကြောင်း အိမ်နီးချင်း နိုင်ငံ များအား ဘဏ္ဍာရေးအထောက်အပံ့များကို လေ့လာလျက်ရှိတဲ့ ပညာရှင်များက တွေ့ရှိထားပါတယ်။

မြန်မာနိုင်ငံနဲ့ လာအိုတို့တွင် ဆောင်ရွက်နေတဲ့ ထိုင်းအစိုးရက ကြီးကြပ်ဆောင်ရွက်နေသည့် အခြေခံအဆောက်အဦဖွံ့ဖြိုးမှု စီမံကိန်း လေးခုကိုအဖွဲ့ဖွဲ့ လေ့လာဆန်းစစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံနဲ့နယ်နိမိတ်ချင်းထိစပ်နေတဲ့ မြောက်ပိုင်း ပြည်နယ် မဲဆောက်ရှိ ကုန်သည်တို့က မြန်မာ/ တရုတ်အကြား နယ်နိမိတ် ဖြတ်ကျော် ကူးသန်းရောင်းဝယ်မှုကြောင့် ၎င်းတို့ရဲ့ နယ်မြေကို ကုန်သွယ်မှု အချက်အချာ အဖြစ်မှ လျော့ကျသွားမှာကို ရတက် မအေးနိုင်ကြကြောင်း ချူလာလောင် ကွန်တက္ကသိုလ် ညွှန်ကြားရေးမှူးနဲ့ လေ့လာရေး အဖွဲ့ခေါင်းဆောင် ချရစ်တင်ဆာဘတ် က ပြောကြောင်း ဇူလိုင် ၃၀ ရက်က ပြောပါတယ်။

ယခုအခါ မူဆယ်-ရွှေလီနယ်စပ်စခန်းမှ မြန်မာနိုင်ငံရဲ့ တရုတ်နဲ့၊ ကုန်သွယ်မှုက နယ်ခြားဒေသ ကူးသန်းရောင်းဝယ်မှုစုစုပေါင်းရဲ့ ၆၀ ရာခိုင်နှုန်းရှိတဲ့အတွက် မဲဆောက်ဒေသမှ နယ်နိမိတ်ဖြတ်ကျော် ကုန်သွယ်မှုက ဒုတိယနေရာသို့ ရောက်ရှိခဲ့ပါတယ်။

နယ်စပ်ဒေသ လက်ဝတ်ရတနာ ကုန်သွယ်မှုက မကြာသေးမီ ရက်များအတွင်း မဲဆောက်မှ မူဆယ်-ရွှေလီဒေသသို့ ပြောင်းသွားကြောင်း၊ ဒါပေမဲ့ စိုးရိမ်စရာတော့ မဟုတ်ကြောင်း၊အိမ်နီးချင်း နိုင်ငံများနဲ့ စီးပွားရေးဖွံ့ဖြိုး မှုမှာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီရဲ့ အကြီးတန်းဒုတိယဥက္ကဋ္ဌကပြောပါတယ်။

ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်နိုင်ဖို့အတွက် မဲဆောက်ရှိ အထူးစီးပွားရေးဇုန်စီမံကိန်းကို လျင်မြန်စွာ တည်ထောင်ဖို့ ဒေသခံစီးပွားရေး လုပ်ငန်းရှင်တွေက အစိုးရကိုတိုက်တွန်းနေကြောင်း အဖွဲ့ဝင်တစ်ဦးက ပြောပါတယ်။ ထိုသို့ဆောင်ရွက်နိုင်ခြင်း မရှိပါကအေးခဲပြီးပုစွန်လိုအခြားကဏ္ဍများကလည်း မူဆယ်- ရွှေလီလမ်းသို့၊ ပြောင်းသွားနိုင်ကြောင်း တရုတ်နိုင်ငံက နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေကို ထိုင်းနိုင်ငံထက်ပိုမိုဆွဲဆောင်လျက်ရှိကြောင်း သူက ပြောပါတယ်။

ထိုင်း-မြဝတီ-တနင်္သာရီမော်တော်ကားလမ်းက ထိုင်းနှင့်မြန်မာနိုင်ငံကြား ကုန်သွယ်မှုကိုတိုးမြှင့်ပေးလျက် ရှိကြောင်းချရစ်ခေါင်းဆောင်တဲ့ လေ့လာမှုအရ သိရပါတယ်။ ထိုင်း အစိုးရက ၁၇ ဒသမ ၃၅ ကီလိုမီတာရှိ မော်တော်ကားလမ်းကို အတိုးသက်သာတဲ့ ချေးငွေဘတ် ၁၂၂ ဒသမ ၉ သန်းဖြင့် ပထမအဆင့်ကိုဆောက်လုပ်ပေးခဲ့ရာ ၂၀၀၆ ခုနှစ်ကပြီးစီးခဲ့ပါတယ်။ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှုမှာလည်း ၂၀၀၇ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အတွင်း တစ်နှစ်ကို ဘတ်ဘီလီယံ ၂၀ မှ ဘတ် ဘီလီယံ ၆၀ အထိ မြင့်တက်ခဲ့ပါတယ်။

သို့သော် ရင်းနှီးမြှုပ်နှံမှုအသစ်ကမည်သည့်အရေအတွက်အထိ တိုက်ရိုက် အထောက်အကူ ပြုတာကို တွက်ချက်ဖို့ ခက်ခဲကြောင်း၊ နယ်နိမိတ်ကို ဖြတ်ကျော်ကူးသန်းမှုတွင် အထောက်အကူ ပြုနေတဲ့ အခြားအချက်များလည်းရှိနေသေးကြောင်း ဖော်ပြထားပါတယ်။တစ်စိတ်တစ်ပိုင်းအားဖြင့်မြန်မာထရပ်ကားများက ဝန်ပို တင်ဆောင်မှုကြောင့် လမ်းမှာ ပျက်စီးစ ပြုနေပြီဖြစ်ကြောင်း လေ့လာချက် အစီရင်ခံစာမှာ တွေ့ရပါတယ်။

ကော့ကရိတ်မြို့အထိ နောက်ထပ် ၂၃ ကီလိုမီတာရှိ လမ်းကို ဆောက်လုပ်ပေးရန် ထိုင်းနိုင်ငံက ကတိပြု ထားပါတယ်။ အတည်ပြုမယ်ဆိုရင် လက်ရှိ တစ်လမ်းသွားက နှစ်လမ်းသွား အဖြစ်ရောက်ရှိနိုင်ပါတယ်။

လာမဲ့ငါးနှစ်အတွင်း ထိုင်းအစိုးရက အကူအညီပေးဖို့ ကတိပြုထားတဲ့ အဓိက စီမံကိန်းတွေထဲမှာ မြန်မာနိုင်ငံအတွင်းသို့ လျှပ်စစ်ဓာတ်အားကွန်ရက်တိုးချဲ့ရေးနဲ့နှစ်နိုင်ငံအတွင်းရေပေးရေးစနစ်တွေ ပါဝင်ပါတယ်။ကမ္ဘောဒီးယားအပါအဝင် အိမ်နီးချင်းနိုင်ငံတွေအတွက် ဘတ် ၁၀ ဒသမ ၇ ဘီလီယံ လျာထားပြီး ဘတ် ၅ ဘီလီယံခန့် ထုတ်ပေးပြီး ဖြစ်ပါတယ်။

Source.thenationmultimedia.com

ဘဏ်တင် စုစည်းတင်ပြသည်

# ထားဝယ်စီမံကိန်းက ထိုင်းနိုင်ငံ မော်တော်ကားထုတ်လုပ်ရေးကို အထောက်အကူပြု

ထိုင်းနိုင်ငံ လမ်ချာဘန်းနဲ့ မြန်မာနိုင်ငံ ထားဝယ်မြို့ကို ဆက်သွယ်တဲ့ မီးရထားကွန်ရက်ဆောက်လုပ် ရေးကို ထိုင်းဖွံ့ဖြိုးရေးသုတေသနအဖွဲ့ (TDRI) က အပြည့်အဝထောက်ခံချက်ပေးခဲ့ပါတယ်။ မော်တော်ကား ထုတ်လုပ်ရေးနဲ့ ထောက်ပံ့ပို့ဆောင်ရေး အချက်အချာဖြစ်လာဖို့ ထိုင်းနိုင်ငံရဲ့ ရည်မှန်းချက်ကို ဒီလမ်းကအထောက်အကူပေးမယ်လို့ TDRI ပြောပါတယ်။ ဒါပေမဲ့ ၄၂၇ ကီလိုမီတာရှည်တဲ့ ဒီလမ်းကြောင်းကို နောက်ထပ် ၈၇၇ ကီလိုမီတာရှိတဲ့ ဗီယက်နမ်နိုင်ငံ ဟိုချီမင်း စီးတီးကိုသွားတဲ့ လမ်းနဲ့ ချိတ်ဆက်သင့်ကြောင်း TDRIရဲ့ သယ်ယူပို့ဆောင်ရေးနဲ့ ထောက်ပံ့ ပိုဆောင်ရေးဒါရိုက်တာ နရောင်းပွန်လက်တောင်က ပြောပါတယ်။

မြန်မာနိုင်ငံရဲ့ မော်လမြိုင်မြို့ဟာ သံရိုင်းသယံဇာတကြွယ်ဝပြီး ထားဝယ်ကနေကီလိုမီတာ ၃၀ လောက်သာကွာဝေးပါတယ်။ဂျပန်နိုင်ငံက သူရဲ့အကြီးစားစက်မှုလုပ်ငန်းတွေကို ဂျပန်နိုင်ငံကနေရွှေ့ပြောင်းထားလိုတဲ့ အတွက် ထားဝယ်ဖွံ့ဖြိုးရေးလုပ်ငန်းကို ဂျပန်အစိုးရနဲ့ ဂျပန်ပုဂ္ဂလိက ကဏ္ဍကအခိုင်အမာ ထောက်ခံလျက်ရှိပါတယ်။ စင်ကာပူ-ကူမင်း မီးရထားလမ်း (SKRI) အရှေ့ဘက်လမ်းကြောင်းက မလေးရှားနိုင်ငံကို ၄၅၉၉ ကီလိုမီတာ ဖြတ်သန်းလိုပြီး တရုတ်နိုင်ငံကို ဆက်သွယ်မှာဖြစ်ပြီး ထိုင်းနဲ့မြန်မာကိုလည်းဖြတ်သန်းသွားမှာဖြစ်ကြောင်း ဆွေးနွေးပွဲမှာ နရောင်းက ပြောပါတယ်။

မီးရထားလမ်းကုန်ကျစရိတ်က တစ်ကီလိုမီတာကို ဘတ်သန်း ၁၀၀ ကုန်ကျပါမယ်။ ထားဝယ်နဲ့ ဟိုချီမင်း ကိုဆက်သွယ်မဲ့လမ်းက ဘတ်ဘီလီယံ ၉၀ နီးပါးကုန်ကျမှာဖြစ်ပေမဲ့ ဒီလမ်းကအပြည်ပြည်ဆိုင်ရာ ဆက်သွယ်မှုလမ်းကြောင်းဖြစ်တဲ့အတွက် ကုန်ကျမှုများတယ်လို့မဆိုနိုင်ကြောင်း နရောင်းက ပြောပါတယ်။ ထားဝယ်ရေနက် ဆိပ်ကမ်းကိုသုံးနိုင်မယ်ဆိုရင် ဥရောပကနေ သင်္ဘောနဲ့ သယ်ယူရတဲ့အချိန်က ယခင် ၁၆ ရက်ရှိခဲ့ရာမှ ၆ ရက် လောက်သက်သာမယ်လို့ ပြောပါတယ်။

၂၀၃၇ ခုနှစ်ရောက်ရင် ထားဝယ်ဆိပ်ကမ်းမှာ တစ်နှစ်ကို ပေ ၂၀ နဲ့ ညီမျှတဲ့ကုန်သေတ္တာယူနစ် (TEU) ၁၄ သန်းကိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်တဲ့အတွက် လမ်ချာဘန်း ဆိပ်ကမ်းတိုးချဲ့မှုကြောင့် ရရှိလာမဲ့ TEU ၇ ဒသမ ၇ သန်းနဲ့ နှိုင်းယှဉ်ကြည့်နိုင်ပါတယ်။ ဒါပေမဲ့ ဒီလမ်းကိုတည်ဆောက်တဲ့အခါ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေ နေရပ်ပြန်သွားမှာဖြစ်တဲ့အတွက် လုံခြုံရေးနဲ့ အခြေခံအဆောက်အဦဆိုင်ရာ ပြဿနာတွေကို ထိန်းချုပ်ဖို့နဲ့ မြန်မာနိုင်ငံနေပြည်တော်မှာရှိတဲ့ မြန်မာနိုင်ငံရဲ့လေဆိပ်သစ်က ဒေသတွင်းလေကြောင်းသွားလာရေး ဗဟိုအချက်အချာအဖြစ် သုဝဏ္ဏဘူမိလေဆိပ်ကို ယှဉ်ပြိုင်လာနိုင်ကြောင်း Excel Transport Int'l Co ရဲ့ အုပ်ချုပ်မှုဒါရိုက်တာ အမ်မရစ်ပန်စီရီက သတိပေးပြောကြားပါတယ်။ Source.bangkokpost




The Commerce Journal
စီးပွားရေးသတင်းဂျာနယ်
http://www.commercejournal.com.mm
စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ
Vol: 12, No:30
Monday August 6 2012
Supplement - A

## ပြည်သူများကိုယ်တိုင် ပါဝင်ဆွေးနွေးပြီး ပြည်သူ့ဆန္ဒလက်တွေ့ဘဝနှင့် ကိုက်ညီသည့် ပြည်သူ့ဗဟိုပြုမူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်နိုင်ရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများက ဒေသအနှံ့ လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးပွဲများကျင်းပလျက်ရှိ

နိုင်ငံတော်သမ္မတကြီးက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူလူထု၏ လူမှုစီးပွားရေးဘဝ သိသိသာသာ တိုးတက်စေရန်ရည်သန်လျက် ဒုတိယအဆင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တိုးတက်အောင် ကြိုးပမ်းလျက်ရှိသည်။

တစ်ဖက်ကလည်း ကောင်းမွန်သော အုပ်ချုပ်မှုစနစ်နှင့် သန့်ရှင်းသောအစိုးရဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာန အသီးသီးနှင့် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများ၏ စီမံအုပ်ချုပ်လုပ်ကိုင်မှုပုံစံများကို ပြုပြင်ပြောင်းလဲလျက်ရှိသည်။

လိုအပ်သော ဥပဒေသစ်များ ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်သင့်သည့်ဥပဒေများအား ပြင်ဆင်ရေးဆွဲခြင်း၊ ဌာနဆိုင်ရာ အသီးသီး၏ လုပ်ထုံးလုပ်နည်းများကို အဆင်ပြေချောမွေ့အောင် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်ပြောင်းလဲဆောင်ရွက်နေသော ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများသည် မိမိနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်၏မူဝါဒများနှင့် လိုက်လျောညီထွေရှိရေး၊ နိုင်ငံတကာ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် လိုက်လျောညီထွေ ရှိရေး၊ ပြည်ထောင်စုဝန်ကြီးဌာနများသာမက တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသကြီးပါမကျန် ဌာနဆိုင်ရာအားလုံး လက်တွေ့လိုက်နာကျင့်သုံးအကောင်အထည်ဖော်ရန် ရှင်းလင်းလွယ်ကူရေး၊ ဈေးကွက်စီးပွားရေးတွင် အဓိကလုပ်ကိုင်ဆောင်ရွက်ကြမည့် အများပြည်သူလွယ်ကူ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေး ရည်မှန်းချက်များအောင်မြင်ရေးနှင့်ချမှတ်သော မူဝါဒနှင့်လုပ်ငန်းစဉ်များသည် မကြာခဏ ပြင်ဆင်ပြောင်းလဲရမှုမျိုးမရှိဘဲ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် မြင်အောင်ဆောင်ရွက်နိုင်သည့် ခိုင်မာသော မူဝါဒနှင့်လုပ်ငန်းစဉ်များဖြစ်ရေးအတွက်ဘက်ပေါင်းစုံမှ ဆွေးနွေးတိုင်ပင်ညှိနှိုင်းရန် လိုအပ်သည်။

ထို့ကြောင့် အစိုးရဌာန ကျွမ်းကျင်သူများ သက်သက်ဖြင့် ညှိနှိုင်း ဆုံးဖြတ်ချမှတ်ခြင်းမျိုးဖြင့် လုံလောက်မည် မဟုတ်ဘဲ ပညာရှင်များ၊ အသင်းအဖွဲ့များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တောင်သူလယ်သမား၊ အလုပ်သမားအပါအဝင် ပြည်သူများပါဝင်သည့် လူထုလူတန်းစား အလွှာအသီးသီးက အနာဂတ် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် ယခုကျင်းပနေသည့် ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးအကြံပြုကြရန်လိုအပ်သည်။ သို့မှသာ ပြည်သူများကိုယ်တိုင် ပါဝင်ဆွေးနွေးပြီး ပြည်သူ့ဆန္ဒ လက်တွေ့



ဘဝနှင့်ကိုက်ညီသည့် ပြည်သူဗဟိုပြု မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်နိုင်မည် ဖြစ်သည်။

နိုင်ငံတော်သမ္မတကြီးကလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လုပ်ငန်းကဏ္ဍအလိုက်၊ ဒေသအဆင့်ဆွေးနွေးပွဲများ ကျင်းပပြီးစီးပါက ထိုဆွေးနွေးပွဲများမှရရှိသော အကြံပြုချက်၊ ဖော်ထုတ်ချက်များနှင့် ချမှတ်သင့်သောမူဝါဒ လုပ်ငန်းစဉ်များကို အမျိုးသားအဆင့်ဆွေးနွေးပွဲ၌ တစ်နိုင်ငံလုံး လွှမ်းခြုံဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်၍ ဆွေးနွေးပွဲများအား ထိထိရောက်ရောက်အကျိုးရှိအောင် ကျင်းပဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း ကြားသိရသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးမှုအတွက် နိုင်ငံမှသုံးစွဲနိုင်သော ဘဏ္ဍာငွေ ဘတ်ဂျက်ဖြင့်လုပ်ငန်းကဏ္ဍအလိုက်၊ ဒေသအလိုက်တိုးတက်အောင် မည်သည့်လုပ်ငန်းများကိုတိုးတက်အောင် ဦးစားပေး လုပ်ကိုင်ဆောင်ရွက်မည်ကိုလည်းကောင်း၊ ဘတ်ဂျက် အကန့်အသတ်ရှိသည့်အတွက် ဒေသဖွံ့ဖြိုးတိုးတက်အောင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် မည်သည့်လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်သင့်သည်ကို လည်းကောင်း၊ အကယ်၍ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှု မလာသောဒေသဖြစ်ပါက နိုင်ငံခြားချေးငွေကို မည်သို့ရအောင် ဆောင်ရွက်၍ နိုင်ငံတော်က မည်သို့ ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည်ကိုလည်းကောင်း၊ နည်းလမ်းရှာဖွေ ကြိုးပမ်းရန်လိုပေသည်။ ဘတ်ဂျက်မရှိ၍ ထိုင်နေရမည့် ခေတ်မျိုးမဟုတ်တော့။ အခြားနိုင်ငံများကို ရင်ဘောင်တန်းလိုလျှင် အခြားနိုင်ငံ မည်သို့လုပ်ကိုင်သည်ကို လေ့လာနမူနာယူ၍ ကြိုးပမ်းဆောင်ရွက်ရန်လိုသည်။ တိုးတက်သွားသောနိုင်ငံများကို ကြည့်ပါက ကြိုးစားလုပ်ကိုင်လိုသော စိတ်ဓာတ်ရှိပြီး ပြည်သူတစ်ရပ်လုံး ညီညီညွတ်ညွတ်ဖြင့် အလုပ်ကြိုးစားသောလူမျိုးများဖြစ်ကြသည်ကို တွေ့ရသည်။ ကြိုးစားလုပ်ကိုင်လိုသော စိတ်ဓာတ်ရှိပါက နည်းပညာနှင့်အရင်းအနှီးကို မည်သည့်နည်းလမ်းဖြင့် ရနိုင်မည်ကို ကြိုးစားရှာကြံလုပ်ကိုင်မည်သာ ဖြစ်သည်။

ဤနေရာတွင် ကမ္ဘာကျော် စီးပွားရေးပညာရှင်များက တိုးတက်နေသော အိမ်နီးနားချင်းနိုင်ငံများ၏ နမူနာကိုယူပါ။ ထိုနိုင်ငံများတွင် တွေ့ကြုံခဲ့သော အမှားသင်ခန်းစာများကြောင့် အချိန်ကြန့်ကြာခဲ့ရမှုကိုဖယ်ရှား၍ အောင်မြင်သော သင်ခန်းစာများကို အချိန်တိုတိုဖြင့် ရယူနိုင်သည့် အခွင့်အလမ်း မြန်မာနိုင်ငံသားများအနေဖြင့် ရှိနေပြီးဖြစ်သည်ဟု ဆိုသည်။ ထိုအခွင့်အရေးကို လက်မလွှတ်သင့်။

အချို့စီးပွားရေးပညာရှင်များကလည်း သဘာဝသယံဇာတ အရင်းအမြစ် ပေါကြွယ်ဝတိုင်း လူ့စွမ်းအားအရင်းအမြစ်၏ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့် ထိပ်တန်းနိုင်ငံအဖြစ် မရောက်နိုင်သည့်ဥပမာများကိုပြ၍ သဘာဝသယံဇာတ အရင်းအမြစ်များကို အကျိုးရှိ ထိရောက်စွာ စီမံခန့်ခွဲအသုံးပြုနိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရန်လိုကြောင်း ထောက်ပြကြသည်။

ယခင်အစိုးရလက်ထက်က စီးပွားရေး တံခါးဖွင့်စေလိုသူတို့က အားမလိုအားမရဖြစ်ခဲ့ကြသည်။ ယခုအစိုးရ လက်ထက်၌ စီးပွားရေး တံခါးဖွင့်သောအခါ မိမိတို့၏ စီးပွားရေးကုန်ထုတ်လုပ်ငန်းများ ထိခိုက်မည်ကို လုပ်ငန်းရှင်အချို့က စိုးရိမ်ပူပန်လျက် အကန့်အသတ်ဖြင့်သာ ဖွင့်ပေးရန် ပြောဆိုလာသည်။ ခေတ်ကာလသည် ရှေ့သို့သာ တရွေ့ရွေ့ ပြောင်းလဲလျက်ရှိသည်။ အာဆီယံ စီးပွားရေးအသိုက်အဝန်းသည်လည်း လွတ်လပ်စွာကုန်စည်စီးဆင်းမှု၊ လွတ်လပ်စွာ ရင်းနှီးမြှုပ်နှံမှု စသည်ဖြင့် ပြောင်းလဲရန်ပူးပေါင်းဆောင်ရွက်လာကြသည်။ အာဆီယံအသိုက်အဝန်းသာမက ကမ္ဘာ့အသိုက်အဝန်းကြီးသည်လည်း ဒေသအလိုက် ပူးပေါင် ဆောင်ရွက်မှုများ အဆက်မပြတ် တိုးတက်လျက်ရှိသည်။ ကိုယ့်တစ်ဦးတည်း တစ်နိုင်ငံတည်း ကိုယ့်သဘောနှင့်ကိုယ်ရပ်တည်၍ မရတော့သော ခေတ်ဖြစ်သည်။ အစိုးရဌာနများသည်ပင်လျှင် မိမိသဘောနှင့် မိမိတို့ မူဝါဒလုပ်ငန်းစဉ်များချမှတ်၍မရတော့။ ပြည်သူများ၏ ဆန္ဒပါဝင် သောပွင့်လင်းမြင်သာမှုရှိသည့်၊ တာဝန်ယူမှုရှိသည့် အုပ်ချုပ်မှုခေတ်စနစ်တစ်ရပ်သို့ ပြောင်းလဲနေသည်။

စီးပွားရေးလုပ်ငန်းရှင်တို့၏ ဝန်းကျင်တွင်လည်း အခွင့်အာဏာရှိသူတို့နှင့်ချဉ်းကပ်၍အခွင့်အလမ်းတစ်ရပ်ကို ဖန်တီးယူသောခေတ်မှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်လာသည်နှင့် ယှဉ်ပြိုင်ကြိုးစားရသည့်ခေတ်သို့ ရောက်ရှိလာပေသည်။ ပြည်တွင်းလုပ်ငန်းရှင်အချင်းချင်း ယှဉ်ပြိုင်ရသည့်အခြေအနေမှ နိုင်ငံတကာလုပ်ငန်းရှင်များနှင့် ယှဉ်ပြိုင်နိုင်အောင် မိမိတို့၏ အရည်အချင်းကို မြှင့်တင်ကြိုးပမ်းရမည့် အခြေအနေသို့ ရောက်ရှိလာသည်။

*အချုပ်ပိုC သို့*

## မျက်နှာဖုံး - မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ မှ အဆက်

ဖွံ့ဖြိုးမှုနည်းသော နိုင်ငံများအတွက်စက်မှုကိုအခြေခံသည့် စီးပွားရေးစနစ်စတင်ရန် စက်မှုကိုအခြေခံသည့် နည်းဗျူဟာများ၊ မူဝါဒများကိုအကြမ်းအားဖြင့် သိရှိထားရန်နှင့် ယင်းနည်းဗျူဟာများ၊ မူဝါဒများ၏ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မှုကို တွက်ချက်တိုင်းတာနိုင်ရန် စီးပွားရေးဆိုင်ရာ ညွှန်းကိန်းများကိုလည်း သတ်မှတ်ပေးရမည်ဖြစ်သည်။

ဖွံ့ဖြိုးမှုနည်းသောနိုင်ငံများတွင် စက်မှုလုပ်ငန်းထက် လက်မှုလုပ်ငန်းကိုသာ အများအပြားလုပ်ကိုင်နိုင်ကြသည်။ **စက်မှုလုပ်ငန်းမတိုးတက်ခြင်းမှာ နည်းပညာဖြန့်ကြက်မှု အားနည်းခြင်း၊ အရည်အသွေးပြည့်မီသော အလုပ်သမား လုံလောက်မှုမရှိခြင်း၊ ထွက်ရှိသော ထွက်ကုန်ပစ္စည်းများမှာလည်း အရည်အသွေး မပြည့်မီခြင်းတို့ကြောင့် ဖြစ်သည်။**

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထူးစီးပွားရေးဇုန်များ တည်ထောင်ရန် လိုအပ်ပါသည်။ ယင်းကဲ့သို့ အထူးစီးပွားရေးဇုန်များ တည်ထောင်ခြင်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိရန် အထောက်အပံ့ ဖြစ်စေသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ရရှိလာသည်နှင့်အမျှ နည်းပညာသစ်များနှင့် ပြည်တွင်းပြည်ပဈေးကွက်များလည်း ပြောင်းလဲလာမည်ဖြစ်သည်။ အသေးစား စက်မှုလုပ်ငန်းများမှအစပြု၍ စီးပွားရေးဆိုင်ရာ အပြုအမူ၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများ၊ စီးပွားရေး အဖွဲ့အစည်းများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို စုစည်းဖြန့်ဝေခြင်းဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ခိုင်မာလာစေမည်ဖြစ်ပါသည်။ ထိုမှတစ်ဆင့် အကြီးစားစက်မှုလုပ်ငန်း တိုးချဲ့ထူထောင်ရာတွင်လည်း ကျွမ်းကျင်သည့် အတွေ့အကြုံများရရှိလာမည်ဖြစ်သည်။

*အချုပ်ပိုC သို့*




*မျက်နှာဖုံး - လျှပ်စစ်ဓာတ်အား မည်မျှ သုံးစွဲနိုင်သလဲ မှ အဆက်*

ပုဂ္ဂလိကအခန်းကဏ္ဍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုတွင် ဇီဝလောင် စာ၊ စပါးခွံလောင်စာ၊ နေစွမ်းအင်၊ လေ အား၊ ရေအားနှင့် ဒီဇယ်တို့ဖြင့် ထုတ်လုပ်အသုံးပြုလျက်ရှိပါသည်။ ပုဂ္ဂလိက ပိုင်အခန်း၌ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက် ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်း ပြည်နယ်အရှေ့ပိုင်းနှင့် မွန်ပြည်နယ် တို့တွင် အများဆုံးထုတ်လုပ်သုံးစွဲနေပြီး ထိုပြည်နယ်နှင့် တိုင်းဒေသ ကြီးများ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည် ပုဂ္ဂလိက ပိုင်အခန်း၏ ၅၀ ရာခိုင်နှုန်းကျော် ရှိ ပါသည်။

ရေအားလျှပ်စစ် Hydro Power (hydroelectricity) ထုတ်လုပ်ရန်အတွက် တည်ဆောက်ဆဲ ရေအားလျှပ် စစ်စီမံကိန်းများကို အချိန်တိုအတွင်း ပြီးစီးရန်၊ တည်ဆောက်ပြီး ရေအားလျှပ် စစ်စီမံကိန်းများကို စက်စွမ်းအားပြည့်လည်ပတ်၍ ထုတ်လုပ်ဖြန့်ဖြူးရန်၊ ဖြစ်မြောက်နိုင်စွမ်းရှိသောရေအားလျှပ်စစ် အရင်းအမြစ်များကို စူးစမ်းရှာဖွေသည့်လုပ်ငန်းများဆောင်ရွက်ရန်ဟူသော ရည်မှန်းချက် (၃)ရပ်ချမှတ်ပြီး ရည်မှန်းချက်များအောင်မြင်ရန် မူဝါဒ(၉) ရပ်ချ မှတ်ကာ နည်းလမ်းသုံးသွယ်ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌နိုင်ငံတော် ဘတ်ဂျက်ဖြင့် ဆောင်ရွက်သော နည်းလမ်းတွင် လုပ်ငန်းစီမံကိန်း ၁၃ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင်များ (Local Entrepreneurs) အား ရင်းနှီးမြှုပ်နှံမှု တွင် ပါဝင်ရန် ဖိတ်ခေါ်၍ B.O.T (Build, Operate and Transfer) စနစ် အခြေခံဆောင်ရွက်သော လုပ်ငန်းရှစ်ခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု J.V/B.O.T(Joint Venture / Build, Operate and Transfer) စနစ်အခြေခံဆောင်ရွက်သော လုပ်ငန်း စီမံကိန်း ၄၄ ခုရှိကြောင်း သိရပါသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတော်မဟာဓာတ်အားလိုင်းစနစ်မှ ဖြန့်ဖြူးခြင်း (National Power Grid)၊ မဟာဓာတ်အားလိုင်းစနစ်နှင့်ဝေးကွာသော အရပ်ဒေသများသို့ အသေးစားရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတည်ဆောက်၍ ဓာတ်အားပေးခြင်း၊ ဒီဇယ်အင်ဂျင်စက်များဖြင့် ဓာတ်အားပေးခြင်း၊ ဒေသအာဏာပိုင် ရပ်မိရပ်ဖများဖြင့် ပြည်သူသဘောတူ မီးလင်းရေးကော်မတီများ ဖွဲ့စည်း၍ ဒီဇယ်အင်ဂျင်စက်များ၊ အသေးစားရေအား လျှပ်စစ်စက်ရုံများ တည်ဆောက်ပြီး ဓာတ်အားပေးခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်စပ်နေသော ဒေသအချို့တွင် အိမ်နီးချင်းနိုင်ငံများမှ ဓာတ်အား ဝယ်ယူ၍ ဓာတ်အားဖြန့်ဖြူးပေးခြင်း (တရုတ်-ကချင်၊ရှမ်း မြောက်/ ထိုင်း-ရှမ်းအရှေ့၊ ကရင်) စသည့် နည်းလမ်းငါးမျိုးဖြင့် လျှပ်စစ်ဓာတ်အားပေးလျက်ရှိပါသည်။

၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၊ မတ်လကုန် အခြေအနေ၌ အမှတ်(၁)နှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနများမှ **တပ်ဆင်ထားသည့်စက်အင်အား** ၃၅၂၈ မဂ္ဂါဝပ်တွင် ရေအားဖြင့်၂၆၃၃ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၇၄ ရာခိုင်နှုန်း၊ ရေနွေးငွေ့အားဖြင့် ၂၈၅ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၈ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားဖြင့် ၅၅၀ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၁၆ ရာခိုင်နှုန်း၊ ဒီဇယ်





အားဖြင့် ၆၀ မဂ္ဂါဝပ် အချိုးအစားအားဖြင့် ၂ ရာခိုင်နှုန်း အသီးသီးပါဝင်ပါသည်။ အဆိုပါတပ်ဆင်အင်အားများမှ **ထုတ်လုပ်ပေးသည့် လျှပ်စစ်ဓာတ်အား**မှာ ပြီးခဲ့သော ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၌ ကီလိုဝပ်နာရီ ၉၇၁၁ သန်းဖြစ်ပြီး အမျိုးအစားအလိုက် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမှာ ရေအားတွင် ကီလိုဝပ်နာရီ ၆၈၀၅ သန်း အချိုးအစားအားဖြင့် ၇၀ ရာခိုင်နှုန်း၊ ရေနွေးငွေ့အားတွင် ကီလိုဝပ်နာရီ ၇၅၀ သန်း အချိုး အစားအားဖြင့် ၇ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့အားတွင် ကီလိုဝပ် နာရီ ၂၁၁၈ သန်း အချိုးအစားအားဖြင့် ၂၂ ရာခိုင်နှုန်း၊ ဒီဇယ်အားတွင် ကီလိုဝပ်နာရီ ၃၈ သန်း အချိုးအစားအားဖြင့် ၁ ရာခိုင်နှုန်း အသီးသီးဖြစ်ပါသည်။ **စုစုပေါင်းသုံးစွဲသည့် လျှပ်စစ်ဓာတ်အား**မှာ ကီလိုဝပ်နာရီ ၇၇၀၃ သန်းဖြစ်ပြီး စက်ရုံသုံးတွင် ကီလိုဝပ်နာရီ ၂၇၁၃ သန်း အချိုးအစားအားဖြင့် ၃၅ ရာခိုင်နှုန်း၊ အိမ်သုံးတွင် ကီလိုဝပ်နာရီ ၃၃၈၁ သန်း အချိုးအစားအားဖြင့် ၄၄ ရာခိုင်နှုန်း၊ ဆေးရုံ၊ ရုံး၊ ကျောင်း စသည့် အသုံးတွင် ကီလိုဝပ်နာရီ ၁၅၃၂ သန်း အချိုးအစားအားဖြင့် ၂၀ ရာခိုင်နှုန်း၊ အထွေထွေသုံးတွင် ကီလိုဝပ်နာရီ ၇၇ သန်း အချိုးအစားအားဖြင့် ၁ ရာခိုင်နှုန်း အသီးသီး သုံးစွဲခဲ့ပါသည်။

အသားတင် ထုတ်လုပ်ပေးနိုင်သည့် လျှပ်စစ်ဓာတ်အားနှင့် အသုံးပြုနိုင်သော လျှပ်စစ်ဓာတ်အားတို့ကို နှိုင်းယှဉ်ကြည့်ပါက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှုများရှိနေပါ၍ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုနှုန်း ကျဆင်းရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးလိုင်းကြိုးများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ ဓာတ်အားပျောက်ဆုံးမှုနည်းနည်းနှင့် ပို့လွှတ်နိုင်ရေးအတွက် ၅၀၀ ကေဗွီဗို့အားစနစ်သို့ တိုးမြှင့်အသုံးပြုခြင်း လုပ်ငန်းများဆောင်ရွက်ခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုကို လျှော့ချနိုင်ပြီး ပိုမိုသုံးစွဲလာနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ ဓာတ်အားပို့လွှတ်မှုစနစ်မှာ ၂၃၀ ကေဗွီဗို့အားစနစ်ဖြစ်ပြီး International သုံး ၅၀၀ ကေဗွီဗို့အားစနစ်သို့ တိုးမြှင့်ရာတွင် ကုန်ကျစရိတ်မှာ အလွန်မြင့်မားသည့်အတွက် လတ်တလောအားဖြင့် စီစဉ်ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း အဘက်ဘက်မှ ဆောင်ရွက်နိုင်သည့် နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရန်စီစဉ်ဆဲဖြစ်ကြောင်း သိရှိရပါသည်။

**နှစ်တိုနှစ်ရှည်စီမံကိန်းများ လျာထားရာတွင် နှစ်ရှည်စီမံကိန်းများကို တိုးတက်လာမည့်လူဦးရေ၊ စီးပွားရေးတိုးတက်မှုအခြေအနေများပေါ် မူတည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည့် စွမ်းအင်အရင်းအမြစ်များအနက်မှ စီးပွားရေးအရ တွက်ခြေအကိုက်ဆုံး စီမံကိန်းများကို ဦးစားပေးရွေးချယ်လျာထားပါသည်။ ဤသို့ လျာထားရာတွင် ဖြစ်မြောက်နိုင်စွမ်း တိုင်းတာပြီးသော ရေအားလျှပ်စစ်စီမံကိန်းများမှ စီးပွားရေးအရတွက်ခြေကိုက်သော စီမံကိန်းများ၊ ပြည်တွင်းသုံးရန်နှင့် ပိုလျှံပါက ပြည်ပသို့ရောင်းချပြီး နိုင်ငံခြားဝင် ငွေရရှိနိုင်မည့် စီမံကိန်းများကို ထည့်သွင်းလျာထားပါသည်။ နှစ်တိုစီမံကိန်းများကို အကောင်အထည်ဖော်မည့် ကာလတိုအတွင်း တိုးတက်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အား၊ ရရှိနိုင်မည့် စွမ်းအင်အရင်းအမြစ်၊ ရင်းနှီးမြှုပ်နှံနိုင်မှု အခြေအနေများကို အခြေခံ၍ ရေးဆွဲပါသည်။ ဤသို့လျာထားရာတွင် သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံများတွင် စွန့်ပစ်အပူသုံး ဘွိုင်လာနှင့် ဓာတ်အားပေးစက် များတိုးချဲ့တပ်ဆင်တည်ဆောက်ခြင်း၊ အချိန်တိုအတွင်း အကောင်အထည်ဖော်နိုင်မည့် ရေအားလျှပ်စစ်စီမံကိန်းများကို ဦးစားပေးလျာထားပါသည်။**

ကမ္ဘာ့နိုင်ငံအများစုတွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ကျောက်မီးသွေးမှ ၄၀ ဒသမ ၈ရာခိုင်နှုန်း၊ သဘာဝဓါတ်ငွေ့မှ ၂၁ ရာခိုင်နှုန်း၊ ရေအားလျှပ်စစ်မှ ၁၆ ဒသမ ၂ ရာခိုင်နှုန်း ထုတ်ယူသုံးစွဲကြောင်း ၂၀၀၈ ခုနှစ် စာရင်းဇယားများအရ သိရှိရပါသည်။ ရေအားလျှပ်စစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းသည် သန့်စင်သည့်စွမ်းအင် Green Energy ဟူ၍ အများအားဖြင့် သတ်မှတ်ထားသော်လည်း ထုတ်လုပ်မှုပမာဏ ကြီးမားလာသည်နှင့်အမျှ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကြီးမားလာခြင်း၊ ဆည်တည်ဆောက်မှု ဧရိယာကြီးမားလာသည်နှင့်အမျှ ပြည်သူများ၏ လူမှုဘဝများအပေါ် သက်ရောက်မှုကြီးမားလာခြင်း၊ ဇီဝမျိုးစိတ်များနှင့်ဂေဟစနစ်ကို ထိခိုက်နိုင်မှုကြီးမားလာခြင်း၊ မိုးရာသီကာလများတွင် ဆည်များအတွင်း ရေသိုလှောင်သည့်ပမာဏထက် ပိုမိုလာပါက ကြုံတွေ့နိုင်သည့် ရေကြီးရေလျှံမှုများကြောင့် လူမှုစီးပွားရေးထိခိုက်ခြင်း စသည့်ဆိုးရွားသည့် အကျိုးဆက်များအရ ရေအားလျှပ်စစ်သည် အမှန်တကယ်သန့်စင်သော စွမ်းအင်ဟုတ်၊ မဟုတ် ငြင်းချက်ထုတ်စရာဖြစ်လာပါသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုလျော့နည်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တိတိကျကျပေါ်ပေါက်ရန် လိုအပ်ပါသည်။

မြန်မာနိုင်ငံ၏ တစ်နှစ်ပျမ်းမျှ ကျောက်မီးသွေးထုတ်လုပ်မှုမှာ မက်ထရစ်တန် (၇)သိန်းကျော်ရှိပြီး၊ ကျောက်မီးသွေး သတ္တုသိုက်လက်ကျန်မှာ မက်ထရစ် တန် ၄၉၅ ဒသမ ၁၀၉ သန်းရှိနေသဖြင့် ထပ်မံ၍တိုးမြှင့်ထုတ်လုပ်လျှင်လည်း နှစ်ပေါင်းများစွာ ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံများ ထပ်မံတည်ဆောက်ပါက ၎င်းအတွက် လိုအပ်သော ကုန်ကြမ်းကို ပြည်တွင်း၌ လုံလောက်စွာရရှိနိုင်မည်ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မီးသွေးမှာ ပြင်ပလေနှင့်ထိတွေ့လျှင် အခဲမှအမှုန့်ဖြစ်ခြင်း၊ (၆) ပေအထက်မြင့်အောင်ပုံထားလျှင် အလိုအလျောက် မီးလောင်ခြင်း၊ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ထွက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့်အတွက် (Clean Coal Technology) နည်းပညာ အသုံးပြု၍ ကျောက်မီးသွေးကိုဆင့်တက်ပြုပြင်ပြီး သုံးစွဲနိုင်မှသာ လျှင် သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် အဆိုပါနည်းပညာရရှိရေးအတွက် သတ္တုတွင်းဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ **ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော နေရောင်ခြည်အား၊ လေအားနှင့် ဇီဝစွမ်းအင်တို့ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းကို နိုင်ငံတော်မှ အားပေးလျက်ရှိရာ ပုဂ္ဂလိကပိုင် အခန်းမှ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ နေရောင်ခြည်ကောင်းစွာရရှိသော မြန်မာ ပြည်အလယ်ပိုင်းနှင့် တောင်ပေါ်ဒေသများတွင် နေရောင်ခြည်စွမ်းအင်ကို အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို ပုဂ္ဂလိကပိုင်အခန်းမှ အစုအဖွဲ့ဖြင့် အလေးပေးဆောင်ရွက်သင့်ပြီး လေရဟတ် အသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တစ်စက္ကန့်လျှင် လေတိုက်နှုန်း ၅ မီတာခန့်ရှိသော ကမ်းရိုးတန်းဒေသများတွင် ပိုမိုသင့်လျော်ပါသည်။ လယ်ယာကဏ္ဍ၏စွန့်ပစ်ပစ္စည်းများဖြစ်သော စပါးခွံ၊ ကြံဖတ်၊ လွှစာ အစရှိသည်တို့မှ အပူကို ရယူထုတ်လုပ်သော ဇီဝစွမ်း အင်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုမျိုးကို မြန်မာတစ်နိုင်ငံလုံးရှိ ဒေသအနှံ့အပြားတွင် ဆောင်ရွက်နိုင်ပါသည်။**

**လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ပုဂ္ဂလိကပိုင် အခန်းမှ တစ်ဦး တစ်ယောက်ချင်းသော် လည်းကောင်း၊ ကုမ္ပဏီ/ အဖွဲ့အစည်းများအနေဖြင့်သော် လည်းကောင်း နိုင်ငံတော်၏ ခွင့်ပြုချက်ရယူကာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို တစ်တပ်တစ်အား ပံ့ပိုးနိုင်ရန်နှင့် ပြည်သူလူထု၏ လိုအပ်လျက်ရှိသော လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းပေးနိုင်ရန် ပိုမိုအလေးပေးဆောင်ရွက်သင့်ပါသည်။**

*အချပ်ပို ၂ သို့*

*အချပ်ပို A မှ အဆက်*

မိမိတို့၏ ကုန်ထုတ်လုပ်မှုစွမ်းရည်နှင့် အလုပ်သမားတို့၏ လုပ်အားစွမ်းရည်ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာသည်။ ထုတ်လုပ်မှုစရိတ် ကျဆင်းရေးနှင့် မိမိတို့ထုတ်ကုန်အရည်အသွေး မြင့်မားရေးတို့အတွက် ကြိုးပမ်းနိုင်မှသာ ဈေးကွက်ယှဉ်နိုင်မည့် အနေအထားဖြစ်လာသည်။ ခေတ်ကိုလွန်ဆန်၍ မရတော့။အရင်း အနှီးနည်းသူတို့က အရင်းအနှီးကြီးသူကိုယှဉ်ပြိုင်ရန် ခက်ခဲလာသည်။ ထိုအခါ အရင်းအနှီးနည်းသူ အချင်းချင်းစုပေါင်း၍ အရင်းအနှီးကြီးထွားပြီး ယှဉ်ပြိုင်လာနိုင်အောင် ကြိုးစားရန်လိုလာသည်။ ဈေးကွက်ခိုင်မာရေးအတွက်ကိုလည်း မိတ်ဖက်လိုအပ်လာသည်။ ထီးထီးရပ်၍ မရတော့။

ထို့ကြောင့် နိုင်ငံတော်က ပြည်သူလူထုတစ်ရပ်လုံးပါဝင်သော ဒေသ အဆင့်ဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများသည် စီးပွားရေးတံခါးဖွင့်ချိန်၌ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် လည်းကောင်း၊ မိမိနိုင်ငံတွင်ရှိသည့် သဘာဝ သယံဇာတ အရင်းအမြစ်များကို အကျိုးရှိထိရောက်စေမည့် တန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံထူထောင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး တိုးတက်စေရန်အတွက် လည်းကောင်း၊ စိုက်ပျိုး ထုတ်လုပ်သည်မှ တင်ပို့ရောင်းချသည်အထိ Supply Chain တစ်ခုလုံးတွင် ပါဝင်သော ပြည်သူတို့၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရေး၊ လူမှုစီးပွားရေးဘဝ တိုးတက်ရေးအတွက်လည်းကောင်း အကြံကောင်းဉာဏ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်သည်။

ယခုအခါ ဒေသအသီးသီး၌ လယ်ယာလုပ်ငန်းခွင်မှ ရသောဝင်ငွေဖြင့် မလုံလောက်သည့်အတွက် အခြားနိုင်ငံ၊ ဒေသများသို့ သွားရောက်လုပ်ကိုင်နေရမှုများ၊ ဒေသတွင်း၌ လူဦးရေတိုးပွားလာသော်လည်း အလုပ်အကိုင် အခွင့်အလမ်း တိုးမလာသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်း လိုအပ်နေမှုများကို အလုပ်အကိုင် အခွင့်အလမ်းများရရှိစေမည့် စီးပွားဖြစ်စိုက်ခင်းကြီးများ၊ ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံစုများ၊ စက်မှုဇုန်များနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဒေသအလိုက် ထူထောင်နိုင်မှသာလျှင် ပြည်သူတို့၏ လူမှုစီးပွားရေးဘဝ စနစ်တကျ တိုးတက်လာမည်ဖြစ်သည်။ သို့ရာတွင်ဒေသအလိုက် မည်သည့်နေရာဒေသသည် မည်သည့်ရာသီဥတုရှိ၍ မည်သည့်နှစ်တိုနှစ်ရှည်သီးနှံကို စီးပွားဖြစ်စိုက်နိုင်မည်ကို လည်းကောင်း၊ မြေဧကမည်မျှရှိ၍ တောင်သူလယ်သမားက မည်မျှလုပ်၍ တိုင်းရင်းသားလုပ်ငန်းရှင်နှင့် တောင်သူလယ်သမားပူးပေါင်းပြီး မည်မျှလုပ်ကိုင်မည်ကို လည်းကောင်း၊ သီးခြား မြေလွတ်မြေရိုင်း မည်မျှရှိ၍ တိုင်းရင်းသားလုပ်ငန်းရှင်ရင်းနှီးမြှုပ်နှံခြင်းမပြုနိုင်သော လုပ်ငန်းမည်ရွေ့မည်မျှကို နိုင်ငံခြားသားနှင့် တိုင်းရင်းသားလုပ်ငန်းရှင်တို့ ပူးပေါင်း၍ ရင်းနှီးမြှုပ်နှံခွင့်ပေးမည်ကိုလည်းကောင်း သို့တည်းမဟုတ် နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူကို မည်သည့်ဒေသ၊ မည်သည့်နေရာတွင် မည်မျှကို ခွင့်ပြုနိုင်မည်ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသ ကြီး/ပြည်နယ်အစိုးရတို့က ဒေသခံပြည်သူတို့နှင့် ညှိနှိုင်းတွက်ချက်ရန်လိုသည်။ ပထမဦးစွာ ဒေသခံပြည်သူတို့အတွက် ဦးစားပေးစဉ်းစား နေရာချထားခြင်းနှင့် တိုင်းရင်းသားလုပ်ငန်းရှင်နှင့် ဒေသခံပြည်သူတို့ ပူးပေါင်း ဆောင်ရွက်လုပ်ကိုင်နိုင်မည့် Contract Farming စနစ်များ အပါအဝင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအတွက် ဦးစားပေးစဉ်းစားပြီးမှ မိမိဒေသခံ ပြည်သူနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်ခြင်းမရှိသော ပမာဏကို ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများအတွက် စီမံဆောင်ရွက်ရမည်ဖြစ်ပေသည်။ ထို့ကြောင့် သတင်းအချက်အလက် ပြည့်စုံစွာရရှိရေးနှင့် တွက်ချက်မှုတို့သည် မူဝါဒနှင့် လုပ်ငန်းစဉ်များ ချမှတ်ရေးအတွက် အရေးပါကြောင်း တွေ့ရသည်။

နိုင်ငံတော်ကလည်း ဒေသအဆင့် ဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ ဆောင်ရွက်ပြီးပါက နိုင်ငံတကာဆွေးနွေးပွဲများကို ဖိတ်ခေါ်ကျင်းပသွားရန်ဖြစ်ကြောင်း သိရသည့်အတွက် ဒေသအဆင့် ဆွေးနွေးပွဲများနှင့် အမျိုးသားအဆင့်ဆွေးနွေးပွဲများ၏ ဖော်ထုတ်ချက်များသည် လွှတ်တော်က ဆွေးနွေးလျက်ရှိသော အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲဆောင်ရွက်ရေးအတွက် ဒေသအလိုက်၊ ကဏ္ဍအလိုက် Development Plan များ၊ Reform Strategy များအဖြစ် မြန်မာနိုင်ငံ၏ ခိုင်မာသော မူဝါဒနှင့် လုပ်ငန်းစဉ်များကို နိုင်ငံတကာသို့ချပြ၍ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်လမ်းကြောင်းသို့ ဦးတည်လျက်ရှိကြောင်း မှန်းဆရပေသည်။

*အချပ်ပို A မှ အဆက်*

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်စည်များ၏ အရည်အသွေးနှင့် အဆင့်အတန်း မြင့်မားမှု စသည့် ထုတ်လုပ်မှုအရည်အသွေးအစအဆုံးကို မြှင့်တင်ပေးရမည်။ ယင်းကဲ့သို့မြှင့်တင်ပေးခြင်းဖြင့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ၏ ထုတ်လုပ်မှုအရည်အချင်းကိုသာမက အလုပ်သမားများ၏ အရည်အသွေးကိုပါ နိုင်ငံတကာအဆင့်မီသည်အထိ မြှင့်တင်ပေးရာရောက်၍ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို အောက်ပါအတိုင်း ခွဲခြားထားသည်။

| စဉ် | အကြောင်းအရာ | အသေးစား | အလတ်စား | အကြီးစား |
|---|---|---|---|---|
| ၁။ | မြင်းကောင်ရေအား(HP) | ၃ မှ ၂၅ | ၂၅ မှ ၅၀ | ၅၀ အထက် |
| ၂။ | လုပ်သားအင်အား | ၁၀ မှ ၅၀ | ၅၀ မှ ၁၀၀ | ၁၀၀ အထက် |
| ၃။ | ရင်းနှီးမြှုပ်နှံမှု(ကျပ်သန်း) | ၁ ထိ | ၁ မှ ၅ | ၅ အထက် |
| ၄။ | တစ်နှစ်ထုတ်လုပ်မှု (ကျပ်သန်း) | ၂.၅ ထိ | ၂.၅ မှ ၁၀ | ၁၀ အထက် အထိ |

အသေးစားစက်မှုလုပ်ငန်းများသည် အလွန်အရေးပါပြီး ယင်းလုပ်ငန်းကိုလုပ်ကိုင်ရာတွင် အရင်းအနှီးမများဘဲ လုပ်သားကိုသာ အခြေခံ၍ လုပ်ကိုင်ရသောလုပ်ငန်းဖြစ်ပါသည်။ **ထိုလုပ်ငန်းနှင့်သက်ဆိုင်သည့် အခွန်အခများ လျှော့ပေါ့ကောက်ခံခြင်း၊ လုပ်ငန်းအတွက် လိုအပ်သည့် ငွေကြေးများကိုအတိုးနှုန်း သက်သက်သာသာ အလွယ်တကူ ချေးယူနိုင်အောင် ဖန်တီးပေးခြင်းဖြင့် အသေးစားစက်မှုလုပ်ငန်းများ ပိုမိုတိုးတက်အဆင်ပြေလာပြီးအကြီးစားစက်မှုလုပ်ငန်းများ ထူထောင်လာနိုင်ရန် ဆွဲဆောင်လာနိုင်မည်ဖြစ်သည်။** အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများအတွက် ဈေးကွက် အခွင့်အလမ်းများကိုလည်း ဖန်တီးပေးပြီး ဈေးကွက်များကိုလည်းချဲ့ထွင်ပေးရပါမည်။ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်း လုပ်ကိုင်နေသူများကို လုပ်ငန်းနှင့်ပက်သက်သည့် ခေတ်မီနည်းပညာများနှင့် စက်ပစ္စည်းသုံးစွဲမှုများကိုလည်း မျှဝေပညာပေးဆွေးနွေးမှုပြုလုပ်ပေးရမည်။ အလုပ်သမားများကိုလည်း ကျွမ်းကျင်လုပ်သားများဖြစ်သည်အထိ ပြုစုပျိုးထောင်ပေးရမည်။

မြန်မာနိုင်ငံတွင် အခြားနိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် အလုပ်သမား အများအပြားအသုံးပြုရသည့် အကြီးစား Cutting Making Packaging လုပ်ငန်းအချို့ ရှိသည်။ ယင်း CMP လုပ်ငန်းကြီးများသည် ကုန်ကြမ်းအားအခြားနိုင်ငံမှ မှာယူတင်သွင်းပြီး ထုတ်လုပ်မှုအစအဆုံးအား မြန်မာနိုင်ငံ၌သာ ပြုလုပ်ပါသည်။ အလုပ်သမားများ၊ အောက်ခြေဝန်ထမ်းများကိုလည်း နည်းပညာနှင့်ပတ်သက်၍ အတွေ့အကြုံများကိုလည်း အခြားနိုင်ငံသို့စေလွှတ်၍ သင်ယူစေခဲ့သည်ကို တွေ့ရှိရပါသည်။ ထိုကဲ့သို့သောလုပ်ငန်းများ အများအပြားရင်းနှီးမြှုပ်နှံလာနိုင်ပါက မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်နှင့် အလုပ်အကိုင်အခွင့်အလမ်း တိုးတက်မြင့်မားလာနိုင်ပါသည်။

အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အထောက်အကူပြုစေသည့် စက်မှုလက်မှု အတတ်ပညာကျောင်းများထူထောင်ပေးရမည်။ ယင်းသို့ ထူထောင်နိုင်ရန်အတွက် ငွေကြေးထောက်ပံ့မှုများလည်း လိုအပ်မည်ဖြစ်ပါသည်။ ထိုကဲ့သို့ ကျွမ်းကျင် လုပ်သားများမွေးထုတ်ပေးပြီး နည်းပညာများ ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် စွန့်စားတီထွင်မှုများလည်း ပြုလုပ်ကြရမည်။လူငယ်များ၏စူးစမ်းတီထွင်မှုများကို အားပေးကူညီမှုများ လုပ်ဆောင်ပေးရမည်။ အသေးစားနှင့် အလတ်စားစက်မှု လုပ်ငန်း များ ဖွံ့ဖြိုးတိုးတက်စေရန် ၎င်းလုပ်ငန်းများတွင် ပါဝင်လုပ်ကိုင် ကြမည့် လုပ်သားအရင်းအမြစ်များကိုလည်း အခြေခံပညာအရည် အချင်း၊ လုပ်ငန်းခွင်ဆိုင်ရာ အတွေ့အကြုံ၊ ဗဟုသုတ၊ စီမံခန့်ခွဲမှု အရည်အချင်းများအတွက် ထောက်ပံ့မှုများ ပြုလုပ်ပေးရမည်ဖြစ် သည်။

မြန်မာနိုင်ငံတွင် အလုပ်သမားဦးရေ ၁၀၀ ဦးအထက် စက်ရုံအလုပ်ရုံများမှာ ရာခိုင်နှုန်းအနည်းငယ်သာ ရှိပါသည်။ နိုင်ငံသားများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားလာစေရန် လက်ရှိအလုပ်သမားဦးရေ ၁၀၀ ဦးအောက်ရှိ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများကို နည်းပညာအကူအညီများ ပံ့ပိုးပေး၍ ဖွံ့ဖြိုးတိုးတက်အောင် တွန်းအားပေးဆောင်ရွက်ပြီး ပြည်တွင်းပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်၍ လုပ်သားအင်အားများများသုံးသည့် စက်မှုလက်မှုလုပ်ငန်းများ တိုးချဲ့ထူထောင်ခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းများရရှိကာ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။

အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးမှုအတွက် ဘဏ္ဍာငွေအခက်အခဲသည် အရေးပါသည့်အဟန့်အတားတစ်ခုအနေဖြင့် ရှိနေပါသည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ရှင်သန်တိုးတက်လာစေရန်အတွက် အစိုးရအနေဖြင့် ၎င်းတို့ရေရှည်တည်တံ့နိုင်မည့် ဘဏ္ဍာရေးဆိုင်ရာဈေးကွက်နှင့် အဖွဲ့အစည်း များ စီမံပေးရန်လိုအပ်ပါသည်။ အသေးစား စီးပွားရေးလုပ်ငန်းများအတွက် ချေးငွေစီမံ ကိန်းများ၊ အတိုးနှုန်းသက်သာစွာဖြင့် ဘဏ္ဍာငွေရယူနိုင်သည့် အခြေအနေများကိုလည်း ဖန်တီးပေးရမည်ဖြစ်သည်။ ကျောထောက်နောက်ခံပိုင်ဆိုင်မှုမရှိသူများ သာမန်စီးပွားရေးဘဏ်မှ ချေးငွေမရနိုင်သူများအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာ ဆောင်ရွက်ချက်နှင့် လုပ်ဆောင်မည့် စီမံကိန်းများအပေါ် အခြေခံပြီး ချေးငွေလိုအပ်ချက်ကို အလွယ်တကူရှိစေနိုင်သည့် လုပ်ငန်းမျိုးထားရှိပေးသွားရမည်။ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာစေခြင်းနှင့် သယံဇာတ အရင်းအမြစ်များကို ထိရောက်စွာအသုံးပြုခြင်း၊ ဒေသ၏ လူမှုစီပွားဖွံ့ဖြိုးမှု ဖြစ်ပေါ်စေခြင်းနှင့် Small and Medium Enterprises စွမ်းဆောင်နိုင်မှုနှင့် ကုန်ထုတ်စွမ်းအား ပိုမိုကောင်းမွန်လာစေခြင်း၊ ညှိနှိုင်းမှုစွမ်းအား ပိုမိုကောင်းမွန်လာစေ ခြင်းနှင့် ယှဉ်ပြိုင်မှုစွမ်းအားလည်း တိုးပွားစေနိုင်ပါသည်။ ယင်းအသေးစားနှင့် အကြီးစားစက်မှုလုပ်ငန်းများကို လုပ်ကိုင်လာခြင်းကြောင့် လုပ်ငန်းတစ်ခုနှင့်တစ်ခု ပူးပေါင်းဆောင်ရွက်မှုတိုးတက်လာခြင်း၊ စီးပွားရေးနှင့် စက်မှုလုပ်ငန်းများ အထက်အောက် စီးဆင်းမှုနှုန်း မြန်ဆန်ခြင်း၊ ထုတ်ကုန်များ၏ အရည်အသွေး ပိုမိုကောင်းမွန်လာခြင်း၊ အဆင့်အတန်းနှင့် စံနှုန်းများ သတ်မှတ်လာနိုင်ခြင်း၊ စက်မှုဆိုင်ရာ လုပ်ငန်းများအကြား ချိတ်ဆက်မှုပိုမိုကောင်းမွန်လာခြင်းတို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများလည်း ဆွဲဆောင်လာနိုင်ခြင်းစသည့် ခံစားခွင့်များရရှိလာနိုင်ပါသည်။





# မီးရောင်ထိန်ထိန် လင်းစေဖို့

ခရီးစဉ်၏ အစသည် ရန်ကုန်မှ ဘေဂျင်း၊ ဘေဂျင်းမှ ကူမင်း၊ ကူမင်းမှ နန်ချောင်သို့ လေယာဉ်ခရီးစဉ်ဖြင့် နန်ချောင်သို့ရောက်ရှိလာခဲ့ခြင်းဖြစ်ပါသည်။ နန်ချောင်သည် တရုတ်နိုင်ငံ၏ အရှေ့တောင်ဘက်ရှိ ဂျန်ဇီးပြည်နယ်၏ မြို့တော်ဖြစ်ပါသည်။ ၇၀ စတုရန်းကီလိုမီတာရှိပြီး၊ လူဦးရေမှာ ၁ ဒသမ ၁၁ သန်း ရှိပါသည်။ တရုတ်နိုင်ငံ၏ ဘေဂျင်းမြို့တော်တွင် UNESCO စာရင်းမှတ်တမ်းဝင် ကမ္ဘာ့ယဉ်ကျေးမှုအမွေများ တည်ရှိရာနေရာဖြစ်ပါသည်။ ဘေဂျင်း၏မြို့လယ်တွင် မင်နှင့် ကွင်မင်းဆက်တို့၏စိုးစံခဲ့သော နန်းတော်ရာသည် ရှေးအကျဆုံး သစ်သားပန်းပုလက်ရာများဖြစ်ပြီး ၁၄၀၆ ခုနှစ်က စတင်တည်ဆောက်ခဲ့၍ ၇၂၀၀၀၀ စတုရန်းမီတာကျယ်ဝန်းပြီး၊ အခန်းပေါင်း ၈၇၀၇ ခန်းပါရှိပါသည်။ နွေရာသီ နန်းတော် (Summer Palace)သည် ဘေဂျင်းမှ ၁၅ ကီလိုမီတာ အကွာတွင် တည်ရှိပါသည်။ နန်ချောင်သည် နိုင်ငံခြားသားများအား စိတ်ဝင်စားမှုအများဆုံး နေရာလည်းဖြစ်ပါသည်။ တန်မင်းဆက် (၆၁၈-၉၀၆CE) တို့၏ ရှေးဟောင်းနန်းတော်ရာ သမိုင်းရှိသကဲ့သို့ ရှေးဟောင်း ယဉ်ကျေးမှုအမွေများစွာရှိပါသည်။ တရုတ်ပြည်သမိုင်းတွင် တရုတ်ကွန်မြူနစ် တပ်မတော်မွေးဖွားခဲ့ရာ နေရာဖြစ်ပြီး ပြည်သူတို့၏ လေးစားရသော ခေါင်းဆောင်ကြီး မော်စီတုန်းတို့၏ သမိုင်းဝင် ပြတိုက်၊ ပြည်သူ့ရင်ပြင်နှင့်အတူ နန်ချောင်တက္ကသိုလ်အကြောင်း စသည်ဖြင့် လေ့လာစရာတွေရှိနေပါသည်။ ဂန်မြစ်ကမ်းတစ်လျှောက် ဆွဲဆောင်မှုရှိသော လုပ်ငန်းကုမ္ပဏီဝေါမတ်ကြီးများ၊ နိုင်ငံပေါင်းစုံမှ ကုန်စည်ပစ္စည်းမျိုးစုံ၊ ကုန်တိုက်ကြီးများ၊ မီးရောင်စုံ အလှဆင်ထားသော နန်ချောင်၏ ညအလှကို နိုင်ငံခြားမှ လာရောက်ကြသော ကျောင်းသားနှင့် ခရီးသွားအများအပြား အလွန်စိတ်ဝင်စားကြပါသည်။ နန်ချောင်မှ နာရီအနည်းငယ်လောက် ခရီးဆက်ရင်ဖြင့် လူရှန်မောင်တိန် (Lushan Mountain) သို့ ရောက်ရှိမည်ဖြစ်ပါသည်။ Jianxi University တွင် လုပ်ငန်းစီမံခန့်ခွဲမှု၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ စာရင်းအင်း၊ ခရီးသွားလုပ်ငန်း စီမံခန့်ခွဲမှု၊ စီးပွားရေးနှင့် ကုန်သွယ်မှုအပိုင်း၊ လူမှုရေးဆိုင်ရာ ဘာသာရပ်များအပြင် ဥပဒေပညာ၊ ရူပဗေဒဆိုင်ရာနှင့် အင်ဂျင်နီယာ ပညာရပ်များကိုလည်း သင်ကြားပေးပါသည်။ အတုယူဖွယ်ရာ၊ စိတ်ဝင်စားစရာအကောင်းဆုံးမှာ ပညာရပ် သီးသန့်သာသင်ပေးရုံအတွက် တည်ထောင်ထားသော တက္ကသိုလ်မဟုတ်ဘဲ တကယ့်လက်တွေ့စီးပွားရေးလုပ်ငန်းကြီးများအား လုပ်ကိုင်ဆောင်ရွက်လျက်ရှိနေခြင်းပင်ဖြစ်ပါသည်။ ဟိုတယ်ကြီးများ၊ စီးပွားရေးကုမ္ပဏီများ၊ ကားပစ္စည်းမျိုးစုံ ထုတ်လုပ်သော လုပ်ငန်းကြီးများကိုပါ စီးပွားကူးသန်းဝန်ကြီးဌာန အစီအစဉ်ဖြင့် လက်တွေ့အသုံးချဆောင်ရွက်နေကြခြင်း ဖြစ်ပါသည်။ ကျောက်စိမ်း၊ ပုလဲနှင့် အခြားသောရတနာပစ္စည်းများ ပြခန်းများလည်း တွေ့ရှိခဲ့ရပြီး ထူးခြားသည်မှာ မြန်မာ့ပုလဲနှင့် မြန်မာ့ကျောက်စိမ်းများကို ပြန်လည်ပြုပြင်ထားသော ပစ္စည်းမျိုးစုံကို တွေ့ခဲ့ရခြင်းဖြစ်ပါသည်။ အခြားသောကြွေထည်နှင့် လက်မှုပညာလုပ်ငန်း ကုမ္ပဏီများ၊ လက်ဖက်အရွက်ကို အမျိုးမျိုးအနံ့ဖြင့်ပြုပြင်ကာ နိုင်ငံခြားသားများအား ဈေးကွက်အတွင်း အပြိုင်အဆိုင် ဆွဲဆောင်လျက်ရှိသည်ကိုလည်း တွေ့ခဲ့ရပါသည်။ လျှပ်စစ်ပစ္စည်းမျိုးစုံ ထုတ်လုပ်သော လုပ်ငန်းသို့လည်း လေ့လာခွင့်ရရှိခဲ့ပါသည်။ Hi-Technology Development Zone အဖြစ် တည်ဆောက်ထားသော နန်ချောင်ဒေသ၏ စက်မှုအခြေခံ လျှပ်စစ်ပစ္စည်းစက်ရုံကိုလည်း မြင်တွေ့ခဲ့ရပါသည်။ ဘေဂျင်းမြို့တော်ကြီးသို့သွားသော လျှပ်စစ်ရထားပေါ်တွင် လမ်းတစ်ဖက်စီမှ စံပြလယ်ကွင်းများကို မျက်ခြေမပြတ်ကြည့်ရင်းမှ နန်ချောင်သည် ကျွန်မရင်ထဲ စီးဝင်လာခဲ့ပါသည်။

**ခင်သန်းသန်းအေး**

အဓိကပြောလိုသည်က တရုတ်ပြည်ကြီး ခမ်းနားပုံနှင့်တကွ နန်ချောင်ကို အမွှမ်းတင်လိုခြင်းမဟုတ်ပါ။ နန်ချောင်ကို လေ့လာဖတ်ရှုနေရင်းမှ ကျွန်မတို့၏နိုင်ငံတွင်လည်း တက္ကသိုလ်တစ်ခု တည်ဆောက်ထားမှု၏ နောက်ကွယ်မှ တကယ့်လက်တွေ့ဘဝတွင် လုပ်ငန်းခွင်အသုံးချမှု လူငယ်တို့၏ပညာနှင့် အလုပ်ခွင်ဆက်စပ်နေမှု၊ နိုင်ငံခြားသားများအား ဆွဲဆောင်ထားရှိသော သဘာဝသမိုင်းဖြစ်စဉ်နှင့် ယဉ်ကျေးမှုထိန်းသိမ်းထားရှိမှု နည်းစနစ်များ၊ တရုတ် ပြည်သူတို့၏ လေးစားစံထားဖွယ်ရာ ပြင်းထန်သော မျိုးချစ်စိတ်ဓာတ်စသည့် အရာများကစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ ကိုယ့်နိုင်ငံမှာ ရောအလားတူ တွေးစရာ၊ စဉ်းစားစရာမျိုးတွေ အမှန်ပင်ရှိပါသည်။ မြန်မာနိုင်ငံသည် သဘာဝရေမြေတောတောင်များစွာကလှပြီးသား ပန်းချီကားတစ်ချပ်ပမာရှိနေနှင့်ပြီး ဖြစ်ပါသည်။ သဘာဝသယံဇာတမျိုးစုံကလည်း ကြွယ်ဝပြီးသားဖြစ်ပါသည်။

တရုတ်ပြည်ကဲ့သို့ မြန်မာပြည်သူတို့၏ ရင်ထဲဝယ် လေးစားအတုယူဖွယ် မျိုးချစ်စိတ်ဓာတ်နှင့် မျှော်လင့်ချက်တွေ၊ သမိုင်းကြောင်းတွေ တစ်ပုံကြီးရှိပြီးလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံကို ကမ္ဘာသိကျော်ကြားစေခဲ့သော ကျိုက်ထီးရိုးဘုရားနှင့် ရွှေတိဂုံဘုရားကြီးကဲ့သို့ အထင်ကရ ရှေးဟောင်းသမိုင်းကြောင်းများလည်းရှိပါသည်။ ကချင်ပြည်နယ်မြစ်ဆုံကဲ့သို့ နာမည်ကြီး သဘာဝအလှတရားတွေလည်းရှိပါသည်။ တောအထပ်ထပ်၊ တောင်အသွယ်သွယ်တို့တွင် ပတ္တမြားကြော၊ ကျောက်စိမ်းနှင့် ရွှေကြောများလည်း ရှိပါသည်။ သဘာဝသယံဇာတတွေရှိနေသော ကျယ်ပြောသည့် ပင်လယ်ကမ်းရိုးတန်းများလည်းရှိပါသည်။ လုံးဝအသုံးမပြုရသေးသော သဘာဝဓာတ်ငွေ့သိုက်၊ သတ္တုသိုက်များစွာ ရှိနေသေးသည်ဆိုသည့် သတင်းစကားများကလည်း အားတက်စရာဖြစ်ပါသည်။ မိမိတို့မှာ နည်းပညာလိုသည်။ ငွေလိုသည်။ ရင်းနှီးလုပ်ကိုင်မည့်သူ လိုနေပါသည်။

ကျွန်မတို့ တိုင်းပြည်ကို ခေတ်မီသော မော်တော်ကားစက်ရုံ၊ ကွန်ပျူတာပစ္စည်းစက်ရုံ၊ လျှပ်စစ်ပစ္စည်း အသေးစားမှသည် လျှပ်စစ်ရထား၊ လေယာဉ်ပျံတည်ဆောက်သည့် အကြီးစား စက်ရုံကြီးများနှင့် အာကာသဆိုင်ရာ တည်ဆောက်ရေးစခန်းကြီး ဖြစ်လာသည်အထိ တိုးတက်စေချင်ပါသည်။ ထိုသို့သော ခမ်းနားထည်ဝါသော တိုးတက်သည့် အနေအထားရောက်ဖို့ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို မဖြစ်မနေ အသုံးချလုပ်ကိုင်ကြရမည် ဖြစ်ပါသည်။ မူဝါဒပိုင်းက အမျိုးမျိုးသော ပြုပြင်ပြောင်းလဲလာမှုတွေ ရှိလာသည်နှင့် ပြည်သူတို့အပိုင်းကလည်း ပြောင်းလဲလာသော ဒီမိုကရေစီခေတ်ကြီးနှင့် လိုက်လျောညီထွေဖြစ်စေသော စိတ်ဓာတ်၊ စည်းကမ်း၊ အတွေးအမြင်များလည်း ပြောင်းလဲလာသင့်ပါပြီ။ လျှပ်စစ်မီးရောင်ထိန်ထိန်သာသော ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့ကို လူတိုင်းလူတိုင်း အမှန်မြင်တွေ့လိုလှပါသည်။ လက်တွေ့မှာ စိန်ခေါ်မှု အခက်အခဲများစွာရှိနေပါသည်။ ထိုစိန်ခေါ်မှုများအနက် တိုင်းပြည်ငြိမ်းချမ်း တည်ငြိမ်ရေးနှင့်အတူ ပြည်ပမှ မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) အတွက် လိုအပ်သောပြင်ဆင်မှုများစွာ လိုအပ်ပါသည်။ မမျှော်လင့်နိုင်သော အခက်အခဲပေါင်းများစွာ အမှန်ပင် ရင်ဆိုင်ကြုံတွေ့လာကြရမည်လည်းဖြစ်ပါသည်။ သို့ဆိုပါလျှင် ဘာတွေဘယ်လို ဆက်လုပ်ကြမည်ကို မြန်မာပြည်သူ သန်းပေါင်း (၆၀)ခန့်က ဆက်လက်တိုင်ပင်ကြရပေဦးတော့မည်။

## အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ နေပြည်တော် လယ်ဝေးမြို့အတွင်း အိမ်သုံး၊ လုပ်ငန်းသုံး မီတာများအား Digital မီတာများဖြင့် ပြောင်းလဲတပ်ဆင်လျက်ရှိ



အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အများပြည်သူ လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် ဓာတ်အားအသုံးပြုခ ကောက်ခံရန် တပ်ဆင်ထားသည့် Analog မီတာများကို နိုင်ငံတကာတွင် လက်ရှိအသုံးပြုလျက်ရှိသည့် Digitalမီတာများဖြင့် ပြောင်းလဲတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၅ ရက်မှစ၍ နေပြည်တော်၊ လယ်ဝေးမြို့အတွင်း Digital မီတာအလုံးရေ ၄၀၀၀ အစားထိုး ပြောင်းလဲတပ်ဆင်ပေးလျက်ရှိကြောင်း သိရှိရပါသည်။

**အဆိုပါ Digital မီတာများ အစားထိုးပြောင်းလဲ တပ်ဆင်ရာတွင် ကုန်ကျငွေကို မီးသုံးစွဲသူ ပြည်သူများထံမှ ကောက်ခံမှုမပြုဘဲ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ကျခံသုံးစွဲ တပ်ဆင်ပေးခဲ့ခြင်းဖြစ်ပါသည်။**

အဆိုပါ Digital မီတာများကို အစားထိုးတပ်ဆင်မှုကြောင့် အများပြည်သူများအနေဖြင့် အောက်ပါအကျိုးကျေးဇူးများရရှိမည်ဖြစ်ပါသည်-

- နိုင်ငံတကာအဆင့်မီ နည်းစနစ်ဖြင့် မီတာဖတ်ခြင်းစနစ် ဆောင်ရွက်နိုင်ခြင်း။
- ယခင် Analog မီတာများဖတ်ရာတွင် လူတစ်ဦး တစ်နေ့ မီတာ ၁၅၀ လုံးသာ ဖတ်ရှုနိုင်ခဲ့ရာ ယခု Digital မီတာစနစ်သည် လူတစ်ဦးတည်းဖြင့် တစ်နာရီ အလုံး ၆၀၀ ဖတ်ရှုနိုင်ပြီး လျှပ်စစ်ဓာတ်အားခ ကျသင့်ငွေ တောင်းခံခြင်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ခြင်း။
- မီတာဖတ်ဂဏန်း ၈ လုံးပါဝင်ပြီး ဒသမ ဂဏန်း ၃ နေရာအထိ တိကျစွာဖတ်ရှုနိုင်ခြင်း။
- မီတာအထွက်တွင် Breaker များ တပ်ဆင်ထားသဖြင့် ဝါယာရှော့ဖြစ်ခြင်းကြောင့် လျှပ်စစ်အန္တရာယ်ဖြစ်ခြင်းမှ ကာကွယ်ပေးခြင်း၊ မီးသုံးစွဲသူများက ဝန်အားပိုမိုသုံးစွဲလျှင် မီတာအထွက်တွင် တပ်ဆင်ထားသော Breaker က ဓာတ်အားဖြတ်တောက်ပေးခြင်းကြောင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းခြင်း။
- မီတာဖတ်ရှုရာတွင် Hand Held Unit(H.H.U)ဖြင့် ပေ ၃၀၀၀ အကွာ အဝေးကနေ တစ်လုံးခြင်းဖြစ်စေ၊ အလုံးများစွာကို တစ်ပြိုင်နက်တည်းဖြစ်စေ ဖတ်ရှုနိုင်ခြင်း။
- ဓာတ်အားလိုင်းတိုင်များတွင် Service ကြိုးများ ရှုပ်ထွေးမှုမရှိအောင် P.V.C ပိုက် အဖြူရောင်အတွင်း ထည့်သွင်းတပ်ဆင်ထားခြင်းဖြင့် ယခင်ကလို မီးသုံးသူများ လိုင်းပြောင်းချိတ်မှုမရှိအောင် ဆောင်ရွက်ထားမှုကြောင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေသည့်အပြင် ထရန်စဖော်မာများ ချို့ယွင်းမှု လျော့နည်းစေခြင်း။
- မီတာယူနစ်တွက်ချက်ဖော်ပြမှု တိကျမှန်ကန်ပြီး မီးသုံးစွဲသူများအနေဖြင့် အသုံးပြုမှုယူနစ်ကို မှန်ကန်စွာပေးဆောင်နိုင်ခြင်း။

***အချုပ်ပို K သို့***

# မြန်မာ့အသေးစားနှင့် အလတ်စား စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး

အယ်ဒီတာတစ်ဦး



မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ စီးပွားရေးလုပ်ငန်းအများစုက အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ SME ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးတိုးတက်ရေးအတွက် SME ရဲ့ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရေးက အဓိကကျတဲ့ အချက်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ SME များနဲ့ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံက ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနဲ့ဆိုင်တဲ့ အဖွဲ့အစည်းတစ်ခုက လေ့လာထောက်ပြခဲ့တာ ရှိပါတယ်။

မြန်မာနိုင်ငံက အိန္ဒိယ၊ တရုတ်၊ ထိုင်း၊ လာအိုစတဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေပါတယ်။ အဓိကအားဖြင့် ကမ္ဘာပေါ်မှာ လူဦးရေအများဆုံး နိုင်ငံကြီးနှစ်ခုဖြစ်တဲ့ အိန္ဒိယနဲ့ တရုတ်နိုင်ငံအကြားမှာ တည်ရှိနေတဲ့အတွက် ပထဝီအနေအထားအရ မဟာဗျူဟာကျတဲ့ နိုင်ငံတစ်ခုလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေက သန်း ၆၀ နီးပါးရှိနေပြီး၊ နိုင်ငံအကျယ်အဝန်းနဲ့ လူဦးရေအနေအထားက အနေတော်အခြေအနေမှာ ရှိနေပါတယ်။ ထို့အတူ ထုတ်ဖော်သုံးစွဲခြင်း မပြုရသေးတဲ့ သဘာဝအရင်းအမြစ်တွေကြွယ်ဝတဲ့ နိုင်ငံတစ်ခုလည်းဖြစ်ပါတယ်။ တည်ရှိနေတဲ့ လူသားအရင်းအမြစ်တွေကို ထုတ်ဖော်သုံးစွဲခြင်းမပြုရသေးတဲ့ သယံဇာတတွေ ထုတ်ဖော်သုံးစွဲနိုင်အောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရင် နိုင်ငံဖွံ့ဖြိုးမှုကို များစွာအထောက်အကူပြုနိုင်မယ့် အလားအလာတွေ ရှိနေပါတယ်။

ဒါပေမယ့် မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေက ပတ်ဝန်းကျင်နိုင်ငံတွေနဲ့နှိုင်းယှဉ်ရင် စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှု (ဂျီဒီပီ) အရ နိမ့်ကျနေဆဲဖြစ်ပါတယ်။ တိုင်းပြည်စီးပွားရေးမှာ စက်မှုကဏ္ဍရဲ့ ပါဝင်မှုအချိုးအစား (Level of Industiralization) ကလည်း ၂၀ ရာခိုင်နှုန်းခန့်သာရှိတဲ့အတွက် စက်မှုကဏ္ဍရဲ့ စွမ်းအားကလည်း နိမ့်ကျနေဆဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးမှာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ပါဝင်မှုကို တိုးမြှင့်ပေးဖို့လိုအပ်နေသေးတာကို တွေ့ရပါတယ်။ မြန်မာ့ပို့ကုန်မှာ အဓိကအားဖြင့် လယ်ယာ၊ သစ်တော၊ သားငါးထွက်ကုန်၊ သဘာဝဓာတ်ငွေ့ကို တင်ပို့လျက်ရှိပါတယ်။ ပို့ကုန်တွေရဲ့ အနေအထားကို လေ့လာကြည့်မယ်ဆိုရင် အများစုက ကုန်ကြမ်းသာသာတွေသာဖြစ်ခြင်း၊ တခြားနိုင်ငံတွေလို တန်ဖိုးမြှင့်ထုတ်ကုန်တွေနဲ့ စက်မှုလုပ်ငန်းထုတ်ကုန်တွေကို တင်ပို့နိုင်မှုနည်းပါးနေသေးတာကို တွေ့ရပါတယ်။

မြန်မာ့ပို့ကုန်အဆင့်အတန်းတွေ တိုးမြှင့်လာဖို့အတွက် စက်မှုဇုန်တွေ တိုးချဲ့တည်ထောင်ဖို့လိုပါတယ်။ အထူးစီးပွားရေးဇုန်တွေ ထူထောင်ဖို့လိုပါမယ်။ ဒီလိုထူထောင်လုပ်ကိုင်မှသာ မြန်မာ့စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာမှာဖြစ်တဲ့အတွက် စက်မှုလုပ်ငန်းအတွင်းသွင်းအားစုတွေရရှိနိုင်ရေးအတွက် ပြည်တွင်အင်အားစုတွေကို အသုံးပြုဖို့လိုအပ်သလို နိုင်ငံခြားမှ ရင်းနှီးမြှုပ်နှံမှုတွေကို ဖိတ်ခေါ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပထမအချက်အနေနဲ့ စက်မှုကဏ္ဍမှာ ကျင့်သုံးနေတဲ့မူဝါဒတွေ ခေတ်နဲ့အညီဖြစ်အောင် ပြဌာန်း ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိမူဝါဒတွေ၊ အဖွဲ့အစည်းတွေ၊ ဥပဒေစည်းမျဉ်းစည်းကမ်းတွေကို ခေတ်စနစ်နဲ့ ညီညွတ်မှု ရှိ မရှိ ပြန်လည်သုံးသပ်ဖို့လိုအပ်ပါတယ်။ ပြန်လည်သုံးသပ်ပြီးတဲ့နောက် လိုအပ်သလို ပြုပြင်ပြောင်းလဲဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ဒုတိယအချက်က လက်ရှိစက်ရုံ၊ အလုပ်ရုံတွေရဲ့ ကုန်ထုတ်လုပ်ငန်းအခြေအနေတွေကို ပြန်လည်သုံးသပ်ဖို့လိုပါမယ်။ ကုန်ထုတ်လုပ်ငန်းစနစ်နဲ့တကွ စီမံအုပ်ချုပ်မှုစနစ်တွေကို ခေတ်နဲ့အညီ ပြုပြင်ဆောင်ရွက်သွားဖို့ လိုပါမယ်။ လိုအပ်သလို ပြုပြင်မှုတွေပြုလုပ်ပြီး အားပေးမြေတောင်မြှောက်ပေးဖို့ လိုပါတယ်။ စက်ရုံအလုပ်ရုံတွေ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို သင့်တော်သလိုဖိတ်ခေါ်ပြီး အားပေးရပါမယ်။

တတိယအချက်ကတော့ စက်မှုလုပ်ငန်းဆိုင်ရာ နည်းပညာများရဖို့ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် အရင်းအနှီးလိုအပ်ချက်တွေကို ပြန်လည်သုံးသပ်ဖို့လိုပါမယ်။ နည်းပညာကောင်းတွေရရှိဖို့အတွက် နည်းလမ်းတွေကို ရှာဖွေဖို့ လိုအပ်ပါတယ်။ စီးပွားရေးဝန်းကျင်ကောင်းတွေ ဖန်တီးနိုင်အောင် အားပေးဖို့လိုအပ်သလို ဘဏ္ဍာရေးစနစ်၊ ငွေကြေးစနစ်၊ အခွန်ကောက်ခံတဲ့စနစ်၊ ထောက်ပံ့ပို့ဆောင်ရေးစနစ်စတာတွေကို ပြန်လည်သုံးသပ်ပြီး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုပါ တယ်။

စီးပွားရေးတိုးတက်ရေးမှာ ရုပ်ဝတ္ထုများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့လိုအပ်သလို ကုန်ထုတ်လုပ်ငန်းကို အဓိကမောင်းနှင်အားဖြစ်တဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကလည်း အထူးလိုအပ်ပါတယ်။ လူသားဖွံ့ဖြိုးရေးအတွက် အစီအမံကောင်းများ လိုအပ်ပါတယ်။ စက်မှုဇုန်တွေမှာ ကျွမ်းကျင်မှုသင်တန်းများပေးခြင်းကဲ့သို့သောအရည်အသွေးမြှင့် အစီအစဉ်တွေဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။

စက်မှုကဏ္ဍဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမယ့် အဖွဲ့အစည်း၊ အသင်းအပင်းတွေ ထူထောင်ပေးဖို့လိုအပ်သလို ပွင့်လင်းထင်သာမြင်သာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ စည်းမျဉ်းစည်းကမ်းတွေဖြစ်ဖို့လိုပါတယ်။ ထုတ်လုပ်လိုက်တဲ့ပစ္စည်းတွေက ဈေးကွက်မှာ စံမီနှုန်းမီနဲ့ယှဉ်ပြိုင်နိုင်စွမ်းမြင့်အောင် ထုတ်လုပ်ပြီးဈေးကွက်ကို ထိုးဖောက်နိုင်အောင် ကြိုးပမ်းဖို့လိုပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာဆိုရင် Free Trade Zone, Free Zone, Duty Free Area, Re export Zone, Transhipment Zone, Processing Zone, Hybrid Export Processing Zone စတဲ့ ပို့ကုန်မြှင့်တင်ရေးအတွက် ထူထောင်ထားတဲ့ နယ်မြေတွေမှာ SME များ တိုးတက်ရေးအတွက် နည်းမျိုးစုံနဲ့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကိုရီးယားနိုင်ငံမှာ SME တွေ လိုအပ်တဲ့ ငွေကြေးအရင်းအနှီးတွေ ထောက်ပံ့ပေးနိုင်ဖို့အတွက် SME Fund တွေထူထောင်ပြီး၊ ငွေကြေးပံ့ပိုးလျက်ရှိပါတယ်။ တိုးတက်မှု အလားအလာအခြေအနေကောင်းတဲ့လုပ်ငန်းတွေအနေနဲ့ ပရောဂျက်တွေတင်ပြပြီး အပေါင်ပစ္စည်းမလိုဘဲ ငွေချေးယူနိုင်အောင် စီစဉ်ထားပါတယ်။ SEZ တွေက နိုင်ငံစုံကော်ပိုရေးရှင်းကြီးတွေအတွက် အထောက်အကူပြု အပိုပစ္စည်းတွေထုတ်လုပ်တဲ့ Supporting Industry အဖြစ်နဲ့ SME တွေက ချိတ်ဆက်ဆောင်ရွက်ပေးတာ တွေ့ရပါတယ်။

တရုတ်နိုင်ငံရဲ့ အတွေ့အကြုံအရ စီးပွားရေးအကျပ်အတည်းကာလအတွင်း ငွေကြေးအကျပ်အတည်းဒဏ်ကို SME များက အများဆုံးခံခဲ့ရတာကို တွေ့ရပါတယ်။ ကုမ္ပဏီကြီးနဲ့နှိုင်းယှဉ်ပါက ပိုင်ဆိုင်မှုနည်းပါးတဲ့ SME များမှာ အခက်အခဲနဲ့ ပိုမိုရင်ဆိုင်ခဲ့ရပြီး၊ လုပ်ငန်းပိတ်သိမ်းရတဲ့အထိ ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့် နိုင်ငံတော်စီးပွားရေးနဲ့ ကုန်သွယ်မှုကော်မရှင်လက်အောက်မှာ SME ဌာနခွဲတစ်ခုကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ချေးငွေစနစ်တစ်ခုကို ထူထောင်ပြီး၊ ကုမ္ပဏီသစ်များ ဖွံ့ဖြိုးလာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်မှာ တရုတ်နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများအနက် SME များက ၉၉ ဒသမ ၇ ရာခိုင်နှုန်းထိ ဖွံ့ဖြိုးလာခဲ့ပါတယ်။ SME များက တရုတ်ပို့ကုန်လုပ်ငန်းရဲ့ ၆၈ ရာခိုင်နှုန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ပြီး တစ်နှစ်ကို အလုပ်အကိုင်သစ် ၇၅ ရာခိုင်နှုန်းထိ ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။

ဒေသဆိုင်ရာအစိုးရများက SME များအတွက် ထောက်ပံ့မှုများကို ပိုမိုဆောင်ရွက်ပေးခဲ့ရပါတယ်။ ဒေသဆိုင်ရာ အစိုးရအဖွဲ့အများစုက မိမိတို့ဒေသတွင်းသို့ နည်းပညာနဲ့ အဆင့်မြင့် ထုတ်ကုန်များ ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို ဆွဲဆောင်နိုင်မည့် နည်းလမ်းများကို ရှာဖွေခဲ့ကြပါတယ်။

မလေးရှားနိုင်ငံက ၂၀၀၄ ခုနှစ်မှာ National SME Development Council(NSDC)ကို စတင်ထူထောင် ခဲ့ပြီး SME ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ပါတယ်။ NSDC က အမြင့်ဆုံးမူဝါဒ ချမှတ်ရေးအဖွဲ့အစည်း ဖြစ်ပါတယ်။ ကောင်စီရဲ့ အဓိကတာဝန်က စီးပွားရေးကဏ္ဍအားလုံးမှာ SME ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာတွေ ချမှတ်ပေးဖို့၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေနဲ့အေဂျင်စီတွေကို ပေါင်းစပ်ညှိနှိုင်းပေးဖို့နဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ ပူးပေါင်းဆောင်ရွက်မှုကို အားပေးဖို့စတဲ့ တာဝန်တွေကို ဆောင်ရွက်ပေးပါတယ်။ ထို့အပြင် မလေးရှားနိုင်ငံအတွင်းမှာ ချမှတ်ထားတဲ့ SME ဖွံ့ဖြိုးရေးအစီအစဉ်တွေကို ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးနိုင်ဖို့ဖြစ်ပါတယ်။

NSDC က တာဝန်ယူဆောင်ရွက်ပေးတဲ့ အစီအစဉ်တွေထဲမှာ ငွေကြေးထောက်ပံ့မှုကိုရရှိနိုင်အောင် ဆောင်ရွက်ဖို့၊ ဘဏ္ဍာရေးဖွဲ့စည်းတည်ဆောက်မှုနဲ့ အကြံပေး၊ ပြန်ကြားရေး၊ လေ့ကျင့်ရေးလုပ်ငန်းတွေ ဖော်ဆောင်ပေးဖို့နဲ့ ဈေးကွက်ရှာဖွေရေးလုပ်ငန်းမှာ ပေါင်းစပ်ညှိနှိုင်းပေးဖို့ စတဲ့အချက်တွေ ပါဝင်ပါတယ်။ ထို့မျှမက စီးပွားရေးကဏ္ဍအသီးသီးမှာရှိတဲ့ SME တွေရဲ့ တိုးတက်မှုအခြေအနေစောင့်ကြည့်လေ့လာပြီး SME ဒေတာဘေ့စ်ကို ကျယ်ကျယ်ပြန့်ပြန့်တည်ဆောက်ဖို့ ဖြစ်ပါတယ်။

NSDC ကို ဝန်ကြီးချုပ်က ဥက္ကဋ္ဌအဖြစ် ဦးစီးပြီး SME ဖွံ့ဖြိုးတိုးတက်ရေးနဲ့ သက်ဆိုင်တဲ့ဝန်ကြီးဌာနနဲ့ အေဂျင်စီ ၁၉ ခုမှ ဝန်ကြီးများနဲ့ အေဂျင်စီခေါင်းဆောင်များ ပါဝင်ပါတယ်။ အတွင်းရေးမှူးအဖြစ် မလေးရှားဗဟိုဘဏ်က ဆောင်ရွက်ပါတယ်။

ယခုအခါ မြန်မာနိုင်ငံမှာ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲတွေ ကျင်းပလျက်ရှိရာ သက်ဆိုင်ရာနယ်ပယ်တွေက stake holder တွေအားလုံး ပါဝင်ဆွေးနွေးလျက်ရှိပါတယ်။ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းကောင်းတွေကို ဆွေးနွေးဖော်ထုတ်ပြီး မျှဝေဆောင်ရွက်သွားနိုင်မယ် ဆိုရင် အမျိုးသားစက်မှုဖွံ့ဖြိုးမှု မူဝါဒတစ်ရပ်ကို အောင်မြင်စွာ ဖော်ဆောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။

Commerce Supplement J

Vol: 12, No:30 Monday August 6 2012



ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရတို့ ညှိနှိုင်းရေးဆွဲမည့် ဆွေးနွေးပွဲများ

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ တိုင်းဒေသကြီး/ပြည်နယ် | ဆွေးနွေးပွဲအကြောင်းအရာ | ဆွေးနွေးပွဲ ကျင်းပမည့် နေရာ | ဆွေးနွေးပွဲကျင်း ပမည့် ရက် | မှတ်ချက် |
|---|---|---|---|---|---|
| | | (၅)နယ်စပ်ဒေသမြို့နယ်များတွင် ဒေသခံများ၊တိုင်းရင်းသားအဖွဲ့အစည်းများနှင့် ရွှေ့ပြောင်း အလုပ် သမားများ အတွက် စီးပွားဖြစ် နှစ်တို/နှစ်ရှည်စိုက်ခင်းကြီးများ၊မွေးမြူရေးလုပ်ငန်းများ၊ စက်ရုံစများ ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ခြင်း ဖြင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးရေး | -လောက်ကိုင်မြို့၊ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ စည်းအဝေးခန်းမ | ၇-၈-၂၀၁၂ (၀၉း၀၀) | |
| | | | - မူဆယ်မြို့၊ မူဆယ်၊နမ့်ခမ်း-ကွန်သည်များအသင်းရုံး | ၃-၈-၂၀၁၂ (၁၀း၀၀) | |
| | | | - တာချီလိတ်မြို့၊ အောင်မြတ်ခန်းမ | ၃-၈-၂၀၁၂ (၁၃း၀၀) | |
| ၈ | **ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့** | - ရန်ကုန်၊ ပုသိမ်၊ ချောင်းသာလမ်း အဆင့်မြှင့်တင်နိုင်ရေးလုပ်ငန်း<br>- ခရီးသည် ပို့ဆောင်ရေး ယာဉ် လိုင်းများ စနစ်တကျပြေးဆွဲရေးအတွက်အုပ်ချုပ်မှု လုပ်ငန်းများ | ခရိုင်ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမ၊ ပုသိမ်မြို့ | ၁၄-၈-၂၀၁၂ (၁၀း၀၀)နာရီ | |
| | | -ဆိပ်ကမ်းများ အဆင့်မြှင့်တင်နိုင်ရေးဆိုင်ရာ လုပ်ငန်းများ၊<br>-ဆိပ်ကမ်းနှင့်ဆိပ်ခံဘော တံတား အသစ်များ တည်ဆောက်ရေး ဆိုင်ရာ လုပ်ငန်းများ<br>-ဆိပ်ကမ်းကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများ | ဆိပ်ကမ်းအာဏာပိုင်ရုံး၊ အစည်း အဝေးခန်းမ၊ပုသိမ်မြို့ | ၁၅-၈-၂၀၁၂ (၁၀း၀၀)နာရီ | |
| | | -ဒေသအလိုက်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အနက်(Quick Win)ဖြစ်နိုင်သော လုပ်ငန်းများ<br>-တောင်သူလယ်သမားများ လက်ရှိကြုံ | မြို့တော်ခန်းမ၊ ပုသိမ်မြို့ | ၃၁-၇-၂၀၁၂ (၀၈း၀၀)နာရီ | |

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရတို့ ညှိနှိုင်းရေးဆွဲမည့် ဆွေးနွေးပွဲများ

| စဉ် | ပြည်ထောင်စုဝန်ကြီးဌာန/ တိုင်းဒေသကြီး/ပြည်နယ် | ဆွေးနွေးပွဲအကြောင်းအရာ | ဆွေးနွေးပွဲ ကျင်းပမည့် နေရာ | ဆွေးနွေးပွဲကျင်း ပမည့် ရက် | မှတ်ချက် |
|---|---|---|---|---|---|
| | | တွေ့နေရသောအခက်အခဲများ<br>-ပညာရပ်ပိုင်းဆိုင်ရာ သိရှိလိုနေ ကြသော မေးခွန်းများ<br>-တိုင်းနှင့်ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်ကိုယ်တိုင်ပါဝင်ဖြေရှင်းပေးရန်လိုအပ်နေသောအချက်များ<br>-ပြည်ထောင်စုအဆင့်မှအဓိကဖြေရှင်းဆောင်ရွက်ပေးရန်လိုအပ်သောအချက်များ | | | |
| | | -ငါးပုစွန်မွေးမြူရေး လုပ်ငန်း ဖွံ့ဖြိုး တိုးတက်အောင်ဆောင်ရွက်ခြင်း၊<br>-ငါးပုစွန်ဖမ်းဆီးထုတ်လုပ် ခြင်း လုပ်ငန်း ဖွံ့ဖြိုးတိုးတက် အောင် ဆောင်ရွက်ခြင်း၊<br>-စက်ရုံ၊အလုပ်ရုံများ တည် ဆောက် ၍ ငါးပုစွန်ပြုပြင် မွမ်းမံ ရောင်းချ ခြင်းဖြင့် ဒေသတွင်း စီးပွား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခြင်း၊<br>-အလတ်စား/အသေးစားငါး/ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းမှအကြီးစားလုပ်ငန်းများ လုပ်ကိုင်ခြင်းသို့တိုးတက်အောင်ဆောင်ရွက်ခြင်း | ဧရာရွှေဝါခန်းမ၊ ပုသိမ်မြို့ | ၇-၈-၂၀၁၂ (၉း၀၀)နာရီ | |
| | | -စက်မှုဇုန်သို့စက်မှုလုပ်ငန်းများ ပြောင်းရွှေ့ဆောင်ရွက်ရေး၊<br>-ပြည်ပရင်းနှီးမြှုပ်နှံမှု၊ ဖက်စပ် ရင်းနှီးမှု လုပ်ငန်းများလာရောက်လုပ်ကိုင်နိုင်ရေး၊<br>-CMPလုပ်ငန်းများနှင့်ပတ်သက် ၍ ဆွေးနွေးခြင်း၊<br>-စက်မှုဇုန်သစ်များဖော်ထုတ် ဆောင်ရွက်ရေးကိစ္စ၊<br>-စက်မှုဇုန်နယ်မြေအတွင်း လမ်း၊ ရေ၊လျှပ်စစ်မီး၊ပြည့်စုံစွာရရှိရေး၊<br>-စက်မှုလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး | စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီရုံး ပုသိမ်မြို့ | ၂၀၁၂ခုနှစ်၊ စက်တင်ဘာလ (၉း၀၀)နာရီ | |

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲများအတွက် အထောက်အကူပြုမည့် ကိုရီးယား သုတေသနပြုချက်

ယခုအခါ မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ပြည်နယ်အစိုးရများ၊ အသင်းအဖွဲ့များ၊ ပညာရှင်များနှင့် ပြည်သူများ ပူးပေါင်းပါဝင် ကျင်းပလျက်ရှိကြောင်း တွေ့မြင်ကြားသိနေရပါသည်။ ထိုဆွေးနွေးပွဲများတွင် မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဆောင်ရွက်နေကြသော တောင်သူလယ်သမားများ၊ ဆန်စက်ပိုင်များ၊ ဆန်ကုန်သည်ပွဲစားများမှအစ ပြည်ပတင်ပို့သည့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များက လက်ရှိတွေ့ကြုံနေရသော အခြေအနေများမှ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်နိုင်ရန် နည်းလမ်းများကို ဆွေးနွေးတိုင်ပင်ညှိနှိုင်း ဖော်ထုတ်ကြမည်ဟု ကြားသိရသည်။

တိုက်တိုက်ဆိုင်ဆိုင်ပင် ကိုရီးယားသမ္မတနိုင်ငံ Korea Development Institute (KDI)မှ ပြုစုထုတ်ဝေသော Priority Assignment for Economic Development of Myanmar 2012 စာအုပ်ကို ဖတ်ရှုရသည်။ ယင်းစာအုပ်၌ မြန်မာ့စိုက်ပျိုးရေးကဏ္ဍနှင့် စပ်လျဉ်း၍ လွန်ခဲ့သောနှစ်နှစ်ဆယ်အတွင်း မြန်မာအစိုးရသည် စိုက်ပျိုးရးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆည်တာတမံများ၊ လယ်ယာသုံးကိရိယာများ၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည်တို့ကို တိုးချဲ့သုံးစွဲ ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ ကြိုးပမ်းဆောင်ရွက်မှုကြောင့် အထိုက်အလျောက် တိုးတက်မှုရှိခဲ့သော်လည်း အောက်ပါအချက်များကို ပြုပြင်ဆောင်ရွက် သွားရန် လိုအပ်နေကြောင်း ဖော်ပြထားပါသည်-

- ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်း၊
- အထွက်နည်းခြင်းနှင့် အရည် အသွေးညံ့ခြင်းတို့ကြောင့် ကျေနပ်ဖွယ်ရာ အကျိုးအမြတ်မရရှိခြင်း၊
- အရည်အသွေးမြင့် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရန် လိုအပ်ခြင်း၊
- စိုက်ပျိုးရေးကဏ္ဍ သွင်းအားစုနှင့် ထုတ်ကုန်များအတွက် ဈေးနှုန်းမူဝါဒများ ပြည့်စုံမှုမရှိခြင်း၊
- စိုက်ပျိုးရေးထုတ်ကုန်ဈေးကစားမှုများ လျော့နည်း၍ ဈေးနှုန်းတည်ငြိမ်ရန် လိုအပ်ခြင်း၊
- စိုက်ပျိုးရေးချေးငွေ တိုးတက်ချေးငှားရန်၊ Micro Finance တိုးချဲ့ရန် လိုအပ်ခြင်း၊
- စိုက်ပျိုးရေးကဏ္ဍသုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံမှု နည်းပါးနေခြင်း၊
- စိုက်ပျိုးရေးကဏ္ဍ သုတေသနလုပ်ငန်းနှင့် စိုက်ပျိုးရေးကဏ္ဍ တိုးချဲ့ဆောင်ရွက်ခြင်းတို့အကြား ဆက်စပ်မှုအားနည်းခြင်း၊
- လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ခြင်း၊
- လူဦးရေတိုးပွားလာခြင်းနှင့် လူနေမှုစရိတ် မြင့်မားလာခြင်း၊
- အခြေခံအဆောက်အဦလိုအပ်ချက်များ ဖြည့်ဆည်းရန် လိုအပ်ခြင်း၊
- သတင်းကွန်ရက်ချိတ်ဆက်မှု ပိုင်းတိုးချဲ့ရန် လိုအပ်ခြင်း၊
- ဈေးကွက်ဈေးနှုန်းသတင်းများ ဖြန့်ဖြူးမှုစနစ်များ တိုးချဲ့ရန် လိုအပ်ခြင်း၊
- ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များ၊ ကုမ္ပဏီ လုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများအကြား စိုက်ပျိုးသီးနှံအလိုက် နီးနီးကပ်ကပ် ဆက်စပ်ပူးပေါင်းညှိနှိုင်းလုပ်ကိုင်ရန်လိုအပ်ခြင်း၊

ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံအရ Green and White Revolution ဖြင့် ဆည်တာတမံများ တိုးချဲ့ခြင်း၊ အထွက်ကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ စိုက်ဧကတိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများ ပါဝင်ဆောင်ရွက်မှု တိုးချဲ့ခြင်းနှင့် စီးပွားဖြစ် စိုက်ပျိုးရေးအခြေခံ ကုန်ထုတ် လုပ်ငန်းများကို တိုးချဲ့ထူထောင်ခြင်း၊ လက်လီလက်ကားဈေးကွက်နှင့် ပြည်ပပို့ကုန်ဈေးကွက်များ တိုးချဲ့ခြင်း၊ Micro Finance စီမံကိန်းများ ဆောင်ရွက်ခြင်း စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်၍ ကိုရီးယား နိုင်ငံအတွေ့အကြုံနမူနာများနှင့် မြန်မာနိုင်ငံအပေါ် သုတေသနပြု သုံးသပ်ချက်များအား လက်ရှိကျင်းပနေသည့် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆွေးနွေးပွဲများ၌ အထောက်အကူပြုဖြစ်စေရန် ရေးသားဖော်ပြလိုက်ရပါသည်။

K.Z

အချုပ်ပို B မှ အဆက်

**လျှပ်စစ်ဓာတ်အား တစ်ယူနစ်ဈေးနှုန်းများသည် နေရာဒေသအလိုက်၊ ထုတ်လုပ်မှုနည်းအလိုက် ကွာခြားလျက်ရှိပါသည်။ နိုင်ငံတော်မှ လျှပ်စစ်ဓာတ်အား တစ်ယူနစ်ဈေးနှုန်းသည် အိမ်သုံးတွင် ၃၅ ကျပ်၊ စက်ရုံသုံးတွင် ၇၅ ကျပ်ရှိသော်လည်း ပုဂ္ဂလိကထုတ်လုပ်သူများ၏ တစ်ယူနစ်ပျမ်းမျှရောင်းဈေးသည် ၁၀၀ ကျပ်မှ ၆၀၀ ကျပ်ခန့်အထိ ရှိပါသည်။ မဟာဓာတ်အား လိုင်းစနစ် (National Grid) လွှမ်းခြုံသောဒေသများတွင် ဓာတ်အားခနှုန်းထားများ သက်သာပြီး မဟာဓာတ်အားလိုင်းစနစ်နှင့် ဝေးကွာသောဒေသများတွင် ပုဂ္ဂလိက ထုတ်လုပ်မှု ဓာတ်အားပေးစနစ်များအလိုက် တစ်ယူနစ် ဓာတ်အားခနှုန်း ထားများ မြင့်မားကြောင်း တွေ့ရှိရပါသည်။**

ပုဂ္ဂလိက ကဏ္ဍတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် လုပ် ငန်းကို အပြိုင်အဆိုင်ဆောင်ရွက်ခြင်းဖြင့် ပြည်သူများသို့ လုံခြုံမှုစနစ်နှင့် ကောင်းမွန်သော ဝန်ဆောင်မှုနှင့်အညီ သင့်တော်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်ပြီး နိုင်ငံတော်အနေဖြင့်လည်း ရင်းနှီးမြှုပ်နှံမှုဝန်ထုပ်ဝန်ပိုးကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်လာပြီး လျှပ်စစ်ဓာတ်အားဈေးကွက် ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် ပုဂ္ဂလိကလျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကဏ္ဍကို အလေးပေးမြှင့်တင်သွားရမည် ဖြစ်ပါသည်။ နည်းဥပဒေ လုပ်ထုံးလုပ်နည်းများအား ဖြေလျှော့ပေးမှုနှင့်အတူ လျှပ်စစ်ဓာတ်အားဈေးကွက်တွင် ဖြစ်ပေါ်လာမည့် ယှဉ်ပြိုင်မှုများကို ကြီးကြပ်ရန် လွတ်လပ်သော ဓာတ်အားစနစ်စီမံခန့်ခွဲပေးသည့် (Independent System Operator-ISO) ကို ဖွဲ့စည်းပေးထားပြီး လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်ကို အပ်နှင်းထားကြောင်း သိရှိရပါသည်။ ISO မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးမှုတွင်ပါဝင်ရင်းနှီး မြှုပ်နှံမှုမပြုမှသာလျှင် လျှပ်စစ်ဓာတ်အားလုပ်ငန်းရှင်များအနေဖြင့် လွတ်လပ်စွာဆောင်ရွက်နိုင်ပြီး သင့်တင့်မျှတသော ဓာတ်အားခနှုန်းထားများ ကောက်ခံစည်းကြပ်နိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် မြန်မာတစ်နိုင်ငံလုံး၌ မြို့နယ်ခွဲများ အပါအဝင် မီးလင်းပြီးမြို့ ၄၈၅ မြို့နှင့် မီးလင်းပြီး ကျေးရွာ ၂၈၇၈ ရွာရှိပြီးဖြစ်ပါသည်။ သို့ရာတွင် တစ်နိုင်ငံလုံး၌ ကျေးရွာပေါင်း ခြောက်သောင်းကျော်ရှိ၍ ကျေးရွာစုစုပေါင်း၏ ၄ ဒသမ ၇ ရာခိုင်နှုန်းသာ လျှပ်စစ်မီးရရှိသောကြောင့် မီးလင်းမှုရာခိုင်နှုန်းမှာ နည်းပါးလျက်ရှိနေပါသည်။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်၊ တိုးတက်လာသော လူဦးရေနှင့်အညီ တိုးမြင့်လိုအပ်လာမည့် လျှပ်စစ်ဓာတ်အားကိုပြည့်မီအောင် ဖြည့်ဆည်းနိုင်ရန်၊ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးရှိ အိမ်ထောင်စုများ၏ ၂၆ ရာခိုင်နှုန်းသာ မီးလင်းနိုင်ခြင်းကြောင့် အိမ်ထောင်စုအားလုံး မီးလင်းနိုင်ရန် စသည်တို့အတွက် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် စီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်၍ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

*အချပ်ပို L မှ အဆက်*

မြန်မာနိုင်ငံသို့ လာရောက်ကြသော ကမ္ဘာလှည့်ခရီးသည်များတွင် ၂၀၁၁ ခုနှစ်တွင် အာရှတိုက်မှ (၆၆ ဒသမ ၄ ရာခိုင်နှုန်း)၊ ဥရောပမှ (၂၂ ဒသမ ၆၃ ရာခိုင်နှုန်း)၊ အမေရိကမှ (၇ ဒသမ ၁ ရာခိုင်နှုန်း)နှင့် အခြားဒေသများမှ (၃ ဒသမ ၉ ရာခိုင်နှုန်း) ရှိပါသည်။ အာရှတိုက်မှ ထိုင်း၊ တရုတ်၊ ကိုရီးယား၊ မလေးရှား၊ ဂျပန်နှင့် ထိုင်ဝမ်လူမျိုးများ အများဆုံးလာရောက်ပြီး အနောက်ဥရောပမှ ပြင်သစ်လူမျိုးများအများဆုံးလာရောက်ကြကြောင်း တွေ့ရှိရပါသည်။ သို့ရာတွင် ကမ္ဘာလှည့်ခရီးသည်စာရင်းအင်းများ တစ်ပြေးညီ မှန်ကန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများမှ ညှိနှိုင်းဆောင်ရွက်ရန်မှာမူ အရေးကြီးပါသည်။

ကမ္ဘာလှည့်ခရီးသည် ပြည်ဝင်ဗီဇာကို (၁၄-၃-၁၉၉၈)ရက်နေ့မှစ၍ ၂၈ ရက်အဖြစ် တိုးမြှင့်သတ်မှတ်ပြီး လုပ်ငန်းဗီဇာကို ၇၀ ရက်အဖြစ် တိုးမြှင့်ခဲ့ပါသည်။ မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသည်များ သွားလာနိုင်သည့် ခရီးစဉ်များမှာ-အပန်းဖြေခရီးစဉ်၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ လေ့လာခြင်းခရီးစဉ်၊ သဘာဝအခြေခံခရီးစဉ်၊ အဏ္ဏဝါခရီးစဉ်၊ ခြေလျင်တောင်တက်နှင့် စွန့်စားမှုခရီးစဉ်၊ တောလမ်းကားမောင်းပြိုင်ပွဲနှင့် ကားအပျော်စီးခြင်း ခရီးစဉ်၊ စက်ဘီးစီးခြင်း ခရီးစဉ်၊ မီးပုံးပျံ ခရီးစဉ်၊ ဆုတောင်းဝတ်ပြုခရီးစဉ်တို့ဖြစ်ကြပါသည်။ ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သည့် မြန်မာနိုင်ငံဒေသများဖြစ်သည့် ပူတာအို၊ ကျိုင်းတုံ၊ အင်းလေး၊ ကော့သောင်း၊ ချောင်းသာ၊ ငပလီကမ်းခြေ၊ မြောက်ဦး၊ မန္တလေး၊ ညောင်ဦး အစရှိသည့်ဒေသများတွင် ခရီးသွားလာရေးလုပ်ငန်းကို ယခုထက်ပိုမိုဖွံ့ဖြိုးအောင် ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားလာရေးဥပဒေအရ လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်နေသော ခရီးသွားလုပ်ငန်းကုမ္ပဏီ ၅၈၉ ခု၊ လိုင်စင်ရ ပို့ဆောင်ရေးယာဉ် ၁၆၁၂ စီးရှိပါသည်။

ခရီးသွားသင့်သောနိုင်ငံ ၁၀ နိုင်ငံတွင် ယူဂန်ဒါနိုင်ငံနှင့် ဒေသ ၁၀ ခုတွင် ဝေးလ်ခ်နှင့် ဆွဲဆောင်နိုင်ဆုံးနေရာ ၁၀ ခုတွင် လန်ဒန်မြို့ရှိ Borough of Green Which တို့က ထိပ်ဆုံးမှ ရပ်တည်ခဲ့ကြောင်းသိရှိရပါသည်။ မကြာမီက CNN သတင်းဌာန၏ ထုတ်ပြန်ခဲ့သောစာရင်းအရ ၂၀၁၂ ခုနှစ်အတွက် ကမ္ဘာပေါ်တွင် လည်ပတ်ရန်ကောင်းသောနေရာ ခုနစ်နေရာ (Top Places to world the 2012) ထဲတွင် မြန်မာနိုင်ငံသည် အဆင့်(၆) နေရာမှာရှိပြီး ကျန်နေရာများမှာ ကိုရီးယားကျွန်းဆွယ်- Yeosu၊ အန္တာတိက၊ ပိုလန်-ယူကရိန်း၊ ပုလဲဆိပ်ကမ်း၊ ကနေဒါနိုင်ငံ ကာဂရီဒေသစ်တို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။ Back Packer ခေါ် တကိုယ်ရည်တကာယ ကျောပိုးအိတ်ခရီးသွားအများစုသည် မြန်မာနိုင်ငံရှိ ရေ၊ မြေ၊ တောတောင်သဘာဝရှုခင်းများသည် စိတ်အေးချမ်းစေသဖြင့် အဓိကထားလေ့လာရန် လာရောက်ကြခြင်းဖြစ်ကြောင်းသိရပါသည်။ ထို့အပြင် ဧည့်လမ်းညွှန်များသည် နိုင်ငံကို ကိုယ်စားပြုပြီး သမိုင်း၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့ထုံးတမ်းများကို ရှင်းလင်းပြောပြရသူများဖြစ်သဖြင့် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်ပါသည်။

**လိုအပ်နေသေးသည့် ဆောင်ရွက်ဖွယ်ရာများ**

မြန်မာနိုင်ငံသည် နိုင်ငံတကာ၏ စိတ်ဝင်စားခြင်းခံရသည့်နည်းတူ မိမိနိုင်ငံသို့ နိုင်ငံခြားသားဧည့်သည်များ ဝင်လာပါက အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်မလား-

- နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များအတွက် ပြည်ဝင်ခွင့်ဗီဇာ အဆင်ပြေချောမွေ့မြန်ဆန်စေအောင်နှင့် ခရီးစဉ်များဆိုက်ရောက်/ထွက်ခွာချိန် မှန်စေနိုင်ရေးအတွက် ကြိုတင်စီစဉ်ခြင်း၊




- ကမ္ဘာလှည့်ခရီးသည်များဦးရေကို ကြိုတင်ခန့်မှန်းပြီး ၎င်းနှင့်အချိုးညီသော ဟိုတယ်ခန်းများ အချိန်မီတည်ဆောက်ရေး ကြိုတင်စီစဉ်ခြင်း၊ မြို့ရွာအသီးသီးတွင်ရှိသော ဟိုတယ်များ၊ တည်းခိုခန်းများတွင် ၂၄ နာရီမပြတ် လျှပ်စစ်မီးရရှိရေး ကြိုတင်စီစဉ်ထားရှိခြင်း၊ ဇုန်များတွင် မြေများကို စျေးကစားသူများ လက်ဝယ်မရောက်ရှိစေဘဲ အမှန်တကယ်ဆောက်မည့်သူများထံ ရောက်ရှိစေရေး၊
- နိုင်ငံခြားခရီးသွားများအကြိုက် မြန်မာ့ရိုးရာအစားအစာများကို ကြိုတင်လေ့လာ၍ သန့်ရှင်းသပ်ရပ်လတ်ဆတ်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များအဖြစ် ရောင်းချနိုင်ရေး စီစဉ်ထားရှိခြင်း၊
- ဧည့်လမ်းညွှန်များအနေဖြင့် ဘာသာစကားကျွမ်းကျင်မှု၊ ကိုယ်နှုတ်အမူအရာ ယဉ်ကျေးသိမ်မွေ့မှု၊ ဆက်ဆံရေးပြေပြစ်မှု၊ သမိုင်းအချက်အလက်များ မှန်ကန်အောင်လေ့လာထားမှု၊ ဒေသဆိုင်ရာ ဗဟုသုတပြည့်စုံကြွယ်ဝမှု (နိုင်ငံခြားသားများ အန္တရာယ်မဖြစ်စေရန် တားမြစ်ထားသော နေရာများ)
- မသွားရမည့်နေရာများ စသည်တို့ကို ကြိုတင်လေ့လာသင်ကြားထားရန်လိုအပ်ပြီး မိမိတိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်တတ်သူများ ဖြစ်ရန်လည်း လိုအပ်ခြင်း၊
- ခရီးသွား ဧည့်သည်များသွားရောက်၊ နေထိုင်၊ လေ့လာကြည့်ရှုနေရာတိုင်းတွင် Internet, E-mail, Website များသုံးလို့ရနိုင်ရန် လိုအပ်သည့်အပြင် Mobile phone များ ငှားရမ်းအသုံးပြုနိုင်အောင်လည်း ကြိုတင်စီစဉ်ခြင်း၊
- ကျန်းမာရေးစောင့်ရှောက်မှု ရှုထောင့်မှကြည့်မည်ဆိုပါက ခရီးသွားဧည့်သည်များ မတော်တဆ ထိခိုက်မှုဖြစ်ပွားပါက အမြန်ဆုံးဆေးကုသမှုပြုပေးနိုင်ရန် ဟိုတယ်/ခရီးနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ချိတ်ဆက်၍ ကြိုတင်စီစဉ်ထားရှိခြင်းနှင့် ခရီးသွားဧည့်သည်များမှပါလာမည့် ကူးစက်ရာဂါများကို ကာကွယ်ရန်စီမံချက်များ ကြိုတင်ရေးဆွဲထားသင့်ခြင်း၊
- ကမ္ဘာလှည့်ခရီးသည်များအား အကြမ်းဖက်တိုက်ခိုက်ခြင်း၊ ပြန်ပေးဆွဲခြင်း အစရှိသည့် မလိုလားအပ်သော ပြဿနာများနှင့် ကြိုတင်မှန်းဆ၍မရသော သဘာဝဘေးအန္တရာယ်များအတွက် လုံခြုံရေးအစီအမံများကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိသင့်ခြင်း၊ ဟိုတယ်များတွင် လုံခြုံရေးကိရိယာများ တပ်ဆင်ခြင်းနှင့် ပေါ်ပေါက်လာပါက ခရီးသွားဧည့်သည်များ နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာဟိုတယ်များ၊ တည်းခိုခန်းများတွင် သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးစနစ်များ၊ မိုးလေဝသအခြေအနေများ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားနိုင်ရန် တွန်းအားပေးခြင်း၊ အသိပညာပေးခြင်း၊
- ဘာသာရေးပွဲတော်များ၊ ရာသီလိုက်ပွဲတော်များ၊ အထိမ်းအမှတ်ပွဲတော်များတွင် နိုင်ငံခြားခရီးသွားဧည့်သည်များတွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိခြင်း၊
- မြန်မာပြည်ကို ကမ္ဘာကပိုမိုသိရှိလာစေရန် လှပသောမြန်မာ့ရှုခင်းများနှင့် လေ့လာစရာနေရာများ ပါသော DVD များကို အင်္ဂလိပ်၊ တရုတ်၊ ပြင်သစ်၊ ဂျပန်၊ ဂျာမန် အစရှိသည့် ဘာသာစကားနောက်ခံများဖြင့် စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်ရန် လိုအပ်ခြင်း၊
- ထို့ပြင် ခရီးသွားလာရေးနှင့် လှည့်လည်ရေးအုပ်ချုပ်မှုဌာန တစ်ခုဖွင့်လှစ်ပြီး စျေးကွက်ဆိုင်ရာ ထောက်လှမ်းခြင်း၊ လက်တွေ့ သုတေသနပြုခြင်း၊ လိုအပ်သည့် နည်းပညာများကို လမ်းညွှန်ပေးခြင်း၊ နိုင်ငံခြားသတင်းဖြန့်ချိရေးဌာနကို အသုံးပြု၍ခရီးသွားလုပ်ငန်း အငှားကြော်ငြာခြင်း၊ ခရီးသွားလုပ်ငန်းနှင့်ဆက်နွှယ်သည့် ဝန်ထမ်းများအတွက် သင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ပေးခြင်း၊ ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား ခရီးသွားဆိုင်ရာ ဆွဲဆောင်မှုများကို ဖော်ထုတ်တင်ပြပေးရန် စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ခြင်း၊
- ဟိုတယ်လုပ်ငန်းအနေဖြင့် အာဆီယံနိုင်ငံများမှ ဆောင်ရွက်လျက်ရှိသော ဟိုတယ်အဆင့်အတန်း၊ ဝန်ဆောင်မှု၊ အခန်းငှားခများအတိုင်း ဆောင်ရွက်နိုင်အောင် ကြိုးပမ်းပြင်ဆင်ဆောင်ရွက်ထားခြင်း၊ 5 stars ဖြစ်မှ 4 stars ဖြစ်မှ ဆိုသည်ထက် Economy Class ဖြင့် တည်းလိုသူလည်း အများအပြားရှိသောကြောင့် နှုန်းထားနည်းသော/ သင့်တော်သော အခန်းများ တည်ဆောက်ခြင်းနှင့် သင့်တော်သည့် ဝန်ဆောင်မှုပေးနိုင်ရန် လိုအပ်ခြင်း၊
- ခရီးသွားလုပ်ငန်းများအနေဖြင့် ဟိုတယ်လုပ်ငန်းများဖြင့် ချိတ်ဆက်သည့်လုပ်ငန်းများဖြစ်သည့် လေဆိပ်-ဟိုတယ်၊ ရေဆိပ်-ဟိုတယ်၊ကားဂိတ်-ဟိုတယ်လုပ်ငန်းများ၊ Package Tour ခရီးသွားလုပ်ငန်းများကို သင့်တင့်သောစျေးနှုန်း၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့် ဆောင်ရွက်ပေးနိုင်အောင် ကြိုးပမ်းပြင်ဆင်ထားရှိခြင်း၊ သင့်လျော်ရာဟိုတယ်များသို့ ပို့ဆောင်ပေးခြင်းတို့အပြင် လေယာဉ်ဖြင့် ပြည်တွင်းခရီးတိုလုပ်ငန်းများ ဥပမာ-ရန်ကုန်-ပုဂံ၊ မန္တလေး-ပုဂံ၊ နေပြည်တော်-ပုဂံ၊ ရန်ကုန်-အင်းလေး၊ မန္တလေး-အင်းလေး၊ နေပြည်တော်-အင်းလေး စသည်ဖြင့် လိုရာခရီးကို အမြန်ဆုံးနှင့် အလွယ်တကူပို့ဆောင်နိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်ပါတယ်။ ပြည်ပခရီးသွားများ အဆင်ပြေစွာသွားလာနိုင်အောင် Transit ကိစ္စကိုလည်း ဆောင်ရွက်ပေးနိုင်အောင် ကြိုတင်ပြင်ဆင်ထားသင့်သည့် မြန်မာနိုင်ငံအနေဖြင့် Transit ကိစ္စကို ယခုအချိန်အထိ ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါ။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် စသည့် မြို့ကြီးများတွင် ဧည့်သည်များ လွယ်ကူစွာသွားလိုရာ သွားလာနိုင်ရေးအတွက်လည်း လမ်းနံပါတ်များ၊ လမ်းအမည်များကို လမ်းညွှန်မြေပုံဆိုင်းဘုတ်များကို အင်္ဂလိပ်-မြန်မာနှစ်ဘာသာဖြင့် သေချာစွာစီစဉ်ထားရှိသင့်ကြောင်း ရှုမြင်မိပါသည်။

**နိုင်ငံတကာခရီးသွားဧည့်သည်များ ဝင်ရောက်မှုအခြေအနေ**

*ဦးရေ(ထောင်ပေါင်း)*

| လူမျိုး | ၂၀၁၀ | ၂၀၁၁ |
|---|---|---|
| မြောက်အမေရိက | ၁၈၉၁၁ | ၂၅၃၆၅ |
| အခြားအမေရိက | ၁၆၆၉ | ၂၃၈၀ |
| အနောက်ဥရောပ | ၅၉၈၁၇ | ၈၀၈၉၅ |
| အရှေ့ဥရောပ | ၆၁၁၈ | ၇၆၂၂ |
| အာဖရိက | ၈၁၆ | ၉၉၃ |
| အရှေ့အလယ်ပိုင်း | ၂၂၀၈ | ၂၆၀၇ |
| အာရှ | ၂၁၂၄၅၄ | ၂၅၉၆၉၂ |
| ကမ်းရိုးတန်းနိုင်ငံများ | ၈၆၉၅ | ၁၁၆၂၂ |
| စုစုပေါင်း | ၃၁၀၆၈၈ | ၃၉၁၁၇၆ |



*အချပ်ပို D မှ အဆက်*

- လူဖြင့် မီတာဖတ်ရှုမှုတွင်တွေ့ရသော အခက်အခဲများ ဖြစ်သည့် အိမ်ရှင်မရှိ၍ မဖတ်နိုင်ခြင်း၊ အမြင်မှားယွင်းမှုဖြစ်ခြင်း၊ အချိန်နောက်ကျဖတ်ရှုခြင်းများ ကို ရှောင်ရှားနိုင်ခြင်း။
- တရားမဝင် ဓာတ်အားသုံးစွဲမှု မပြုနိုင်တော့၍ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းစေခြင်း။

ယခုအစားထိုးတပ်ဆင်သည့် Digital မီတာများမှာ ကိုရီးယားနည်းပညာအသုံးပြု တည်ဆောက်ထုတ်လုပ်ခဲ့ခြင်းဖြစ်ကာ Offsite Meter Reading (OMR)စနစ်ဖြစ်ပြီး၊ Automatic Meter Reading (AMR)မီတာစနစ်ဖြင့် အသုံးပြုနိုင်ကြောင်းလည်း သိရှိရပါသည်။

Digital မီတာများဖြင့် အစားထိုးပြောင်းလဲတပ်ဆင်မှုအားလယ်ဝေးမြို့တွင် စတင်စမ်းသပ် တပ်ဆင်ခြင်းဖြစ်ပြီး၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ မြို့ကြီးများတွင် ဦးစားပေးတပ်ဆင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အမှတ် (၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။






# မြန်မာ့စီးပွားရေးတိုးတက်ဖို့ ဟိုတယ်နှင့် ခရီးသွားကဏ္ဍ

ကျွန်ုပ်တို့မြန်မာနိုင်ငံ အေးချမ်းသာယာလာသဖြင့် ကမ္ဘာလှည့် ခရီးသည်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ လေ့လာသူများစသော ဧည့်သည်များ တဖွဲဖွဲဝင်ရောက်လျက်ရှိရာ ယခုနှစ် ဧည့်သည်ဝင်ရောက်မှုမှာ အရှေ့တောင်အာရှနိုင်ငံများတွင် ဧည့်ဝင်ရောက်မှုရာခိုင်နှုန်း အမြင့်မားဆုံးနိုင်ငံဖြစ်လာပြီး ကမ္ဘာတွင် စိတ်ဝင်စားမှုအခံရဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ လည်းကောင်း၊ သမိုင်းအမွေအနှစ်များအရ လည်းကောင်း၊ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ လည်းကောင်း ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သောနိုင်ငံဖြစ်ပါသည်။

၂၀၁၀ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ သန်း ၆၉၀၀ ရှိသည့်အနက် ၉၃၅ သန်းကျော်သည်ခရီးသွားခဲ့ပြီး ဝင်ငွေအားဖြင့် အမေရိကန်ဒေါ်လာ ဘီလီယံ ၇၀၀ ကျော်ရရှိခဲ့ကြောင်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဖော်ပြချက်အရတွေ့ရှိရပါသည်။

### တည်ရှိပြီးဥပဒေများနှင့် မြန်မာ့ခရီးသွားလုပ်ငန်း

၁၉၉၀ ပြည့်နှစ်၊ ဇွန်လတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အောက်ပါအတိုင်း လုပ်ကိုင်ခွင့်ပြုခဲ့ပါသည်-

**(က) ခရီးလှည့်လည်ရေးလုပ်ငန်း**
**(ခ) ဟိုတယ်နှင့် တည်းခိုရိပ်သာလုပ်ငန်း**
**(ဂ) ဧည့်လမ်းညွှန်လုပ်ငန်း**
**(ဃ) ကမ္ဘာလှည့်ခရီးသည်များ ပို့ဆောင်ရေးလုပ်ငန်း**

တို့ဖြစ်ပါသည်။

### နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဟိုတယ်၊ မိုတယ်နှင့် အင်းများ

ဟိုတယ်နှင့် ခရီးသွားရေးလုပ်ငန်းတွင် (၂၀၁၀-၂၀၁၁ ခုနှစ်) နိုင်ငံပိုင်ဟိုတယ်နှင့် တည်းခိုရိပ်သာ ကိုးခု၊ ပုဂ္ဂလိကပိုင် ၇၀၅ ခု၊ စုစုပေါင်း ၇၁၄ ခုရှိကြောင်းတွေ့ရှိရပြီး ယခင်နှစ်ထက်ပိုမိုတိုးတက်လာသည်ကိုတွေ့ရှိရပါသည်။ အခန်းအရေအတွက်မှာလည်း ၂၄၂၈၀ ရှိပြီး တိုးတက်လာမှုရှိသည်ကို တွေ့ရှိရပါသည်။

ဖော်ထုတ်ပြီးသော ဟိုတယ်ဇုန်များကို ပြန်ကြည့်လျှင် ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန်၊ ချောင်းသာဇုန်၊ ငွေဆောင်ဇုန်၊ ရခိုင်ဇုန်၊ မော်လမြိုင်ဇုန်၊ နေပြည်တော်ဇုန်၊ ပုဂံဇုန်၊ ပဲခူးဇုန်၊ ရွှေတြိဂံဇုန်ဟူ၍ ဟိုတယ်ဇုန်များရှိကြသည့်အနက် ယင်းဇုန်များတွင် ဆောက်လုပ်မပြီးသေးသော ဟိုတယ်များရှိနေကြဆဲပင်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကမ္ဘာပေါ်တွင်တည်ဆောက်ဆဲ ဟိုတယ်အများဆုံးရှိသည့် ထိပ်ဆုံးနိုင်ငံများစာရင်းကို ထုတ်ပြန်ထားရာ အာရပ်စော်ဘွားများပြည်ထောင်စု (ယူအေအီး)က ထိပ်ဆုံးမှရပ်တည်နိုင်ခဲ့ပြီး ဟိုတယ်စီမံကိန်းစုစုပေါင်း ၁၇၈ ခုနှင့် ဟိုတယ်အခန်းပေါင်း ၆၁၃၃၃ ခန်းရှိကြောင်းသိရပါသည်။ အီဂျစ်၊ တူနီးရှားနှင့် အိုမန်နိုင်ငံတို့၏ မငြိမ်သက်မှုများက ဒူဘိုင်းမြို့ကို အကျိုးဖြစ်ထွန်းစေခဲ့ခြင်း ဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် ရှန်ဟိုင်းက ဒုတိယနှင့် အမေရိကန်နိုင်ငံသည် တတိယ (အနောက်နိုင်ငံတွင် ပထမ) ဖြစ်ကြောင်း တွေ့ရှိရသည်။ ကမ္ဘာကျော်ခရီးသွားလမ်းညွှန်ထုတ်လုပ်သူ Lonely Planet ၏ သတ္တမအကြိမ်ထုတ်ပြန်ခဲ့သော ၂၀၁၂ ခုနှစ်အတွက် ခရီးသွားများလည်ပတ်ရန် အကောင်းဆုံးမြို့များစာရင်းတွင် လန်ဒန်မြို့က ပထမ၊ အိုမန်နိုင်ငံရှိ မက်စ်ကတ်မြို့က ဒုတိယ၊ အိန္ဒိယနိုင်ငံ ဘန်ဂါလီမြို့က တတိယ၊ စပိန်နိုင်ငံ ကာဒမ်မြို့က စတုတ္ထနှင့် ဆွီဒင်နိုင်ငံမြို့တော် စတော့ဟုမ်းက ပဉ္စမ၊ ပေါ်တူဂီနိုင်ငံမှ လွိယာမားရက်မြို့က ဆဋ္ဌမ၊ ချီလီနိုင်ငံမှ ဆန်တီယေဂိုမြို့က သတ္တမ၊ ဟောင်ကောင်က အဋ္ဌမနေရာ အသီးသီးရပ်တည်နိုင်ခဲ့ကြောင်း သိရှိရပါသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းတွင် ခရီးသွားလုပ်ငန်းသည်လည်း အရေးပါသည့်ကဏ္ဍတစ်ရပ် ဖြစ်ပါသည်။ ဟိုတယ်များတွင် နေထိုင်မှုစစ်တမ်းကောက်ယူမှုအရ မြန်မာနိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည်များ၏ နေထိုင်မှုကာလမှာ ပျမ်းမျှ ရှစ်ရက်ခန့်ရှိပါသည်။ ၎င်းတို့၏ နေ့စဉ်သုံးစွဲမှုပမာဏမှာ တစ်နေ့လျှင် အမေရိကန်ဒေါ်လာ ၈၀ ခန့်ရှိကြောင်း သိရှိခဲ့ရပါသည်။

နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု (FDI) ဟိုတယ်စီမံကိန်းများအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်၊ လုပ်ထုံးလုပ်နည်းများ (၁၉၈၈)နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြသော ဟိုတယ်/ရုံးခန်း စီမံကိန်းများ၏ ၃၁-၇-၂၀၁၁ နေ့အထိ အခြေအနေကို ဖော်ပြထားပါသည်။

**နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှု အရေအတွက်နှင့် တန်ဖိုး**

| စဉ် | နိုင်ငံ | ဟိုတယ်/ရုံးခန်းစီမံကိန်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး (US $ သန်းပေါင်း) |
|---|---|---|---|
| ၁။ | စင်ကာပူ | ၁၂ | ၉၉၇.၇၅၆ |
| ၂။ | ထိုင်း | ၁၁ | ၂၆၃.၂၅၀ |
| ၃။ | ဂျပန် | ၆ | ၁၈၃.၀၁၃ |
| ၄ | ဟောင်ကောင် | ၄ | ၇၇.၀၀၀ |
| ၅။ | မလေးရှား | ၂ | ၂၀.၀၀၀ |
| ၆။ | အင်္ဂလန် | ၁ | ၃.၄၀၀ |
| | ပေါင်း | ၃၆ | ၁၃၄၄.၄၁၉ |


### ခရီးသွားဧည့်သည်များ

မြန်မာနိုင်ငံသည် လှပသော ရှုခင်းများရှိပြီး စိတ်အေးချမ်းအောင် ဆောင်ရွက်နိုင်သဖြင့် ခရီးသွားအများစု စိတ်ဝင်စားရာ ရေမြေတောတောင် ရေမြေသဘာဝများကို မပျောက်မပျက်အောင် ဆက်လက်ထိန်းသိမ်းသွားပါက လာမည့် ၂၀၁၅ ခုနှစ်တွင် ပြည်ပခရီးသွားအရေအတွက် ယခုထက်အဆများစွာ တိုးလာနိုင်ဖွယ်ရှိပြီး နိုင်ငံခြားဝင်ငွေများ တိုးလာမည်ဖြစ်ပါသည်။

**မာလာအောင်**

*အမေရိကန်ဒေါ်လာ(သန်းပေါင်း)*

| စဉ် | ခုနှစ် | ဧည့်သည်အရေအတွက် | ဝင်ငွေ |
|---|---|---|---|
| ၁။ | ၂၀၀၀ | ၄၁၆၃၄၄ | ၈၄ |
| ၂။ | ၂၀၀၁ | ၄၇၅၁၀၆ | ၉၀ |
| ၃။ | ၂၀၀၂ | ၄၈၇၄၉၀ | ၉၉ |
| ၄။ | ၂၀၀၃ | ၅၉၇၀၁၅ | ၁၁၆ |
| ၅။ | ၂၀၀၄ | ၆၅၆၉၁၀ | ၁၃၆ |
| ၆။ | ၂၀၀၅ | ၆၆၀၂၀၆ | ၁၅၃ |
| ၇။ | ၂၀၀၆ | ၆၃၀၀၆၁ | ၁၆၄ |
| ၈။ | ၂၀၀၇ | ၇၁၆၄၃၄ | ၁၈၂ |
| ၉။ | ၂၀၀၈ | ၇၃၁၂၃၀ | ၁၆၅ |
| ၁၀။ | ၂၀၀၉ | ၇၆၂၅၄၇ | ၁၉၆ |
| ၁၁။ | ၂၀၁၀ | ၇၉၁၅၀၅ | ၂၅၄ |




မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍတွင် ပါဝင်နေသည့် ခရီးသွားလုပ်ငန်းသည် အာဆီယံနိုင်ငံအချင်းချင်း လှည့်လည်သွားလာမှုကို လေ့လာမည်ဆိုပါက မလေးရှားနိုင်ငံသည် ဒေသတွင်းသွားလာလှည့်လည်မှု အများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံသည် ဒုတိယ၊ စင်ကာပူနိုင်ငံသည် တတိယနေရာတွင်ရှိ၍ အာဆီယံနိုင်ငံမဟုတ်သော အခြားဒေသများမလာရောက်မှုကို ကြည့်မည်ဆိုလျှင် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်နိုင်ငံများအား အစဉ်အတိုင်းတွေ့ရှိနိုင်ပါသည်။

**အာဆီယံနိုင်ငံများအတွင်း ကမ္ဘာလှည့်ခရီးသွားဧည့်သည်**

*ဦးရေ(ထောင်ပေါင်း)*

| နိုင်ငံ | ၂၀၁၁ ဒေသတွင်း | ၂၀၁၁ ဒေသပြင်ပ | ၂၀၁၁ စုစုပေါင်း |
|---|---|---|---|
| ဘရူနိုင်း | ၁၂၄.၂ | ၁၁၇.၉ | ၂၄၂.၁ |
| ကမ္ဘောဒီးယား | ၁၁၀၁.၁၀ | ၁၇၈၀.၈၀ | ၂၈၈၁.၉၀ |
| အင်ဒိုနီးရှား | ၃၂၅၈.၅၀ | ၄၃၉၁.၂၀ | ၇၆၄၉.၇၀ |
| လာအို | ၂၁၉၁.၂၀ | ၅၃၂.၃ | ၂၇၂၃.၆၀ |
| မလေးရှား | ၁၈၈၈၅.၃၀ | ၅၈၂၉.၀၀ | ၂၄၇၁၄.၃၀ |
| မြန်မာ | ၁၀၀.၄ | ၇၁၆ | ၈၁၆.၄ |
| ဖိလစ်ပိုင် | ၃၃၁.၇ | ၃၅၇၅.၈၀ | ၃၉၁၇.၅၀ |
| စင်ကာပူ | ၅၃၇၂.၂၀ | ၇၇၉၉.၁၀ | ၁၃၁၇၁.၃၀ |
| ထိုင်း | ၅၅၂၉.၉၀ | ၁၃၅၆၈.၄၀ | ၁၉၀၉၈.၃၀ |
| ဗီယက်နမ် | ၈၃၈.၄ | ၅၁၇၅.၆၀ | ၆၀၁၄.၀၀ |
| အာဆီယံဒေသ | ၃၇၇၃၂.၉၀ | ၄၃၄၉၆.၁၀ | ၈၁၂၂၉.၀၀ |

**လိုင်စင်ရ ဧည့်လမ်းညွှန်များ**

*ဦးရေ*

| စဉ် | ဘာသာစကား | ၂၀၁၀ ကျား | ၂၀၁၀ မ | ၂၀၁၀ စုစုပေါင်း | ၂၀၁၁ ကျား | ၂၀၁၁ မ | ၂၀၁၁ စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁ | အင်္ဂလိပ် | ၁၃၄၈ | ၁၂၄၁ | ၂၅၈၉ | ၉၈၂ | ၉၄၉ | ၁၉၃၁ |
| ၂ | စပိန် | ၅၀ | ၆၀ | ၁၁၀ | ၄၈ | ၅၈ | ၁၀၆ |
| ၃ | ဂျပန် | ၁၇၉ | ၃၀၅ | ၄၈၄ | ၁၃၈ | ၂၀၅ | ၃၄၃ |
| ၄ | ပြင်သစ် | ၉၂ | ၁၀၈ | ၂၀၀ | ၇၃ | ၁၅၈ | ၂၃၁ |
| ၅ | တရုတ် | ၇၃ | ၉၈ | ၁၇၁ | ၅၂ | ၇၃ | ၁၂၅ |
| ၆ | ထိုင်း | ၄၉ | ၅၉ | ၁၀၈ | ၄၈ | ၅၈ | ၁၀၆ |
| ၇ | ဂျာမန် | ၈၀ | ၁၅၅ | ၂၃၅ | ၆၈ | ၁၅၁ | ၂၁၉ |
| ၈ | ရုရှား | ၁၂ | ၂၄ | ၃၆ | ၁၂ | ၂၃ | ၃၅ |
| ၉ | အီတလီ | ၂၄ | ၂၀ | ၄၄ | ၂၄ | ၁၉ | ၄၃ |
| ၁၀ | ကိုရီးယား | ၇ | ၁၃ | ၂၀ | ၇ | ၁၄ | ၂၁ |
| | စုစုပေါင်း | ၁၉၁၄ | ၂၁၆၃ | ၄၀၇၇ | ၁၄၅၂ | ၁၇၀၈ | ၃၁၆၀ |

*ဇာစ်မြစ်။ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာန*

*အချုပ်ပို K သို့*